အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် လိုအပ်သော ICT ဆိုင်ရာပညာရပ်

# ဘာသာရပ် - ၂

# ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒ ၊ လုပ်ငန်းစဉ် ၊ အုပ်ချုပ်မှုစနစ်တို့အတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုပုံ

Emmanuel C. Lallana

ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ
အာရှပစိဖိတ် ဗဟိုသင်တန်းဌာန

# အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် လိုအပ်သော ICT ပညာရပ်

## (ဘာသာရပ် -၂) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်၊ အုပ်ချုပ်မှုစနစ်တို့အတွက် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာအသုံးပြုပုံ

ယခုအကျဉ်းချုပ်မှတ်စုကို Creative Commons Attribution 3.0 License အရ ထုတ်ဝေခွင့်ပြုထားပါသည်။ လိုင်စင်မိတ္တူကို http://creativecommons.org/licenses/by/3.0 တွင် ကြည့်ရှုနိုင်ပါသည်။

ယခုစာစောင်တွင် ဖော်ပြပါရှိသည့် အယူအဆများ၊ ကိန်းဂဏန်းများ၊ ခန့်မှန်းချက်များနှင့်ပတ်သက်၍ စာရေးသူ၏တာဝန်သာဖြစ်ပြီး ၎င်းတို့ကို ကုလသမဂ္ဂ၏အမြင်နှင့် အတည်ပြုချက်များအဖြစ် မမှတ်ယူသင့်ပါ။

ယခုအသုံးပြုထားသည့် ရာထူးအဆင့်အတန်းများနှင့် ဤစာအုပ်၊ စာတမ်းပါ တင်ပြချက်၊ ဖော်ပြချက်များသည် နိုင်ငံများ၏ တရားဝင်အဆင့်အတန်း၊ ပိုင်နက်၊ မြို့တော်(သို့မဟုတ်)နယ်မြေ အခွင့်အာဏာတို့နှင့် ပတ်သက်၍လည်းကောင်း၊ နယ်ခြားဒေသ၊ နယ်နမိတ်သတ်မှတ်ချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရုံး၏ အယူအဆများကို မှန်ကန်သည်ဟု ထုတ်ဖော်ပြသခြင်းမဟုတ်ပါ။

ကုမ္ပဏီအမည်များ၊ စီးပွားရေးထုတ်ကုန်များနှင့်ပတ်သက်သော ဖော်ပြချက်များသည်လည်း ကုလသမဂ္ဂ၏ ထောက်ခံအတည်ပြုချက်များဖြစ်သည်ဟု မဆိုနိုင်ပါ။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ
ကုလသမဂ္ဂ - အာရှပစိဖိတ်ဇဟိုသင်တန်းဌာန (UN-APCICT)
Bonbudong၊ Songdo နည်းပညာအဆောက်အအုံ တတိယထပ်
၇-၅၀ Songdo-dong၊ Yeonsu-gu၊ Incheon မြို့
ကိုရီးယားသမ္မတနိုင်ငံ
တယ်လီဖုန်း +82 32 245 1700-02
ဖက်စ် +82 32 245 7712
အီးမေးလ် Info@unapcict.org
http://www.unapcict.org

**မူပိုင်ခွင့်။** UN-APCICT 2009
**နိုင်ငံတကာစံပြုစာအုပ်နံပါတ်။** 978-89-955886-0-4 [94560]

**ဒီဇိုင်းနှင့်အပြင်အဆင်။** Scandinavian **ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီလီမိတက်နှင့် သုံးပွင့်ဆိုင် စတူဒီယို ပုံနှိပ်သည့် နိုင်ငံ။ ကိုရီးယားသမ္မတနိုင်ငံ**

# ဥယျောဇဉ်

၂၁ ရာစု၌ ဆက်စပ်ပြောင်းလဲဖြစ်ပေါ်နေသော ကမ္ဘာကြီးတွင် လူသားများအချင်းချင်း အပြန်အလှန် မှီခိုအားထားမှုများ တိုးပွားလာနေသည့် ရာစုနှစ်အဖြစ် မှတ်ယူကြပါသည်။ ကမ္ဘာပေါ်တွင် နည်းပညာအသစ်များ၊ သိသင့်သိထိုက်သည့် သတင်းအချက်အလက်နှင့် အသိပညာများ တိုးပွားဖြစ်ပေါ်လျက်ရှိရာ လူသန်းပေါင်းများစွာအတွက် အခွင့်အလမ်းများ ပွင့်လန်းနေသည့် ကမ္ဘာကြီးဟု ဆိုရမည်ဖြစ်ပါသည်။ ယင်းနည်းပညာများနှင့် အသိပညာများက လူတို့၏ဘဝကို သိသိသာသာ မြှင့်တင်နိုင်ပြီး ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ သို့သော် လူအချင်းချင်း မှီခိုအားထားမှု တိုးပွားလာသည်နှင့်အမျှ အပြန်အလှန် တန်ဖိုးထားမှုများ၊ တာဝန်ယူမှုများနှင့် လူသားအားလုံး အကျိုးဝင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ရှိနေမှသာ လူသားတိုင်း ဖွံ့ဖြိုးတိုးတက်မှုကို ရရှိခံစားနိုင်သည့် ကမ္ဘာကြီးဟု ဆိုနိုင်မည် ဖြစ်ပါသည်။

အာရှပစိဖိတ်ဒေသသည် မကြာသေးမီနှစ်များအတွင်း ICT နည်းပညာများကို အသုံးပြုလာခဲ့သည့် အလျောက် ထိပ်တန်းဒေသတစ်ခု ဖြစ်လာခဲ့ပါသည်။ နိုင်ငံတကာတယ်လီဖုန်း ဆက်သွယ်ရေးသမဂ္ဂ၏ အဆိုအရ ဤဒေသတွင်တယ်လီဖုန်းသုံးစွဲသူ(၂)billion ကျော်နှင့် Mobile ဖုန်းသုံးစွဲသူ(၁.၄)billion ကျော် ရှိသည်ဟု ဆိုပါသည်။ ၂၀၀၈ ခုနှစ် နှစ်လယ်မတိုင်မီ တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံတည်း၌ တစ်ကမ္ဘာလုံးသုံးစွဲသည့် Mobile ဖုန်းအရေအတွက်၏ လေးပုံတစ်ပုံရှိခဲ့ပါသည်။ အာရှပစိဖိတ်ဒေသသည် ကမ္ဘာ့ Internet အသုံးပြုသူဦးရေ၏ (၄၀)ရာခိုင်နှုန်းရှိပြီး ကမ္ဘာ့ Internet ဈေးကွက်၏ (၃၉)ရာခိုင်နှုန်းကို ပိုင်ဆိုင်သည့် အကြီးဆုံးဈေးကွက်ဒေသကြီး ဖြစ်ပါသည်။

နည်းပညာများ လျင်မြန်စွာ တိုးတက်လာခြင်းကြောင့် နည်းပညာကွာဟချက် ပျောက်ကွယ်သွားမည်လားဟု အများကသိလိုလာကြပါသည်။ ဤမေးခွန်းအတွက် မပျောက်ကွယ်နိုင်သေးပါဟု ဖြေရမည်ဖြစ်ပါသည်။ သတင်းအချက်အလက်အဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး (WSIS) ကို ၂၀၀၃ ခုနှစ်တွင် Geneva ၌ ကျင်းပခဲ့ပြီးနောက် (၅)နှစ်ကြာသည့်တိုင်အောင် ဒေသတွင်း အဓိက Internet သုံးစွဲသူများ၏ အားကျလောက်ဖွယ်နည်းပညာဆိုင်ရာ တိုးတက်မှုများနှင့် သန္နိဋ္ဌာန်ချမှတ်မှု များရှိခဲ့သော်လည်း လူအများစု အထူးသဖြင့် ဆင်းရဲသားများသည် အခြေခံဆက်သွယ်ရေးကိုပင် သုံးစွဲနိုင်ခြင်းမရှိခဲ့ပါ။

အဓိကအားဖြင့် ဖွံ့ဖြိုးဆဲကျွန်းငယ်နိုင်ငံများနှင့် ကုန်းတွင်းပိတ် ဖွံ့ဖြိုးဆဲနိုင်ငံများ အပါအဝင် ဒေသတွင်း (၂၅) နိုင်ငံကျော်တွင် လူဦးရေ(၁၀၀)၌ Internet အသုံးပြုသူ (၁၀)ဦးအောက် လျော့နည်းနေပြီး ယင်း အသုံးပြုသူများမှာလည်း မြို့ကြီးများ၌သာ ရှိနေပါသည်။ သို့သော် ဒေသတွင်းဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် လူဦးရေ (၁၀၀)လျှင် Internet အသုံးပြုသူ (၈၀)ကျော် ရှိနေပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား broadband Internet အသုံးပြုမှု ကွာခြားချက်မှာ ပို၍ပင်သိသာထင်ရှားနေပါသည်။

ဒေသတွင်း နည်းပညာကွာဟချက်ကို ပေါင်းကူးဆက်သွယ်ပေးရန်နှင့် အားလုံးအကျိုးဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ICT အလားအလာကောင်းများကို ရရှိခံစားနိုင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများမှ မူဝါဒချမှတ်သူများအနေဖြင့် ဦးစားပေးအစီအစဉ်များချမှတ်ရန်၊ မူဝါဒများကို ပြဋ္ဌာန်းရန်၊ တရားဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အညွှန်းဘောင်များ ချမှတ်ရန်၊ ဘဏ္ဍာငွေများ ခွဲဝေရန်နှင့် နိုင်ငံသားများအကြား ICT စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေပြီး ICT လုပ်ငန်းကဏ္ဍကို တိုးတက်စေမည့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်စေရန်အတွက် ပံ့ပိုးကူညီမှုများပေးရန် လိုအပ်ပါသည်။

သတင်းအချက်အလက်အဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး၏ လုပ်ငန်းစီမံချက်တွင် "လူတစ်ဦးချင်းအား လိုအပ်သည့် ကျွမ်းကျင်မှုများနှင့် အသိပညာများ ရရှိနိုင်ရေးအတွက် အခွင့်အလမ်းများ ပေးအပ်သင့်ကြောင်း၊ သို့မှသာ သတင်းအချက်အလက်လူ့အဖွဲ့အစည်းနှင့် ပညာရှေ့ဆောင်စီးပွားရေးစနစ်ကို နားလည်သိမြင်စွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ပြီး အကျိုးကျေးဇူးများကို ရရှိခံစားစေနိုင်မည်ဖြစ်ကြောင်း" ဖော်ပြထားပါသည်။ ဤရည်မှန်းချက်သို့ ရောက်ရှိရန် ICT ပညာရှင်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် အင်အားစုကြီးတစ်ရပ် ပေါ်ပေါက်ရေးကို အလေးပေးလျက် စွမ်းရည်တည်ဆောက်မှုနယ်ပယ်တွင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း လုပ်ငန်းစီမံချက်က တောင်းဆိုနေပါသည်။

အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICTဆိုင်ရာ အာရှပစိဖိတ်ဗဟိုသင်တန်းဌာန (APCICT) က ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT ဘက်စုံသင်ရိုး ညွှန်းတမ်းဖြစ်သည့် အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် ICT ပညာရပ်သင်ရိုးညွှန်းတမ်းကို ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။ ယင်းသင်ရိုးညွှန်းတမ်းတွင် လက်ရှိအနေဖြင့် သီးခြားစီ ပြုစုထားသော်လည်း အပြန်အလှန် ဆက်စပ်နေသည့် ဘာသာရပ် (၈) ခု ပါဝင်ပါသည်။ သင်ရိုး၏ ရည်ရွယ်ချက်မှာ မူဝါဒချမှတ်သူများအား ICT လုပ်ငန်းများနှင့် ပတ်သက်၍ စီမံကိန်းချမှတ်ရာတွင်လည်းကောင်း၊ အကောင်အထည်ဖော်ရာတွင်လည်းကောင်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် အထောက်အကူဖြစ်စေမည့် လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများကို ပေးအပ်ရန် ဖြစ်ပါသည်။

UN APCICTသည် ကုလသမဂ္ဂ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး ကော်မရှင် (ESCAP)၏ ဒေသတွင်း သင်တန်းဌာနကြီး(၅)ခုအနက် တစ်ခုဖြစ်ပါသည်။ ဤကော်မရှင်သည် ဆန်းစစ်လေ့လာခြင်း၊ စံသတ်မှတ်ခြင်း၊ စွမ်းရည်တည်ဆောက်ခြင်း၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အသိပညာမျှဝေခြင်းတို့ဖြင့် အာရှပစိဖိတ်ဒေသအတွင်း အားလုံးအကျုံးဝင်သော လူမှုစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးပါသည်။ အခြားသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့ အစည်းများ၊ နိုင်ငံအလိုက် လုပ်ဖော်ကိုင်ဖက်များ၊ ဆက်စပ်ပါဝင် လုပ်ကိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်သည် နိုင်ငံများအား သင်ရိုးဘာသာရပ်များကို ဘာသာပြန်ဆိုခြင်း၊ ညှိနှိုင်းပြုပြင်ခြင်းနှင့် အသုံးပြုခြင်းများ ဆောင်ရွက်ရာတွင် အာရှပစိဖိတ်သင်တန်းဌာနမှ တစ်ဆင့် ထောက်ပံ့ကူညီမှုပြုရန် တာဝန်ယူထားပါသည်။ ထို့ပြင် နိုင်ငံများက အလယ်အလတ်နှင့် အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် နိုင်ငံအလိုက်နှင့် ဒေသအတွင်းပြုလုပ်သည့် ဆွေးနွေးပွဲများတွင် ယင်းဘာသာရပ်များကို ပုံမှန်ပို့ချရာတွင်လည်း ထောက်ပံ့ကူညီပါသည်။ ရည်ရွယ်ချက်မှာ နိုင်ငံများအား တည်ဆောက်ပြီးဖြစ်သော စွမ်းရည်နှင့်ရရှိပြီးသော အသိပညာများမှတစ်ဆင့် ICT ၏ အကျိုးကျေးဇူးများကို တိုးတက်သိမြင်နားလည်လာစေပြီး ခိုင်မာသောကြိုးပမ်းဆောင်ရွက်မှုများဖြင့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များသို့ အရောက်လှမ်းနိုင်စေရန်ဖြစ်ပါသည်။

**Noeleen Heyzer**

ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့်

အာရှပစိဖိတ်ဒေသ စီးပွားရေးနှင့်လူမှုရေးကော်မရှင် အမှုဆောင်အတွင်းရေးမှူး

## အမှာ

အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် ICT ပညာရပ်သင်ရိုးညွှန်းတမ်း ဘာသာတွဲများ ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်မှုလုပ်ငန်းစဥ်သည် တီထွင်ဆန်းသစ်မှုများပါဝင်ပြီး ထူးခြားအံ့သြဖွယ်ကောင်းသည့် အတွေ့အကြုံစစ်စစ်ဖြစ်ပါသည်။ သင်ရိုးညွှန်းတမ်းသည် ICT အရည်အသွေးတည်ဆောက်ရာတွင် ကွာဟချက်ကို ဖြည့်ဆည်းပေးရုံသာမက လုပ်ငန်းစဥ်ရေးဆွဲချမှတ်သူများနှင့် လူအများပါဝင်ဆောင်ရွက်မှုတို့မှတစ်ဆင့် သင်ရိုးညွှန်းတမ်းတိုးတက်မှုအတွက် လမ်းသစ်ဖွင့်ပေးခဲ့ပြီးဖြစ်ပါသည်။

သင်ရိုးညွှန်းတမ်းသည် APCICT ၏ အရေးကြီးဆုံးနှင့် အကောင်းဆုံးလုပ်ငန်းအစီအစဥ်တစ်ခုဖြစ်ပြီး အောက်ပါတို့မှရရှိသည့် ရလဒ်များအပေါ် အခြေခံ၍ ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါသည်-

- ဒေသတွင်းနိုင်ငံ(၂၀)ကျော် ပါဝင်သည့် လိုအပ်ချက်များကို ဘက်ပေါင်းစုံမှ ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အစိုးရအရာရှိများ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ပညာရှင်များ၊ ပညာပေးသူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊
- လက်ရှိဘာသာရပ်အကြောင်းအရာများ၏ အားသာချက်နှင့် အားနည်းချက်များကိုနက်နက်ရှိုင်းရှိုင်း သုတေသနပြုဆန်းစစ်ခြင်း၊
- UN APCICT ဒေသအလိုက်နှင့် ဒေသခွဲအလိုက်ကြီးမှူး ဖွင့်လှစ်ခဲ့သည့် ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ကြသော သင်တန်းသားများထံမှ ဘာသာရပ်အကြောင်းအရာများ၏ အသုံးဝင်မှု၊ ဆီလျော်မှု ၊ သင်ကြားပို့ချသည့် နည်းစနစ်တို့နှင့် ပတ်သက်၍သုံးသပ်အ ကြံပြုမှုများဖြင့် တုန့်ပြန်ထောက်ကူခြင်း၊
- ICTD နယ်ပယ်အသီးသီးမှ ထိပ်တန်းကျွမ်းကျင် ပညာရှင်များအကြား သင်ရိုးညွှန်းတမ်းအပေါ် အလေးဂရုပြုလျက် နှံ့နှံ့စပ်စပ် ပြန်လှန်သုံးသပ်မွမ်းမံခြင်း။

ဒေသတွင်းနေရာအနှံ့အပြားတွင် ပြုလုပ်ခဲ့သည့် ICTD သင်ရိုးဆိုင်ရာ ဆွေးနွေးပွဲများက နိုင်ငံအသီးသီးမှ တက်ရောက်သူများအကြား အတွေ့အကြုံနှင့် အသိပညာများ ဖလှယ်နိုင်ရန် တန်ဖိုးမဖြတ်နိုင်သည့် အခွင့်အလမ်းများကို ရရှိစေပါသည်။ ယင်းဆွေးနွေးပွဲအစီအစဥ်များသည် ICTD သင်တန်းဆင်းများအား ဘာသာရပ်များ ဖွဲ့စည်းပုံဖော်ရေးတွင် အဓိကအခန်းမှ ပါဝင်သူများ ဖြစ်လာစေပါသည်။

နိုင်ငံအလိုက် ကနဦးသင်ရိုးဘာသာရပ် (၈) ခု ပေါ်ထွက်လာရေးသည် လက်ရှိပူးပေါင်းဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုအသစ်များ တည်ဆောက်ခြင်းကို တိုးတက်ခိုင်မာစေသည့် အဓိကလုပ်ငန်းစဥ်၏ အစပင်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း ICTD ဆိုင်ရာ မူဝါဒများချမှတ်ရာတွင် လိုအပ်သည့်အရည်အသွေးများကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါသည်။ UN APCICTသည် နိုင်ငံအလိုက် သင်ရိုးညွှန်းတမ်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ရာတွင် နည်းပညာအကူအညီများ ပေးအပ်ခြင်းကို တာဝန်ယူဆောင်ရွက်ပါသည်။ ၎င်းသည် သင်တန်းဌာန၏ အဓိကချဥ်းကပ်နည်းဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် သင်ရိုးညွှန်းတမ်းကို မူဝါဒချမှတ်သူများအားလုံးထံ သေချာစွာရောက်ရှိစေနိုင်မည် ဖြစ်ပါသည်။ UN APCICT သည် ဗဟို၊ ပြည်နယ်နှင့် နယ်မြေအဆင့်အစိုးရများနှင့် ကွန်ရက်ချိတ်ဆက်ပြီးဖြစ်သော ဒေသအဆင့် သင်တန်းဌာနများ၊ နိုင်ငံအလိုက်သင်တန်း ဌာနများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဤနည်းအားဖြင့် သင်ရိုးဘာသာရပ်များကို မိမိတို့နိုင်ငံ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်မွမ်းမံခြင်း၊ ဘာသာပြန်ဆိုခြင်းနှင့် သင်တန်းဖွင့်လှစ်ပို့ချခြင်းများ ဆောင်ရွက်ရာတွင် အရည်အသွေးများ တိုးပွားရရှိစေမည်ဖြစ်ပြီး နိုင်ငံများ၏လိုအပ်ချက်များနှင့် ဦးစားပေးအစီအစဥ်များကိုလည်း ထည့်သွင်း စဥ်းစားနိုင်မည်ဖြစ်ပါသည်။ လက်ရှိသင်ရိုးဘာသာရပ်များ၏ အကြောင်းအရာနှင့်နက်နဲမှုကို တိုးချဲ့ရန်နှင့် ဘာသာရပ်အသစ်များ ပြုစုဖော်ထုတ်ရန်အတွက်လည်း စီမံချက်များချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် UN APCICT သည် သင်ရိုးညွှန်းတမ်းပါ အသိပညာများကို ဒေသတွင်းပြည်သူများထံ ပိုမိုကျယ်ပြန့်စွာ ရောက်ရှိစေရန် ချဥ်းကပ်နည်းမျိုးစုံအသုံးပြုပြီး ဆောင်ရွက်ပေးလျက် ရှိပါသည်။ ဒေသအလိုက်နှင့် နိုင်ငံအလိုက်သင်ရိုးများကို အသုံးပြုပြီး လူချင်းတွေ့ဆုံ၍ မျက်နှာချင်းဆိုင် သင်ကြားပို့ချခြင်းများအပြင် UN APCICT ၏ online မှ သင်ယူနိုင်သော သင်ရိုးအစီအစဥ် (AVA) လည်းရှိပါသည်။ သင်ယူသူများအနေဖြင့် သင်ရိုးညွှန်းတမ်းပါ အကြောင်းအရာများကို မိမိတို့၏ သင်ယူနိုင်မှု နှုန်းအလိုက် ဆည်းပူးလေ့လာနိုင်ရန် ယင်းသင်ရိုးကို တည်ဆောက်ပေးထားပါသည်။ online သင်ရိုးသည် သင်ရိုး ဘာသာရပ်အားလုံးကိုလည်းကောင်း၊ ယှဥ်တွဲပါရှိသည့် တင်ပြချက် Slide များနှင့် ဖြစ်စဥ်ဖြစ်ရပ် လေ့လာမှု များကဲ့သို့သော အကြောင်းအရာ အချက်အလက်များကိုလည်းကောင်း ကူးယူခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ အသုံးပြုမည့်ဒေသ၊ နိုင်ငံနှင့် လိုက်လျော ညီထွေဖြစ်အောင် ပြုပြင်မွမ်းမံခြင်းတို့ကို အလွယ်တကူ ဆောင်ရွက်နိုင်စေပါသည်။ ထို့ပြင် online သင်ရိုးတွင် online ပို့ချချက်များ၊ သင်ယူမှုစီမံခန့်ခွဲခြင်း ဆိုင်ရာ အသုံးချကိရိယာများ၊ သင်ရိုးအကြောင်းအရာ တိုးတက်ရေးအတွက် အသုံးချကိရိယာများနှင့် အသိ အမှတ်ပြုလွှာပေးအပ်ခြင်းများ အပါအဝင် လုပ်ငန်းမျိုးစုံပါရှိပါသည်။

လူပုဂ္ဂိုလ်များစွာ၊ အဖွဲ့အစည်းများစွာတို့၏ တာဝန်ယူမှု၊ အလုပ်တွင်နှစ်မြှုပ်ဆောင်ရွက်မှု၊ လိုလားတက်ကြွစွာ ပါဝင်ဆောင်ရွက်မှုတို့မရှိဘဲ သင်ရိုးဘာသာရပ်(၈)ခု စတင်ပြဌာန်းခြင်းနှင့် ဒေသတွင်း၊ ဒေသခွဲအတွင်းနှင့် နိုင်ငံအလိုက် သင်ရိုးညွှန်းတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှ တစ်ဆင့် ယင်းဘာသာရပ်များကို ပို့ချဖြန့်ဝေခြင်းတို့သည် ဖြစ်လာနိုင်မည်မဟုတ်ပါ။ ICTD အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသော သင်တန်းဆင်းများ၊ အစိုးရဝန်ကြီးဌာနများ၊ သင်တန်းဌာနများ၊ ဒေသအလိုက်နှင့် နိုင်ငံအလိုက် အဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်သူများ၏ ကြိုးပမ်းအားထုတ်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုပါကြောင်းနှင့် ယင်းသို့ အားထုတ်ဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။ ထိုအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များသည် ဘာသာရပ်များအတွက် တန်ဖိုးရှိသော အကြောင်းအရာများကို ပေးအပ်ခဲ့ကြရုံသာမက ဤနေရာတွင် ဖော်ပြလိုသည့် ပို၍အရေးကြီးသောအချက်မှာ ၎င်းတို့သည် သက်ဆိုင်ရာနိုင်ငံများတွင် သင်ရိုးနှင့် ပတ်သက်၍ ထောက်ခံအကြံပြုသူများပင် ဖြစ်လာကြပါသည်။ ၎င်းတို့၏ ကြိုးပမ်းချက်ကြောင့် UNAPCICT နှင့် နိုင်ငံအလိုက်၊ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်ဖက် သင်တန်းဌာနများအကြား သက်ဆိုင်ရာနိုင်ငံများနှင့် လိုက်လျောညီထွေဖြစ်အောင် သင်ရိုးများကို ပြုပြင်မွမ်းမံရေးနှင့် ပြည်တွင်း ICTD သင်တန်းများကို ပုံမှန်ဖွင့်လှစ်ပို့ချရေးတို့အတွက် တရားဝင်သဘော တူညီချက်များရရှိခြင်းဟူသောရလဒ်များ ဖြစ်ပေါ်စေခဲ့ပါသည်။ ဤကဲ့သို့ ထူးခြားလေးနက်သော လုပ်ငန်းစဥ်ကို အောင်မြင်ပေါက်မြောက်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ လုပ်ငန်းတွင် နှစ်မြှုပ်ကြိုးပမ်းချက်များကို အထူးအသိအမှတ်ပြုပါကြောင်းနှင့် အထူးကျေးဇူးတင်ရှိပါကြောင်း ဖြည့်စွက်ပြောကြားလိုပါသည်။ ထိုပုဂ္ဂိုလ်များတွင် သင်ရိုးညွှန်းတမ်းစီမံချက် အကြံပေးပုဂ္ဂိုလ် Shahid Akhtar၊ အယ်ဒီတာ Patricia Arinto၊ ထုတ်ဝေဖြန့်ချိရေးမန်နေဂျာ Chirstine Apikul၊ သင်ရိုးရေးသားပြုစုသူအားလုံးနှင့် UN APCICT ဌာနမိသားစုများ ပါဝင်ပါသည်။

နိုင်ငံများ၏ ICT လူသားအရင်းအမြစ်ကွာဟချက်များကို ကျဥ်းမြောင်းစေရေး၊ ICT အသုံးချမှု၏ အဟန့်အတားများကို ဖယ်ရှားရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ထောင်စုနှစ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်များ ပေါက်မြောက်မှု ပိုမိုလျင်မြန်လာစေရန် ICT အသုံးချမှုတိုးမြှင့်ရေးတို့အတွက် သင်ရိုးညွှန်းတမ်းက အထောက်အကူပြုနိုင်မည်ဟု ရိုးသားစွာ မျှော်လင့်မိပါသည်။

**Hyeun-Suk Rhee**

ညွှန်ကြားရေးမှူး

ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာဆိုင်ရာ

ကုလသမဂ္ဂ အာရှပစိဖိတ်ဗဟိုသင်တန်းဌာန

## ဘာသာရပ်တွဲများ

ယနေ့"သတင်းအချက်အလက်ခေတ်"တွင် သတင်းအချက်အလက်ကို လွယ်ကူစွာရရှိနိုင်မှုသည် ကျွန်ုပ်တို့နေထိုင်ပုံ၊ လုပ်ကိုင်ပုံနှင့် ကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ပုံတို့ကို ပြောင်းလဲစေလျက်ရှိပါသည်။ "အသိပညာရှေ့ဆောင်စီးပွားရေးစနစ်"၊ "ကွန်ရက်စီးပွားရေးစနစ်"၊ သို့မဟုတ် "စီးပွားရေး စနစ်သစ်"ဟု လူအများ သိကြသည့် 'digital economy' ဟူသည် ကုန်ပစ္စည်း ထုတ်လုပ်မှုအနေအထားမှသည် စိတ်ကူး စိတ်သန်းများ ဖန်တီးဆန်းသစ်ခြင်းသို့ ကူးပြောင်းလာခြင်းဖြစ်သည်ဟု ဝိသေသပြုကြပါသည်။ စီးပွားရေး၌ လည်းကောင်း၊ လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံး၌လည်းကောင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများသည် မဏ္ဍိုင်ကျသည့် အခန်းကဏ္ဍမှ ပါဝင်လာခြင်း မရှိသေးသော်လည်း တိုးတက်ဖြစ်ပေါ် လျက်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာများ ICTD အပေါ် ကမ္ဘာတစ်ဝန်းလုံးမှ အစိုးရများ၏ အလေးထားမှုများ ပိုမိုတိုးပွားလာ လျက်ရှိပါသည်။ ယင်းအစိုးရများအတွက် ICTD ဟူသည် စီးပွားရေးတွင် ICT လုပ်ငန်း သို့မဟုတ် ICT ကဏ္ဍတိုးတက်ရေးသာမက စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ICT နည်းပညာ များကို အသုံးပြုရေးပါ အကျုံးဝင်နေပါသည်။ သို့သော် ICTမူဝါဒများ ချမှတ်ရာတွင် အစိုးရများ ရင်ဆိုင်ရ သည့် အခက်အခဲများ၌ မူဝါဒချမှတ်သူများအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့ကိုယ်တိုင် ကိုင်တွယ်အသုံးပြု နေရသည့် နည်းပညာများနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိသေးခြင်းလည်း ပါဝင်နေပါသည်။ မိမိနားမလည်သည့် အလုပ်ကို စည်းကမ်းစနစ်ကျနစွာ ဆောင်ရွက်နိုင်ခြင်းမရှိဆိုသလို မူဝါဒချမှတ်သူ အများအပြားသည် ICTမူဝါဒ ရေးဆွဲချမှတ်ခြင်းလုပ်ငန်းများကို ရှောင်ခွာခဲ့ကြပါသည်။ သို့ရာတွင် ICT မူဝါဒချမှတ်ရေးလုပ်ငန်းကို နည်းပညာရှင်များအား လွှဲအပ်ခြင်းသည်လည်း သင့်လျော်ခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် နည်းပညာရှင်များအနေဖြင့် ၎င်းတို့ထုတ်ဖော်အသုံး ပြုလျက်ရှိသည့် နည်းပညာ များနှင့်ပတ်သက်သည့် မူဝါဒဆိုင်ရာ အနက်အဓိပ္ပာယ်သက်ရောက်မှုများကို ကောင်းစွာ နားလည်သိမြင်ခြင်း မရှိ၍ဖြစ်ပါသည်။ အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် ICT ပညာရပ် သင်ရိုးဝင်ဘာသာရပ်တွဲများကို UN-APCICT က အောက်ပါပုဂ္ဂိုလ်များအတွက် ရည်ရွယ်ပြုစုခဲ့ပါသည်-

(၁) အမျိုးသားအဆင့်နှင့်ဒေသန္တရအစိုးရများမှ ICT မူဝါဒချမှတ်ရန် တာဝန်ရှိသူများ၊

(၂) ICT အခြေပြု လုပ်ငန်းစဉ်များ ချမှတ်ရန်နှင့် အကောင်အထည်ဖော်ရန် တာဝန်ရှိသည့် အစိုးရအရာရှိများ၊

(၃) စီမံကိန်းစီမံခန့်ခွဲမှုအတွက် ICT အသုံးပြုကိရိယာများကို အသုံးပြုရန်ကြိုးစား ဆောင်ရွက် နေသည့် အစိုးရကဏ္ဍမှ စီမံခန့်ခွဲသူများ။

ဘာသာရပ်တွဲများ၏ ဦးတည်ချက်မှာ မူဝါဒဆိုင်ရာနှင့် နည်းပညာဆိုင်ရာ ရှုထောင့်နှစ်ခုမှ ICTD နှင့် ဆက်နွယ်နေသော အရေးကြီးသည့် အကြောင်းအရာများနှင့် ရင်းနှီးကျွမ်းဝင်မှုကို တိုးတက်ရရှိစေရန် ဖြစ်ပါသည်။ ရည်ရွယ်သည်မှာ နည်းပညာဆိုင်ရာ ICT လက်စွဲအဖြစ် ဖြစ်ပေါ်လာစေရန် မဟုတ်ဘဲ မျက်မှောက်ခေတ် Digital နည်းပညာ၏ စွမ်းဆောင်နိုင်မှု၊ နည်းပညာ၏ ဦးတည်ရာနှင့် မူဝါဒချမှတ်ရာတွင် နည်းပညာ၏ အဓိပ္ပာယ်သက်ရောက်မှုတို့ကို ကောင်းစွာနားလည် သဘောပေါက်လာစေရန်ဖြစ်ပါသည်။ သင်ကြားလေ့ကျင့်ရေးလိုအပ်ချက် ဆန်းစစ်ခြင်းဖြင့်လည်းကောင်း၊ သင်ကြားလေ့ကျင့်ရမည့်အကြောင်း အရာနှင့်ပတ်သက်၍ ကမ္ဘာအနှံ့ ကွင်းဆင်းလေ့လာခြင်းဖြင့်လည်းကောင်း ဘာသာရပ်အကြောင်းအရာများ ကို သတ်မှတ်ထည့်သွင်းခဲ့ပါသည်။

ဘာသာရပ်များကို စာဖတ်သူတစ်ဦးစီက ကိုယ်တိုင်လေ့လာသင်ယူနိုင်အောင် သို့မဟုတ် သင်တန်းဖွင့်လှစ်ပို့ချရာတွင် အရင်းအမြစ်အဖြစ် အသုံးပြုနိုင်အောင် ပြုစုထားပါသည်။ ယင်းဘာသာရပ်များသည် သီးခြားစီရပ်တည်နိုင်သလို အချင်းချင်းဆက်စပ်မှုလည်း ရှိနေပါသည်။ ဘာသာရပ်တွဲများတွင် ဘာသာရပ်တစ်ခုသည် အခြားဘာသာရပ်တစ်ခုနှင့် အဓိကအကြောင်းအရာအချင်းချင်း၊ ဆွေးနွေးချက်များ အချင်းချင်းဆက်စပ်မှုရှိအောင် ကြိုးစားပြုစုထားပါသည်။ ရေရှည်အားဖြင့် ဘာသာရပ်များကို ပေါင်းစည်းညီညွတ်စွာ ဖွဲ့စည်းထားသော သင်ရိုးတစ်ခုအဖြစ် အခိုင်အမာ ဖြစ်ထွန်းလာစေရန် ဦးတည်ပါသည်။

ဘာသာရပ်ရည်ရွယ်ချက်များနှင့် မျှော်မှန်းသည့် သင်ယူမှုရလဒ်များကို ဖော်ပြခြင်းဖြင့် ဘာသာရပ်တစ်ခုစီကို အစပြုထားပြီး ဖတ်ရှုလေ့လာသူများသည် ၎င်းတို့နှင့် ချိန်ထိုး၍ မိမိတို့၏ သင်ယူပေါက်မြောက်မှုကို အကဲဖြတ်နိုင်ကြမည် ဖြစ်ပါသည်။ ဘာသာရပ်ပါ အကြောင်းအရာများကို အခန်းများခွဲခြားထားပြီး ယင်းအခန်းများတွင် အရေးကြီးသည့် အသိပညာများကို နက်နဲစွာသိမြင်နားလည် သဘောပေါက်နိုင်ရန် အထောက်အကူပြုသည့် ဖြစ်စဥ်ဖြစ်ရပ်လေ့လာမှုများနှင့် လေ့ကျင့်ခန်းများ ပါဝင်ပါသည်။ ဖတ်ရှုလေ့လာသူများနှင့် သင်တန်းသားများအနေဖြင့် လေ့ကျင့်ခန်းများကို ဖြေဆိုခြင်းဖြင့် သင်ယူနိုင်ကြမည်ဖြစ်ပါသည်။ ဆွေးနွေးရမည့် အသေးစိတ်အချက်များကိုလည်း ရုပ်ပုံများ၊ ဇယားများဖြင့် သရုပ်ဖော်ထားပါသည်။ ဖတ်ရှုလေ့လာသူများအတွက် ရှုမြင်သုံးသပ်နိုင်စွမ်းရှိအောင် ရှာဖွေလေ့လာနိုင်စေရန် ကိုးကားချက်များနှင့် online အရင်းအမြစ်များစာရင်းကိုလည်း ဖော်ပြထားပါသည်။

ICTD အသုံးပြုပုံ ကွဲပြားသည်နှင့်အမျှ ဘာသာရပ်တစ်ခုအတွင်း၌ဖြစ်စေ၊ ဘာသာရပ်တစ်ခုနှင့်တစ်ခုဖြစ်စေ ဖော်ပြပါရှိသည့် ဖြစ်စဥ်ဖြစ်ရပ်လေ့လာမှုနှင့် သာဓကများသည် ရံဖန်ရံခါတွင် ဆန့်ကျင်ဖက် သဘောဆောင်နိုင်ပါသည်။ သို့ဖြစ်ရာ ဤအချက်ကို ကြိုတင်မျှော်လင့်ထားရမည်ဖြစ်ပါသည်။ ဤသည်မှာ တိုးတက်ဖြစ်ထွန်းနေသည့် ဘာသာရပ်အသစ်နှင့် ၎င်း၏အလားအလာကောင်းများမှ ပေါ်ထွက်လာသည့် စိတ်လှုပ်ရှားဖွယ်နှင့် စိန်ခေါ်နေမှုပင် ဖြစ်ပါသည်။ အကြောင်းမှာ နိုင်ငံအားလုံးတို့သည် ICT နည်းပညာများ၏ စွမ်းဆောင်နိုင်မှုများ တိုးပွားလာရေးအတွက် လုပ်ငန်းသုံးကိရိယာများအဖြစ် စူးစမ်းဖော်ထုတ်စပြုလာသောကြောင့်ဖြစ်ပါသည်။

ICTD သင်ရိုးစာအုပ်စာစောင်များအား အထောက်အကူပြုသည့်အရာမှာ UN APCICT online distance learning platform ဖြစ်သည့် Internet အသုံးချသင်ရိုးညွှန်းတမ်း (AVA - http: //www. unapcict.org/academy) ပင်ဖြစ်ပါသည်။ ယင်းသင်ရိုးအရ သင်တန်းဆရာများ၏ ဗွီဒီယိုပို့ချချက်များနှင့် Powerpoint တင်ဆက်မှုများ ပါဝင်သည့် စာသင်ခန်းများ ဖွဲ့စည်းထားပါသည်။

ထို့ပြင် UN APCICT သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT ဆိုင်ရာ Electronic ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (e-Co Hub - http://www.unapcict.org/ecohub) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ယင်းဌာနသည် ICTD ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် မူဝါဒချမှတ် သူများအတွက် သင်ယူမှုနှင့် သင်ကြားမှုအတွေ့အကြုံများ တိုးပွားရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ထားသည့် online နေရာတစ်ခု ဖြစ်ပါသည်။ ယင်းဗဟိုဌာနသည် ICTD အကြောင်းအရာမျိုးစုံနှင့် ပတ်သက်၍ အသိပညာရင်းမြစ်များကို ရရှိစေရန် လမ်းဖွင့်ပေးထားပြီး အသိပညာနှင့် အတွေ့အကြုံများဖလှယ်ခြင်းနှင့် ခေတ်မီတိုးတက်လျက်ရှိသည့် ICTD နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများကို အပြန်အလှန် ဆောင်ရွက်ရန် Online နေရာတစ်ခုကိုလည်း ပေးအပ်ထားပါသည်။

## ဘာသာရပ် (၂)
## ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒ ၊ လုပ်ငန်းစဉ် ၊ အုပ်ချုပ်မှုစနစ်တို့အတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုပုံဘာသာရပ်၏ ရည်ရွယ်ချက်

ကမ္ဘာအနှံ့အစိုးရများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ(ICTD) များကို ပို၍ပို၍ အလေးထားလာကြပါသည်။ ICTDသည် ICT လုပ်ငန်းကဏ္ဍ (သို့မဟုတ်) စီးပွားရေး ကဏ္ဍဖွံ့ဖြိုးလာမှုနှင့်သာမက စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးတိုးတက်မှုကို ရရှိစေရန် ICT အသုံးပြုခြင်း နှင့်လည်း သက်ဆိုင်နေပါသည်။ အထူးသဖြင့် အစိုးရများသည် နယ်ပယ်များစွာကို ကိုယ်စားပြုသော ICTD မူဝါဒတည်ဆောက်ရန် မျှော်လင့်နေကြပါသည်။ ယင်းနယ်ပယ်များတွင် မူဝါဒနှင့် ထိန်းကျောင်းမှုရှိသော ပတ်ဝန်းကျင် တစ်ရပ်တည်ဆောက်ခြင်း၊ အခြေခံအဆောက်အအုံများကို ရရှိစေခြင်း၊ အခြေခံ ICT အရည် အသွေးများ၏ ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားလာခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အသုံးချရမည့်အရာနှင့် ICT အသုံးပြုမှုများ ဖွံ့ဖြိုးလာခြင်း၊ တီထွင်ဆန်းသစ်မှုရှိသော ရလဒ်အဖြေများရရှိရေးကို အထောက်အကူပြုရန် ICT သုတေသန နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများခေတ်မီတိုးတက်လာခြင်းတို့ ဖြစ်ပါသည်။ ဤဘာသာရပ်သည် ICTD မူဝါဒရေးဆွဲချမှတ်ခြင်းနှင့် အုပ်ချုပ်မှုပုံစံ၊ အမျိုးသားရေးဆိုင်ရာမူဝါဒအမြင်များ၊ မဟာဗျူဟာများနှင့် ICTD တိုးမြှင့်ရေးအတွက် အခြေခံအုတ်မြစ်များနှင့်စပ်လျဉ်း၍ အရေးပါသောသတင်းအချက်အလက် ပံ့ပိုးဖြည့်ဆည်းပေးခြင်းတို့ပေါ် အလေးထားပါသည်။ ဤဘာသာရပ်သည် အဓိကကျသော ICTD မူဝါဒနှင့် အုပ်ချုပ်မှုဆိုင်ရာပြဿနာများကိုဆွေးနွေးတင်ပြထားပြီးအစိုးရများသည် ၎င်းတို့၏တိုးတက်မှုကို မည်ကဲ့သို့ တိုင်းတာနိုင်သည်၊ အခြားနိုင်ငံများ၏ တိုးတက်မှုနှင့်နှိုင်းယှဉ်၍ မိမိနိုင်ငံ၏ တိုးတက်မှုကိုမည်ကဲ့သို့ စံသတ်မှတ်နိုင်သည်ကို ဖော်ပြထားပါသည်။

### ဘာသာရပ်ဦးတည်ချက်များ

ဘာသာရပ်၏ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) နိုင်ငံအလိုက်ကွဲပြားခြားနားသော မူဝါဒအမြင်များ၊ မဟာဗျူဟာများနှင့် ICTD အသုံးပြုမှုကို မြှင့်တင်ပေးမည့် ဥပဒေဆိုင်ရာနည်းလမ်းကိရိယာများနှင့်စပ်လျဉ်း၍ အရေးပါသောသတင်း အချက်အလက်များကို ပံ့ပိုးဖြည့်ဆည်းပေးရန်၊

(၂) ICTD မူဝါဒရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြဿနာများကို ရှင်းလင်းဆွေးနွေး ရန်၊

(၃) ICTD မူဝါဒရေးဆွဲချမှတ်ရာတွင် အစိုးရများသည် မိမိတို့၏တိုးတက်မှုကို မည်ကဲ့သို့တိုင်းတာနိုင် ကြောင်း၊ အခြားနိုင်ငံများ၏ တိုးတက်မှုနှင့်နှိုင်းယှဉ်၍ မိမိနိုင်ငံ၏တိုးတက်မှုကို မည်ကဲ့သို့ စံသတ်မှတ် နိုင်ကြောင်း သရုပ်ဖော်ပြသရန်။

### သင်ယူမှုရလဒ်များ

ဤဘာသာရပ်ကို သင်ယူပြီးနောက် ဖတ်ရှုလေ့လာသူများသည် အောက်ပါစွမ်းရည်များကို ရရှိလာမည် ဖြစ်ပါသည်-

(၁) ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာမူဝါဒလုပ်ငန်းစဉ်ကို ဖော်ပြခြင်း၊

(၂) အဓိကကျသော ICTD မူဝါဒများကို သရုပ်ခွဲဆန်းစစ်ခြင်း၊

(၃) ICT အုပ်ချုပ်မှုပုံစံတွင်ကြုံတွေ့ရမည့် အဓိကပြဿနာများကို ဆွေးနွေးဖော်ထုတ်ခြင်း။

# မာတိကာ

**စာမျက်နှာ**

**ဥယျောဇဉ်** ........ **၃**
**အမှာ** ........ **၅**
**ဘာသာရပ်တွဲများ** ........ **၇**
**ဘာသာရပ်(၂)**
ဘာသာရပ်ဦးတည်ချက်များ ........ ၉
သင်ယူမှုရလဒ်များ ........ ၉
ဖြစ်စဉ်ဖြစ်ရပ်လေ့လာဆန်းစစ်မှုများစာရင်း ........ ၁၁
ဘောင်ခတ်ဖော်ပြချက်များစာရင်း ........ ၁၁
သရုပ်ဖော်ပုံများစာရင်း ........ ၁၁
ဇယားများစာရင်း ........ ၁၁
အတိုကောက်အခေါ်အဝေါ်များ ........ ၁၂
ရုပ်ပုံသင်္ကေတများစာရင်း ........ ၁၃
**၁။ ICTD မူဝါဒရေးဆွဲခြင်း** ........ **၁၄**
၁.၁ ICT ဖွံ့ဖြိုးတိုးတက်မှုပုံစံ ........ ၁၈
၁.၂ နည်းပညာ၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု ........ ၂၆
၁.၃ များစွာသော ပါဝင်ပတ်သက်သူများဖြင့် ICT မူဝါဒရေးဆွဲမှု ........ ၃၅
**၂။ အမျိုးသားရေးဆိုင်ရာ ICTD မူဝါဒတစ်ခု၏ ပါဝင်သော အချက်အလက်များ** ........ **၄၁**
၂.၁ ICT စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု ........ ၄၂
၂.၂ ICT လုပ်ငန်းတည်ထောင်ခြင်း ........ ၅၀
၂.၃ Electronic အုပ်ချုပ်မှုပုံစံ ........ ၆၆
**၃။ ICT အုပ်ချုပ်မှုပုံစံ** ........ **၇၆**
၃.၁ ICT အုပ်ချုပ်မှုပုံစံအခြေခံမှု ........ ၇၇
၃.၂ ICT ရင်းနှီးမြှုပ်နှံမှုများကို ထိန်းချုပ်ဆောင်ရွက်ခြင်း ........ ၈၅

## နောက်ဆက်တွဲ


အဘိဓာန်အကျဉ်း........................................................................ ၉၃
သင်တန်းဆရာများအတွက်သိမှတ်ဖွယ်ရာများ............................................. ၁၀၀
စာရေးသူအကြောင်း ..................................................................... ၁၀၃


**ဖြစ်စဥ်ဖြစ်ရပ်လေ့လာမှုများစာရင်း**


၁။ ဖိလစ်ပိုင်နိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍကိုပြုပြင်ပြောင်းလဲခြင်း ၁၆
၂။ Digital နည်းပညာနှင့်မူပိုင်ခွင့် - နယူးဇီလန်နိုင်ငံ၏ ဖြစ်စဥ်ဖြစ်ရပ် ၂၈
၃။ စင်ကာပူနိုင်ငံ၏ Infocomm လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဥ် ၄၇
၄။ အမျိုးသားရေးဆိုင်ရာ ICT လုပ်ငန်းမဟာဗျူဟာ ဖြစ်စဥ်ဖြစ်ရပ်လေ့လာဆန်းစစ်မှု ( ၁ )
တရုတ်နိုင်ငံ - ကမ္ဘာ့ ICT ထုတ်လုပ်မှုဗဟိုချက် ၅၁
၅။ အမျိုးသားရေးဆိုင်ရာ ICT လုပ်ငန်းမဟာဗျူဟာ ဖြစ်စဥ်ဖြစ်ရပ် လေ့လာဆန်းစစ်မှု (၂)
အိန္ဒိယနိုင်ငံ - A Global Software Powerhouse ၅၆
၆။ အမျိုးသားရေးဆိုင်ရာ ICT ကုန်ထုတ်လုပ်ငန်း မဟာဗျူဟာ ဖြစ်စဥ်ဖြစ်ရပ်လေ့လာဆန်းစစ်မှု(၃)
ကိုရီးယားသမ္မတနိုင်ငံ- တစ်ပိုင်းလျှပ်ကူးပစ္စည်းမှ Muiti Media သို့ ၆၀
၇။ အမျိုးသားရေးဆိုင်ရာ ICT ကုန်ထုတ်လုပ်ငန်းမဟာဗျူဟာ ဖြစ်စဥ်ဖြစ်ရပ်လေ့လာဆန်းစစ်မှု(၄)
Ireland နိုင်ငံတွင် digital ပါဝင်သော အကြောင်းအရာများဆိုင်ရာကုန်ထုတ်လုပ်ငန်းအတွက်
မဟာဗျူဟာ ၆၃
၈။ မလေးရှားနိုင်ငံ၏OSS ပင်မစီမံကိန်း ၆၈
၉။ ဘရာဇီးနိုင်ငံတွင်အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့်ပြည်သူ့လုံခြုံရေးဆောင်ရွက်ခြင်း ၇၁


**ဘောင်ခတ်ဖော်ပြချက်များစာရင်း**


ဘောင်(၁) နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်သားအဖွဲ့အစည်း - စည်းလုံးညီညွတ်ကြသလား ?
(သို့မဟုတ်)ပြိုကွဲနေကြသလား ? ၂၂
ဘောင်(၂) ICTD မူဝါဒနှင့် မဟာဗျူဟာရေးဆွဲချမှတ်ခြင်းအဆင့်များ ၂၄
ဘောင်(၃) ဆက်သွယ်ရေးဆိုင်ရာလိုင်စင်ပေးခြင်း ၃၂
ဘောင်(၄) များစွာသောပါဝင်ပတ်သက်သူများ ပူးပေါင်းဆောင်ရွက်မှု အခြေခံမူများ ၃၈
ဘောင်(၅) e-Government စီမံကိန်းများ မအောင်မြင်ရသည့်အကြောင်းအရင်းများ ၇၄
ဘောင်(၆) ဩစတေးလျနိုင်ငံအစိုးရတစ်ရပ်လုံးနှင့်ဆိုင်သော ICT ရင်းနှီးမြှုပ်နှံမှု
လမ်းညွှန်ချက်မူများ ၈၆


**သရုပ်ဖော်ပုံများစာရင်း**


ပုံ-၁ ဗြိတိန်နိုင်ငံ၏ electronic မဟာဗျူဟာ -နည်းပညာတပ်ဆင်ပေးခြင်း၊ သင်ယူမှုနှင့်
ကလေးသူငယ်လုပ်ငန်းများ အသွင်ပြောင်းလဲခြင်း ၄၅


**ဇယားများစာရင်း**


ဇယား-၁ အာရှတိုက်ရှိ ICT အဖွဲ့အစည်းများဆိုင်ရာ နှိုင်းယှဥ်ဖြန့်စီဖော်ပြချက် ၇၉

## အတိုကောက်အခေါ်အဝေါ်များ

| | |
|---|---|
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| APCICT | ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အာရှပစိဖိတ်ဗဟိုသင်တန်းဌာန |
| ASEAN | အရှေ့တောင်အာရှ နိုင်ငံများအသင်း |
| BPO | ကုန်ပစ္စည်းများပေးသွင်းခြင်းလုပ်ငန်းစဥ်စီးပွားရေးလုပ်ငန်း |
| CD | ကွန်ပျူတာတွင် အသုံးပြုသော ဓါတ်ပြားဝိုင်း (စီဒီ) |
| CMA | ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းကိရိယာများအက်ဥပဒေ |
| DRAM | computer မှတ်ဉာဏ်နှင့် စပ်လျဥ်းသော အကြောင်းအရာ |
| ESCAP | အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့်လူမှုရေးကော်မရှင် |
| EU | ဥရောပသမဂ္ဂ |
| FOSS | အခမဲ့နှင့်လွတ်လပ်စွာ ပြုပြင်သုံးစွဲနိုင်သော Software ရင်းမြစ် |
| GCIO | အစိုးရသတင်းအချက်အလက်ဆိုင်ရာ အရာရှိချုပ် |
| GIF | အစိုးရအဖွဲ့အစည်းအတွင်း အရေးပေါ် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ |
| GNP | စုစုပေါင်းတိုင်းပြည်ထုတ်ကုန်တန်ဖိုး |
| GSD | ကမ္ဘာလုံးဆိုင်ရာ software ဖွံ့ဖြိုးတိုးတက်မှု |
| ICT | သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ |
| ICTD | ဖွံ့ဖြိုးတိုးတက်မှုအတွက်သတင်းနှင့် ဆက်သွယ်ရေး နည်းပညာ |
| IDA | စင်ကာပူနိုင်ငံ၏ သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာအာဏာပိုင်အဖွဲ့ |
| IMF | နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ |
| IPInternet | ဆိုင်ရာ လိုက်နာစောင့်ထိန်းအပ်သော လုပ်ထုံးလုပ်နည်းနှင့်ကျင့်ဝတ် |
| IT | သတင်းအချက်အလက်နည်းပညာ |
| ITU | နိုင်ငံတကာဆက်သွယ်ရေးသမဂ္ဂ |
| NEA | အမျိုးသားပိသုကာပညာရှင်အသင်း |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| NIDA | ကမ္ဘောဒီးယားနိုင်ငံ၏ အမျိုးသားသတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှုအာဏာပိုင် |
| NII | အမျိုးသားသတင်းအချက်အလက် အခြေခံအဆောက်အအုံ |
| OECD | စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ |
| OSS | အခမဲ့နှင့်လွတ်လပ်စွာပြုပြင်သုံးစွဲနိုင်သောအရင်းအမြစ် software |
| PC | ကိုယ်ပိုင် computer |
| PLDT | ဖိလစ်ပိုင်နိုင်ငံ အဝေးဆက်သွယ်ရေး တယ်လီဖုန်းကုမ္ပဏီ |
| PWC | အဖိုးတန် ရေပေါ်အိမ်ပြုပြင်တည်ဆောက်ရေးအဖွဲ့ |
| R&D | သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး |
| RAAKS | စိုက်ပျိုးရေးအသိပညာစနစ်များဆိုင်ရာ မြန်ဆန်သောအကဲဖြတ်ချက် |
| TA | နည်းပညာဆိုင်ရာ အထောက်အပံ့ |
| UK | ဗြိတိန်နိုင်ငံ |
| UN | ကမ္ဘာ့ကုလသမဂ္ဂ |
| US | အမေရိကန်ပြည်ထောင်စု |
| VAT | ထပ်ဆင့်တိုးတန်ဖိုးခွန် |
| VCR | ဗီဒီယိုကက်ဆက်အသံဖမ်းစက် |
| WSIS | သတင်းလူ့အဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ |

**သင်္ကေတပုံစံများစာရင်း**

 ဖြစ်စဉ်ဖြစ်ရပ်လေ့လာဆန်းစစ်ခြင်း

 စဉ်းစားရန်မေးခွန်းများ

 ဆောင်ရွက်ရန်

 ကိုယ်တိုင်စမ်းသပ်စစ်ဆေးခြင်း

# ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒ ၊ လုပ်ငန်းစဥ် ၊ အုပ်ချုပ်မှုစနစ်တို့အတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုပုံ

## ၁။ ICTD မူဝါဒရေးဆွဲခြင်း

**ဤအခန်းတွင် အောက်ပါအတိုင်းရည်ရွယ်ချက် ထားရှိပါသည် -**

- **ICT မူဝါဒရေးဆွဲချမှတ်ရာတွင် နိုင်ငံများ၊ ဈေးကွက်များနှင့် ပြည်သူများ၏ အခန်းကဏ္ဍကို ဖော်ထုတ်ရန်။**
- **ICT ဖွံ့ဖြိုးမှုအသစ်များနှင့်လိုက်လျောညီထွေရှိသည့် ဥပဒေဆိုင်ရာနှင့် စည်းမျဥ်း၊ စည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအတွက် လိုအပ်ချက်ကို ရှင်းလင်းဆွေးနွေးရန်၊**
- **များစွာသော ပါဝင်ပတ်သက်သူများဆိုင်ရာ ICT မူဝါဒ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ထုတ်ရန်။**

ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ICTD အသုံးပြုမှုသည် တက်ကြွသော ပြည်သူ့ရေးရာမူဝါဒတွန်းအားတစ်ရပ် လိုအပ်ပါသည်။ ယင်းသို့လုပ်ဆောင်ရာတွင် အနာဂတ် မျှော်မှန်းချက်သာမက မဟာဗျူဟာတစ်ရပ်နှင့် လက်တွေ့လုပ်ဆောင်ရေးအစီအစဥ်တစ်ရပ်လည်း လိုအပ်ပါ သည်။ Laissez faire ချဥ်းကပ်နည်းဖြင့် ယင်းကို ဆောင်ရွက်နိုင်ခြင်းမရှိပါ။ အဘယ်ကြောင့်ဆိုသော် ICT သည် စရိတ်ကြီးပြီး သင့်လျော်စွာအသုံးပြုခြင်းမရှိပါက တန်ဖိုးရှိသောအရင်းအမြစ်များ လေလွင့်ဆုံးရှုံးစေပါသည်။ ICT ၏ အကျိုး ရလဒ်ထင်ရှားသလို စွန့်စားမှုအန္တရာယ်သည်လည်း ကြီးမားပါသည်။

ICTD မူဝါဒအကြောင်း ဆက်လက်မဆွေးနွေးမီ “မူဝါဒ” ကိုဆွေးနွေးလိုပါသည်။ မူဝါဒဆိုသည်မှာ လက်တွေ့လုပ်ဆောင်ရန် အစီအမံတစ်ခုပင်ဖြစ်ပါသည်။ ပုံမှန်အားဖြင့် နိုင်ငံရေး လုပ်ဆောင်သူတစ်ဦးက (သို့မဟုတ်) အဖွဲ့ကချမှတ်ထားသော အပြန်အလှန်ဆက်နွယ်နေသည့် ဆုံးဖြတ်ချက်များအစုအဝေးဟု အဓိပ္ပါယ်သတ်မှတ်ပါသည်။ ရည်မှန်းချက်များနှင့် ယင်းတို့ကို အောင်မြင်ပေါက်မြောက်စေမည့် နည်းလမ်းများတို့ကို ဆောင်ရွက်ရမည့်နေရာ၊ ဆောင်ရွက်မည့်သူ၏ စွမ်းအားအတွင်းမှ ရွေးချယ်ခြင်းနှင့် သက်ဆိုင်ပါသည်။ ပြည်သူ့ရေးရာမူဝါဒဆိုသည်မှာ အများကောင်းစားရေးနှင့် ဆက်စပ်သောကိစ္စရပ်များအတွက် အစိုးရ၏တုံ့ပြန်ဖြေရှင်းချက်ဖြစ်ပါသည်။ ဤမူဝါဒတွင် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေများ ( တရားစီရင်ရေး )၊ စည်းမျဥ်းစည်းကမ်းများ၊ ဆုံးဖြတ်ချက်များနှင့် အစိုးရ၏ဆောင်ရွက်ချက်များ ပေါင်းစပ်ပါဝင်ပါသည်။

လက်တွေ့နည်းလမ်းသည်လည်း မူဝါဒဖြစ်ကြောင်းညွှန်ပြရန် အရေးကြီးပါသည်။ မူဝါဒတစ်ရပ်တည်ရှိနေကြောင်း ဖော်ပြနိုင်စွမ်းရှိရန် တရားဝင်ဖော်ပြချက် အမိန့် (သို့မဟုတ်) စည်းမျဥ်းပုံစံအရ မလိုအပ်ပါ။ ဥပမာ အားဖြင့် အစိုးရဌာနများတွင် မူပိုင် Software များကို ကျယ်ပြန့်စွာအသုံးပြုနေခြင်းနှင့် Open Source Software ကို အသုံးပြုရန် မူဝါဒမရှိခြင်းသည် မူပိုင် Software များကို နှစ်သက်လက်ခံစေသော မူဝါဒတစ်ခု ဖြစ်လာပါသည်။

အချုပ်အားဖြင့် ပြည်သူ့ရေးရာမူဝါဒဆိုသည်မှာ အစိုးရများမှ လက်တွေ့ကျင့်သုံး ဆောင်ရွက်သည့် အရာများသာမက တရားဝင်ထုတ်ပြန်ကြေညာချက်များနှင့် အထောက်အထားများအရ ဆောင်ရွက်သော အရာများလည်း ဖြစ်ပါသည်။

ပြည်သူ့ရေးရာမူဝါဒသည် အများပြည်သူကောင်းစားရေးအတွက် ရည်ရွယ်သော်လည်း အကြောင်းကိစ္စတစ်ရပ် (သို့မဟုတ်) ပြဿနာတစ်ရပ်အတွက် အစဉ်သဖြင့် အကောင်းဆုံးအဖြေ ဖြစ်မည် မဟုတ်ပါ။ ပြည်သူ့ ရေးရာမူဝါဒရေးဆွဲချမှတ်မှုသည် ကိစ္စရပ်တစ်ခုအတွက် နည်းလမ်းကျသော (သို့မဟုတ်) သိပ္ပံနည်းကျသော အကောင်းဆုံးတုံ့ပြန်ချက်ဖြစ်သကဲ့သို့ ပါဝင်ပတ်သက်သူများ၏ တရားဝင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် အကောင်းဆုံးအဖြေလည်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပါဝင်ပတ်သက်သူများသည် အကောင်းဆုံး အဖြေဆိုသည်ကို ရှုမြင်သုံးသပ်မှုများ ကွဲပြားခြားနားကြခြင်း၊ ကောင်းမွန်သော ပြည်သူ့ရေးရာမူဝါဒသည် အကျိုးကျေးဇူးရရှိခံစားကြမည့် အဖွဲ့ဝင်အားလုံးလက်ခံနိုင်သည့် အကောင်းဆုံး အဖြေကို ကိုယ်စားပြုခြင်းကြောင့် ဖြစ်ပါသည်။

မူဝါဒသည် အကောင်းဆုံးသောနည်းပညာဆိုင်ရာ ဖြေရှင်းချက်မဖြစ်ရခြင်း၏ နောက်ထပ် အကြောင်းပြချက်မှာ လက်ရှိမူဝါဒသတ်မှတ်ချက်များအရ မူဝါဒသစ်ကိုရေးသားခြင်းကြောင့်ဖြစ်ပါသည်။ မူဝါဒဟောင်းသည် မူဝါဒသစ်အတွက် ကန့်သတ်ချက်တစ်ရပ်အဖြစ် ရှိနေပါသည်။ ဥပမာအားဖြင့် မူဝါဒဟောင်းများသည် ကိုယ်ကျိုး စီးပွားဖြစ်ရန် ဖန်တီးပေးနိုင်ကောင်း ပေးနိုင်သော်လည်း အသစ်ရေးဆွဲသည့်မူဝါဒတွင် ထို့ထက်ပိုမိုဆိုးဝါးမှု မရှိစေရန် အခိုင်အမာထည့်သွင်းရေးဆွဲထားပေလိမ့်မည်။

ဖိလစ်ပိုင်နိုင်ငံ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဖြစ်စဥ်ဖြစ်ရပ်မှ ICT မူဝါဒဖွံ့ဖြိုးမှုအခြေအနေကို ဖော်ပြနေပါသည်။

### ဖိလစ်ပိုင်နိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍကို ပြုပြင်ပြောင်းလဲခြင်း

ဖိလစ်ပိုင်နိုင်ငံတွင် ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအား လွတ်လပ်စွာဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခြင်းကို ပြုပြင်ပြောင်းလဲမှုအတွက် ပူးပေါင်းမှုလုပ်ငန်းစဥ်တစ်ရပ်အဖြစ် စတင်ဆောင်ရွက်ခဲ့ပါသည်။ ဤပြုပြင်ပြောင်းလဲမှုကို အဆင့်များဖြင့် မဟာဗျူဟာကျကျ ဖွဲ့စည်းထားပြီး ဈေးကွက်လမ်းဖွင့်ခြင်းကို ဦးတည်ဆောင်ရွက်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ အဝေးဆက်သွယ်ရေးတယ်လီဖုန်းကုမ္ပဏီ (PLDT)သည် လက်ရှိဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကတစ်ဦးတည်းပိုင်လုပ်ငန်းဖြစ်ပြီး ၄င်း၏ လွတ်လပ်သောနေရာကို တိုက်ခိုက်မှုအား ကြိုဆိုလက်ခံခြင်းမပြုသည့်အပြင် ၄င်း၏ကိုယ်ပိုင်ကြော်ငြာ အစီအစဥ်ဖြင့် တိုက်ဖျက်ခဲ့ပါသည်။ သို့ရာတွင် သမ္မတ Ramos သည် PLDT ၏ တစ်ဦးတည်း ချုပ်ကိုင်ဆောင်ရွက်မှုကို ဖျက်သိမ်းလိုက်ပြီးနောက် PLDT၏ ပိုင်ရှင်များသည် စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုကို လက်ခံခဲ့ပါသည်။ သဘောတူညီချက်ရရှိပြီးနောက် လွတ်လပ်စွာ ဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များကို အမျိုးသားဆက်သွယ်ရေးကော်မရှင်သို့ ပေးရပါသည်။ ယင်းကော်မရှင်တွင် စည်းမျဥ်းပြဋ္ဌာန်းသူနှင့် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာနနှင့် မူဝါဒချမှတ်သူများ ပါဝင်ပါသည်။

ဖိလစ်ပိုင်တွင် လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုခြင်းကို သမ္မတက တာဝန်ယူခွင့်ပြုပေးရပြီး ပြုပြင်ပြောင်းလဲရေးသမားများ၏ အထူးအဖွဲ့တစ်ရပ်က အလုပ်ကိုတာဝန်ယူပါသည်။ ၄င်းပြုပြင်ပြောင်းလဲရေးသမားများသည် ဈေးကွက်တွင်းဝင်ရောက်မှု၏ တိုက်ရိုက်အကျိုးကျေးဇူးများကို မရရှိကြပါ။ ၎င်းမှာမလေးရှား၏ဖြစ်စဥ်ဖြစ်ရပ်နှင့်ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ဖိလစ်ပိုင်တွင် ဈေးကွက်တွင်းသို့ဝင်ရောက်မှု၏ အကျိုးကျေးဇူးများသည်အများအားဖြင့်စီးပွားရေးသမားကြီးများ၏လက်ထဲ တွင်ရှိပါသည်။ မူဝါဒတစ်ခု၏ယုံကြည်ကိုးစားရမှုကိုတည်ထောင်ပေးခဲ့ပြီးအစိုးရသည် ဤစီးပွားရေးကဏ္ဍကိုလမ်းဖွင့်ပေးရန်သံန္နိဋ္ဌာန်ချထားပါသည်။ စီးပွားရေးသမားများသည် ဆက်သွယ်ရေးကဏ္ဍဈေးကွက်သို့ တက်တက်ကြွကြွဝင်လာခဲ့ကြပါသည်။

မလေးရှားကဲ့သို့မဟုတ်ဘဲ ဖိလစ်ပိုင်၏ ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများတွင် ဆောင်ရွက်သူများစွာပါဝင်ခဲ့ကြပါသည်။ မလေးရှားဖြစ်စဥ်ဖြစ်ရပ်တွင် ဝန်ကြီးချုပ်၏လက်တွင်း၌ အာဏာကိုစုစည်းထားရှိ၍ နိုင်းယှဥ်ကြည့်ပါက မူဝါဒပြောင်းလဲမှုအတွက် အထောက်အကူနှင့် မူဝါဒအပြောင်းအလဲများကို စတင်ကျင့်သုံးမှုသည် ပို၍လွယ်ကူပါသည်။ ဖိလစ်ပိုင်တွင် အာဏာသည် အစိုးရအဖွဲ့(၃)ဖွဲ့၏လက်ထဲတွင်ပျံ့နှံ့နေပြီး အင်အားကြီးသော စီးပွားရေးလူတန်းစားအလွှာက အစိုးရဗျူရိုကရေစီအပေါ် သြဇာလွှမ်းမိုးပါသည်။ အဓိကအရာရှိကြီးများ၏ ထောက်ခံပေးခြင်းသာမကပြည်ပအစိုးရ၏ ဖိအားပေးခြင်းများပိုမိုလိုအပ်လျက်ရှိခြင်းကြောင့်မူဝါဒပြောင်းလဲမှုသည်ပို၍ရှုပ်ထွေးရခြင်းဖြစ်ပါသည်။

### စဥ်းစားရန်မေးခွန်းများ

၁။ မိမိနိုင်ငံ၏ဆက်သွယ်ရေးကဏ္ဍ လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုရေးကြိုးပမ်းမှုများသည် မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၏ ကြိုးပမ်းမှုများနှင့် မည်သို့ကွာခြားပါသနည်း။

၂။ ဖော်ပြထားသော ဖြစ်စဥ်ဖြစ်ရပ်ကိုအခြေခံ၍ လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုရေးကို အထောက်အကူပြုမည့်အင်အားစုများမည်သည်တို့ဖြစ်ကြောင်းသင်စဥ်းစားမိပါ သနည်း။

၃။ ဆက်သွယ်ရေးကဏ္ဍ လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုရေးအတွက် မည်သည်တို့က အဟန့်အတားဖြစ်ကြောင်း စဥ်းစားမိပါသလား။

မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့် မူဝါဒတွင် မရည်ရွယ်သော အကျိုးဆက်များရှိသည် ဟူသည့် အချက်ကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ ယင်းကို အိန္ဒိယနိုင်ငံ၊ Karnatakaမြို့ Bhoomi စီမံကိန်းတွင် မြေယာမှတ်တမ်းများအတွက် computerအသုံးပြုခြင်း ဖြစ်စဉ်ဖြစ်ရပ်၌ ရှင်းလင်းစွာဖော်ပြထားပါသည်။ Amit Prakash နှင့် Rahul De တို့၏ Mandya နှင့် Koppal ခရိုင်များရှိ Bhoomi အသုံးပြုမှုအား လေ့လာချက်စာတမ်းတွင် မြေယာစီမံအုပ်ချုပ်မှုစနစ်များကြောင့် လူမှုရေးရာတွင် ပြောင်းလဲခြင်းသည် ကြိုတင်မမျှော်မှန်းထားသော ရလဒ်များကို ဖြစ်ပေါ်စေကြောင်း သုံးသပ်ဖော်ပြထားပါသည်။ Prakash နှင့် De' တို့က အောက်ပါအတိုင်း ဖော်ပြထားပါသည်-

> Mandyaမြို့ Bhoomi စီမံကိန်း အသုံးပြုမှုမှတစ်ဆင့် ကောင်းမွန်သော အဆောက်အအုံဆိုင်ရာ အကျိုးသက်ရောက်မှုတစ်ရပ် (တရားဝင်ချေးငွေများသည် လယ်သမားများအတွက် ဖွံ့ဖြိုးမှု ကောင်းကျိုးရရှိသည်ဟု ယူဆမှုနှင့်အတူ ပုံမှန်လမ်းကြောင်းများမှ ချေးငွေများပို၍ ရရှိစေခြင်းဖြင့် လယ်သမားများအား ပံ့ပိုးပေးသည့်သဘောတရားအရ) ကိုတွေ့မြင်ရပြီး စီမံကိန်းဒီဇိုင်း ရေးဆွဲသူများက Koppal မြို့တွင် စီမံကိန်းသည် တည်ရှိဆဲ(အသုံးပြုဆဲ) မြေယာအသုံးချမှုကို အားဖြည့်ပေးရန် မျှော်လင့်ခဲ့ကြပါသည်။ သို့သော်လည်း ဤစီမံကိန်းအား မြေယာပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုအမျိုးမျိုးကို ဆန့်ကျင်နေသည့် လက်ရှိနှင့်ဆက်နွယ်နေသော နေရာများတွင် ကြိုတင်အားဖြည့်ရေးအတွက် အသုံးပြုရန်ရည်ရွယ်ပါသည်။ (စာရင်းအရ မြေယာမှတ်တမ်းများအတွက် CLR နှင့် Bhoomi စီမံကိန်းတို့သည် ခေတ်အမီဆုံး ဖြည့်စွက်လုပ်ငန်းများ ဖြစ်ပါသည်။)

မမျှော်လင့်သော အကျိုးဆက်များကို ရှောင်လွှဲ၍မရနိုင်သော်လည်း အရေးကြီးသည်မှာ မူဝါဒတည်ဆောက်မှုလမ်းကြောင်းတွင် မူဝါဒရေးဆွဲချမှတ်သူများသည် အရေးကိစ္စကို သင့်တော်မှန်ကန်စွာ အကဲဖြတ်ရမည့်အပြင် ရည်ရွယ်မထားသည့် အကျိုးဆက်များ လျော့နည်းသွားစေရန် ကြားဝင်ဆောင်ရွက်မှု၏ အကျိုးသက်ရောက်မှုအလားအလာကိုလည်း အကဲဖြတ်ဆန်းစစ်ရပါသည်။

## ၁.၁ ICT ဖွံ့ဖြိုးတိုးတက်မှုပုံစံ

၁၉၇၈ ခုနှစ်တွင် အစိုးရဦးဆောင်သော ဖွံ့ဖြိုးမှုမှ ဈေးကွက်ဦးဆောင်သော ဖွံ့ဖြိုးမှုသို့ ဖွံ့ဖြိုးမှုပုံစံ ပြောင်းလဲလာခဲ့ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ ဖွံ့ဖြိုးမှုမဟာဗျူဟာသစ်-ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည် ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ကြီးမှူးကျင်းပခဲ့ပြီး Washington ဆန္ဒခံယူပွဲဟု အမည်သစ်တစ်မျိုးတွင် ပါသည်။ အမေရိကန်အစိုးရ၏ ဩဇာအာဏာတည်ရာဖြစ်ပါသည်-သည် "အစိုးရအရွယ်အစားလျှော့ချခြင်း၊ ထိန်းကျောင်းမှု လျှော့ချခြင်း၊ လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို အလျင်အမြန်ပေးခြင်းနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း တို့ပေါ်တွင် အလေးပေးခဲ့ပါသည်။"

ICT ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တွင် ရွေ့ပြောင်းဈေးကွက်ချဉ်းကပ်နည်းကိုလည်း အများကလက်ခံ အသုံးပြုခဲ့ကြပါသည်။ ICT ဖွံ့ဖြိုးတိုးတက်မှုအတွက် ရွေ့ပြောင်းဈေးကွက်ကို သတင်းလူ့အဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ (WSIS) ၏ Geneva ကြေညာချက်တွင် အောက်ပါအတိုင်း ဖော်ပြပါရှိပါသည်-

> မူဝါဒများသည် အဆင့်အားလုံးတို့တွင် တည်ဆောက်အကောင်အထည်ဖော်သင့်သည့် တည်ငြိမ်မှုကြိုတင်ခန့်မှန်းမှုနှင့်မျှတသောယှဉ်ပြိုင်မှုတို့ရှိရန် သင့်လျော်သောပတ်ဝန်းကျင် တစ်ရပ်ကို ဖန်တီးပေးပါသည်။ ICT အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာအောင်ဆွဲဆောင်ခြင်းသာမကသမားရိုးကျဈေးကွက် အခြေအနေများက လုပ်ဆောင်ပေးနိုင် စွမ်းမရှိသည့် နယ်ပယ်များတွင် နေရာဒေသမရွေး ဝန်ဆောင်မှု ပြည့်မှီစွာပေးနိုင်ရေးကိုပါဆောင်ရွက်နိုင်ရပါမည်။

ICT ဖွံ့ဖြိုးတိုးတက်မှုတွင် အစိုးရများလက်ဝယ်မှ ဈေးကွက်များဆီသို့ ပြောင်းလဲလာမှုသည် သတင်း အချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော နည်းလမ်းအနက် အကောင်းဆုံးဟု တွေ့မြင်ရပါသည်။ အထူးသဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် ဖြစ်ပါသည်။ ၁၉၇၀ ပြည့်လွန် နှစ်လယ်လောက်မှစ၍ ဆက်သွယ်ရေးကဏ္ဍကို အစိုးရမှပံ့ပိုးပေးသော ဝန်ဆောင်မှုလုပ်ငန်းတစ်ခုအဖြစ် တွေ့မြင်ကြရပါသည် (အချို့တွင်သာ ပုဂ္ဂလိက တစ်ဦးချုပ်လုပ်ငန်းအသွင်ရှိပါသည်)။ ယနေ့တွင် ဤဖြစ်ရပ်မျိုး မတည်မြဲတော့ပါ။ ဥပမာအားဖြင့် ကမ္ဘာလုံးဆိုင်ရာ Internet မူဝါဒအစီအစဉ်၏ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အကောင်းဆုံးနည်းလမ်းများအတွက် ယေဘုယျစည်းမျဉ်းများတွင် ပထမစည်းမျဉ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

> ၁။ အစိုးရများသည် ဆက်သွယ်ရေးကဏ္ဍလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်သူ မဖြစ် သင့်ပါ။ ဤလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများဖြင့်သာ ထိထိရောက်ရောက် လည်ပတ် စေသင့်ပါသည်။ အစိုးရ၏အခန်းကဏ္ဍမှာ စီမံကိန်းရေးဆွဲခြင်း၊ ဖွဲ့စည်းမှု ပြုခြင်းနှင့် ထိန်းကျောင်းခြင်းအတွက် တာဝန်ယူရန်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍသည် စီမံခန့်ခွဲမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဆောက်လုပ်မှုနှင့် ငွေကြေးထောက်ပံ့မှုတို့အတွက် တာဝန်ယူ ဆောင်ရွက် သင့်ပါသည်။ ပုဂ္ဂလိကကဏ္ဍသို့ တာဝန်ယူမှုလွှဲပြောင်းပေးခြင်းနှင့် ယှဉ်ပြိုင်မှု အစပျိုးခြင်း တို့ကို ထင်သာမြင်သာရှိသော အစီအစဉ်များ (စီမံခန့်ခွဲမှုကန်ထရိုက်ပေးခြင်း၊ အရင်းအနှီး ချေးငှားခြင်း၊ လျှော့ပေါ့ပေးခြင်း၊ ပိုင်ဆိုင်မှုနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်များကို ရောင်းချခြင်း စသည်များ)ဖြင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်သင့်ပါသည်။

ကမ္ဘာအနှံ့ဆက်သွယ်နိုင်ခွင့် ရည်မှန်းချက်ရောက်ရှိရေးအတွက် အစိုးရအထောက်အပံ့ပြု ဆက်သွယ်ရေးလုပ်ငန်းကို လက်သင့်မခံတော့သည့် ကျိုးကြောင်းပြချက်တစ်ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

> ကမ္ဘာတစ်လွှား ဆက်သွယ်မှုရရှိရေးအတွက် အားထုတ်ကြိုးပမ်းမှုများ၏အောင်မြင်မှုသည် ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းနှင့် ယှဉ်ပြိုင်ခြင်းတို့၏ အောင်မြင်မှုပေါ်တွင် ကြီးမားစွာအမှီပြုနေပါသည်။ ကျေးလက်ဒေသရင်းနှီးမြှုပ်နှံမှုများအတွက် အမြတ်ရရှိရေး အင်အားစုများသည် စွန့်စားမှုနှင့်ငွေကြေးဆိုင်ရာ ကိန်းရှင်များထက် မူဝါဒကိန်းရှင်များ (အထူးသဖြင့် အပြန်အလှန် ဆက်စပ်မှုနှင့်အကောက်ခွန်များ)နှင့် ပို၍ဆက်စပ်နေပါသည်။

ICT ဖွံ့ဖြိုးတိုးတက်မှုတွင် ရွေ့ပြေးဈေးကွက်သို့ ပြောင်းရွှေ့မှုသည် လက်တွေ့ကျသော လုပ်ငန်းစဉ်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးသမဂ္ဂ ( ITU ) ၏ အဆိုအရ "၂၀၀၄ ခုနှစ်တွင် အခြေခံဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ယှဉ်ပြိုင်မှုပွင့်လန်းလာရာတွင် ကမ္ဘာ့နိုင်ငံများ၏ ၅၄ရာခိုင်နှုန်း၌ အခြေခံဝန်ဆောင်မှုလုပ်ငန်းများကို ယှဉ်ပြိုင်ဆောင်ရွက်လာကြခြင်းအားဖြင့် အဓိကမှတ်တိုင်တစ်ခုကို စိုက်ထူခဲ့ပါသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုလုပ်ငန်းဌာန၏ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအစီအစဉ်၏ အကြီးအကဲဟောင်း စကော့အိတ်ချ်ဂျက်ကော့ (Scott H. Jacobs) မှ ရွေ့ပြေးဈေးကွက် ပြုပြင်ပြောင်းလဲမှုများ၏ အဓိကအကျိုးကျေးဇူးများကို အောက်ပါအတိုင်းဖော်ပြခဲ့ပါသည် -

- လျှပ်စစ်အား၊ သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အစရှိသည့် ကဏ္ဍများ၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအတွက် ဈေးနှုန်းများလျှော့ချပေးခြင်း၊ ရွေးချယ်မှုနှင့် ဝန်ဆောင်မှုအရည်အသွေး တိုးတက်လာစေခြင်းအားဖြင့် စားသုံးသူများ၏ အကျိုးခံစားခွင့်များအား မြှင့်တင်ခြင်း၊
- ဒေသဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်များတွင် ယှဉ်ပြိုင်မှုများတိုးတက်မြင့်မားလာစေရန် ပို့ကုန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်ကဏ္ဍများ၏ ကုန်ကျစရိတ်များ လျှော့ချခြင်း၊
- စီးပွားရေးအဆောက်အအုံ၏ ရောင်းလိုအားဘက်တွင် တိုးတက်မှုအတွက် အကန့်အသတ်တိုးပွားနေသောကြောင့် ပြုပြင်ပြောင်းလဲလွယ်မှုနှင့် တီထွင်ဆန်းသစ်မှု ကင်းမဲ့ခြင်းကို ဖြေရှင်းဆောင်ရွက်ခြင်း၊
- အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းဖြင့် အလုပ်အကိုင်ရရှိမှုနှုန်း တိုးပွားလာစေရန် ပံ့ပိုးကူညီခြင်း၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် လူမှုရေးလုံခြုံမှု အထူးသဖြင့် အသက်အရွယ်ကြီးရင့်သူ များအတွက် အရေးကြီးသော ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကို လျှော့ကျစေခြင်း၊

ရွေ့ပြေးဈေးကွက် ဆက်သွယ်ရေးဆိုင်ရာမူဝါဒသည် မည်ကဲ့သို့ကောင်းကျိုးပြုသည်ကို ဖိလစ်ပိုင်နှင့် စင်ကာပူတို့အား သာဓကပြုနိုင်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် တစ်ဦးချုပ်ဈေးကွက်စနစ် ကျင့်သုံးခဲ့သော နှစ်(၃၀) ကြာကာလထက် ယှဉ်ပြိုင်ဆက်သွယ်ရေးဈေးကွက်၏ ပထမ(၆)နှစ်တာကာလတွင် တပ်ဆင်သော တယ်လီဖုန်းလိုင်းအရေအတွက်က ပို၍များပြားပါသည်။ ယနေ့ကာလတွင် ဖိလစ်ပိုင်နိုင်ငံသည် အာရှတွင် ယှဉ်ပြိုင်မှုအရှိဆုံး Mobile ဖုန်းဈေးကွက်များ ပိုင်ဆိုင်သော နိုင်ငံတစ်ခု ဖြစ်နေပြီဖြစ်ပါသည်။

စင်ကာပူနိုင်ငံတွင် ဆက်သွယ်ရေးကဏ္ဍအား အရှိန်အဟုန်ကြီးကြီးမားမားဖြင့် လွတ်လပ်စွာဆောင်ရွက် ခွင့်ပြုခြင်းသည် ကြီးမားသောရင်းနှီးမြှုပ်နှံမှုများ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနှင့် အခြားကဏ္ဍများအတွက် ကောင်းကျိုးပြုရလဒ်များကို ဖြစ်ပေါ်စေပါသည်။ စင်ကာပူနိုင်ငံ သတင်းနှင့် ဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအာဏာပိုင် (IDA)က “ဈေးကွက်ကို အပြည့်အဝလွတ်လပ်စွာ ဆောင်ရွက်ခွင့်ပြုမှုနှင့်အတူ ဖြစ်ပေါ်လာသောလုပ်ငန်းသစ်များ (3G mobile နှင့် fixed wireless ရင်းနှီးမြှုပ်နှံမှုများကို ဖယ်ထားပါသည်)ကြောင့် (၃)နှစ်တာကာလအတွင်း တိုးတက်မြင့်မားလာသော စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏမှာ စင်ကာပူဒေါ်လာငွေ (၃)billion (အမေရိကန်ဒေါ်လာငွေ ၁.၈ billion )ရှိလာခဲ့ပြီး အလုပ်အကိုင်သစ် ၂၅၀၀ကို ဖန်တီးပေးနိုင်ခဲ့ပါ သည်” ဟု ခန့်မှန်းဖော်ပြခဲ့ပါသည်။

သို့ရာတွင် ဈေးကွက်ဦးဆောင်ချဉ်းကပ်နည်းအား ဝေဖန်မှုများမှ တရားမျှတမှု၊ အလုပ်အကိုင်ရရှိမှု၊ ယှဉ်ပြိုင်မှု၊ ပြုပြင်ပြောင်းလဲမှုများ ချိန်သားကိုက်မှုနှင့် အစီအစဉ်တကျဖြစ်မှု (သို့မဟုတ်) ပုဂ္ဂလိကပိုင်ပြုမှုကို မည်သို့ဦးဆောင်ရမည် စသည့်ပြဿနာများနှင့်စပ်လျဉ်း၍ အလေးထားမှုနည်းပါးလွန်းသည်ဟု ဖော်ပြထားပါသည်။ Washington သဘောထားညီမျှချက်ပေါ်ထွန်းပြီးနောက်ပိုင်း ၎င်းပြဿနာများကိုဖြေရှင်းရန် သဘောထား ညီမျှချက်အသစ်တစ်ခုပေါ်ပေါက်ခဲ့ပါသည်။ Kanishka Jayasuriya၏ အဆိုအရယင်း သဘောထားညီမျှချက်သည် -

> လွတ်လပ်သောဈေးကွက်များအတွက် ကြိုတင်လိုအပ်ချက်အဖြစ် ပိုမိုထိန်းကျောင်းမှုရှိသော လမ်းညွှန်ချက်အရ ပြန်လည်ဖွဲ့စည်းမှုပြုရပါသည်။ ဤနေရာတွင် တိကျပြတ်သားသော သတ်မှတ်ချက်တစ်ခုရှိပါသည်။ ယင်းမှာ ခိုင်မာသောယှဉ်ပြိုင်မှု မူဝါဒတစ်ရပ်နှင့် ထိန်းကျောင်းမှုလျှော့ချခြင်းကဲ့သို့သော အခြေခံသတ်မှတ်ချက်များမရှိပါက နိုင်ငံတော်အစိုးရထံမှ အင်အားကြီးသော ပုဂ္ဂလိကကဏ္ဍ လူနည်းစုအသိုင်းအဝိုင်းထံသို့ အာဏာလွှဲပြောင်းမှု ဖြစ်ပေါ်လာနိုင်ပါသည်။

သို့ဖြစ်၍ ယခုအခါတွင် အမှီအခိုကင်းသော ထိန်းကျောင်းမှုတစ်ရပ်ကို ဖန်တီးမှုသည် ဆက်သွယ်ရေး ဈေးကွက်လွတ်လပ်ခွင့်ပြုမှုကို အောင်အောင်မြင်မြင်ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း ယေဘုယျအားဖြင့် အသိအမှတ်ပြု လာကြပါသည်။ အမှီအခိုကင်းသောထိန်းကျောင်းမှုသည် ဩဇာလွှမ်းမိုးသော လုပ်ငန်းရှင်၏ ဖန်တီးလုပ်ဆောင်မှုကြောင့် ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့်လုပ်ငန်းစဉ်များ မဖြစ်ပေါ်အောင်ထိန်းကျောင်းရန်နှင့် အသစ်ဝင်လာမည့်သူများ ဈေးကွက်တွင်းသို့ ဝင်ရောက်လာမှုကို အဟန့်အတားမဖြစ်စေရန် အကြိုယှဉ်ပြိုင်မှုရှိသော အစီအမံများကို တည်ထောင်ပေးရန်အတွက် လိုအပ်ချက်ဖြစ်ကြောင်း စဉ်းစားလာကြပါသည်။ အာဂျင်တီးနား ဆက်သွယ်ရေးကဏ္ဍ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းမှ လေ့လာသင်ယူခဲ့ရသော သင်ခန်းစာများအရ ခိုင်မာအားကောင်းသော အမှီအခိုကင်းသည့် ထိန်းကျောင်းမှုသည် အရေးကြီးကြောင်း သိရှိခဲ့ရပါသည်။

> တည်ငြိမ်၍ ယုံကြည်စိတ်ချရပြီး ထိန်းကျောင်းမှုရှိသည့် ပတ်ဝန်းကျင်တစ်ရပ်သည် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ၏ စွန်းစားမှုအန္တရာယ်ကို လျှော့ကျစေပါသည်။ ၎င်းအပြင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ ပါဝင်ဆောင်ရွက်ရန်လိုအပ်သည့် မျှော်မှန်းပြန်ရချက်နှုန်းကို လျှော့ကျစေပါသည်။ ပုဂ္ဂလိကပိုင်မပြုလုပ်မီ တည်ငြိမ်၍ ယုံကြည်စိတ်ချရပြီး ထိန်းကျောင်းမှုရှိသည့် အခြေအနေသည် ဝယ်ယူနိုင်စွမ်းအားမြင့်သော ဝယ်ယူသူများအတွက် ဝယ်ယူမှုနှင့်အတူ ယှဉ်တွဲရှိနေသည့် စွန့်စားမှုအန္တရာယ်ကို လျှော့နည်းစေခြင်းကြောင့် ပုဂ္ဂလိကပိုင်ပြုလုပ်သည့် ဆက်သွယ်ရေးလုပ်ငန်း၏တန်ဖိုးကို တိုးတက်စေပါသည်။

> ၎င်းအခြေအနေသည် အစိုးရ၏ ရောင်းချသည့် ဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိပါသည်။ ၎င်းအခြေအနေကို တည်ဆောက်နိုင်ခြင်းမရှိခဲ့၍ အာဂျင်တီးနားအစိုးရသည် နိမ့်ကျသောရောင်းဈေးနှုန်းကို လက်ခံရရှိခဲ့ပြီး ဝယ်ယူသူများအနေဖြင့် အလိုအလျောက်အမြတ်များရရှိပြီး အမြတ်ရရှိမှု တိုးပွားစေပါသည်။

ICT ဖွံ့ဖြိုးတိုးတက်မှုတွင် ဈေးကွက်သည် အပြည့်အဝလုပ်ဆောင်လာအောင် ဆောင်ရွက်ပေးရသည့် အစိုးရ၏အခန်းကဏ္ဍသည် မလွယ်ကူပါ။ စီးပွားရေးနိုဘယ်ဆုရရှိသော စီးပွားရေးပညာရှင် Joseph Stiglitz က အောက်ပါအတိုင်းဖော်ပြခဲ့ပါသည် -

> ဈေးကွက်များသည် မရှိမဖြစ်လိုအပ်ကြပါသည်။ ဈေးကွက်များသည် သယံဇာတအင်အားစုများ ခွဲဝေအသုံးပြုခြင်း၊ ထိထိရောက်ရောက်အသုံးချခြင်းအတွက် ပံ့ပိုးကူညီပါသည်။ အထူးသဖြင့်သယံဇာတအင်အားစုများရှားပါးသည့်အခါ ဈေးကွက်များသည် အရေးပါပေသည်။ သို့ရာတွင် ၎င်းနှင့်တန်းတူအရေးကြီးသည်မှာ နိုင်ငံတစ်နိုင်ငံချင်းစီအတွက် ခိုင်မာအားကောင်းသော အစိုးရရှိရန်နှင့် ဖွံ့ဖြိုးမှုအဆင့်အသီးသီးကို ရောက်ရှိရန်အတွက် အစိုးရနှင့် ဈေးကွက်တို့ မှန်ကန်စွာ ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သဘောပေါက်နားလည်ရန်ပင်ဖြစ်သည်။

Stiglitz က အစိုးရနှင့် ဈေးကွက်ကို ချိန်ဆညှိနှိုင်းရန် လိုအပ်ကြောင်း အထင်အရှားဖော်ပြခဲ့ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုတွင် အရပ်သားလူ့အဖွဲ့အစည်းများ ပို၍လူသိများထင်ရှားလာသည်မှာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရန်လည်း အရေးကြီးပါသည်။ အရပ်သား လူ့အဖွဲ့အစည်းများသည် စစ်မှန်သောအင်အားများ ပိုင်ဆိုင်ကြပါသည်။ ယင်းအင်အားများက ဖွံ့ဖြိုးတိုးတက်မှုတွင် ၎င်းတို့၏ အခန်းကဏ္ဍကို အထင်အရှားဖော်ပြနေပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)က အောက်ပါအတိုင်းဖော်ပြခဲ့ပါသည် -

> အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ သီးခြားရှိနေသော အင်အားများမှာ ထိခိုက်နစ်နာမှုရှိသော လူ့အဖွဲ့အစည်းများအတွက် ပေါင်းကူးများအဖြစ် ဆောင်ရွက် ပေးခြင်းနှင့် နယ်မြေဒေသအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ ဖြစ်ကြပါသည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဖွံ့ဖြိုးမှုအတွက် တီထွင်ဆန်းသစ်မှုရှိသော ချဉ်းကပ်နည်းများကို အသုံးပြုကြပါသည်။ ကောင်းကျိုးမျှော်မှန်းသည့် စီမံကိန်းများ အကောင်အထည်ဖော်ရေးကို ကူညီပြီးစီမံကိန်းလုပ်ငန်း အဆက်မပြတ်ဆောင်ရွက်ရေးကို ပံ့ပိုးပေးခြင်း၊ ပို၍ထင်သာမြင်သာရှိမှုနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးတို့အတွက် အကြံပေးခြင်း၊ အားနည်းသော (သို့မဟုတ်) ဆင်းရဲနွမ်းပါးသောအုပ်စုများအတွက် ဖွင့်ဟဖော်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါသည်။

၁၉၈၇ ခုနှစ်မှစ၍ အာရှဖွံ့ဖြိုးရေးဘဏ်သည် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အတူယှဉ်တွဲပြီး ရွေးချယ်ထားသောနယ်ပယ်များ၌ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည့် အားထုတ်ကြိုးပမ်းမှုများကို ထိရောက်သော နည်းလမ်းများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ စွမ်းအားများနှင့် လုပ်ငန်းကျွမ်းကျင်မှုများကို အရင်းတည်ပြီး မိမိဆောင်ရွက်နေသော လုပ်ငန်းများ၏ ထိရောက်မှုကို မြှင့်တင်နိုင်ခဲ့ကြောင်းအသိအမှတ်ပြုဖော်ပြခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လုပ်ငန်းနယ်ပယ်ကြီး(၃)ခုကို ဖော်ထုတ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းတို့မှာ နှစ်ရှည်ချေးငွေများနှင့် နည်းပညာဆိုင်ရာအကူအညီပေးသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ စီမံကိန်းရေးဆွဲခြင်းနှင့် နိုင်ငံအဆင့် လုပ်ငန်းများနှင့် မူဝါဒဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတို့ ဖြစ်ပါသည်။

ဗွန်နီအက်စမိုရှ်(Yvonne Asamoah)၏ အဆိုအရ အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် “အစိုးရရန်ပုံငွေကန့်သတ်ချက်ရှိသော၊ နိုင်ငံရေးအခြေအနေများ အပြောင်းအလဲများသော၊ ကြိုတင်ခန့်မှန်းနိုင်သော/ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ ဖြစ်ပွားခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေသော၊ လူမျိုးရေးပဋိပက္ခများထူပြောသော၊ တစ်ဦးကျဝင်ငွေနည်းပါးလွန်း၍ လိုအပ်သောကုန်စည်နှင့် ဆောင်ရွက်မှုများကို (လူမှုရေး၊ ပညာရေး၊ စီးပွားရေး စသည့်ကဏ္ဍများအတွက်)ဝယ်ယူနိုင်စွမ်း အလွန်အမင်းအကန့်အသတ်ဖြစ်နေသော နေရာဒေသများတွင် အထူးအရေးပါပေသည်။”

Washington သဘောထားညီမျှချက်ပေါ်ထွန်းပြီးနောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အောက်ပါအတိုင်း အသိအမှတ်ပြုခဲ့ပါသည်-

> မူဝါဒသစ်ပြောင်းလဲမှုတွင် အရပ်သားလူ့အဖွဲ့အစည်း၊ အဖွဲ့အစည်းများ ထူထောင်ခြင်း၊ လုံခြုံမှုကွန်ရက်၊ အုပ်ချုပ်မှုပုံစံ စသည်တို့ပါဝင်ပြီး ယင်းတို့ကို Washington convention မှဖော်ထုတ်ထားသော လွတ်လပ်ပွင့်လင်းသောဈေးကွက်များ၊ ထိန်းကျောင်းမှုလျှော့ချခြင်း၊ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုခြင်း၊ အဆောက်အအုံဆိုင်ရာညှိနှိုင်းမှု စသည့် ဝေါဟာရအသုံးအနှုန်းများတွင် ထပ်မံပေါင်းထည့်ရမည်။

၎င်းတို့အားလုံးကို ထည့်သွင်းစဥ်းစားပါက ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအားဖြည့်ဆည်းပေးရန် ကြိုးပမ်းနေသော မူဝါဒရေးဆွဲချမှတ်သူများအတွက် ဖွံ့ဖြိုးမှုဆိုင်ရာစိန်ခေါ်မှုမှာ မိမိနိုင်ငံ၏ ဖွံ့ဖြိုးမှုမဟာဗျူဟာတွင် အစိုးရ၊ ဈေးကွက်နှင့် အရပ်သားလူ့အဖွဲ့အစည်းတို့အကြား မှန်ကန်သောချိန်ညှိမှုကို ရှာဖွေရန်သာဖြစ်ပါသည်။ (ဘောင်-၁ တွင်ကြည့်ပါ။)

**ဘောင်(၁) - နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်သားအဖွဲ့အစည်း - စည်းလုံးညီညွတ်ကြသလား ? (သို့မဟုတ်) ပြိုကွဲနေကြသလား ?**

အလှူရှင်များအတွက် အရပ်သားအဖွဲ့အစည်းသည် ဒီမိုကရေစီကျင့်သုံးမှု၏ အင်အားတစ်ရပ်နှင့်ပါဝင်သည့်အရာဖြစ်ရုံသာမက ဈေးကွက်စီးပွားရေး၏ သဘာဝအစိတ်အပိုင်းတစ်ခုလည်းဖြစ်ပါသည်။ အလှူရှင်များသည် အစိုးရအားစစ်ဆေးရာတွင်ဖြစ်စေ၊ လူ့အဖွဲ့အစည်း၏ အကျင့်စာရိတ္တဆိုင်ရာလုပ်ငန်းများနှင့် အခြားသောဒီမိုကရေစီဆိုင်ရာ တန်ဖိုးထားမှုများကို ဆောင်ရွက်ရာတွင်ဖြစ်စေ အရပ်သားလူ့အဖွဲ့အစည်း၏အင်အားကို မကြာခဏရည်ညွှန်းရလေ့ရှိပါသည်။ အစိုးရ၏အခွင့်အာဏာကိုလျှော့ချပြီး ဈေးကွက်၏အခန်းကဏ္ဍကို တိုးမြှင့်ခြင်းအားဖြင့် အရပ်သားလူ့အဖွဲ့အစည်းသည်လည်း ကြီးပွားတိုးတက်လာပြီး အခြားသောစီးပွားရေးဆိုင်ရာ လွတ်လပ်စွာဆောင်ရွက်လုပ်ကိုင်မှုများကို တွန်းအားပေးမှုများလည်း ဖြစ်ပေါ်လာပါမည်။ ထို့ပြင် အရပ်သားလူ့အဖွဲ့အစည်း၊ အစိုးရနှင့် ဈေးကွက်တို့ကို ပြိုကွဲခြင်းထက် စည်းလုံးညီညွတ်ခြင်း၊ အငြင်းပွားခြင်းထက် ပူးပေါင်းဆောင်ရွက်ခြင်းအသွင်ကိုဆောင်သည့် စနစ်တကျဖွဲ့စည်းသော သဟဇာတ အပေါင်းအစည်းတစ်ခုအဖြစ် သတ်မှတ်ယူဆပါသည်။ ဤနေရာတွင် မျှော်လင့်ချက်တစ်ခုမှာ အရပ်သားလူ့အဖွဲ့အစည်းသည် အစိုးရနှင့် ဈေးကွက်၏အင်အားကို ချိန်ညှိရန်နှင့် ညှိနှိုင်းပုံဖော်ရန်၊ ဈေးကွက်နှင့်စပ်လျဥ်း၍ အကျင့်စာရိတ္တဆိုင်ရာ စစ်ဆေးမှုကို လုပ်ဆောင်ရန်နှင့် အစိုးရ၏ဒီမိုကရေစီအခြေခံသော ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် လုပ်ဆောင်ရပေလိမ့်မည်။ >>>

>>> အစိုးရ၊ စျေးကွက်နှင့် အရပ်သားလူ့အဖွဲ့အစည်း၏ သုံးပွင့်ဆိုင်စည်းလုံးညီညွတ်မှုသည် ၎င်းတို့ အစိတ်အပိုင်းသုံးခုကြား တိကျရှင်းလင်းသော၊ နယ်နမိတ်သတ်မှတ်ချက် ကွဲပြားခြားနားသော လုပ်ငန်းတာဝန်များနှင့် လုပ်ဆောင်မည့်သူများ၊ စနစ်တကျဖွဲ့စည်းထားသော ဟန်ချက်ညီမှုနှင့် ညီညွတ်မျှတမှုတို့ကို ဖော်ဆောင်နေပါသည်။ အရပ်သားလူ့အဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်းများသည် အစိုးရနှင့်ပုဂ္ဂလိက ထောက်ပံ့သူများ နှစ်မျိုးစလုံးထံမှ အတိုင်းအတာအမျိုးမျိုးအားဖြင့် ထောက်ပံ့မှုများကို လက်ခံရရှိကောင်း ရရှိကြပါမည်။ နိုင်ငံအချို့တို့တွင် အစိုးရအရာရှိများသည် ပို၍တီထွင်ဖန်တီးမှုရှိရှိဖြင့် အလုပ်လုပ်ရန်၊ အရင်းအမြစ်အမျိုးမျိုး ရရှိရန်နှင့် အခွင့်အလမ်းသစ်များ ရရှိရန်အတွက် မိမိတို့ကိုယ်ပိုင်အစိုးရမဟုတ်သော အဖွဲ့အစည်းများကို နည်းလမ်းတစ်ရပ်အဖြစ် ဖွဲ့စည်းတည်ထောင် ဆောင်ရွက်ကြပါသည်။ အလားတူပင် အချို့သော ဖွံ့ဖြိုးရေးဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် အခွန်ကင်းလွတ်ခွင့်နှင့် ပုဂ္ဂလိက အကျိုးအမြတ်များ ရရှိစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် လက်အောက်ခံကုမ္ပဏီများ တည်ထောင်ထားကြပါသည်။ ထို့ပြင် (၃)ဖွဲ့၏ ကိုယ်စားပြုမှုသည် အညီအမျှရှိနေပါသည်။ အနည်းဆုံးအားဖြင့် ပြဿနာကင်းရပါမည်။ ယင်းအဖွဲ့သုံးခုကြားတွင် အာဏာခွဲဝေမှု အမှန်စင်စစ်အားဖြင့် သီးခြားအခွင့်အာဏာ(၃)မျိုးကို ကိုယ်စားပြုပါသည်။ အရပ်သား လူ့အဖွဲ့အစည်းအတွင်းရှိ အဖွဲ့အစည်းများသည် တူညီသော အခွင့်အာဏာ မရရှိကြပါ။ ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များသည် ကုန်သွယ်ရေးသမဂ္ဂ (သို့မဟုတ်) အသိုက်အဝန်းထက် သာလွန်ကောင်းမွန်သော အရင်းအမြစ်များကိုပိုင်ဆိုင်ပြီး နိုင်ငံရေးအခွင့်အာဏာ ပို၍ ကိုင်စွဲထားဟန်ရှိပါသည်။ စျေးကွက်အာဏာသည် အရပ်သားလူ့အဖွဲ့အစည်း၏ ဖွဲ့စည်းမှုအတွင်း စိမ့်ဝင်ပျံ့နှံ့ပုံဖော်လျက်ရှိပါသည်။ Wood (၁၉၉၀)က အရပ်သားလူ့အဖွဲ့အစည်း၏ သဘောတရားနယ်ပယ်အတွင်းတွင် ကွဲပြားခြားနားသော အဖွဲ့အစည်းများ၏ ယှဉ်တွဲမှုသည် အရင်းရှင်စနစ်၏ အယူအဆသဘောတရားကို မျက်နှာဖုံးစွပ်ထားခြင်းသာဖြစ်ပြီး အခြေခံအားဖြင့် ကွဲပြားခြားနားသော အဖွဲ့အစည်းများအား အတူတကွစုစည်းထားသည့် သဘောလက္ခဏာသာ ဖြစ်သည်ဟု ခိုင်လုံစွာတင်ပြခဲ့ပါသည်။

သို့သော်လည်း အစိုးရသည် အိမ်ရာမဲ့များ၊ သက်ကြီးများ၊ နာမကျန်းဖြစ်နေသူများအတွက် အထောက်အပံ့ပေးနေသော အလှူရှင်များနှင့် လူမှုကောင်းကျိုးဆောင် အဖွဲ့အစည်းများအား ကြိုဆိုနေပါသည်။ ၎င်းတို့၏ အကူအညီအထောက်အပံ့သည် အစိုးရ၏အသုံးစရိတ်ကို လျှော့ကျစေပါသည်။ အစိုးရ၏ မူဝါဒ(သို့မဟုတ်)အဖွဲ့အစည်းများအား တစ်နည်းအားဖြင့် အစိုးရ၏တရားဝင်ဖြစ်မှုကိုစိန်ခေါ်ပြီး ဆန့်ကျင်ဘက် အကြောင်းတရားများကိုသာ တိုးအောင်လုပ်နေသည့် အကြံပေးအဖွဲ့များအတွက် ၎င်းအထောက်အပံ့သည် မလိုလားသောအရာဖြစ်ပါသည်။ အလားတူပင် စီးပွားရေးလုပ်ငန်းများသည် လူ့အသိုက်အဝန်းဖွံ့ဖြိုးမှုအတွက် ပံ့ပိုးကောင်း ပံ့ပိုးစေသော်လည်း ၎င်းတို့သည် အလုပ်သမားအဖွဲ့အစည်းများ (သို့မဟုတ်) လုပ်ခနိမ့်အလုပ်သမားနှင့် သဘာဝပတ်ဝန်းကျင် စံသတ်မှတ်ချက်များအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အုပ်စုများထံမှ စိန်ခေါ်မှုများကို သဘောပေါက်လက်ခံလွယ်မှု နည်းပါးကြပါသည်။ သို့ဖြစ်၍ အစိုးရ၊ စျေးကွက်နှင့် အရပ်သားလူ့အဖွဲ့အစည်း၏ အပြန်အလှန်ဆက်စပ်မှုများသည် ဆန့်ကျင်ဘက်အသွင်ဆောင်သော ရည်ရွယ်ချက်များနှင့် တန်ဖိုးထားမှုများကြောင့် တစ်ခုပေါ်တစ်ခုလွှမ်းမိုးလျက်ရှိပါသည်။ ၎င်းတို့ကို ပြေလည်အောင် ဖြေရှင်းပေးရာတွင် အရပ်သားလူ့အဖွဲ့အစည်း၏ လိုအပ်ချက်နှင့် တည်ငြိမ်ရေးအတွက် အာမခံချက်တို့ကို အလေးပေးခြင်းတို့မပြုဘဲ ဖြေရှင်း၍မရနိုင်ပါ။ ပူးပေါင်းခြင်းနှင့် မဟာမိတ်ဖွဲ့ခြင်းတို့သည် အာဏာနှင့်နေပြန်လည်ခွဲဝေခြင်းအတွက် အစဉ်အမြဲ အထောက်အထားပြုရသော (သို့မဟုတ်) အထောက်အကူပြုသော အရာများဖြစ်မည်မဟုတ်ပါ။

**စဥ်းစားရန်မေးခွန်းများ**

၁။ မိမိနိုင်ငံ၏ အုပ်ချုပ်မှုပုံစံတွင် လူမှုအဖွဲ့အစည်း၏ အခန်းကဏ္ဍသည် မည်သည်တို့ဖြစ်သနည်း။

၂။ မိမိနိုင်ငံတွင် အစိုးရနှင့် မြို့ပြလူမှုအဖွဲ့အစည်းအကြား ဆက်နွယ်မှုကို ဖော်ပြပါ။

**ဆောင်ရွက်ရန်**

မိမိ၏ပေါင်းစပ်မှုပုံစံမှာ အဘယ်နည်း။

မိမိနိုင်ငံ၏ ICTD မဟာဗျူဟာတွင် အစိုးရ၊ ဈေးကွက်နှင့် အစိုးရမဟုတ်သော ကဏ္ဍများ၏ လက်ရှိ/စိတ်ကူး/အနာဂတ်ပေါင်းစပ်မှုပုံစံကို တိုင်းတာဖော်ပြပါ။ လက်ရှိနှင့်စိတ်ကူး စဥ်းစားထားသောပေါင်းစပ်မှုပုံစံတွင် ကဏ္ဍအသီးသီး၏ ပါဝင်မှုခွဲတမ်းကို ရာခိုင်နှုန်းဖြင့် တိုင်းတာဖော်ပြပါ။

နိုင်ငံတစ်နိုင်ငံတည်းမှ တက်ရောက်သော သင်တန်းသားများသည် ဤလေ့ကျင့်ခန်းကို အဖွဲ့တစ်ခုအနေဖြင့် လုပ်ဆောင်နိုင်ပါသည်။

အောင်မြင်သော ICTမူဝါဒနှင့် မဟာဗျူဟာပုံစံတွင် အဆင့်များစွာ ပါဝင်ပါသည်။ (ဘောင်-၂ တွင်ကြည့်ပါ။)

**ဘောင် (၂) — ICTD မူဝါဒနှင့် မဟာဗျူဟာရေးဆွဲချမှတ်ခြင်းအဆင့်များ**

၁။ ICT ဖွံ့ဖြိုးတိုးတက်မှုအတွက် အနာဂတ်မျှော်မှန်းချက်ကို ရေးသားပါ။ ကာလတို/ကာလရှည် အစီအစဥ်တစ်ရပ်ကို ဖော်ပြပါ။ ဤရေးသားဖော်ပြချက်တွင် အချိန်သတ်မှတ်ချက်တစ်ခုအတွင်း တိုင်းတာဖော်ပြနိုင်သောရလဒ်များ (သို့မဟုတ်) စံသတ်မှတ်ချက်အတိုင်းအတာများ ပါဝင်ရပါမည်။ ရည်ရွယ်ချက်အတွက် မျှော်မှန်းထားသော လက်တွေ့လုပ်ငန်းစဥ်များကို ဆောင်ရွက်နိုင်ရန် အရေးကြီးပါသည်။

၂။ ဆွေးနွေးတိုင်ပင်ခြင်း၊ သုတေသနပြုခြင်း၊ ခိုင်လုံသောအချက်အလက်များရှာဖွေခြင်း၊ သိမြင်နားလည်ခြင်းနှင့် လက်တွေ့လေ့လာစူးစမ်းခြင်းတို့ပေါ် အခြေခံ၍ လက်ရှိအခြေအနေကို အကဲဖြတ်ဆန်းစစ်ပါ။ (ဤလုပ်ဆောင်ချက်သည် မိမိအား မိမိရောက်ရှိနေသည့်နေရာကို ရှင်းလင်းစွာသိမြင်စေပြီး၊ မိမိမြင်ပြီးမြောက်လိုသည့် ရည်မှန်းချက်အတွက် လိုအပ်မည်ဖြစ်သည့် အားထုတ်ကြိုးပမ်းမှုများနှင့် စပ်လျဥ်း၍ မိမိအားလမ်းညွှန်မည်ဖြစ်ပါသည်။

၂.၁။ လက်ရှိမူဝါဒများနှင့် စီမံကိန်းများ၊ ဥပဒေပြဋ္ဌာန်းချက်များသာမက အဆိုပြုမူဝါဒနှင့် မူဝါဒလမ်းညွှန်ချက်များကိုပါ ပြန်လည်သုံးသပ်ပါ။ ၎င်းတွင်အခြားသော ICT နှင့် ဆက်စပ်သည့် ပြဿနာများကိုလည်း ထည့်သွင်းစဥ်းစားရပါမည်။ ဤသို့စဥ်းစားရာတွင် သတင်းချက်အလက်ရရှိမှု၊ ဆက်သွယ်ရေးမူဝါဒများနှင့် စည်းမျဥ်းစည်းကမ်းများ၊ အသံလွှင့်ကြိမ်နှုန်းနှင့် ရေဒီယိုဆိုင်ရာစည်းမျဥ်းစည်းကမ်းများ၊ electronic ကုန်သွယ်ရေးနှင့် electronic အစိုးရမူဝါဒ များတို့ပါဝင်ရပါသည်။ >>>

>>>

၂.၂။ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များအပါအဝင် မူဝါဒရေးဆွဲချမှတ်ခြင်းကို အကျိုးသက်ရောက်မှုရှိစေနိုင်သည့် ဒေသအလိုက် အကြောင်းအရာများကိုလည်း ထည့်သွင်းစဉ်းစားပါ။

၃။ အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများ၊ ကျေးလက်နေဆင်းရဲနွမ်းပါးသူများ၊ လူငယ်များနှင့် ရုပ်ပိုင်း/စိတ်ပိုင်းချို့ယွင်းအားနည်းသူများ ပါဝင်သည့် အားနည်းသောကဏ္ဍများကို ကိုယ်စားပြုသော၊ အထောက်အကူပြုသော အကြံပေးဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ပါ။ ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ငန်းအချိန်ဇယားနှင့် အကြံပေးဆွေးနွေးတိုင်ပင်မည့် နည်းလမ်းတို့ပါဝင်သည့် ပါဝင်ပတ်သက်သူများ၏ အစီအစဉ်ကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ ယင်းတွင် ဦးတည်ရာအုပ်စုနှင့် ဆွေးနွေးခြင်းများ၊ စကားဝိုင်းဖွဲ့စည်းဝေးပြောဆိုဆွေးနွေးခြင်းများ၊ onlineမှ အကြံပေးဆွေးနွေးခြင်းနှင့် အသိအမြင်ဖလှယ်ခြင်းတို့ ပါဝင်ပါသည်။ ဆွေးနွေးတိုင်ပင်ခြင်းသည် ဆောင်ရွက်ဆဲ/ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါသည်။

၄။ လက်တွေ့လုပ်ဆောင်မည့်စီမံကိန်း မူကြမ်းကိုရေးသားပါ။ ယင်းစီမံကိန်းတွင် အဆိုပြုတင်ပြထားသော စီမံချက်များ၊ ကြိုတင်ခန့်မှန်းထားသော ရလဒ်များနှင့် အောင်မြင်မှုညွှန်ကိန်းများ၊ ရည်ရွယ်သောရလဒ်များနှင့် ညှိနှိုင်းချက်များ၊ စွန့်စားမှု အကဲဖြတ်ချက်နှင့် သက်သာစေမည့်နည်းလမ်းများ၊ ကုန်ကျစရိတ်နှင့် အခြားအရင်းအမြစ် အသေးစိတ်လိုအပ်ချက်များတို့ ပါဝင်ပါသည်။ ယင်းစီမံကိန်းသည် အကောင်အထည်ဖော်မည့် အစီအစဉ်ပါရှိသင့်ပါသည်။ ရှင်းလင်းတင်ပြချက်/ ဦးစားပေးအစီအစဉ်အတွက် အကြောင်းပြချက်ကိုပေးရန်သည်လည်း အရေးကြီးပါသည်။

၅။ အကောင်အထည်ဖော်မှုအတွက် အစည်းအဝေးဆိုင်ရာအစီအစဉ်များကို သတ်မှတ်ပါ။ အဖွဲ့အစည်းသည် မဟာဗျူဟာနှင့်လက်တွေ့စီမံကိန်းဖော်ဆောင်မှုကို တာဝန်ယူဆောင်ရွက်ရပါမည်။ ဖြစ်စဉ်ဖြစ်ရပ်အများစုတွင် ဤကိုယ်စားလှယ်အဖွဲ့ (သို့မဟုတ်) အဖွဲ့အစည်းကို ဆုံးဖြတ်ပေးနိုင်သည့် အစိုးရအဆင့်မြင့်အဖွဲ့အစည်းတစ်ခုနှင့် တွဲဖက်၍တာဝန်ပေးထားပါသည်။ ၎င်းအစိုးရအဆင့်မြင့်အဖွဲ့အစည်းသည် အစိုးရ၏လွှဲအပ်အခွင့်အာဏာရှိပြီး ထောက်ပံ့မှုအပြည့်အဝရရှိပါသည်။

၆။ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းနည်းလမ်းများကို သတ်မှတ်ပါ။ အောင်မြင်မှုညွှန်ကိန်းများ တည်ဆောက်ရန်၊ မျှဝေရန်၊ ဝေဖန်သုံးသပ်ရန်နှင့် လွတ်လပ်ပြီးအကြံပြုသောပုံစံဖြင့် သဘောတူညီမှုရယူရန် အရေးကြီးပါသည်။

**စဉ်းစားရန်မေးခွန်းများ**

ဖွံ့ဖြိုးတိုးတက်မှုအတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းလမ်းများဆိုင်ရာ မူဝါဒများရေးဆွဲချမှတ်ရာတွင် မည်သည့်အဆင့်သည် မူဝါဒချမှတ်သူများကို အများဆုံးစိန်ခေါ်နေသည်ဟု သင်စဉ်းစားထင်မြင်ပါသနည်း။ အဘယ်ကြောင့်နည်း။

## ၁.၂။ နည်းပညာ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု

နည်းပညာအပြောင်းအလဲများသည် ဥပဒေများနှင့် စည်းမျဉ်း၊ စည်းကမ်းများကို အကျိုးသက်ရောက်ပါသည်။ စီးပွားရေးအဆောက်အအုံ၊ အစိုးရပုံစံနှင့် လုပ်ငန်းစဉ်နှင့်လူ့အဖွဲ့အစည်းတို့၌ ICT အသုံးပြုမှု အစဉ်သဖြင့် တိုးတက်လာခြင်းနှင့်အတူ နိုင်ငံတော်ဥပဒေများကို ပြန်လည်သုံးသပ်ရန် လိုအပ်ချက်ရှိလာပါသည်။ လိုအပ်ပါက နည်းပညာဆိုင်ရာအပြောင်းအလဲနှင့် ICT ထွန်းကားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အဟန့်အတား တစ်ခုသဖွယ် ဖြစ်နေသော ဥပဒေများကို ပယ်ဖျက်ရပါမည်။

ဥပဒေနှင့်နည်းပညာအကြား အနီးကပ်ဆက်စပ်မှုရှိကြောင်းကို စာချုပ်စာတမ်းဥပဒေတွင် ထင်ရှားပေါ်လွင်နေပါသည်။ နိုင်ငံအများစုတွင် ထိုးမြဲလက်မှတ်သည် စာချုပ်တစ်ခုပြည့်စုံမှုအတွက် ဥပဒေကြောင်းအရ လိုအပ်ချက်တစ်ရပ်ပင်ဖြစ်ပါသည်။ လက်ရှိကာလ၌ ဥပဒေအားလုံးနီးပါးသည် စာရွက်နှင့်မှင် အသုံးပြုရေးထိုးသော ထိုးမြဲလက်မှတ်ကို လိုအပ်ကြပါသည်။ လက်တွေ့တွင် ထိုးမြဲလက်မှတ်ဆိုသော အရာသည် သာမန်အားဖြင့် ပြဿနာမဟုတ်ပါ။ ဆိုလိုသည်မှာ အခြားသောနည်းပညာပေါ်အခြေခံ၍ လက်မှတ်ရေးထိုးမှုပုံစံသစ် ပေါ်ထွက်လာသည့်တိုင်အောင် ပြဿနာမဟုတ်ပါ။ Digital နည်းပညာသုံး လက်မှတ်ရေးထိုးမှုသည် လက်ဖြင့်ရေးထိုးသော လက်မှတ်နှင့် အသုံးကျမှုတူညီပါသည်။ နှစ်ခုစလုံးသည် စာချုပ်တွင် လူပုဂ္ဂိုလ်တစ်ဦး၏ သဘောတူညီမှု လက္ခဏာဖြစ်ပါသည်။ Digital လက်မှတ်သည် အချိုးမညီသော ဝှက်စာရေးနည်းပုံစံတစ်ခုဖြစ်ခြင်းကြောင့် နိုင်ငံများစွာ၏ ဥပဒေများအရ ယင်းကို စာချုပ်စာတမ်းများ ပြီးပြည့်စုံရန် နည်းလမ်းတစ်ခုအဖြစ် သာမန်အားဖြင့် လက်မခံကြပါ။ ပြဿနာမှာ ယခုအခါတွင် စာချုပ်များကိုလည်း electronic စနစ်သုံး ချုပ်ဆိုနိုင်၍ဖြစ်ပါသည်။ electronic ကုန်သွယ်ရေးကို အထောက်အကူပြုရန် digital လက်မှတ်ရေးထိုးမှုများအား တရားဝင်အသိ အမှတ်ပြုရန် လိုအပ်မည်ဟု ယုံကြည်လာကြပါသည်။ သို့ဖြစ်၍ နိုင်ငံများသည် electronic ကုန်သွယ်ရေး ဥပဒေများကို ခွင့်ပြုခဲ့ပြီး ယင်းဥပဒေများအရ digital လက်မှတ်နှင့် လက်ဖြင့်ရေးထိုးသော လက်မှတ်တို့ တူညီကြောင်း ဥပဒေအရ အသိအမှတ်ပြုလာကြပါသည်။

စီးပွားရေးပုံစံများသည်လည်း အဓိကဖြစ်သော နည်းပညာတစ်ရပ်(တည်ရှိမှု)ပေါ် အခြေခံပါသည်။ စာအုပ်ရောင်းဝယ်မှုသည် ဥပမာတစ်ခုပင်ဖြစ်ပါသည်။ စာအုပ်များကို စာရွက်ပေါ်တွင် ပုံနှိပ်ပြီး ဖြန့်ဖြူးရောင်းချ ကြပါသည်။ စာအုပ်တစ်အုပ်၏ အဓိကကုန်ကျစရိတ်မှာ ယင်း၏ပုံနှိပ်ခပင်ဖြစ်ပါသည်။ စာအုပ်တစ်အုပ်၏ ဖြန့်ဖြူးမှုစရိတ်သည်လည်း ယင်းအားစာရွက်ပေါ်တွင် ပုံနှိပ်ရသည့်အချက်ပေါ် အမှီပြုနေပါသည်။ (စာအုပ်ကို ကိုယ်တိုင်ဝယ်ယူခြင်းထက် e-Bayမှတစ်ဆင့် ဝယ်ယူသည့်အခါ စာတိုက်မှ ပေးပို့ခအတွက် ငွေပိုပေးရပါသည်။) သို့သော်စာအုပ်ကို စာရွက်ပေါ်တွင် ပုံနှိပ်ခြင်းမပြုဘဲ electronci စနစ်ဖြင့် ဖြန့်ဖြူးသည့်အခါ မည်သို့ဖြစ်မည်နည်း။ Internetမှ ကူးယူသောစာအုပ်အတွက် ပုံနှိပ်စာအုပ်ကဲ့သို့ တူညီသောဈေးနှုန်းပေးချေသင့်ပါသလား။ ပုံနှိပ်ထုတ်ဝေသူသည် Internetမှ ကူးယူသောစာအုပ်၏ ဈေးနှုန်းမှ ပုံနှိပ်ခနှင့်ဖြန့်ဖြူးခကို ဖယ်ထုတ်ပေးသင့်ပါသလား။ အကယ်၍ စာအုပ်များကို Internetမှ ကူးယူနိုင်လျှင် စာအုပ်များသည် မည်သို့ဖြစ်ပျက် သွားမည်နည်း။ ဆက်လက်၍ စဉ်းစားနိုင်ပါသည်။

ဎင်းတို့သည် အခြေအမြစ်မရှိသော အကြောင်းအရာများ မဟုတ်ကြပါ။ မူဝါဒရေးဆွဲချမှတ်သူများသည် ဎင်းအရာများနှင့်စပ်လျဉ်း၍ စဉ်းစားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် နည်းပညာဆိုင်ရာ အပြောင်းအလဲများသည် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများထက် တစ်ပန်းသာနေသောကြောင့် ဖြစ်ပါသည်။ အကြောင်းအရာသစ်များကို စီမံအုပ်ချုပ်ရန် စည်းမျဉ်းဟောင်းများကို အသုံးပြုနေဆဲဖြစ်ပါသည်။ ဤသို့ အသုံးပြုခြင်းသည် ဥပဒေဟောင်းများက ပို၍သာလွန်ကောင်းမွန်သော အကြောင်းအရာသစ်များဖြစ်ပေါ်ခြင်းကို အဟန့်အတားပြုသည့်အခါ စက်ဆုပ်ဖွယ်ဖြစ်လာပါသည်။

များမကြာမီက (မူဝါဒရေးဆွဲချမှတ်သူများမှတ်မိနေမည့် မကြာသေးမီကာလ) တေးဂီတများကို (vinyl) ဓာတ်ပြားများတွင်သွင်း၍ ရောင်းချခဲ့ကြပါသည်။ ဓာတ်ပြားများသည် အများအားဖြင့် vinyl ခေါ် ပလပ်စတစ်ပျော့များကို အသုံးပြုထားသည့် သီချင်းပုဒ်ရေများစွာ ပါဝင်သောဓာတ်ပြားကြီး (သို့မဟုတ်) သီချင်းတစ်ပုဒ်သာ ပါသောဓာတ်ပြားများဖြစ်ကြပါသည်။ vinyl ပလပ်စတစ်သည် ပျော့ပြောင်းပြီး (သာမန်သုံးစွဲပါက) မကျိုးပျက်နိုင် သောကြောင့် ကြားခံပစ္စည်းအဖြစ် ပိုမိုသင့်လျော်ပါသည်။ တေးဂီတကို အခြားသောကြားခံပစ္စည်းတွင် သိုလှောင်အသုံးပြုနိုင်လျှင် တေးဂီတလုပ်ငန်းအနေဖြင့် မည်သို့ဖြစ်မည်နည်း။ တေးဂီတများကို သီချင်းပုဒ်ရေ များစွာပါသည့် ဓာတ်ပြားကြီးတစ်ချပ်ပုံစံဖြင့် ဝယ်ယူသင့်ပါသလား၊ vinyl(ခေါ်) ပလပ်စတစ်အပျော့စားကို CDများဖြင့် အစားထိုးခဲ့သည့်အချိန်၌ အဖြေမှာ "ဟုတ်ကဲ့" ဝယ်သင့်သည်ဟူ၍ ဖြစ်ပါသည်။ သို့သော် ယခုအခါ တေးဂီတများကို Internet မှကူးယူနိုင်ပြီး MP3 ကို အသုံးပြု၍ ယင်းတို့ကို နားဆင်နိုင်ပါသည်။ Internet မှ ကူးယူသည့် တေးဂီတများသည် ဖြစ်နိုင်ခြေရှိသည့် မေးခွန်းသစ်များစွာကို ပေါ်ပေါက်လာစေပါသည်။ အဘယ့်ကြောင့်တေးဂီတသမားများ၏ ဓာတ်ပြားalbum ကြီးများကို ကူးယူပါသနည်း။ အဘယ့်ကြောင့် သီးခြားသီချင်းများအလိုက် မကူးယူပါသနည်း။ သင်နှစ်သက်သည့် တေးဂီတပညာရှင်များထံမှ သင်နှစ်သက်သည့် သီချင်းများအားလုံးကို ကူးယူသည့်အခါ အဘယ်ကြောင့် album တစ်ချပ်အဖြစ် စုစည်းကူးယူခြင်း မပြုပါသနည်း။ ဤသို့ကူးယူ ခြင်းမပြုရန် မိမိအား ကာကွယ်တားဆီးသည့်အရာမှာ မည့်သည့်အရာဖြစ်သနည်း။ ဓာတ်ပြားကုမ္ပဏီကြီးများအတွက် တေးဂီတများကို ဝယ်ယူခြင်း၊ ရောင်းချခြင်း နည်းလမ်းဟောင်းများကို ကျင့်သုံး ခြင်းအတွက် ဆီလျော်မှုရှိပါသလား။ လက်ရှိခွင့်ပြုပြီးအရာများအပြင် အစိုးရအနေဖြင့် တေးဂီတဝယ်ယူမှု၊ ရောင်းချမှုဆိုင်ရာ အခြားပုံစံများအား ပြဋ္ဌာန်းပေးသင့်ပါသလား။

မငြင်းနိုင်သည်မှာ ဤမေးခွန်းများသည် ဖြေရှင်းရန်မလွယ်ကူသည့်၊ အဖြေအလွယ်တကူမရနိုင်သည့် မေးခွန်းများဖြစ်ပါသည်။ သို့သော် မူပိုင်ခွင့်အားထိပါးခြင်းနှင့် အသိဉာဏ်ပညာရပ်ဆိုင်ရာပိုင်ဆိုင်ခွင့်များ ကာကွယ်မှုအတွက် အခြေအတင်ငြင်းခုံပွဲ၌ အဓိကအလေးထားသည့် အရေးကြီးပြဿနာတစ်ခုမှာ နည်းပညာနှင့် ဥပဒေ၏ဆက်စပ်မှုဖြစ်ကြောင်း မူဝါဒရေးဆွဲချမှတ်သူများ သိရှိနားလည်ရန် အရေးကြီးပါသည်။ နိုင်ငံများ အကြား၌ နယူးဇီလန်သည် ၎င်း၏မူပိုင်ခွင့်ဥပဒေအား ပြန်လည်သုံးသပ်၍ ဤအခြေအတင်ငြင်းခုံမှုကို တုံ့ပြန်ရန် လုပ်ငန်းအဆင့်များကို ပြင်ဆင်ပြီးဖြစ်ပါသည်။

## Digital နည်းပညာနှင့် မူပိုင်ခွင့် နယူးဇီလန်နိုင်ငံ၏ဖြစ်စဉ်ဖြစ်ရပ်

နည်းပညာဆိုင်ရာပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာအသစ်အဆန်းများအား လက်ခံကျင့်သုံးမှုတို့သည် ရှိရင်းဥပဒေများနှင့် စည်းမျဉ်းများ၏ ဆက်စပ်မှု၊ ပြီးပြည့်စုံမှုနှင့် လည်ပတ်လုပ်ဆောင်မှုတို့နှင့်စပ်လျဉ်းသည့် ထုတ်ပြန်ချက်များကို မကြာခဏပေါ်ထွက်လာစေပါသည်။ ဤသည်မှာ မူပိုင်ခွင့်ဥပဒေအတွက် မှန်ကန်ပြီး ယင်းဥပဒေသည်ပင် နည်းပညာ၏ ထုတ်ကုန်တစ်ခုဖြစ်ပါသည်။ ၁၇၀၉ ခုနှစ် အင်္ဂလန်နိုင်ငံ၏ မူပိုင်ခွင့်ဥပဒေမှ မူပိုင်ခွင့်၏သမိုင်းကြောင်းဆိုသည်မှာ နည်းပညာဆိုင်ရာအပြောင်းအလဲကို တုံ့ပြန်ရန်အတွက် ဥပဒေဆိုင်ရာအခြေခံကို တည်ဆောက်ခြင်းနှင့် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဖော်ပြလျက်ရှိပါသည်။ နည်းပညာဆိုင်ရာအပြောင်းအလဲကို တုံ့ပြန်ရန် ပုံနှိပ်စက်၊ အသံဖမ်းစက်၊ စန္ဒယား၊ ရုပ်သံထုတ်လွှင့်မှု၊ မိတ္တူကူးစက်၊ ဗီဒီယိုပြစက်နှင့် computer အစရှိသည်တို့တွင် မူပိုင်ခွင့်မှာ နည်းပညာအသစ်၏ တောင်းဆိုချက်များကို ဖြည့်ဆည်းရန် အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာနေပြီဖြစ်သည်။ မူပိုင်ခွင့်သည် မူပိုင်ခွင့်ဖန်တီးသူများနှင့် ပိုင်ရှင်များ၊ မူပိုင်ခွင့်ဆိုင်ရာပစ္စည်းကိရိယာများကို အသုံးပြုသူများ၏ အကျိုးစီးပွားနှင့် ပြည်သူလူထု၏ ပိုမိုတိုးပွားလာသော အကျိုးစီးပွားတို့ကို အကာအကွယ်ပေးပါသည်။

ကုန်သွယ်မှု၊ သတင်းနည်းပညာ၊ ဆက်သွယ်ရေးနှင့်ဖျော်ဖြေရေးလုပ်ငန်းများ၌ digital နည်းပညာအား အသုံးပြုမှုတိုးတက်လာခြင်းသည် မူပိုင်ခွင့်ဥပဒေများအတွက် သီးခြားဂယက်ရိုက်ခတ်မှုများ ရှိနေပါသည်။ Digital နည်းပညာသည် မူပိုင်ခွင့်လုပ်ဆောင်ချက်များအား အနည်းဆုံးအားထုတ်မှု၊ အနည်းဆုံးကုန်ကျစရိတ်တို့ဖြင့် ကူးယူရန်၊ ကျွမ်းကျင်စွာကိုင်တွယ်ရန်နှင့် ဖြန့်ဖြူးရန်ခွင့်ပြုပြီး အခြားအစားထိုးနည်းပညာများကိုလည်း တွဲဖက်အသုံးပြုရန်မလိုအပ်ပါ။ အဓိကမေးခွန်းများမှာ လက်ရှိမူပိုင်ခွင့်ဥပဒေသည် digitalဟူသောစကားလုံးအား ရည်ညွှန်းမှုတစ်စုံတစ်ရာမပါဝင်ဘဲ digital နှင့် online အသုံးပြုသည့် ပတ်ဝန်းကျင်တွင် အလုပ်များ၏အသုံးပြုမှုနှင့် စပ်လျဉ်း၍ စွမ်းဆောင်ရည်ရှိ/မရှိ၊ မူပိုင်ခွင့်ဖန်တီးသူများ၊ ပိုင်ရှင်များနှင့် အသုံးပြုသူများ၏ လိုအပ်ချက်အား ဖြည့်ဆည်းပေးရန်အတွက် မူပိုင်ခွင့်ဥပဒေကို ပြုပြင်ပြောင်းလဲရန် လို/မလို၊ မူပိုင်ခွင့် ဖန်တီးသူများ၊ ပိုင်ရှင်နှင့်အသုံးပြုသူများ၏ လိုလားတောင်းဆိုချက်များနှင့် ကိုက်ညီစေရန် မူပိုင်ခွင့် ဥပဒေလိုအပ်ချက်များကို ပြုပြင်ပြောင်းလဲရန် သင့်/မသင့်ဟူသည့် မေးခွန်းများဖြစ်ပါသည်။ မူပိုင်ခွင့်ဖန်တီးသူများနှင့်ပိုင်ရှင်များသည် internetမှ တစ်ဆင့်၎င်းတို့၏အလုပ်များအား digital နည်းပညာဖြင့် ကူးယူမှုနှင့် ဆက်သွယ်လုပ်ကိုင်မှုတို့ကို ထိန်းချုပ်ရန် ၎င်းတို့၏စွမ်းရည်နှင့် စပ်လျဉ်းပြီး စိတ်ဝင်စားလာကြပါသည်။ မူပိုင်ခွင့်အသုံးပြုသူများသည် မူပိုင်ခွင့်ဆိုင်ရာပစ္စည်းများအား အသုံးပြုနိုင်သည့်အခွင့်အလမ်းကို ကန့်သတ်ရာတွင် digital နည်းပညာ၏ ကောင်းကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ စိတ်ဝင်စားလာကြပါသည်။

မူပိုင်ခွင့်ဆိုသည်မှာ မူရင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စိတ်ကူးအကြံဉာဏ်များနှင့် သတင်းအချက်အလက်ဆိုင်ရာ ဖော်ပြချက်များကို ၎င်းနှင့်သက်ဆိုင်သော အဖွဲ့အစည်းတစ်ခုက တရားဝင်ခွင့်ပြုသော အခွင့်အရေးများ၏ အစုအဝေးတစ်ရပ်ပင်ဖြစ်ပါသည်။ မူပိုင်ခွင့်ဥပဒေသည် မူပိုင်ခွင့်တီထွင်ဖန်တီးသူများနှင့် မူပိုင်ခွင့်ပစ္စည်း ပိုင်ဆိုင်သူတို့၏ အကျိုးစီးပွား၊ အခြားတစ်ဖက်တွင် မူပိုင်ခွင့်ပစ္စည်းများကို အသုံးပြုသူများ၏ အကျိုးစီးပွား စသည့် ယှဉ်ပြိုင်နေသော အကျိုးစီးပွားများအကြားတွင် ဘက်ညီမျှတမှုကို ဖော်ဆောင်ပေးပါသည်။

>>>

>>> မူပိုင်ခွင့်တီထွင်သူများနှင့် ပိုင်ရှင်များသည်၎င်းတို့၏လုပ်ငန်းများအတွက် အကာအကွယ်ကို ဆောင်ရွက်ထားခြင်းအားဖြင့် မူပိုင်ခွင့်ပစ္စည်းများအသုံးပြုမှုမှ သင့်လျော်သောစီးပွားရေးပြန်ရချက်ကို ထိန်းချုပ်ရရှိကြပါသည်။ မူပိုင်ခွင့်သည် မူပိုင်ခွင့်တီထွင်ဖန်တီးသူများနှင့် ပိုင်ရှင်များအား မိမိတို့တီထွင်ဖန်တီးထားသောအလုပ်များအတွက် ဈေးကွက်နေရာစိုးမိုးရရှိစေရန် ကူညီသည့်စည်းမျဉ်းဆိုင်ရာ အခြေခံအုတ်မြစ်ကို ပံ့ပိုးပေးခြင်းအားဖြင့် အထောက်အကူပြုပါသည်။ ထို့ကြောင့် မူပိုင်ခွင့်သည် အရေးကြီး နည်းလမ်းနှစ်ရပ်ဖြင့် ဆွဲဆောင်မှုမက်လုံးများကို အားပေးလုပ်ဆောင်ပါသည်-

- တီထွင်ဖန်တီးသူများသည် မူပိုင်ခွင့်အလုပ်များကို ဖန်တီးရန်နှင့် အဆိုပါတီထွင်ဖန်တီးမှုအလုပ်များတွင် ရင်းနှီးမြှုပ်နှံသူများက ရင်းနှီးမြှုပ်နှံရန်၊
- မူပိုင်ခွင့်ပိုင်ရှင်များသည် အဆိုပါလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူ့အဖွဲ့အစည်းသို့ အဆိုပါအလုပ်များကို ဖြန့်ဖြူးပေးရန်။

သို့သော် မူပိုင်ခွင့်ဥပဒေသည် မူပိုင်ခွင့်လုပ်ငန်းသုံးစွဲသူများ၏ လိုအပ်ချက်များကိုလည်း အသိအမှတ်ပြုရပါသည်။ မူပိုင်ခွင့်ကာကွယ်မှုသည်အသုံးပြုသူများ၏လိုအပ်ချက်များကိုမဆီလျော်စွာကန့်သတ်ခြင်းနှင့် အများပြည်သူတို့သည် မူပိုင်ခွင့်လုပ်ငန်းများသို့ ဝင်ရောက်လုပ်ကိုင်ခွင့်ကို ကန့်သတ်ခြင်းတို့ကို မလုပ်ဆောင်ရပါ။

နယူးဇီလန်သည် လူဦးရေနည်းသော်လည်း တီထွင်ဖန်တီးနိုင်မှုစွမ်းရည်နှင့် ပင်ကိုယ်အရည်အသွေးရှိသူများကို မွေးထုတ်ထားပါသည်။ ထိရောက်သည့်မူပိုင်ခွင့်စနစ်သည် စီးပွားရေးအဆောက်အအုံနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်ဖန်တီးနိုင်စွမ်းရှိသည့် လုပ်သားအင်အားစုတစ်ရပ်၏ တန်ဖိုးကို အသိအမှတ်ပြုပေးသည့် အချက်တစ်ရပ်ဖြစ်ပါသည်။ ၎င်းသည် တွန်းအားပေးသောဆွဲဆောင်မှု မက်လုံးများကို အောက်ပါအတိုင်း ပံ့ပိုးပေးနိုင်ပါသည် -

- ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူနှစ်မျိုးစလုံးသည် နယူးဇီလန်၏ တီထွင်ဖန်တီးမှုအရည်အသွေးများနှင့်ပင်ကိုယ်အရည်အသွေးကို အသုံးချမှုနှင့် ယင်းတွင်ရင်းနှီးမြှုပ်နှံမှု
- မူပိုင်ခွင့်အခြေပြုသော လုပ်ငန်းများပါဝင်သည့် ပို့ကုန်ဈေးကွက်ပိုမိုဖွံ့ဖြိုးတိုးတက်မှု
- နယူးဇီလန်၏ ယဉ်ကျေးမှုနှင့်အမျိုးသားရေးလက္ခဏာကို ထင်ဟပ်ပါဝင်စေသည့် လုပ်ငန်းများ တည်ထောင်ထုတ်လုပ်မှု

နယူးဇီလန်သည် တီထွင်ဖန်တီးနိုင်မှု အရည်အသွေးနှင့် ပင်ကိုယ်စွမ်းရည်ရှိသူများကို ကျယ်ကျယ် ပြန့်ပြန့်မွေးထုတ်နေသလို မူပိုင်ခွင့်ကာကွယ်ရေးကို လက်ကိုင်ကျင့်သုံးသည့် နိုင်ငံများမှ သွင်းကုန်များတင်သွင်းသည့်နိုင်ငံ ဖြစ်လာပါသည်။ ထိရောက်သည့်မူပိုင်ခွင့်စနစ်သည် နယူးဇီလန်နိုင်ငံသားများအား ပြည်ပမှမူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများသို့ ချဉ်းကပ်ဝင်ရောက်ခွင့်ရှိလာစေရန်လည်း လုပ်ဆောင်ပေးပါသည်။ ပိုမိုအရေးကြီးသည့်အချက်မှာ သတင်းအချက်အလက်များသည် မူပိုင်ခွင့်လုပ်ငန်းများတွင် ပါဝင်နေပါသည်။ သို့ဖြစ်၍ နယူးဇီလန်၏ မူပိုင်ခွင့်စနစ်သည် ကုန်သွယ်ဖက်နိုင်ငံများနှင့် နိုင်ငံတကာစည်းမျဉ်းများအရ တည်ရှိသော ကတိကဝတ်များနှင့်အညီ ဆောင်ရွက်ပေးခြင်းဖြင့် မူပိုင်ခွင့် ကာကွယ်မှုအဆင့်ကို ဆက်လက် ဆောင်ရွက်ပေးနေပါသည်။

>>>

>>> ထို့ကြောင့် နယူးဇီလန်၏ မူပိုင်ခွင့်ဆိုင်ရာ ဥပဒေပြဌာန်းချက်အား ပြုပြင်ပြောင်းလဲမှုတိုင်းသည် ပြည်တွင်း တီထွင်ကြံဆမှုကို ဆက်လက်အားပေးကူညီခြင်း၊ နယူးဇီလန်နိုင်ငံသားများသို့ မူပိုင်ခွင့်လုပ်ငန်းများ၏ သဘောတရားများဖြန့်ဖြူးခြင်း၊ မူပိုင်ခွင့် အခြေခံသည့် စီးပွားရေးလုပ်ငန်းများအတွက် ပို့ကုန်စျေးကွက်တိုးတက်လာစေရန် အထောက်အကူပြုပံ့ပိုးခြင်း၊ ပြည်တွင်းပြည်ပ ပြဌာန်းချက်ကို ပုံဖော်သတ်မှတ်ပြဌာန်းရာတွင် နိုင်ငံတကာစည်းမျဉ်းများ၊ လက်ရှိအခြေအနေနှင့် အလားအလာများကို ထည့်သွင်းစဥ်းစားခြင်း စသည်တို့ကို ဦးတည်လမ်းညွှန်လျက်ရှိပါသည်။

**စဥ်းစားရန်မေးခွန်းများ**

၁။ မူပိုင်ခွင့် ဥပဒေများသတ်မှတ်ပြဌာန်းရန် လိုအပ်ပါသလား။ အဘယ်ကြောင့်လိုအပ်သနည်း။ (သို့မဟုတ်) အဘယ်ကြောင့်မလိုအပ်သနည်း။

၂။ မိမိနိုင်ငံ၏ မူပိုင်ခွင့်မူဝါဒသည် နယူးဇီလန်နိုင်ငံ၏ မူပိုင်ခွင့်မူဝါဒနှင့် မည်သို့ကွာခြားသနည်း။

ဥပဒေများသာ ပြောင်းလဲရမည်မဟုတ်ပေ။ Digital နည်းပညာနှင့်ကိုက်ညီမည့် စည်းမျဉ်း၊ စည်းကမ်းများကိုလည်း ပြောင်းလဲပြင်ဆင် သတ်မှတ်ပြဌာန်းရပါမည်။

သမားရိုးကျ တယ်လီဖုန်းဆက်သွယ်မှုများတွင် ရောင်းချမှု ဝန်ဆောင်မှုပေးမှုနှင့် ပစ္စည်းများပံ့ပိုးထောက်ပံ့ပေးမှုတို့ကို နည်းပညာဆိုင်ရာ ဒီဇိုင်းအရ ပေါင်းစည်းဆောင်ရွက်ခဲ့ပါသည်။ တယ်လီဖုန်းဆက်သွယ်မှု နည်းပညာပုံစံအရ ပြန်ကြားပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းနှင့် လိုအပ်သော ပစ္စည်းပစ္စယထောက်ပံ့ပေးခြင်းများ ကို ပေါင်းစည်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုနှင့် အသံလိုင်းကွန်ရက်ချိတ်ဆက်လုပ်ငန်း နှစ်မျိုးစလုံးကို ဖြစ်နိုင်သမျှ ကုမ္ပဏီတစ်ခုတည်းကသာ ဖြည့်ဆည်းပေးခဲ့ပါသည်။ ဥပမာအားဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ဖိလစ်ပိုင်အဝေးဆက်သွယ်ရေးတယ်လီဖုန်းကုမ္ပဏီ ( PLDT ) သည် အကြိုယှဥ်ပြိုင်သည့်နှစ်များအတွင်း လိုင်စင်ရကုမ္ပဏီဖြစ်ပြီး စားသုံးသူများအတွက် ကွန်ရက်ချိတ်ဆက်ပေးခြင်းအပြင် အသံနှင့်အချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခဲ့ပါသည်။ ရုပ်သံထုတ်လွှင့်မှုကိစ္စရပ်တွင်လည်း ဤအတိုင်းဆောင်ရွက်ခဲ့ပါသည်။ ရုပ်မြင်သံကြားကုမ္ပဏီသည် ကွန်ရက်တစ်ခုမှအစီအစဥ်များ ဖန်တီးမှုသာမကဝယ်ယူမှုဆိုင်ရာ လုပ်ငန်းကိုလည်း ထိုကုမ္ပဏီမှပင်တာဝန်ယူဆောင်ရွက်ပါသည်။

Internetနည်းပညာများတွင် အထူးသဖြင့် Internet protocol (IP)ကို ကွန်ရက်ချိတ်ဆက်လုပ်ငန်းများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများအကြားခွဲခြားရေးအတွက် ခွင့်ပြုဆောင်ရွက်ခဲ့ပါသည်။ ကွန်ရက်ချိတ်ဆက်လုပ်ငန်းသည် Internet အသုံးပြုခွင့်၊ ရုပ်မြင်သံကြားတွင် Internet သုံး၍စကားပြောခြင်း၊ အချက်အလက်ပေးပို့ခြင်းကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကြာရှည်ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ဤကဲ့သို့ နည်းပညာ ဆိုင်ရာပြောင်းလဲမှုသည် အစိုးရအား စည်းမျဉ်းစည်းကမ်းဖော်ထုတ်ခွင့်နှင့် ချိတ်ဆက်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို သီးခြားလုပ်ကိုင်ရမည်ဖြစ်ကြောင်း သဘောပေါက်နားလည်စေပါသည်။

သာဓကအားဖြင့် ကွန်ရက်လုပ်ငန်း ဆောင်ရွက်သူများကို သီးသန့်လိုင်စင်များ ထုတ်ပေးရသည့်အပြင် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများအား ထုတ်ပေးသည့်လိုင်စင်များနှင့် ကွဲပြားခြားနားမှုရှိရမည်။ ကုမ္ပဏီတစ်ခု၏ ကွန်ရက်စီးပွားရေး လုပ်ငန်းလုပ်နိုင်သည့်အပြင် ကွန်ရက်၏တစ်နေရာမှ အခြား တစ်နေရာသို့ (အသံ၊ တေးဂီတထုတ်လွှင့်မှုအပြင် ဖျော်ဖြေတင်ဆက်မှု) သယ်ယူပို့ဆောင်ပေးခြင်းဖြင့် ဝင်ငွေရရှိနိုင်ပါသည်။ အခြားကုမ္ပဏီများသည်လည်း တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောဆိုခြင်း၊ internetမှ တေးဂီတကူးယူမှု၊ ဗီဒီယိုနှင့် ဂိမ်းကစားခြင်းစသည့် ဝန်ဆောင်မှုပေးခြင်းကို ဆောင်ရွက်နိုင်ပါသည်။ အဆိုပါ ဝန်ဆောင်မှုပေးသူများသည် ကိုယ်ပိုင်ကွန်ရက်တစ်ခုရှိရန် လိုအပ်သည့်အပြင် ကွန်ရက်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် အဓိကအားဖြင့် ကုမ္ပဏီ၏ ကွန်ရက်ကိုအသုံးပြုနိုင်ပါသည်။

နည်းပညာပြောင်းလဲမှုသည် စည်းမျဉ်း၊ စည်းကမ်းများ စုဆုံသတ်မှတ်ပြဋ္ဌာန်းမှုကို ဖြစ်ပေါ်စေပါသည်။ စုဆုံမှုသည် ဆက်သွယ်ရေးကဏ္ဍ၏ လုပ်ငန်း (သို့မဟုတ်) ကဏ္ဍနယ်နိမိတ်၏ မထင်မရှား ဖြစ်နေမှုကို ရည်ညွှန်းပါသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (OECD) မှ စုဆုံမှုတွင် နယ်ပယ် (၃) ခုရှိပါသည်။ ယင်းတို့မှာ နည်းပညာဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာနှင့် စုပေါင်းဆောင်ရွက်မှုဆိုင်ရာ နယ်ပယ်များဖြစ်ပါသည်။ နည်းပညာစုဆုံမှုဆိုသည်မှာ စကားသံ၊ အကြောင်းအရာ၊ အချက်အလက်၊ အသံ၊ ရုပ်ပုံ စသည့် အမျိုးမျိုးသော သတင်းအချက်အလက်များကို အဆက်မပြတ် လွှဲပြောင်းပေးသည့် လွှဲပြောင်းမှုနေရာတစ်ခု (သံမဏိကြိုးမျှင်ဖြင့် ဆက်သွယ်သည့်နေရာ)ဖြစ်ပါသည်။ Internet၊ ရုပ်မြင်သံကြားနှင့် အိမ်သုံးတယ်လီဖုန်းချိတ်ဆက်ရန် သီးခြားcable ကြိုးလိုအပ်သည့်နေရာတွင် စုဆုံမှုနည်းပညာဖြင့် cable ကြိုးတစ်ခုတည်းဖြင့် လုပ်ငန်းအားလုံးကို ရရှိရန်လိုအပ်ပါသည်။ သို့သော်လည်း ၎င်းသည် နည်းပညာအရဖြစ်နိုင်ချေရှိသော်လည်း စည်းမျဉ်းဥပဒေအရ ၎င်းကို ခွင့်ပြုမည်မဟုတ်ပါ။

လိုင်စင်ပေးခြင်းသည် စုဆုံမှုကိုဖြစ်လာစေနိုင်ပါသည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးသမဂ္ဂသည် အစိုးရများအားအထောက်အကူပြုသောစုဆုံမှုကို ဖြစ်လာစေရန် စောင့်ကြပ်ခြင်းထက်လိုင်စင်ပေးခြင်းကို လုပ်ဆောင်ကြရန်အားပေးတိုက်တွန်းလျက်ရှိပါသည်။

## ဘောင် ( ၃ ) - ဆက်သွယ်ရေးဆိုင်ရာလိုင်စင်ပေးခြင်း

၁၉၈၀နှင့် ၁၉၉၀ပြည့်လွန်နှစ်များတွင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု လုပ်နေစဉ်အတွင်း နိုင်ငံများစွာသည် ဈေးကွက်ဝင်ရောက်ခွင့်ကိုထိန်းချုပ်ရန်နှင့် ထိန်းကျောင်းမှုပြုသော စည်းမျဉ်းစည်းကမ်းများသတ်မှတ်ပြဋ္ဌာန်းရန် လိုင်စင်ပေးခြင်းကို နည်းလမ်းတစ်ခုအဖြစ် ကျင့်သုံးပါသည်။ ကနဦးအဆင့်အနေဖြင့် ဈေးကွက်လွတ်လပ်ခွင့်ပေးပြီးနောက် နိုင်ငံအချို့တွင် လိုင်စင်ထုတ်ပေးခြင်းသည် ဈေးကွက်ဝင်ရောက်ခွင့်ကို ထိန်းချုပ်ရန် ဂိတ်စောင့်ကြပ်သည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ယနေ့စုဆုံမှုဖြစ်လာသော မျက်မှောက်ခေတ်သစ်ကာလတွင် မူဝါဒရေးဆွဲချမှတ်သူများက ဈေးကွက်ဖွံ့ဖြိုးမှုနှင့် နည်းပညာခေတ်မီတိုးတက်မှုကို အဟန့်အတားမဖြစ်စေဘဲ မူဝါဒရည်မှန်းချက်များ ရရှိရန်အတွက် လိုင်စင်များကို အလိုက်သင့်ပြုပြင် ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းတို့ကို ပို၍ပို၍လုပ်ဆောင်လာကြပါသည်။ ဤသို့အလေးထားဆောင်ရွက်ရာတွင် အရေးပါသော ဦးတည်ချက်နှစ်ရပ် ထားရှိပါသည်၊ ၎င်းတို့မှာ ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ရာတွင် လိုင်စင်ရှိသော လုပ်ငန်းအနည်းအကျဉ်းသာမက လိုင်စင်မရှိသော လုပ်ငန်းများအတွက် လိုင်စင်ပြုလုပ်ပေးခြင်းနှင့်သမားရိုးကျလုပ်ငန်း၊ သမားရိုးကျ ဝန်ဆောင်မှုလုပ်ငန်းနှင့် နည်းပညာအခြေပြုလုပ်ငန်းလိုင်စင်အမျိုးစားများအကြား ခွဲခြားထားခြင်းအား စုစည်း၍ လိုင်စင်ပေးခြင်းကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ခြင်းတို့ဖြစ်ပါသည်။

**တစ်ဦးတည်း လုပ်ပိုင်ခွင့်လိုင်စင်မှ အများပြည်သူအတွက် လုပ်ပိုင်ခွင့်လိုင်စင်ပြုလုပ်ပေးခြင်း**

ယနေ့မျက်မှောက်ခေတ်ကာလတွင် နိုင်ငံအမြောက်အများ၌ ဈေးကွက်ဝင်ရောက်ခွင့် အတားအဆီးများကို ဖယ်ရှားရန်နှင့် ယှဉ်ပြိုင်မှုကိုအားပေးရန် ဝန်ဆောင်မှုလုပ်ငန်းများအတွက် လုပ်ငန်းလိုင်စင်များကို ထုတ်ပေးရန်မှာလွယ်ကူလာပါသည်။တစ်ဦးတည်းဆိုင်ရာလုပ်ပိုင်ခွင့်လိုင်စင်ပေးခြင်းနှင့် လျှောက်ထားသည့် လုပ်ထုံးလုပ်နည်းများ ရှည်ကြာခြင်းအစား ဝန်ဆောင်မှု အရေအတွက်များတိုးတက် လာစေရေးအတွက် အထွေထွေလုပ်ကိုင်ခွင့်များတိုးမြှင့်အသုံးပြုလာပါသည်။ ထင်ရှားသော ဥပမာအားဖြင့် ဥရောပသမဂ္ဂအဖွဲ့ (EU)၏ အဖွဲ့ဝင်နိုင်ငံများတွင် တွေ့မြင်နိုင်ပြီး electronic ဆက်သွယ်ရေးလုပ်ငန်းများ အားလုံးအတွက် တစ်ခုတည်းသောလိုင်စင်အမျိုးအစားများကို ဖန်တီးရန် အဓိကလုပ်ငန်းအဆင့်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**လုပ်ငန်းတစ်ခုခြင်း သီးခြားလိုင်စင်ပေးခြင်းမှ လုပ်ငန်းအုပ်စုအလိုက် လိုင်စင်ပေးခြင်းသို့**

မလေးရှားနိုင်ငံ၏ဆက်သွယ်ရေးနှင့် Media ပေါင်းစုံဆိုင်ရာအက်ဥပဒေ (CMA) ကို ၁၉၉၉ ခုနှစ်တွင် စတင်သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်ခဲ့ပါသည်။ အထူးသဖြင့် CMA သည် ဆက်သွယ်ရေးလုပ်ငန်းနှင့် အသံလွှင့်လုပ်ငန်းများအတွက် နည်းပညာနှင့်လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်စနစ်ကို စတင်ကျင့်သုံးခဲ့ပြီးနိုင်ငံ၏ လုပ်ငန်းတစ်ခုခြင်း သီးခြားလိုင်စင် ( ၃၁) မျိုးအား လုပ်ငန်းအုပ်စုလိုင်စင် အုပ်စု ( ၄ ) မျိုးအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

**လိုင်စင်ထုတ်ပေးခြင်းမူဘောင်များအား စုစည်းခြင်း**

အချို့နိုင်ငံများတွင် လိုင်စင်ပုံစံများကို တစ်စုတစ်စည်းတည်းဖြစ်စေရန် စတင်ဆောင်ရွက်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့် ၎င်းလုပ်ငန်းကို စတင်ဆောင်ရွက်ပြီး ဤပြောင်းလဲမှုအလားအလာနှင့် ပတ်သက်၍ အမြင်များကို ဖြည့်ဆည်းပေးပါသည်။ ၂၀၀၄ ခုနှစ် မတ်လတွင် အိန္ဒိယနိုင်ငံ ဆက်သွယ်ရေးဆိုင်ရာထိန်းကျောင်းမှု အာဏာပိုင်များက ပေါင်းစည်းသည့် လိုင်စင်ပုံစံများကို အဆိုပြုတင်ပြသော အကြံပြုစာတမ်းများကိုထုတ်ပြန်ခဲ့ပါသည်။

>>>

>>>

**နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်း မရောယှက်ရေး**

လိုင်စင်စုစည်းထုတ်ပေးသည့် မူဘောင်သို့ရောက်ရှိရန် ဆက်လက်ဆောင်ရွက်ခြင်း၏ ပင်မရည်မှန်းချက်တစ်ခုမှာ နည်းပညာမရောယှက်ရေး ဖြစ်ပါသည်။ ဤအသုံးအနှုန်းသည် လိုင်စင်ပြုလုပ်မည့်သူတစ်ဦးသည် လိုင်စင်ဆိုင်ရာ ဝန်ဆောင်မှုများကို ဖြည့်ဆည်းရာတွင် မိမိအသုံးပြုမည့် နည်းပညာနှင့် စက်ပစ္စည်းများကို ရွေးချယ်နိုင်စွမ်းရှိ ခြင်းကိုဆိုလိုပါသည်။ ဥပမာ- ကျေးလက်ဒေသများတွင် ဆောင်ရွက်သည့်စီမံကိန်းများသည် အများသုံးတယ်လီဖုန်း တပ်ဆင်သည့်လုပ်ငန်းကို နည်းပညာ မရောယှက်ရန် စမ်းသပ်ဆောင်ရွက်နိုင်ပြီး စီးပွားရေးအရ အိမ်တိုင်ရာရောက် တပ်ဆင်ပေးရာ၌ မည်သည့်နည်းပညာနှင့် ဒီဇိုင်းပုံစံ(အမျိုးအစား) ရွေးချယ်မည်ဆို သောအချက်ကို လုပ်ဆောင်မည့်သူအား ရွေးချယ်ခွင့်ပေးရန် ထည့်သွင်းစဉ်းစားရပါမည်။

ထို့အပြင် နည်းပညာ မရောယှက်ရန် စမ်းသပ်ဆောင်ရွက်ရာတွင် အစိုးရများသည် ဝန်ဆောင်မှု မရောယှက်သော လိုင်စင်ပေးခြင်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်ကြပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့်- လိုင်စင်ကိုင်ဆောင်ထားသည့် ဝန်ဆောင်မှုလုပ်ငန်းများသည် မည်သည့်လုပ်ငန်းကဝယ်လိုအားအများဆုံး ဖြစ်သည်၊ စရိတ်တွက်ချေကိုက်သည်ဟူသည့် ဈေးကွက်အချက်ပြမှုများကို သိရှိနိုင်ပါသည်။ အများသုံး လိုင်စင်သည် လုပ်ငန်းရှင်များအား လုပ်ငန်းအမျိုးအစားများစွာကို ကမ်းလှမ်းပေးအပ်ပြီး ဈေးကွက်ဝယ်လိုအား အတက်အကျနှင့်အညီ အသုံးချ ဆောင်ရွက်နိုင်ခွင့် ရရှိစေပါသည်။ စုစည်းမှုရှိသော လိုင်စင်ထုတ်ပေးသည့် အခြေခံမူများသည် နည်းပညာနှင့် လုပ်ငန်းဘက်ညီမျှတမှုကို ဖြစ်စေပြီး အသုံးပြုမှုနယ်ပယ်နှင့် လုပ်ငန်း လုပ်ဆောင်သူတိုင်းက လုပ်ဆောင်နိုင်သည့် လုပ်ငန်းများတိုးစေပါသည်။ ဩစတေးလျ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် မလေးရှားစသည့် နိုင်ငံများတွင် စုစည်းမှုလိုင်စင်စနစ်များကို ကျင့်သုံးဆောင်ရွက်ခဲ့ပါသည်။

**စဉ်းစားရန်မေးခွန်းများ**

အထက်တွင်ဖော်ပြခဲ့သော ဆက်သွယ်ရေး ကဏ္ဍလိုင်စင်ထုတ်ပေးခြင်း နည်းလမ်းများ အနက် မည်သည့်နည်းလမ်းကို မိမိ၏နိုင်ငံတွင် လေ့လာတွေ့ရှိရပါသနည်း။ မည်သည့်ကြောင့်ဟု ပြောကြားလိုပါသနည်း။

ဆွေးနွေးတင်ပြမှုသည် လွယ်ကူရှင်းလင်းပါသည်။ နည်းပညာပြောင်းလဲမှုများနှင့်အညီ ဥပဒေ စည်းမျဥ်းစည်းကမ်းကို ထိန်းကျောင်းတည့်မတ်နိုင်စွမ်းရှိရပါမည်။ Digital နည်းပညာများ အထူးသဖြင့် internet တိုးတက်ဖြစ်ပေါ်လာမှုနှင့်အညီ ကွန်ရက်(သို့မဟုတ်)အခြေခံအဆောက်အအုံကို ထိန်းကျောင်း သည့်နည်းလမ်း အားပြောင်းလဲရန်လိုအပ်ပါသည်။ ယခုအခါ ဝန်ဆောင်မှုပေးသူများနှင့် ကွန်ရက်လုပ်ငန်း ဝန်ဆောင်မှုပေးသူများအား သီးခြားအုပ်စု များ တစ်ခုစီအဖြစ် ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါသည်။

မူဝါဒရေးဆွဲချမှတ်သူများသည် နည်းပညာပြောင်းလဲမှုကို ရင်ဆိုင်ရာတွင် စည်းမျဉ်းစည်းကမ်းဟောင်းများသည် နည်းပညာအသစ်အပေါ် စိုးမိုးအကျိုးသက်ရောက်မှုများ မြင့်မားလာခြင်းကြောင့် ရေရှည်ထိန်းကျောင်း တည့်မတ်နိုင်စွမ်းမရှိတော့ပါ။ မူဝါဒရေးဆွဲချမှတ်သူများ (နှင့်ထိန်းကျောင်းသူများ) သည် ဥပဒေများနှင့် တည်ဆဲစည်းမျဉ်းစည်းကမ်းများက နည်းပညာသစ်ပျံ့နှံ့မှုနှင့် စီးပွားရေးလုပ်ငန်း သစ်များဖွံ့ဖြိုးတိုးတက်မှုအပေါ် ဟန့်တားနေသည့် အတိုင်းအတာအား အကဲဖြတ်ဆန်းစစ်သင့်ပါသည်။ အထူးသဖြင့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အောက်ပါအတိုင်း တိတိကျကျ စိစစ်လေ့လာ သင့်ပါသည် -

၁။ အပြည့်အဝပေါင်းစည်းထားသော လုပ်ငန်းအကျိုးအမြတ်များ ရရှိရေးအတွက် အဟန့်အတားအတုများကို ဖန်တီးခြင်းရှိ/မရှိ၊

၂။ အခြားလုပ်ငန်းများနှင့်ဆက်စပ်နေသော လုပ်ငန်းအစိတ်အပိုင်းတစ်ခုအား အခွင့်အရေးပေးသည့် (သို့မဟုတ်) နှောင့်နှေးအောင်ပြုသည့် တရားနည်းလမ်းမကျသော ဘက်လိုက်မှုများဖန်တီးခြင်း ရှိ/မရှိ၊

၃။ ပြည်သူ့ဝန်ဆောင်လုပ်ငန်းများ၊ ပြည်သူ့အကျိုးစီးပွားအခွင့်အလမ်းများနှင့် လိုအပ်ချက်များကို အပြည့်အဝ ကိုင်တွယ်ဖြေရှင်းပေးခြင်း ရှိ/မရှိ၊

၄။ လုပ်ငန်းဆောင်ရွက်ပေးမှုမရှိသော၊ လုပ်ငန်းဆောင်ရွက်မှုနည်းပါးနေသော ဒေသများနှင့် လူပုဂ္ဂိုလ်များအတွက် ကွန်ရက်ကျယ်ပြန့်လာရေးနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလုံအလောက် ပံ့ပိုးပေးခြင်းရှိ/မရှိ။

**ဆောင်ရွက်ရန်**

မိမိ၏နိုင်ငံမှ အောက်ဖော်ပြပါ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ဖော်ထုတ်ပါ-

- အပြည့်အဝပေါင်းစည်းထားသော လုပ်ငန်းအကျိုးအမြတ်များရရှိရေးအတွက် အဟန့်အတားများကို ဖန်တီးမည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊
- အခြားလုပ်ငန်းများနှင့် ဆက်စပ်နေသော လုပ်ငန်းအစိတ်အပိုင်းတစ်ခုအား အခွင့်အရေးပေးသည့် (သို့မဟုတ်) နှောင့်နှေးအောင်ပြုသည့် တရားနည်းလမ်းမကျသော ဘက်လိုက်မှုများကို ဖန်တီးမည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊
- ပြည်သူ့ဝန်ဆောင်လုပ်ငန်းသစ်များ၊ ပြည်သူ့အကျိုးစီးပွားအခွင့်အလမ်းများနှင့် လိုအပ်ချက်များကို အပြည့်အဝကိုင်တွယ်ဖြေရှင်းပေးမည့် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊
- လုပ်ငန်းဆောင်ရွက်ပေးမှုမရှိသော၊ လုပ်ငန်းဆောင်ရွက်မှုနည်းပါးနေသော ဒေသများနှင့် လူပုဂ္ဂိုလ်များအတွက် ကွန်ရက်ကျယ်ပြန့်လာရေးနှင့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အလုံအလောက်ပံ့ပိုးပေးသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ။

နိုင်ငံတစ်နိုင်ငံတည်းမှ တက်ရောက်သော သင်တန်းသားများသည် ဤလေ့ကျင့်ခန်းကို အဖွဲ့တစ်ခုအနေဖြင့် လုပ်ဆောင်နိုင်ပါသည်။

## ၁.၃ များစွာသော ပါဝင်ပတ်သက်သူများဖြင့် ICT မူဝါဒရေးဆွဲမှု

ICT ဆိုင်ရာ ပြည်သူ့ရေးရာမူဝါဒချမှတ်ရေးနှင့်ဆက်စပ်သော ပြဿနာနှစ်ရပ်ကို ဆန်းစစ်လေ့လာရာတွင် ဈေးကွက်ဦးဆောင်သော ICT မူဝါဒဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဆိုင်ရာပြောင်းလဲမှုနှင့် ဥပဒေ/စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့အကြား ဆက်စပ်မှုတို့ပါဝင်ပါသည်။ ဤသင်ခန်းစာ၌ ICTD မူဝါဒရေးဆွဲရာတွင် ပါဝင်ပတ်သက်သူများနှင့် ကိုက်ညီစေရန် လိုအပ်ချက်ကို ဆန်းစစ်ပါမည်။

ပါဝင်ပတ်သက်သူများမှာ မူဝါဒရေးဆွဲမှုကို စိတ်ဝင်စားကြသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အစုအဖွဲ့များနှင့် အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ ပါဝင်ပတ်သက်သူဆိုသည်မှာ တစ်စုံတစ်ယောက်၏ ဆုံးဖြတ်ချက်ချမှတ် လုပ်ဆောင်မှုကြောင့် သိသိသာသာ အကျိုးသက်ရောက်ခံစားရသူဟုလည်း နောက်ထပ်အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဥပမာအားဖြင့် ပညာရေးကဏ္ဍ၏ ICT နှင့် ဆက်စပ်သည့် စီမံကိန်းများတွင် ပါဝင်ပတ်သက်သူများမှာ ကျောင်းသားများ၊ မိဘများ၊ အလုပ်သမားများ၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအသိုက်အဝန်း၊ ဘွဲ့ရရှိပြီးသူများ၊ computerကုမ္ပဏီများနှင့် mediaစုံကုမ္ပဏီများ ဖြစ်ကြပါသည်။ ပါဝင်ပတ်သက်သူ အမျိုးမျိုးအတွက် ICTD ပြဿနာများ ကွဲပြားခြားနားပါသည်။ ပညာရေးကဏ္ဍ၏ ICTအတွက် ပါဝင်ပတ်သက်သူများနှင့် ကျန်းမာရေးကဏ္ဍ၏ ICT အတွက် ပါဝင်ပတ်သက်သူများ ကွဲပြား ခြားနားကြပါသည်။

ပါဝင်ပတ်သက်သူများသည် အကျိုးစီးပွားကွဲပြားခြားနားကြသကဲ့သို့ ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များလည်း မတူညီကြပါ။ မည်သို့ပင်ဆိုစေကာမူ သတင်းလူ့ဘောင်အဖွဲ့အစည်းဆိုင်ရာ ကမ္ဘာ့ထိပ်သီးညီလာခံ (WSIS) မှ ကမ္ဘာ့ခေါင်းဆောင်များက အသိအမှတ်ပြုဖော်ပြသည်မှာ -

> အစိုးရများသာမက ပုဂ္ဂလိကကဏ္ဍ၊ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ၊ အခြားသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများသည် သတင်းလူ့ဘောင်အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြပြီး သင့်တော်သော ဆုံးဖြတ်ချက်များ ချမှတ်ရန် အဓိကတာဝန် ရှိကြပါသည်။ ပြည်သူလူထုအခြေပြု သတင်းလူ့ဘောင်အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ခြင်းသည် ပူးပေါင်းကြိုးပမ်းရမည့် လုပ်ငန်းဖြစ်ပြီး ပါဝင်ပတ်သက်သူအားလုံးတို့ အကြားတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆောင်ရွက်မှုတို့ လိုအပ်ပါသည်။

များစွာသော ပါဝင်ပတ်သက်သူများဖြင့် မူဝါဒရေးဆွဲရာတွင် ယုံကြည်မှုသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ICT အသုံးပြုခြင်းကဲ့သို့သော တူညီသော ရည်ရွယ်ချက်တစ်ခုအတွက် မတူညီသောအဖွဲ့များအတူတကွ ပူးပေါင်းဆောင်ရွက်နိုင်သည်ဟူသော ယုံကြည်ချက်မှ ဖြစ်ပေါ်လာပါသည်။ များစွာသော ပါဝင်ပတ်သက်သူများ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည်-

(၁) ICT မူဝါဒရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုတွင် ပါဝင်မှုနှင့် ညီညွတ်မျှတမှုကို တိုးမြှင့်ပေးပါသည်။

(၂) ICT မူဝါဒဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် သရုပ်ခွဲ လေ့လာဆန်းစစ်မှု စွမ်းရည်များ တိုးပွား စေပါသည်။

(၃) အောက်ခြေလူတန်းစားများ၏ စုစည်းခြင်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို တိုးတက်ဖြစ်ပေါ်စေပါသည်။

(၄) ဦးတည်ဆောင်ရွက်နေသည့် စီမံကိန်းတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုးမြှင့်ဆောင်ရွက်ပါသည်။

(၅) ကျွမ်းကျင်မှုစွမ်းရည်များနှင့် တီထွင်ဆန်းသစ်မှုများကို မြေတောင်မြှောက် အားပေးပါသည်။

(၆) ကျွမ်းကျင်ပညာရှင်အသစ်များကို လေ့ကျင့်မွေးထုတ်ပေးရေးအတွက် အရေးကြီးသော အခြေခံတစ်ခုကို ထောက်ပံ့ပေးပါသည်။

(၇) ဈေးကွက်ဦးစားပေးမှုနှင့် ဖွံ့ဖြိုးမှု ဦးစားပေးမှုတို့အကြား ဘက်ညီမျှတမှုကို ဖန်တီးပါသည်။

(၈) ကောင်းမွန်သောအုပ်ချုပ်ရေးကို အားပေးပါသည်။ အဖွဲ့အသီးသီးတို့ လက်တွဲပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် သက်ဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းစီမံကိန်းများတွင် သဘောထား ကွဲလွဲမှုများ၊ လုပ်ငန်းထပ်နေခြင်းများကို စိစစ်ဖော်ထုတ်နိုင်ကြပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအတွက် ပိုမိုကောင်းမွန်စွာ ပူးပေါင်းညှိနှိုင်းရန် အခွင့်အလမ်းကို ရရှိစေပါ သည်။

(၉) ပါဝင်ဆောင်ရွက်သူများအား ဘဏ္ဍာရေးအရင်းအမြစ်များကို တိုး၍ ရရှိစေပါသည်။

(၁၀) ဦးဆောင်နိုင်သူ၊ ဦးဆောင်မှုမပြုနိုင်သူနှစ်မျိုးစလုံးကို စေ့ဆော်ဆွဲဆောင်ပါသည်။ ဆိုလို သည်မှာ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် အကန့်အသတ်ဖြင့် တာဝန်ယူသူများကို အားပေးတိုက်တွန်းခြင်း၊ တိုးတက်သောအမြင်ရှိသူများအတူတကွပါဝင်လာစေခြင်း အတွက် အခြေခံများကို ဖန်တီးပေးပါသည်။

(၁၁) လုပ်ငန်းဆောင်ရွက်မှုအတွက် ပိုင်ဆိုင်မှုနှင့် တာဝန်ယူမှုတို့ကို တိုးတက်လာစေပါသည်။

(၁၂) တစ်ဦးနှင့်တစ်ဦး သံသယဝင်ခြင်း၊ ရန်ဘက်အသွင်ဆောင်ခြင်းများ ရှိတတ်၍ ပါဝင် ပတ်သက်သူ အဖွဲ့များအကြား ယုံကြည်မှုတည်ဆောက်ရန် ပံ့ပိုးကူညီမှုပေးရမည်။

များစွာသော ပါဝင်ပတ်သက်သူများဖြင့် မူဝါဒရေးဆွဲခြင်း၏ အရေးကြီးသည့်အစိတ်အပိုင်းတစ်ခုမှာ ပါဝင်ပတ်သက်သူများအား လေ့လာဆန်းစစ်ခြင်းဖြစ်ပါသည်။ ဤသို့ ဆန်းစစ်ခြင်းသည် လုပ်ကိုင်သူများ၏ အရည်အသွေး၊ လုပ်ငန်းအချင်းချင်းအပြန်အလှန်ဆက်စပ်မှု၊ ICT လုပ်ငန်း၏ အရင်းအမြစ်များနှင့် ဆက်စပ် လျက်ရှိသည့် အကျိုးစီးပွားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ဖော်ပြခြင်းတို့အတွက် နည်းလမ်းများကို ရည်ညွှန်းပါသည်။ ဤလေ့လာဆန်းစစ်မှုကို ဆောင်ရွက်ရာ၌ အောက်ပါအဆင့်များကို ထည့်သွင်းစဉ်းစား သင့်ပါသည် -

(၁) လေ့လာဆန်းစစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို စိစစ်ဖော်ထုတ်ပါ။

(၂) စနစ်အတွင်း၌ လုပ်နည်းစနစ်နှင့် ဆုံးဖြတ်ချက်ချမှတ်သူများအား နားလည်မှုတစ်ရပ် တည်ဆောက်ပါ။

(၃) ပါဝင်ပတ်သက်သူများကို သတ်မှတ်ပါ။

(၄) ပါဝင်ပတ်သက်သူများ၏ အကျိုးစီးပွားများ၊ သွင်ပြင်လက္ခဏာများနှင့် အခြေအနေများကို စုံစမ်းစစ်ဆေးပါ။

(၅) ပါဝင်ပတ်သက်သူများအကြား အပြန်အလှန်ဆက်စပ်မှုလုပ်ငန်းများ၊ ဆက်သွယ်မှုပုံစံများကို သတ်မှတ်ဖော်ပြပါ။

(၆) စီမံခန့်ခွဲမှုအတွက် ရွေးချယ်စရာနည်းလမ်းများကို သတ်မှတ်ဖော်ပြပါ။

ပါဝင်ပတ်သက်သူများအား လေ့လာဆန်းစစ်ရာတွင် ပိုမိုအသေးစိတ်ကျသည့် ချဉ်းကပ်နည်းတစ်ရပ်ကို RAAKS ဖြင့်ဆောင်ရွက်နိုင်ပါသည်။ RAAKS သည် ပြုလုပ်သူအား ရွေးရှုသော နည်းလမ်း တစ်ရပ်ဖြစ်ပြီး ပါဝင်ပတ်သက်သူများနှင့် ယင်းတို့၏ ကွန်ရက်များချိတ်ဆက်ခြင်းများကို စနစ်ကျပြီး ပူးပေါင်းပါဝင်သော အသွင်လက္ခဏာဖြင့် တန်ဖိုးကို အကဲဖြတ်ခြင်းအတွက်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ယင်းတွင်လုပ်ငန်းကဏ္ဍ (၃) ရပ် နှင့် လုပ်ငန်းအဆင့် ( ၁၆ )ခု လွှမ်းခြုံပါဝင်ပါသည်။

**အဆင့် (က) ပြဿနာကိုဖော်ထုတ်ခြင်း**

(၁) ရည်ရွယ်ချက်(များ)ကို အဆိုပြုတင်ပြပါ။
(၂) သင့်တော်သော လုပ်ငန်းလုပ်ဆောင်သူများအား သတ်မှတ်ပါ။
(၃) ဆောင်ရွက်ရမည့်တာဝန်သတ်မှတ်ချက်များကို ဖော်ပြပါ။
(၄) ပတ်ဝန်းကျင်သတ်မှတ်ပါ။
(၅) ပြဿနာအား ရှင်းလင်းဖော်ပြပါ / ပြန်လည်သတ်မှတ်ပါ။

**အဆင့်(ခ) ကန့်သတ်ချက်များနှင့် အခွင့်အလမ်းများအား လေ့လာဆန်းစစ်ခြင်း**

(၁) အကျိုးသက်ရောက်မှု
(၂) လုပ်ငန်း၌ပါဝင်ဆောင်ရွက်သူများ
(၃) အသိပညာကွန်ရက်များ
(၄) စုစည်းပေါင်းစပ်ခြင်း
(၅) လုပ်ငန်းတာဝန်သတ်မှတ်ချက်များ
(၆) ညှိနှိုင်းခြင်း
(၇) ဆက်သွယ်ခြင်း
(၈) တီထွင်ဆန်းသစ်မှုအတွက် လူမှုအဖွဲ့အစည်းအား သိရှိနားလည်အောင်ဆောင်ရွက်ခြင်း

**အဆင့်(ဂ) မဟာဗျူဟာ - လုပ်ငန်းစီမံကိန်းရေးဆွဲခြင်း**

(၁) အသိပညာစီမံခန့်ခွဲမှု
(၂) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ၏အင်အား - မည်သူကမည်သည်ကို ဆောင်ရွက်နိုင်သနည်း။
(၃) မဟာဗျူဟာအရ တာဝန်ခံဆောင်ရွက်မှုများ

ICTD တွင် များစွာသော ပါဝင်ပတ်သက်သူများ၏ လက်တွဲပူးပေါင်းဆောင်ရွက်မှုအောင်မြင်ရေးသည် မူဝါဒရေးဆွဲချမှတ်သူများက ကမ္ဘာလုံးဆိုင်ရာအသိပညာ ပူးပေါင်းဆောင်ရွက်မှုအရ ရေးသားဖော်ပြထားသောများစွာသော ပါဝင်ပတ်သက်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အခြေခံမူများကိုသတိပြု၍ ကောင်းမွန်စွာ လုပ်နိုင်မှသာ အောင်မြင်မည်ဖြစ်ပါသည်။ (ဘောင် -၄ တွင်ကြည့်ပါ)

## ဘောင် ( ၄ ) — များစွာသောပါဝင်ပတ်သက်သူများပူးပေါင်းဆောင်ရွက်မှုအခြေခံမူများ

**အခြေခံမူ(၁)**

ကဏ္ဍပေါင်းစုံ ICT ပူးပေါင်းဆောင်ရွက်မှုချဉ်းကပ်နည်းကို အသုံးပြုရန် သိမြင်လာခြင်းသည် အောက်ဖော်ပြပါ သွင်ပြင်လက္ခဏာသုံးရပ်ကို သိရှိနားလည်ခြင်းဖြစ်ပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ရှုထောင့်အမြင်များအရ ICT သည် အထောက်အကူပြုသောအရာအဖြစ် ဆောင်ရွက်နိုင်ခြင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၏ အထောက်အကူပြုသောအရာအဖြစ် ICT ကို ထိထိရောက်ရောက်အသုံးချမှုအတွက် စိန်ခေါ်မှုများ ဆက်တိုက်ပေါ်ပေါက်ခြင်း၊ အထူးသဖြင့် လူ့အဖွဲ့အစည်းတွင် အဖွဲ့တစ်ခုတည်းက ဖြေရှင်းသည့်ကိစ္စရပ်များ (သို့မဟုတ်) စာချုပ်ပါဆက်စပ်မှုများ၊ မအောင်မြင်သောကိစ္စရပ်များတွင်ဖြစ်ပါသည်။ ဆက်တိုက်ဖြစ်ပေါ်သော ICTD စိန်ခေါ်မှုများ၏ ရှုပ်ထွေးမှုကြောင့် စီးပွားရေးလုပ်ငန်း၊ အစိုးရနှင့် လူ့အဖွဲ့အစည်းမှ သယံဇာတအရင်းအမြစ်များနှင့် စွမ်းဆောင်ရည်များ၏ မဟာဗျူဟာပေါင်းစည်းမှုကို လိုအပ်လာပါသည်။

**အခြေခံမူ(၂)**

ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် သဘောတူလက်ခံခြင်းမပြုမီ ပူးပေါင်းပါဝင်မှုတွင် အဓိကဆောင်ရွက်မည့်သူများ ကျေနပ်မှုရရှိရန်အတွက် ၄င်း၏ ခန့်မှန်းတန်ဖိုးကို ရရှိနိုင်သော ရွေးချယ်စရာများ၊ စွန့်စားမှုများနှင့် နှိုင်းယှဉ်၍ ကြိုတင်ချင့်ချိန်သင့်ပါသည်။

**အခြေခံမူ(၃)**

အဖွဲ့အစည်းအသီးသီးသည် မိမိအဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် ဖြေရှင်းဆောင်ရွက်မှုများကို လျင်လျင်မြန်မြန်ပြုလုပ်လာသည့်အခါ များစွာသော ပါဝင်ပတ်သက်သူများဖြင့် ICT ပူးပေါင်းဆောင်ရွက်မှုသည် အကောင်းဆုံးဆောင်ရွက်လာနိုင်သည့်အတွက် အခြားသော အဖွဲ့အစည်းများ၏ အကျိုးစီးပွားများဖြစ်ထွန်းလာပါသည်။ ဆိုလိုသည်မှာ ပူးပေါင်းဆောင်ရွက်မှုသည် အပြန်အလှန်အားဖြည့်ပေးခြင်းကြောင့်ဖြစ်ပါသည်။

**အခြေခံမူ(၄)**

အောင်မြင်သော ပူးပေါင်းဆောင်ရွက်မှုများကို အပြန်အလှန်အထောက်အကူပြုသည့် စွမ်းရည်များနှင့် အင်အားစုအရင်းအမြစ်များအရ တည်ဆောက်ဆောင်ရွက်ရပါသည်။ ဤသို့ပေါင်းစပ်ရာတွင် မဟာဗျူဟာဒီဇိုင်း၏ သတ်မှတ်ချက်ဘောင်များနှင့် ကိုက်ညီရပါသည်။

**အခြေခံမူ(၅)**

အစုစပ်လုပ်ငန်းသို့ ထည့်ဝင်သော သယံဇာတအရင်းအမြစ်များနှင့် စွမ်းရည်များကို မိတ်ဖက်အဖွဲ့အစည်းများ၏ ပင်မစီးပွားရေးလုပ်ငန်းမှ ဖြစ်နိုင်သမျှ အနီးစပ်ဆုံးရယူရန် လိုအပ်ပါသည်။ အစုစပ်လုပ်ငန်း၏ ရည်ရွယ်ချက်များနှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များ အပ်စပ်မှုရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရပါမည်။ ၄င်းအပြင် အစုစပ်လုပ်ငန်းရှင်များ၏ လက်ရှိအခြေအနေများမှ ထည့်ဝင်သော အင်အားများကို ရယူသုံးစွဲရပါမည်။ ဥပမာ-အသစ်၊ ပုံသေ ၊ ကုန်ကျစရိတ်တို့အား စတင်ဆောင်ရွက်ခြင်းထက် ပြောင်းလဲနိုင်ခြင်း၊ ကုန်ကျစရိတ်ကို အခြေခံခြင်း။

>>>

**အခြေခံမူ(၆)**

များစွာသော ပါဝင်ပတ်သက်သူများဖြင့် ICT ပူးပေါင်းဆောင်ရွက်မှုများကို ပဓာနမထားဘဲ ကနဦး အများဆန္ဒဖြစ်သော အနည်းဆုံးအားဖြင့် ရှိပြီးအထောက်အထားပုံစံများအား စိစစ်ခြင်း၊ အစုစပ်လုပ်ငန်း၏ အနာဂတ်မျှော်မှန်းချက်၊ ပူးပေါင်းပါဝင်သူအသီးသီး၏ အစုစပ်လုပ်ငန်းလုပ်ကိုင်ရသည့် ရည်ရွယ်ချက်နှင့် ပါဝင်မှုနှင့် တာဝန်များခွဲဝေမှုတို့ကို ဆောင်ရွက်သင့်ပါသည်။ အတွေ့အကြုံမှရသောသင်ခန်းစာများနှင့် ဥပဒေဆိုင်ရာ အခြေနေများ၏ စာရွက်စာတမ်းများသည် ပတ်ဝန်းကျင်အခြေအနေများအပေါ်တွင် တည်မှီနေပါသည်။

**အခြေခံမူ(၇)**

များစွာသောပါဝင်ပတ်သက်သူများဖြင့် ICT ပူးပေါင်းဆောင်ရွက်မှုများ၏ အကျိုးရလဒ်များကို အကဲဖြတ်သည့်အခါ ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်ချက်များကို ပြင်ပအင်အားစုများနှင့် အခြားအစားထိုး နည်းလမ်းများပေါ် အခြေပြု၍ အချိန်လိုက်ဆန်းစစ်ခြင်းကို ဂရုစိုက်ဆောင်ရွက်သင့်ပါသည်။ ဆိုလိုသည်မှာ ပူးပေါင်းဆောင်ရွက်မှု၏ထပ်တိုးတန်ဖိုး = ပူးပေါင်းဆောင်ရွက်မှုရလဒ်တန်ဖိုး - (ပြင်ပအင်အားစုများ+အခြား အစားထိုးအင်အားစုများ)

**စဉ်းစားရန်မေးခွန်းများ**

မိမိ၏အတွေ့အကြုံအရ များစွာသောပါဝင်ပတ်သက်သူများ၏ ပူးပေါင်းဆောင်ရွက်မှု အခြေခံမူများကို ပစ်ပယ်ထားလေ့ရှိပါသလား/ လေ့လာစူးစမ်းမှုမပြုဘဲနေပါသလား။ ထိုပြဿနာ အကြောင်းအရာနှင့်ပတ်သက်၍ အဘယ်ကြောင့်ဟု သင်ထင်မြင်ပါသနည်း။

**ဆောင်ရွက်ရန်**

မိမိ၏ ICT တွင်ပါဝင်ပတ်သက်သူများမှာ မည်သူတို့ဖြစ်ပါသနည်း။ အောက်ဖော်ပြပါ ICTD စီမံကိန်းများအတွက် ပါဝင်ပတ်သက်သူများ၏ အဓိကအကျိုးစီးပွားများ၊ ၎င်းတို့၏ အားသာချက်များ နှင့် အားနည်းချက်များကို စိစစ်ဖော်ထုတ်ပါ-

- ကျန်းမာရေးအတွက် ICT
- ပညာရေးအတွက် ICT
- လယ်ယာစိုက်ပျိုးရေးအတွက် ICT
- သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် ICT

နိုင်ငံတစ်နိုင်ငံတည်းမှ တက်ရောက်သော သင်တန်းသားများသည် ဤလေ့ကျင့်ခန်းကို အဖွဲ့တစ်ခု အနေဖြင့် လုပ်ဆောင်နိုင်ပါသည်။

**ကိုယ်တိုင်စမ်းသပ်စစ်ဆေးခြင်း**

၁။ ICTD တွင် အစိုးရ၏ အခန်းကဏ္ဍမှာ အဘယ်နည်း။

၂။ ဈေးကွက်ဦးဆောင်သော ICT မဟာဗျူဟာ၏ အဓိပ္ပါယ်မှာ အဘယ်နည်း။ သတင်းအချက်အလက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုတွင် ၎င်းမဟာဗျူဟာသည် မည်ကဲ့သို့ အရေးပါသနည်း။

၃။ ဖွံ့ဖြိုးတိုးတက်မှုတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အဘယ်နည်း။

၄။ ဥပဒေများပေါ်တွင် Digital ခေတ်ပြောင်းလဲခြင်း၏ အကြံပြုချက်များမှာ အဘယ်နည်း။ အထူးသဖြင့် မူပိုင်ခွင့်ဥပဒေ။

၅။ ICT လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများမှာ မည်သူတို့ဖြစ်ပါသနည်း။ ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်ရန် အဘယ်ကြောင့် အရေးကြီးပါသနည်း။

## ၂။ အမျိုးသားရေးဆိုင်ရာ ICTD မူဝါဒတစ်ခု၏ ပါဝင်သောအချက်အလက်များ

ဤအခန်းတွင် ပြည့်စုံသော အမျိုးသားရေးဆိုင်ရာ ICT မူဝါဒတစ်ခု၏ အခြေခံအချက် (၃) ခုနှင့် ဆက်စပ်သော ပြဿနာများကို အလေးပေး ရှင်းလင်းဆွေးနွေးထားပါသည်။ အခြေခံအချက်သုံးခုမှာ စွမ်းရည်တည်ဆောက်ခြင်း၊ စီးပွားရေးအဆောက်အအုံ၏ ICT ကဏ္ဍတည်ဆောက်ခြင်းနှင့် electronic အုပ်ချုပ်မှုပုံစံတို့ဖြစ်ပါသည်။

အမျိုးသားရေးဆိုင်ရာ ICT မူဝါဒ၏ အဓိကရည်မှန်းချက်မှာ အမျိုးသားဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် ICT အသုံးပြုမှု တိုးတက်များပြားလာခြင်း၏ ကောင်းကျိုးများနှင့် စွန့်စားမှုများ ဘက်ညီမျှတစေရန်ဖြစ်ကြောင်း အခြားစာရေးသူများက တင်ပြအစီရင်ခံခဲ့ကြပါသည်။ ထို့ကြောင့် ပြီးပြည့်စုံသော အမျိုးသားရေးဆိုင်ရာ ICT မူဝါဒတွင် အရေးကြီးသော အချက်အလက်များစွာ ပါဝင်ပါမည်။ ဤအခန်းတွင် လူသားအရင်းအနှီးတည်ဆောက်ရေး၊ ICT လုပ်ငန်းတည်ထောင်ခြင်းနှင့် electronic အုပ်ချုပ်မှုပုံစံ ဟူသည့် အချက်သုံးခုကို ဆွေးနွေးတင်ပြထားပါသည်။

ဆွေးနွေးမှုမပြုမီ အရေးကြီးသည့် အသိပေးနှိုးဆော်ချက် **နှစ်ရပ်** ရှိပါသည်။

***ပထမအချက်မှာ*** အမျိုးသားရေးဆိုင်ရာ ICT မူဝါဒရေးဆွဲခြင်းသည် တစ်ကြိမ်တည်းနှင့် ဆောင်ရွက်၍ရသော လုပ်ဆောင်ချက်မဟုတ်ပါ။ အမျိုးသားရေးဆိုင်ရာ ICT ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် စီမံချက်ကို တစ်ကြိမ်တည်းဖြင့်မရေးဆွဲသင့်ပါ။ အောင်မြင်မှုပိုမိုရရှိနေသော နိုင်ငံများသည် ပြီးခဲ့သည့်စီမံကိန်းများက ချမှတ်ခဲ့သော အခြေခံအုတ်မြစ်ပေါ်တွင် စီမံကိန်းအသစ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အမျိုးသားရေးဆိုင်ရာ ICT မူဝါဒများကို အစီအစဥ်အလိုက် စဥ်ဆက်မပြတ် လုပ်ဆောင်ခဲ့ကြပါသည်။

ဥပမာအားဖြင့် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့အဆင့်အတန်းရှိ သတင်း ဖြန့်ဖြူးမှုအဆင့်များ ရရှိရေးရည်မှန်းချက်ဖြင့် အခြေခံသတင်းဖြန့်ဖြူးမှု တိုးမြှင့်ရေးစီမံကိန်း (၁၉၉၆-၂၀၀၀) ကိုစတင်ဆောင်ရွက်ခဲ့ပါသည်။ အသိပညာအခြေပြု လူ့အဖွဲ့အစည်းတည်ဆောက်ရေး ဟူသော ရည်မှန်းချက်ဖြင့် Cyber Korea -၂၁ (၁၉၉၉-၂၀၀၂)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ကမ္ဘာ့ဦးဆောင်နိုင်ငံ electronic ကိုရီးယားမျှော်မှန်းချက် ၂၀၀၇(၂၀၀၂-၂၀၀၇) ကို တတိယစီမံကိန်းအဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ လတ်တလော အမျိုးသားရေးဆိုင်ရာ စီမံကိန်းမှာ Broadband IT ကိုရီးယား မျှော်မှန်းချက် ၂၀၀၇ ဖြစ်ပြီး အနာဂတ်အတွက် နိုင်ငံ၏မျှော်မှန်းချက် အသေးစိတ်အစီအစဥ်များကို အောက်ပါအတိုင်း ရေးဆွဲ၍ အကောင်အထည်ဖော်နေပါသည်-

- electronic အစိုးရမှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်နှင့် ထင်သာမြင်သာရှိမှု ပိုမိုမြှင့်တင်ပေးရန်၊
- electronic လွှဲပြောင်းပေးမှုစနစ်များကို ကမ္ဘာလုံးဆိုင်ရာ ယှဥ်ပြိုင်နိုင်မှုစွမ်းရည် တိုးမြှင့်ဆောင်ရွက်ရန်၊
- ကြီးမားကျယ်ပြန့်သော ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု မောင်းနှင်အားအသစ်များ (နည်းလမ်းသစ်များ) ကို ရှာဖွေရန်၊
- Digital နည်းပညာသုံး အများကောင်းစားရေးနိုင်ငံ ဖြစ်ထွန်းလာစေရန်၊
- ကမ္ဘာလုံးဆိုင်ရာ ICT ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေရန်၊

***ဒုတိယအချက်အနေဖြင့်*** ဤအခန်းတွင် အမျိုးသားရေးဆိုင်ရာ သတင်းအချက်အလက် အခြေခံအဆောက်အအုံ (NII) ဖွံ့ဖြိုးတိုးတက်မှုအကြောင်းကို ထည့်သွင်းဆွေးနွေးသွားမည် မဟုတ်ပါ။ (NII) သည် အသံ၊ အချက်အလက်၊ အကြောင်းအရာ၊ ပုံရိပ်များသယ်ဆောင်ခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ သတင်းလိုအပ်ချက်များကို အပြန်အလှန် ဆက်သွယ်သောပုံစံဖြင့် ဖြည့်ဆည်းပေးခြင်းတွင် ဗီဒီယိုသတင်းအချက်အလက်များပေးခြင်းတို့ဖြစ်ပါသည်။ ၎င်းအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်းကိုလည်း အသိအမှတ်ပြု လက်ခံထားကြပါသည်။ နိုင်ငံများသည် ၎င်းတို့၏ ICTD မူဝါဒတွင် နိုင်ငံတော်သတင်းအချက်အလက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ သတင်းအချက်အလက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးသည် အမျိုးသားရေးဆိုင်ရာ ICTD မူဝါဒ၏ အခြားအချက်အလက်များကို လွှမ်းမိုးပါသည်။ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအပေါ် လွန်ကဲသော အလေးထားမှုကို ပြုပြင်ရန် တစ်စိတ်တစ်ဒေသအားထုတ်ရပါသည်။ နေရာနှင့်အချိန် ကန့်သတ်ချက်များကြောင့် ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ယခင်အခန်းတွင် ရှင်းပြခဲ့ပြီးဖြစ်ခြင်းကြောင့် ICT အမျိုးသားရေးဆိုင်ရာ မူဝါဒ၏ အခြားတူညီစွာ အရေးပါသည့် အချက်အလက်များဖြစ်သည့် စွမ်းရည်တည်ဆောက်ခြင်း၊ စီးပွားရေးအဆောက်အအုံ၏ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့် electronic အုပ်ချုပ်မှုပုံစံတို့ကို အစီအစဥ်တကျ အလေးပေး ဆွေးနွေးတင်ပြပါမည်။

## ၂.၁။ ICT စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု

သတင်းအချက်အလက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ကြသော အစိုးရများအနေဖြင့် Internet ချိတ်ဆက်မှုတစ်ခုတည်းသာ ရယူသုံးစွဲခြင်းကို ဆိုလိုခြင်းမဟုတ်ကြောင်း လျင်မြန်စွာသိရှိလာခဲ့ကြပါသည်။ လူ့ဘောင်အဖွဲ့အစည်းတစ်ခုအတွက် Internet ချိတ်ဆက်မှုများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရမည်ဆိုလျှင်သော်မှ ထိုအဖွဲ့အစည်းတွင် လူတိုင်းinternetကို မည်သို့အသုံးပြုရမည်ကို မသိကြလျှင် ထိုလူ့အဖွဲ့အစည်းအတွက်ထောက်ပံ့ထားသော Internet ချိတ်ဆက်ပေးသည့် နေရာများ သည် အချည်းအနှီးသာ ဖြစ်လိမ့်မည်။ Bridges အဖွဲ့အစည်းက -

> ပြည်သူ/သားများသည် ၎င်းတို့၏ နေထိုင်မှုဘဝ (သို့မဟုတ်) ၎င်းတို့၏အလုပ်တွင် ထိထိရောက်ရောက် အသုံးပြုရမည်ကို နားလည်သဘောမပေါက်လျှင် မည်သည့်နည်းပညာမျှ အသုံးမတည့်ပါ။ ၎င်းတို့သည် အဆိုပါနည်းပညာကို အသုံးပြုရန် လေ့ကျင့်သင်ကြားထားမှု မရှိခြင်းကြောင့်သော်လည်းကောင်း၊ အသုံးပြုရန် အခြေအနေ မပေးခြင်းကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ ICTအသုံးပြုမှုသည် လူတို့၏နေ့စဥ် လုပ်ငန်းဆောင်ရွက်မှုအပေါ် ကောင်းကျိုးသက်ရောက်မှုရှိကြောင်း ထင်ရှားမှသာ ICT ကို အသုံးပြုရန် တွန်းအားပေးမှုဖြစ်ပေါ်ပါမည်။ ပြည်သူ/သားများအနေဖြင့်လည်း နည်းပညာ စွမ်းရည်ကို နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ICTအသုံးပြုသူများကို ၎င်းတို့ကိုယ်တိုင် တီထွင်ဆန်းသစ်ခွင့်နှင့် တီထွင်ဖန်တီးမှုနည်းလမ်းများအရ နည်းပညာကိုအသုံးပြုခွင့် ပေးလာကြပါသည်။

ထို့ကြောင့် ICT စွမ်းရည်တည်ဆောက်ခြင်းဆိုရာ၌ နိုင်ငံတိုင်းအတွက် ဖွံ့ဖြိုးတိုးတက်မှုအတွက် ICT ၏ စွမ်းအားရယူရန် မူဝါဒရည်မှန်းချက်မှာ အရေးပါ ပါသည်။

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ (OECD) မှ စွမ်းရည်ဟူသည် ပြည်သူများ၊ အဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးသည် ၎င်းတို့၏ အရေးကိစ္စများကို အောင်အောင်မြင်မြင် စီမံခန့်ခွဲနိုင်သည့် စွမ်းရည်ဖြစ်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါသည်။ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုဟူသည် ပြည်သူများ၊ အဖွဲ့အစည်းများနှင့် လူ့အဖွဲ့အစည်းတစ်ခုလုံး ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခြင်း၊ စွမ်းအားတိုးလာခြင်း၊ ဖန်တီးဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ ပြင်ဆင်ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်း၏စွမ်းဆောင်ရည် ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်စဥ် ဖြစ်ပါသည်။ ဆက်လက်အလေးထားဆွေးနွေးမည့် အကြောင်းအရာအစီအစဥ်မှာ နိုင်ငံသားများ၏ ICT စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပါသည်။

ICT စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှုအတွက် policy ချမှတ်သူများ ရင်ဆိုင်ကြရသည့် လုပ်ငန်းနှစ်ရပ်ရှိပါသည်။ ပထမအချက်မှာ သတင်းနှင့်နည်းပညာခေတ်တွင် နိုင်ငံသားအားလုံး အခြေခံစွမ်းဆောင်ရည်ရရှိစေရန် ဆောင်ရွက်ရပါမည်။ ဒုတိယအချက်မှာ နိုင်ငံ၏ ICT ကဏ္ဍတွင် ICT ကျွမ်းကျင်မှု အရည်အသွေးတိုးတက်စေရန်နှင့် ယေဘုယျအားဖြင့် စီးပွားရေးအဆောက်အအုံသည် ယင်းအခြေအနေကို ကျယ်ကျယ်ပြန့်ပြန့်ချဲ့ထွင်ဆောင်ရွက်ရန် ဖြစ်ပါသည်။ ပညာရေးကဏ္ဍ ICT အကြောင်း ရှင်းလင်းဆွေးနွေးသည့်အခါ ပထမအချက်ကို ဆွေးနွေးပါမည်။ ဒုတိယအချက်ကို ICT စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှုဆွေးနွေးတင်ပြချက်တွင် ဆွေးနွေးပါမည်။

**ICT ပညာရေး**

သတင်းလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်တွင် အောင်မြင်မှုရရှိရေးသည် ကျွမ်းကျင်မှု အရည်အသွေးများရှိရန်လိုအပ်ပြီး ယင်းကျွမ်းကျင်မှု အရည်အသွေးများသည် စက်မှုလူ့ဘောင်အဖွဲ့အစည်းတွင် အသုံးဝင်သောကျွမ်းကျင်မှုအရည်အသွေးများနှင့် ကွဲပြားခြားနားပါသည်။ ယင်းကို သိရှိလာခြင်းကြောင့် နိုင်ငံအများစုသည် ၎င်းတို့၏ နိုင်ငံသားများအတွက် အခြေခံကျွမ်းကျင်မှုစွမ်းရည်များရှိလာစေရန် ပြောင်းလဲသတ်မှတ်ဆောင်ရွက်လာကြသည်။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် အမေရိကန်နိုင်ငံ အမျိုးသားရေး ဆိုင်ရာ ICT ပညာရေးမူဝါဒကောင်စီ ကျောင်းသားအားလုံးအတွက် အခြေခံ ICT ကျွမ်းကျင်မှုများ ပြဌာန်းသတ်မှတ်ရန်အတွက် အမျိုးသားရေးဆိုင်ရာ ICT တတ်မြောက်ရေးအစီအစဥ်ကို ဖွဲ့စည်းရန် ထောက်ခံခဲ့ပါသည်။ ဤစံသတ်မှတ်ချက်ကို ICT ပညာရေးအတွက် အမျိုးသားစံသတ်မှတ်ချက် ပထမခြေလှမ်းအဖြစ် တွေ့မြင်နိုင်ပါသည်။ အင်္ဂလန်နိုင်ငံသည်လည်း သက်ကြီးစာတတ်မြောက်မှုနှင့် စာတတ်မြောက်မှုစွမ်းရည်အတွက် လက်ရှိစံသတ်မှတ်ချက်များနှင့်ယှဥ်၍ ဘဝအတွက် ICT ကျွမ်းကျင်မှု အရည်အသွေး စံသတ်မှတ်ချက်များကို သတ်မှတ်ခဲ့ပါသည်။

သို့သော် အခြေခံ ICT စွမ်းရည်များသည်သာ သတင်းအချက်အလက် လူ့ဘောင်အဖွဲ့အစည်းတွင် လိုအပ်သောစွမ်းရည်များ မဟုတ်ကြပါ။ ပညာရှင်များကလည်း ၂၁ ရာစုစွမ်းရည်များဟု ခေါ်ဆိုသော တီထွင်ဖန်တီးမှု၊ ပြဿနာဖြေရှင်းမှုစွမ်းရည်၊ သတင်းအချက်အလက်ဆိုင်ရာ တတ်မြောက်ကျွမ်းကျင်မှု၊ ဆက်သွယ်မှု အရည်အသွေးနှင့် အခြားအဆင့်မြင့် စဥ်းစားတွေးခေါ်မှု အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်မှုကို တောင်းဆိုကြပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ပညာရေးစနစ်သည် ICT နှင့် ၂၁ ရာစုစွမ်းရည်များ နှစ်ရပ်စလုံး ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပါသည်။ ကမ္ဘာ့ဘဏ်၏ ပညာရေးကဏ္ဍ ICT အစီအမံများ ကွင်းဆင်းလေ့လာမှု၌ အောက်ပါအတိုင်းဖော်ပြထားပါသည်-

- ICT နည်းပညာများသည် တစ်မူထူးခြားသည့် ကောင်းကျိုးပြုရလဒ်များကို ဖန်တီးသည်ဟု သုံးစွဲသူ များက ယုံကြည်ကြပါသည်။
- ကျောင်းသင်ဘာသာရပ်အသီးသီး၌ ICT ကို ဘာသာရပ်ပေါ်မူတည်၍ အသုံးပြုမှု ကွာခြားပါသည်။
- ပညာရေး၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှု၏ ကောင်းကျိုးရလဒ်အား သက်သေမပြနိုင်သေးပါ။
- ပညာရေးတွင် ICT ကို သင်ကြားနည်းပညာနှင့် ဆက်စပ်သောအခါ ICT ၏ ကောင်းကျိုးသက်ရောက်မှုများ ပိုမိုများပြားလာပါသည်။
- Computer အထောက်အကူပြုသင်ကြားမှုကို အချို့နယ်ပယ်များတွင် အဖြေမှန်ရွေးချယ်မှု၊ စံသတ် မှတ်စစ်ဆေးမှု စသည့် ကျောင်းသား၏လုပ်ဆောင်နိုင်မှု တိုးတက်လာစေရန် အသုံးပြုကြပါသည်။
- ICT အသုံးပြုသည့် ရည်ရွယ်ချက်များ ရှင်းလင်းပြတ်သားမှုမရှိသောအခါ ICT သည် ထိရောက်မှု လျော့နည်းတတ်ပါသည်။
- သမားရိုးကျသင်ကြားနည်းနှင့် သင်ကြားနည်းသစ်များအကြား၊ သင်ကြားနည်းသစ်နှင့် စံသတ်မှတ်စစ်ဆေးနည်းများအကြားတို့တွင် အရေးကြီးသည့် အားပြိုင်မှုတစ်ရပ်ရှိပါသည်။

ကမ္ဘာ့ဘဏ်၏ တွေ့ရှိချက်များအရ ပညာရေးကဏ္ဍ၊ ICT စီမံကိန်းများသည် နည်းပညာကိုသာ အာရုံစိုက်ပြီး သင့်လျော်သည့် သင်ကြားနည်းပညာကို နောက်ခံပြုမထားသည့်အတွက် မအောင်မမြင် ဖြစ်နိုင်ပါသည်။ ပညာရေးကဏ္ဍ ICT အသုံးပြုမှုသည် စာသင်ကျောင်းများတွင် Internet ချိတ်ဆက်ပြီး Computer များထားရှိ ပေးခြင်းဟူသည့် လွယ်ကူရိုးစင်းသော လုပ်ငန်းမဟုတ်ပါ။ ရှင်းလင်းသည့် အခြားချဉ်းကပ်နည်းတစ်ခုမှာ စာသင်ကျောင်းများတွင် ICT သင်ကြားခြင်းအတွက် Computer များအသုံးပြုရန် ကန့်သတ်ထားခြင်းကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။ ပညာရေးတွင် ICT အသုံးပြုရန် မူဝါဒရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် မေးခွန်းများမှာ အောက်ဖော်ပြပါတို့ ဖြစ်ကြပါသည်-

- ပညာရေးကဏ္ဍတွင် ICT ကို စတင်ရန် သင့်တော်သည့် အသက်အပိုင်းအခြားမှာ အဘယ်နည်း။
- Digital နည်းပညာများနှင့် media ပေါင်းစုံအကြောင်းအရာများ၏ ကောင်းကျိုးကို ရယူရန် သင်ကြားမှုနည်းလမ်းကို မည်ကဲ့သို့ပြောင်းလဲနိုင်သနည်း။
- သင်္ချာ (သို့မဟုတ်) သိပ္ပံပညာရပ်သင်ကြားရာတွင် ICT ကို မည်ကဲ့သို့ အသုံးပြုနိုင်သနည်း။

ပညာရေးကဏ္ဍ ICT မဟာဗျူဟာကို စာသင်ကျောင်းများတွင် မည်ကဲ့သို့ အသုံးချမည်ကို သတိရရန် အရေးကြီးပါသည်။ ကျောင်းပြင်ပပညာရေးနှင့် အရွယ်ရောက်သူပညာရေးတို့တွင် ICT သည် ပညာရေးကဏ္ဍ အမျိုးသားရေးဆိုင်ရာ ICT မဟာဗျူဟာ၏ အစိတ်အပိုင်း ဖြစ်သင့်ပါသည်။ ဗြိတိန်နိုင်ငံသည် ပညာရေးကဏ္ဍ ICT အတွက် စိတ်ဝင်စားဖွယ်ကောင်းသော ချဉ်းကပ်နည်းကို အသုံးပြုလျက်ရှိပါသည်။

## ပုံ(၁) - ဗြိတိန်နိုင်ငံ၏ electronic မဟာဗျူဟာ - နည်းပညာတပ်ဆင်ပေးခြင်း သင်ယူမှုနှင့်ကလေးသူငယ်ဝန်ဆောင်မှုလုပ်ငန်းများအသွင်ပြောင်းလဲခြင်း

### ပညာရေးနှင့်ကျွမ်းကျင်မှုစွမ်းရည်ဌာန၏ electronic မဟာဗျူဟာ လွှမ်းခြုံရှုမြင်သုံးသပ်ချက်

**၂၁ရာစုစနစ်အတွက် ကျွန်ုပ်တို့၏ ရည်မှန်းချက်**

- ကိုယ်ပိုင်အမှတ်လက္ခဏာပြုလုပ်ထားခြင်းနှင့်ရွေးချယ်မှု
- ပြုပြင်ပြောင်းလဲမှုနှင့်လွတ်လပ်မှု
- ဝန်ဆောင်မှုများကိုလမ်းဖွင့်ပေးထားခြင်း
- ဝန်ထမ်းရေးရာဖွံ့ဖြိုးတိုးတက်မှု
- ပူးပေါင်းဆောင်ရွက်မှုများ

**ပြုပြင်ပြောင်းလဲမှု အတွက် ကျွန်ုပ်တို့၏ မဟာဗျူဟာများမှတစ်ဆင့်**

- ကလေးသူငယ်များ
- ဒုတိယအဆင့်
- ကျွမ်းကျင်မှုစွမ်းရည်များ
- ၁၆ ကျော်လွန်ပြီး
- အခြေခံအဆင့်
- ၁၄-၁၉
- HE

**ICT ပါဝင်မှုများလိုအပ်ပြီး electronic သင်ယူမှုမှ လုပ်ဆောင်နိုင် သည်များ**

- သင်ကြားမှု၊ သင်ယူမှုနှင့် ပံ့ပိုးမှုအသွင်ပြောင်းလဲခြင်း
- သက်ရောက်အစုအဖွဲ့နှင့် ချိတ်ဆက်ခြင်း
- ရရှိနိုင်သော ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုစနစ်ကို လမ်းဖွင့်ပေးထားခြင်း
- စွမ်းဆောင်ရည်နှင့်ထိရောက်မှု တိုးတက်လာခြင်း

**ကဏ္ဍအခြေပြုလုပ်ဆောင်ချက်များမှတစ်ဆင့်**

- စာသင်ကျောင်းများတွင် ICT မဟာဗျူဟာ
- ၁၆ ကျော်လွန်ပြီး electronic သင်ယူမှုမဟာဗျူဟာ
- HEFCE electronic သင်ယူမှုမဟာဗျူဟာ
- ကလေးတိုင်း၏ အရေးကိစ္စများ

**ဦးစားပေးစနစ်၏ လုပ်ဆောင်ချက်များကို ကျောထောက်နောက်ခံ ပြုထားခြင်း**

- နိုင်ငံသားအားလုံးအတွက် ပေါင်းစုထားသော online သတင်းအချက်အလက်ဝန်ဆောင်မှု
- ကလေးသူငယ်များနှင့် သင်ယူသူများအတွက် ပေါင်းစုထားသော online သင်ယူမှုနှင့် ပုဂ္ဂိုလ်ရေး အထောက်အပံ့
- ပုဂ္ဂိုလ်အလိုက် သင်ယူမှုလုပ်ဆောင်ချက်များအတွက် ပူးပေါင်းညှိနှိုင်းမှုနည်းလမ်း
- ICT ကဏ္ဍတွင် အဖွဲ့အစည်း၏စွမ်းရည်အတွက် ခေါင်းဆောင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်
- အသွင်ပြောင်းလဲမှုနှင့် ပြုပြင်ပြောင်းလဲမှုကို ပံ့ပိုးရန် အများနှင့်သက်ဆိုင်သော digital အခြေခံအဆောက်အအုံ

## ICT စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်မှု

အစိုးရများသည် ICT ကျွမ်းကျင်ပညာရှင်များအား အထောက်အကူဖြစ်စေမည့် အစီအစဉ်များကို ရေးဆွဲဖော်ထုတ်သင့်ပါသည်။ ၎င်းအစီအစဉ်တွင် စီးပွားရေးအဆောက်အအုံ၏ ICT ကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ဒေသတွင်းသာမက ပြင်ပ ICT လုပ်ငန်းစီမံချက်များကို စည်းရုံးဆွဲဆောင်ထားရှိရပါမည်။ နည်းပညာသစ် လက်ခံကျင့်သုံးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ရေရှည်မျှော်မှန်းချက်ဖြစ်သော ယှဉ်ပြိုင်အကျိုးကျေးဇူး တစ်ရပ်ကို ဖြစ်ပေါ်စေပါသည်။

အာရှပစိဖိတ်ဒေသတွင် ICT စွမ်းရည်လိုအပ်ချက် တိုးတက်လျက်ရှိနေပါသည်။ ICT ဖြည့်ဆည်းသည့် လုပ်ငန်းတွင် ကျွမ်းကျင်ပညာရှင်ဦးရေ စုစုပေါင်းလိုအပ်ချက်မှာ သိသိသာသာ မြင့်တက်လျက်ရှိပြီး ၂၀၁၀ ခုနှစ်တွင် ICT ကျွမ်းကျင်ပညာရှင် (၁၇) သန်းသို့ ရောက်ရှိလာမည်ဟု မျှော်မှန်းထားပါသည်။ ICT အသုံးပြုကဏ္ဍတွင် ကျွမ်းကျင်ပညာရှင်များလိုအပ်ချက်မှာ ပို၍မြန်ဆန်စွာမြင့်မားလာပြီး ၂၀၁၀ ခုနှစ်တွင် (၇၃) သန်းသို့ ရောက်ရှိလာမည် ဖြစ်ပါသည်။

သီးခြား ICT စွမ်းရည်များအနက် ၂၀၁၀ ခုနှစ်တွင် computerကမ္ဘာ (Computer World) က သတ်မှတ်ဖော်ထုတ်ထားသော အရေးကြီးသောစွမ်းရည်များ (HOT SKILLS) မှာ ဗိသုကာလုပ်ငန်းစီမံချက် ခေါင်းဆောင်မှု၊ စီးပွားရေးလုပ်ငန်းစဉ်ပြန်လည်ဖွဲ့စည်းတည်ဆောက်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ ရသုံးမှန်းခြေငွေစာရင်း ရေးဆွဲခြင်းနှင့် အစီအစဉ်ချခြင်း၊ တတိယလူအထောက်အပံ့ပေးစီမံခန့်ခွဲသူများ၊ စနစ်များကို သရုပ်ခွဲဆန်းစစ်မှု စနစ်ဒီဇိုင်းရေးဆွဲခြင်း၊ ကွန်ရက်ဒီဇိုင်းရေးဆွဲခြင်း၊ စနစ်အားစစ်ဆေးခြင်း၊ IT လုံခြုံမှု စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုနှင့် ပြတ်လတ်မှု၊ စီမံအုပ်ချုပ်မှုတို့ဖြစ်ကြပါသည်။ ပုံမှန်စွမ်းရည်များ COLD SKILLS များမှာ အစီအစဉ် ရေးဆွဲခြင်း၊ ပုံမှန်လုပ်ငန်းများအား နံပါတ်စဉ်ရေးထိုးခြင်း၊ စနစ်များအား စမ်းသပ်ခြင်း၊ အထောက်အပံ့နှင့် အကူအညီပေးရေးဌာနစိတ်ဖွဲ့စည်းခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဥပဒေကျွမ်းကျင်မှုတို့ ဖြစ်ကြပါသည်။

ဘွဲ့ရပညာတတ်များသည် အရေအတွက်နှင့် အရည်အသွေးနှစ်မျိုးစလုံးအရ ICT စွမ်းရည်ကို ပိုင်ဆိုင်သော်လည်း ICT ကျွမ်းကျင်ပညာရှင်လိုအပ်ချက်ကို မဖြည့်ဆည်းနိုင်သေးခြင်းကြောင့် နိုင်ငံတွင်းရှိ လက်ရှိ ICT လေ့ကျင့်ရေးအဖွဲ့အစည်းများကို ပြန်လည်သုံးသပ်ရပါမည်။

ICT ကျွမ်းကျင်မှုစွမ်းရည်များ၏ ရောင်းလိုအားနှင့် ဝယ်လိုအားကွာဟချက်ကို ကျဉ်းမြောင်းသွားစေရန် အကြံပြုထားသော လုပ်ဆောင်ချက်များရှိကြသည်။ ယင်းတို့မှာ-

- နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်မှ ICT ပညာရေးအတွက် သင်ရိုးညွှန်းတမ်းနှင့် သင်ကြားနည်းကို အဆက်မပြတ်ကြပ်မတ်စစ်ဆေးခြင်းဖြင့် ပညာရေး၏ အရည်အသွေးကို ထိန်းကျောင်း ကြပ်မတ်ဆောင်ရွက်သည့်လုပ်ငန်း၊
- ကျွမ်းကျင်မှုအရည်အသွေး သတ်မှတ်ချက်ပြည့်မီသူများအား ICT အောင်လက်မှတ်ချီးမြှင့်ပေးသည့် သင်တန်းကျောင်းများကို နိုင်ငံတော်အဆင့်နှင့် ဒေသတွင်းအဆင့်ထိ ထူထောင်ပေးခြင်း၊
- နားလည်မှုစွမ်းရည်အပါအဝင် အသုံးချ ICT အသိပညာနှင့် ကျွမ်းကျင်မှုစွမ်းရည်ရရှိစေရန် သင်တန်းများကို ဒီဇိုင်းရေးဆွဲတည်ဆောက်ရန် အစိုးရနှင့် ပညာရေးအဖွဲ့အစည်းများ၊ ICT လုပ်ငန်းများအကြား အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု။

တီတွင်ဆန်းသစ်သော လေ့ကျင့်သင်ကြားမှုနည်းလမ်းများလိုအပ်နေပြီး ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက်လည်း အသိအမှတ်ပြုရပါမည်။ အဝေးသင်ပညာရေး၊ အဝေးရောက် သင်တန်းများမှ တစ်ဆင့် ICT စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဥ်များ၊ Website မှ ကိုယ်တိုင်လေ့လာပညာသင်ယူရေး၊ electronic စနစ်ဖြင့် လေ့လာသင်ယူရေး စီမံခန့်ခွဲမှုစနစ်များ၊ လေ့လာသင်ယူရေးနှင့် အသိပညာမျှဝေဖလှယ်ရေး အသိုက်အဝန်းများသည် မဟာဗျူဟာ ရွေးချယ်ဖော်ထုတ်မှုများ ဖြစ်ကြပါသည်။

ဖွံ့ဖြိုးတိုးတက်မှု အစီအစဥ်တစ်ရပ်အနေဖြင့် ICT ကျွမ်းကျင်လုပ်သားဦးရေ တိုးပွားလာစေရန်လည်း အရေးကြီးပါသည်။ ၎င်းအစီအစဥ်ဖြင့် စီးပွားရေးအဆောက်အအုံ၏ ကဏ္ဍအသီးသီးတွင် အလုပ်လုပ်နေကြပြီး ICT ကဏ္ဍသို့ ရွှေ့ပြောင်းအလုပ်လုပ်လိုသူများအား ICT လေ့ကျင့်မှုပြုလုပ်ပေးရပါမည်။

စင်ကာပူနိုင်ငံ၏ ICT အထူးကျွမ်းကျင်သူ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဥ်သည် မူဝါဒချမှတ်သူများကို ၎င်းတို့၏ ကိုယ်ပိုင်စီမံကိန်းများပြုလုပ်ရာတွင် ထည့်သွင်းစဥ်းစားနိုင်သည့် ပုံစံတစ်ရပ်ကို ပံ့ပိုးပေးပါသည်။

**စင်ကာပူနိုင်ငံ၏ Infocomm လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဥ်**

သတင်းအချက်အလက်ဆက်သွယ်ရေးသည် လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်ကျော်မှစ၍ ပထဝီအနေအထားနှင့် ယဥ်ကျေးမှုဆိုင်ရာ အတားအဆီးများကို ဖြတ်သန်း၍ သတင်းအချက်အလက်နှင့် ဈေးကွက်များသို့ ကမ္ဘာလုံးဆိုင်ရာမြင်ကွင်းတစ်ရပ်အဖြစ် ထူးကဲစွာကူးပြောင်းရောက်ရှိလာပြီဖြစ်ပါသည်။ လူတို့၏ စဥ်းစားတွေးခေါ်မှုနှင့် လုပ်ဆောင်မှုနည်းလမ်းများကို တွန်းအားပေးနေသည့် အခြေခံကျသော ခေတ်ပြောင်းလဲမှု ဖြစ်ပါသည်။ ဤ digital နည်းပညာတော်လှန်ပြောင်းလဲမှုသည် သတင်းအချက်အလက် ဆက်သွယ်ရေးအရ တီထွင်ဆန်းသစ်သော စီးပွားရေးလုပ်ငန်းပုံစံများ တစ်ဟုန်ထိုးကြီးထွားမှု၌ အလားအလာကောင်းများကိုတွေ့ရပြီး Google၊ eBay နှင့် Skype ကဲ့သို့သော စီးပွားရေး၌ ခေတ်ရှေ့ပြေးသူမျိုးဆက်သစ်တစ်ရပ်အား မွေးထုတ်ပေးလျက်ရှိပါသည်။

သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာတိုးတက်မှု အရှိန်အဟုန်ကို ရှေ့သို့မျှော်မှန်းကြည့်လျှင် ယှဥ်ပြိုင်ခြင်းဖြင့် စွမ်းဆောင်ရည်ရှိသူများအတွက် ယှဥ်ပြိုင်ခြင်းမှကြီးမားသည့် တိုးတက်မှုအခွင့်အလမ်းများကို ရရှိနေစဥ်မှာပင် စီးပွားရေးအဆောက်အအုံများနှင့် ကုမ္ပဏီများအပေါ် ပြင်းထန်သည့် ယှဥ်ပြိုင်မှုဖိအားကို ဖန်တီးပေးနေမည်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံဖြစ်စေ၊ ကုမ္ပဏီတစ်ခုဖြစ်စေ ဤသို့ယှဥ်ပြိုင်ရာ၌အောင်မြင်သည်မအောင်မြင်သည်ကို သတင်းအချက်အလက် ဆက်သွယ်ရေးအား အကျိုးရှိစွာ အသုံးချနိုင်စွမ်းရှိသော ပင်ကိုယ်အရည်အသွေးရှိသည့် လူ့စွမ်းအားကို တည်ဆောက်၊ ဆွဲဆောင်၊ ထိန်းသိမ်းထားနိုင်စွမ်းဖြင့် သတ်မှတ်ပြဋ္ဌာန်းမည်ဖြစ်ပါသည်။

>>>

ဤကမ္ဘာ့မြင်ကွင်းနှင့်ယှဉ်၍ စင်ကာပူနိုင်ငံ၏ အနာဂတ်မျှော်မှန်းချက်မှာ သတင်းအချက်အလက်ဆက်သွယ်ရေး၌ ကျွမ်းကျင်နှံ့စပ်သည့် လုပ်သားအင်အားတစ်ရပ်နှင့် ကမ္ဘာ့အဆင့်ယှဉ်ပြိုင်မှုစွမ်းရည်ရှိသော သတင်းအချက်အလက်ဆက်သွယ်ရေး လူ့စွမ်းအားအရင်းအမြစ်တို့ကို အမျိုးသားရေးဆိုင်ရာ စီးပွားရေးယှဉ်ပြိုင်မှုစွမ်းရည်ရှိလာစေရန် ဖြစ်ပါသည်။

**ရည်ရွယ်ချက်များ**

ဤမျှော်မှန်းချက်သို့ ရောက်ရှိရန်၊ IDA သည် သတင်းအချက်အလက် ဆက်သွယ်ရေးဆိုင်ရာ အလုပ်အကိုင်အရေအတွက်အား ၂၀၁၅ ခုနှစ်၌ ၅၅, ၀၀၀မှ ၁၇၀, ၀၀၀ အထိ မြှင့်တင်ရန် ရည်မှန်းချက်ချမှတ်ထားပါသည်။

သတင်းအချက်အလက်ဆက်သွယ်ရေးလုပ်ငန်း၌ သတင်းအချက်အလက် ဆက်သွယ်ရေးနည်းလမ်းများကို အသုံးမပြုသည့် အလုပ်အကိုင်များ ၂၅,၀၀၀ ရှိပြီး ယင်းကို ၇၀,၀၀၀ အထိ ဖော်ထုတ်လုပ်ကိုင်နိုင်ရန် မျှော်မှန်းထားပါသည်။ စုစုပေါင်းအနေဖြင့် အလုပ်အကိုင်သစ်ပေါင်း ၈၀,၀၀၀ ခန့်ဖော်ထုတ်လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

**မဟာဗျူဟာတွန်းအားများ**

အနာဂတ်မျှော်မှန်းချက်အား နားလည်သဘောပေါက်ရန် မဟာဗျူဟာ တွန်းအားများကို အကြံပြုထားခြင်းဖြစ်ပါသည်-

- **အဓိကစီးပွားရေးကဏ္ဍများ၌ သတင်းအချက်အလက်ဆက်သွယ်ရေးဆိုင်ရာ စွမ်းရည်များ တည်ဆောက်မည်။**

  ဤနေရာ၌ စီးပွားရေးလုပ်ငန်း ဦးဆောင်သူများတွင် ၎င်းတို့၏အဖွဲ့အစည်းအတွက် သတင်းအချက်အလက်ဆက်သွယ်ရေး၏ မဟာဗျူဟာတန်ဖိုးအရ ယုံကြည်မှုကို ခိုင်မာလာစေရန် လိုအပ်ပါသည်။ အထွေထွေလုပ်သားအင်အားစုအတွင်း၌ သတင်းအချက်အလက်ဆက်သွယ်ရေး ကျွမ်းကျင်မှုအဆင့်အား မြှင့်တင်ရန်လည်း လိုအပ်ပါသည်။ ဤနည်းဖြင့် ၎င်းတို့သည်လည်း လုပ်ငန်း၏ ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်စေရန် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာကို အသုံးချနိုင်ပါသည်။

ဤမဟာဗျူဟာမြောက် တွန်းအားပေးအစီအစဉ်များကို စီးပွားရေးဦးဆောင်သူများနှင့် အထွေထွေ လုပ်သားအင်အားတို့တွင် ရည်မှန်းချက်ထား တည်ဆောက်ရခြင်းမှာ-

(က) ဆုံးဖြတ်ချက်ချသူများ (Decision Markers) ကြားတွင် နည်းပညာအား သဘောပေါက် နားလည်လွယ်သည့် သဘောထားတစ်ရပ် ဖွံ့ဖြိုးလာစေရန်

( ခ ) ပိုမိုထူးခြားဆန်းပြားသည့် သတင်းအချက်အလက်ဆိုင်ရာ၌ ကျွမ်းကျင်မှုရှိသည့် အထွေထွေ လုပ်သားအင်အားစုအဖြစ် ဖြည့်ဆည်းရန်ဖြစ်ပါသည်။

>>>

- **ကမ္ဘာ့အဆင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်သတင်းအချက်အလက်ဆက်သွယ်ရေးကျွမ်းကျင်သူများ မွေးထုတ်မည်။**

ဤနေရာတွင် ICT နည်းပညာကျွမ်းကျင်ပညာရှင်များအစုအဖွဲ့ကို တည်ဆောက်ရန်လိုအပ်ပါသည်။ ၎င်းတို့သည် အဆင့်မြင့်နည်းပညာများပိုင်ဆိုင်ကြပြီး စီးပွားရေးလုပ်ငန်းကို ကောင်းစွာတတ်ကျွမ်းနားလည်၍ အသိဉာဏ်ပညာဆိုင်ရာ ပိုင်ဆိုင်ခွင့်ကို ဖန်တီးရန် စွမ်းရည်ရှိသူများဖြစ်ကြပါသည်။

ဤမဟာဗျူဟာ ယုံကြည်မှုရည်မှန်းချက်ပါ အစီအစဉ်များကို သတင်းအချက်အလက်ဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်သူများတွင် ရည်မှန်းဆောင်ရွက်ပါသည်-

(က) မဟာဗျူဟာမြောက် နည်းပညာရှင်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) နည်းပညာရှင်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

- **သတင်းအချက်အလက်ဆက်သွယ်ရေးကဏ္ဍအတွက် ပင်ကိုယ်အရည်အသွေးရှိသူများကို တည်ဆောက်မည်။ ဆွဲဆောင်မည်။ တည်မြဲအောင်ထိန်းသိမ်းမည်။**

ICT လုပ်ငန်းတိုးတက်မှုကို ဖော်ဆောင်ရာတွင် သတင်းအချက်အလက် ဆက်သွယ်ရေးသည် ပင်ကိုယ်စွမ်းရည်ရှိသူများ ပါဝင်လာအောင် ဆွဲဆောင်ခြင်းကို အသေ အချာလုပ်ဆောင်ရန်လိုအပ်ပါသည်။ အနာဂတ်ခေါင်းဆောင်များ လုပ်သားအင်အားစုများ ဖြစ်လာမည့် လူငယ်လူရွယ်များကို ၎င်းတို့၏ နေ့စဉ်နေထိုင်မှု ဘဝအစိတ်အပိုင်း၌ နည်းပညာတီထွင်ဆန်းသစ်မှုပြုရန် စေ့ဆော်အားပေးသင့်ပါသည်။

ဤမဟာဗျူဟာမြောက် ဆွဲဆောင်မှုအစီအစဉ်များကို ကျောင်းသားများအား ဦးတည်၍

(က) ဉာဏ်ရည်ထက်မြက်သည့် ပြည်တွင်းပြည်ပကျောင်းသားများအား သတင်းအချက်အလက် ဆက်သွယ်ရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်၌ လုပ်ကိုင်စေရန်၊

(ခ) လူငယ်လူရွယ်များကြား၌ သတင်းအချက်အလက် ဆက်သွယ်ရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုများကို တတ်နိုင်သမျှ ဖော်ထုတ်လုပ်ကိုင်စေရန် ရည်ရွယ်ထားပါသည်။

အထက်ပါ မဟာဗျူဟာယုံကြည်မှုသုံးရပ်အပြင် digital နည်းပညာ ကွာဟချက် နည်းစေရန်အတွက် ဖြည့်ဆည်းဆောင်ရွက်မှုများကို လုပ်ဆောင်ပြီး သတင်းအချက်အလက် ဆက်သွယ်ရေးကို ညှိနှိုင်းပေးသည့်အရာအဖြစ် အားလုံးပါဝင်အသုံးပြုမည့် လူ့အဖွဲ့အစည်း တစ်ရပ်တည်ဆောက်ကာ သက်ကြီးရွယ်အိုများ၊ ဆင်းရဲချို့တဲ့သူများနှင့် မသန်မစွမ်းသူများအတွက် အကျိုးရှိအောင် သုံးစွဲခွင့်ရအောင် ဆောင်ရွက်ပါသည်။

၎င်းကို သတင်းအချက်အလက်ဆက်သွယ်ရေး၌ စိတ်ပါဝင်စားမှုမြှင့်တင်သည့် အစီအစဉ်မှတစ်ဆင့် ဆောင်ရွက်ပြီး နည်းပညာနားလည်သဘောပေါက်မှု နည်းပါးခြင်းအား နည်းပညာဖြင့်သာ လွယ်ကူသက်သာမှု ရရှိခံစားနိုင်ရန်၊ သတင်းအချက်အလက်ဆက်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများနှင့်ကိရိယာများကို ၎င်းတို့၏အလုပ်အကိုင်ရရှိနိုင်စွမ်းမြှင့်တင်မှု၌ အခွင့်အလမ်းနည်းပါးနေခြင်းကို အထောက်အကူဖြစ်စေရန်၊ ခေတ်ရေစီးကြောင်းနှင့်အတူ ပူးပေါင်းပါဝင်ရန်နှင့် ပိုမို လွတ်လပ်ပြီး ပြည့်စုံသည့်ဘဝဖြစ်လာစေရန် ဖြစ်ပါသည်။

**စဉ်းစားရန်မေးခွန်းများ**

၁။ ICT လုပ်ငန်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတွင် မူဝါဒများသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။

၂။ သတင်းအချက်အလက်ဆက်သွယ်ရေးအသိပညာဆိုင်ရာ လုပ်သားအင်အားစု ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ မိမိနိုင်ငံ၏ အဓိကရည်မှန်းချက်သည် မည်သည့်အရာများဖြစ်သင့်သည်ဟု ထင်မြင်ယူဆပါသနည်း။

**ဆောင်ရွက်ရမည့်အရာ**

စွမ်းရည်တည်ဆောက်မှု၌ ဦးစားပေးရမည့်အရာများ စကားရည်လုပွဲကျင်းပခြင်း

မိမိနိုင်ငံ၏ နိုင်ငံတော်အစိုးရ၏ ဦးစားပေးရမည့်အရာသည် အဘယ်နည်း။ ပညာရေး၌ ICT ပူးပေါင်းဆောင်ရွက်မှု (သို့မဟုတ်) သတင်းအချက်အလက်ဆက်သွယ်ရေး၌ အထူးကျွမ်းကျင်မှု စွမ်းရည်နှစ်ခုအနက် မည်သည့်အရာဖြစ်သင့်သည်ဟု ထင်သနည်း။

စကားရည်လုပွဲအား အဆင့်မသတ်မှတ်မီ နှစ်ဖက်လုံးမှ ငြင်းခုံကြသည့် အချက်အလက်များအား ရေးသားပြုစုပါ။

သင်တန်းသားများကို အုပ်စု (၂) စု ခွဲသင့်ပါသည်။ အုပ်စု (၁) ခုသည် ပညာရေးကဏ္ဍ ICT ကို အစိုးရအနေဖြင့် ဦးစားပေးသင့်သည်ဟု ငြင်းဆိုရမည်ဖြစ်ပြီး အခြားအုပ်စုမှာ ICT ကျွမ်းကျင်သူများ ဖွံ့ဖြိုးတိုးတက်ရေးဘက်မှ ကာကွယ်ငြင်းဆိုရမည် ဖြစ်ပါသည်။

## ၂.၂။ ICTလုပ်ငန်းတည်ထောင်ခြင်း

နိုင်ငံတစ်နိုင်ငံ၏ ICT လုပ်ငန်းသည် ၎င်းနိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍအဖြစ်လည်းကောင်း၊ ထုတ်လုပ်မှုစွမ်းအားကိုမောင်းနှင်သည့်အရာဖြစ်ပြီး စီးပွားရေးအဆောက်အအုံကြီးတစ်ခုလုံးအတွက် ဝန်ဆောင်မှု အရည်အသွေးအားတိုးတက်သည့်အရာအဖြစ်လည်းကောင်း၊ နှစ်ဖက်စလုံးတွင်အရေးကြီးပါသည်။ ယနေ့ ကမ္ဘာ့စီးပွားရေး၌ အစိုးရများသည် ICTကဏ္ဍ ထွန်းကားပြန့်ပွားလာစေရန်အတွက် မှန်ကန် သည့် ပတ်ဝန်းကျင်တစ်ရပ်အား အထောက်အကူပြုပေးရာ၌ လျင်မြန်ပြတ်သားစွာ ဆောင်ရွက်ရန်နှင့် အမျိုးသား စီးပွားရေးနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကိုမောင်းနှင်ရာ၌အစိုးရသည်အပြည့်အဝပါဝင်လှုပ်ရှားရန် လိုအပ်ပါသည်။

ICT လုပ်ငန်း တည်ဆောက်ခြင်းဆိုင်ရာ ဆွေးနွေးမှုကို ၃ပိုင်း ခွဲခြားနိုင်ပါသည်-

(၁) ICT ကုန်ထုတ်လုပ်မှု

(၂) ပြည်ပနှင့်ကမ္ဘာလုံးဆိုင်ရာ ICT Software ဖွံ့ဖြိုးတိုးတက်မှု

(၃) အားရဖွယ်ရာ ICT လုပ်ငန်းဖြစ်ရေးတို့ ပါဝင်ပါသည်။

## ICT ထုတ်လုပ်ခြင်း

ကမ္ဘာပေါ်တွင် ICT လုပ်ငန်းထူထောင်ခြင်း Hardware ဆိုင်ရာ ကုန်ထုတ်လုပ်မှုကဏ္ဍသည် ကျယ်ပြန့်လျင်မြန်စွာ ကြီးထွားလာနေသည့် ကုန်ထုတ်လုပ်ငန်းဖြစ်ပါသည်။ အာရှရှိ စက်မှုထွန်းသစ်စ နိုင်ငံများတွင် ICT လုပ်ငန်း၏ တိုးတက်မှု ပမာဏကြီးထွားလာမှုသည် ပိုမိုထူးကဲသည့်အရာပင် ဖြစ်ပါသည်။ ICT ကုန်ထုတ်လုပ်မှု၌ ထူးထူးခြားခြား ပါဝင်လှုပ်ရှားသူများ ဖြစ်လာသည့် ပထမဦးဆုံးနိုင်ငံများတွင် စင်ကာပူ၊ ထိုင်ဝမ်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး ၎င်း၏နောက်တွင် တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားတို့ လိုက်ပါလာပြီး များမကြာမီက အိန္ဒိယနိုင်ငံလည်း ပါဝင်လာပါသည်။ အာရှသည် ICT ကုန်ထုတ်လုပ်မှု၌ အဓိက ဒေသအဖြစ် ထင်ရှားစွာ ပေါ်ထွက်လာခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ကမ္ဘာ့ ICT ကုန်ထုတ်လုပ်မှု ဦးဆောင်နိုင်ငံအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာမှုသည် အဖိုးတန်လှသည့် မြင်ကွင်းဖြစ်ပါသည်။ အစိုးရ၏ ခိုင်မာသည့်မူဝါဒဆိုင်ရာပံ့ပိုးမှုသည် တရုတ်နိုင်ငံ၏ အောင်မြင်မှုတွင် အဓိကအရေးပါသည်ဟု ဖော်ပြထားသည်ကို ဂရုပြုမှတ်သားရပါသည်။

**အမျိုးသားရေးဆိုင်ရာ ICT လုပ်ငန်း မဟာဗျူဟာဖြစ်စဉ်ဖြစ်ရပ် လေ့လာဆန်းစစ်မှု ( ၁ )**
**တရုတ်နိုင်ငံ - ကမ္ဘာ့ ICT ထုတ်လုပ်မှု ဗဟိုချက်**

တရုတ်နိုင်ငံသည် ကမ္ဘာ့ ICT ထုတ်လုပ်မှုဗဟိုချက်အဖြစ် ထင်ရှားလာပြီ ဖြစ်ပါသည်။ Mobile ကိရိယာလုပ်ငန်းသည် Telecommunication လုပ်ငန်း၏ ထက်ဝက်ကျော်ပါဝင်လျက်ရှိပြီး Hardware လုပ်ငန်းသည် တရုတ် IT လုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းကျော်ရှိနေပါသည်။ တရုတ်ကုမ္ပဏီများသည် အမေရိကန်ရှိ ထိပ်တန်း IT ထုတ်လုပ်မှုကုမ္ပဏီများအတွက် စိုးရိမ်ရ သောခြိမ်းခြောက်မှုတစ်ရပ်အဖြစ် အရေးပါလျက်ရှိပါသည်။ အထူးသဖြင့် Lenovo Group Limitedသည် IBM ၏ Personal Computer(PC) လုပ်ငန်းကိုရရှိခဲ့ပြီး နောက်ပိုင်းတွင် ဖြစ်ပါသည်။ လက်ရှိကမ္ဘာ့ Personal Computer ဈေးကွက်တွင် Dell နှင့် Hewlett Packard ပြီးလျှင် Lenovo သည် တတိယအကြီးဆုံး ကုမ္ပဏီ ဖြစ်ပါသည်။

တရုတ်နိုင်ငံတွင် ဤထုတ်လုပ်မှုလုပ်ငန်းသည် အဓိကအားဖြင့် ပို့ကုန်တင်ပို့မှုကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး ခိုင်မာသောပို့ကုန် တင်ပို့မှုများနောက်ကွယ်တွင် ပြည်တွင်းဈေးကွက်၌ တရုတ် Telecommunication လုပ်ငန်းသည် လက်တွေ့တွင် ကျဆင်းနေပါသည်။ ICT ပို့ကုန်များသည် တရုတ်နိုင်ငံစုစုပေါင်း ပို့ကုန်၏ ၂၈.၅ ရာခိုင်နှုန်းကျော် ဖွဲ့စည်းပါဝင်လျက်ရှိပြီး တရုတ်နိုင်ငံအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင်အရေးပါလျက်ရှိပါသည်။ Computer နှင့် Telecommunication Hardwareသည် ICT ပို့ကုန်၏ ၇၉ ရာခိုင်နှုန်းရှိခဲ့ပါသည်။ Mobile ဖုန်းများသည် တရုတ် Telecommunication ပို့ကုန်၏ တစ်ခုတည်းသော အကြီးမားဆုံး အစိတ်အပိုင်း ဖြစ်ပါသည်။

တရုတ် IT Software ဈေးကွက်သည် ယခုတိုင် ဖွံ့ဖြိုးလျက်ရှိပါသည်။ သို့သော်လည်း ဈေးကွက်တွင် လုပ်ငန်း၏ ၉၀ ရာခိုင်နှုန်း ကျော်သည် မူပိုင်ခွင့် ထိပါးခံနေရပါသည်။

>>>

တရုတ် ICT လုပ်ငန်းတွင် စုစုပေါင်းပြည်တွင်းရင်းနှီးမြှုပ်နှံမှုသည် လုံလောက်ပါသည်။ တရုတ်နိုင်ငံအစိုးရသည် ပြည်တွင်းစုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၃၀ ရာခိုင်နှုန်းကျော် ပါဝင်ရင်းနှီးမြှုပ်နှံပါသည်။ ထုတ်လုပ်မှုလုပ်ငန်းသည် စုစုပေါင်းပြည်တွင်းရင်းနှီးမြှုပ်နှံမှု၏ ၂၁ ရာခိုင်နှုန်းကျော် ပါဝင်နေပါသည်။ ICTရင်းနှီးမြှုပ်နှံမှု၏၆၀ရာခိုင်နှုန်းနီးပါးသည် IT လုပ်ငန်းတွင်တည်ရှိပါသည်။ ၄င်းရင်းနှီးမြှုပ်နှံမှု၏၃၀ရာခိုင်နှုန်းခန့်ကို Softwareအဆင့်မြှင့်တင်ခြင်းအတွက် အသုံးပြုပါသည်။ Telecommunication လုပ်ငန်းသည် IT ကိရိယာ အစိတ်အပိုင်းများနှင့် စနစ်ပိုင်းတို့တွင် ကြီးမားသော ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် Mobile ဆက်သွယ်ရေးလုပ်ငန်း(Mobile Communications Segment)သည် ရင်းနှီးမြှုပ်နှံမှုများ၏ အကြီးမားဆုံးရာခိုင်နှုန်းကို လက်ခံရရှိပါသည်။

**ခိုင်မာသော အစိုးရမူဝါဒအထောက်အပံ့**

တရုတ်အစိုးရသည် တရုတ်နိုင်ငံအား ကမ္ဘာ့အကြီးဆုံး ICT ထုတ်ကုန်နှင့် ဝန်ဆောင်မှု ထုတ်လုပ်သူ ဖြစ်စေရန် မူဝါဒများကို အကောင်အထည်ဖော်ခဲ့ပါသည်။

အခွန်သက်သာခွင့်များပေးခြင်းနှင့် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် နိုင်ငံခြားပူးပေါင်းပါဝင်မှုကို ခွင့်ပြုခြင်းတို့သည် တရုတ်နိုင်ငံ၏ ICT လုပ်ငန်းအတွက် လုံလောက်သော အရင်းအနှီးရရှိစေရန် ဆွဲဆောင်နေပါသည်။ (၁၀)ကြိမ်မြောက် (၅)နှစ်စီမံကိန်း (၂၀၀၁-၂၀၀၅) သည် electronic ကုန်သွယ်မှု ဖြေရှင်းနည်းများနှင့် လုံခြုံရေး Software အစီအစဥ်များ (Security Software Packages) ဖွံ့ဖြိုးလာရေးအပေါ် ဦးတည်မှုနှင့်အတူ IT လုပ်ငန်းတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးထုတ်ကုန်သစ် တိုးတက်ဖွံ့ဖြိုးရေးတို့ကို အလေးပေးခဲ့ပါသည်။ (၁၁)ကြိမ်မြောက် (၅)နှစ်စီမံကိန်းသည် အခြေခံ Software၊ ပေါင်းစပ်စနစ်များ၊ အဓိက အသုံးပြုနေသော Software၊ တိုးတက်ဖွံ့ဖြိုးသော တွက်ချက်မှု (advanced computing) အစရှိသည့် နယ်ပယ်များတွင် နည်းပညာအောင်မြင် ထိုးဖောက်ကျော်လွှားမှုများနှင့် အလားတူ အနာဂတ်မျိုးဆက် အင်တာနက်စီမံကိန်းများ တည်ဆောက်ခြင်းတို့ကို အလေးထားဆောင်ရွက်ပါသည်။ advanced computing တွင် pet flop computer စနစ်များ၊ grid-based computing platforms နှင့် teraflop computer များကို စီးပွားဖြစ် ထုတ်လုပ်ခြင်းတို့ပါဝင်ပါသည်။

၂၀၀၁ ခုနှစ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးသို့ဝင်ရောက်ပြီးနောက် တရုတ် IT လုပ်ငန်းသည် လွတ်လပ်ကျယ်ပြန့်စွာ ဆောင်ရွက်လာသည့်အပြင် ယှဉ်ပြိုင်မှုဖြစ်တည်လာခဲ့ပါသည်။ Telecommunication လုပ်ငန်းတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို လမ်းဖွင့်ပေးခဲ့ပါသည်။

Telecommunication စည်းမျဉ်းများသည် ယင်းကို အသုံးပြုသူများ၏လုံခြုံမှုအတွက် ဈေးကွက်စံသတ်မှတ်ရန် ရည်ရွယ်ပါသည်။ နိုင်ငံခြားကုမ္ပဏီများအား တရုတ်ကုမ္ပဏီများနှင့် ဖက်စပ်၍ mobile နှင့် ပုံသေလိုင်း ဝန်ဆောင်မှုလုပ်ငန်းတွင် ရှယ်ယာ ၄၉ ရာခိုင်နှုန်း အထိ ပါဝင် ဆောင်ရွက်ရန်လည်းကောင်း၊ တန်ဘိုးမြင့် mobile ဝန်ဆောင်မှုလုပ်ငန်းတွင် ရှယ်ယာ ၅၀ ရာခိုင်နှုန်းအထိ ပါဝင်ရန်လည်းကောင်း တရုတ်အစိုးရမှ ခွင့်ပြုပေးပါသည်။ စည်းမျဉ်းလျှော့ချပေးခြင်းအားဖြင့် နိုင်ငံခြားကုမ္ပဏီများဈေးကွက်တွင်းသို့ ဝင်ရောက်ရန် ပို၍လွယ်ကူလာပြီး ယှဉ်ပြိုင်မှု တိုးပွားလာစေရန် မျှော်မှန်းဆောင်ရွက်ပါသည်။

ICT ကုန်သွယ်မှုတိုးမြှင့်ရန် တရုတ်အစိုးရသည် ICT လုပ်ငန်းတွင် ကုန်သွယ်ခွန်အားလုံး ကင်းလွတ်ခွင့်ပေးပြီး အဆင့်မြင့်နည်းပညာဆိုင်ရာ လွတ်လပ်သောကုန်သွယ်ရေးဇုန် ၅၀ ကျော်ကို တည်ထောင်ပေးခဲ့ပါသည်။ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်ရေးနယ်မြေကို ၂၀၁၀ ခုနှစ်တွင် လည်ပတ်ဆောင်ရွက်စေရန် မျှော်မှန်းထားသည့်အပြင် e - ASEAN သဘောတူညီချက်ကြောင့်လည်း အဖွဲ့ဝင်နိုင်ငံများအကြား သတင်းအချက်အလက်နှင့် နည်းပညာလွတ်လပ်စွာစီးဆင်းမှု ရှိလာစေဦးမည်သည်။

ပြည်တွင်း၌ ထုတ်လုပ်သည့် IT ထုတ်ကုန်များကို အစိုးရအဖွဲ့အစည်းများအားလုံး ဝယ်ယူခွင့်ရရှိစေရန်လည်း တရုတ်အစိုးရမှ ဥပဒေပြဋ္ဌာန်းထားပါသည်။ ICT နောက်ခံအဆောက်အအုံများတွင် ဆက်လက်၍ ထိထိရောက်ရောက် ရင်းနှီးမြှုပ်နှံရန် စီစဉ်ဆောင်ရွက်ပါသည်။ အစိုးရသည် အသိဉာဏ်ပညာပိုင်ဆိုင်ခွင့် မူဝါဒများကိုလည်း ပိုမိုတင်းကြပ်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အစိုးရအဖွဲ့အစည်း အသီးသီးအတွက် online တပ်ဆင် အသုံးပြုခြင်းအားဖြင့် e-governance ကဏ္ဍကို မြှင့်တင်လာပါသည်။ တရုတ်အစိုးရသည် စက်မှုကျွမ်းကျင်ပညာရေးတွင်လည်း ရင်းနှီးမြှုပ်နှံနေသည့်အပြင် စွမ်းရည်မြင့်ကျွမ်းကျင်လုပ်သားများ တိုးတက်များပြားလာစေရန် အဆင့်မြင့်ပညာရေးဗဟိုဌာနများကိုလည်း တည်ထောင်ပေးလျက် ရှိပါသည်။

**စဉ်းစားရန်မေးခွန်းများ**

၁။ တရုတ်နိုင်ငံကို ICT ထုတ်လုပ်မှုဗဟိုချက်တစ်ခုအဖြစ် ဖန်တီးရာတွင် အစိုးရ ပါဝင်စွက်ဖက်မှု၏ သဘောသဘာဝသည် အဘယ်နည်း။

၂။ တရုတ်နိုင်ငံ၏ ICT ထုတ်လုပ်မှုကဏ္ဍ ခိုင်မာအားကောင်းလာစေရန် တရုတ်အစိုးရ ခံယူကျင့်သုံးခဲ့သည့် မူဝါဒအစီအစဉ်များအား မိမိ၏နိုင်ငံတွင် မည်ကဲ့သို့ ကျင့်သုံးရန် ဖြစ်နိုင်ပါသနည်း။

## ပြည်ပတွင်လုပ်ငန်းတည်ထောင်ဆောင်ရွက်ခြင်းနှင့် ကမ္ဘာအနှံ့ Software ဖွံ့ဖြိုးလာမှု

ပြည်ပတွင် လုပ်ငန်းတည်ထောင်ဆောင်ရွက်ခြင်းသည် လုပ်ငန်းများအား ကုန်ကျစရိတ်ပို၍ သက်သာသော ပြည်ပလုပ်ငန်းဌာနများသို့ ရွှေ့ပြောင်းဆောင်ရွက်သည့် လုပ်ငန်းပုံစံဖြစ်ပါသည်။ သတင်းတော်လှန်ရေးလုပ်ခြင်း၊ အထူးသဖြင့် အချက်အလက်ကို နှုန်းမြန်ဖြင့် လွှဲပြောင်းပေးမှုစရိတ် လျင်မြန်စွာ လျော့နည်းလာခြင်းအားဖြင့် ဤလုပ်ငန်းစဉ်ကို အလျင်အမြန်လှုပ်ရှားဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ရှိ အလုပ်အကိုင် ၃.၃ သန်းနှင့် လုပ်ခတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၆ billion သည် တရုတ်၊ အိန္ဒိယနှင့် ရုရှားအစရှိသော နိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်နိုင်သည်ဟု Forrester သုတေသနလုပ်ငန်း (Forrester Research)မှ ခန့်မှန်းဖော်ပြထားပါသည်။

ပြည်ပသို့ လုပ်ငန်းအရင်းအမြစ်များ ပြောင်းရွှေ့လုပ်ကိုင်ခြင်းဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းတစ်ခုက ပြည်တွင်းတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်တစ်ရပ်ကို လုပ်ဆောင်ပေးရန် ပြည်ပကုမ္ပဏီတစ်ခုအား ငှားရမ်းဆောင်ရွက်ခြင်းဟု အဓိပ္ပါယ်ရပြီး ယင်းတွင် ကျယ်ပြန့်သော တိုးတက်မှုနယ်ပယ် (၃) ခု ရှိပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ထောက်ပံ့ပို့ဆောင်ရေး၊ အရင်းအမြစ်ဖြည့်ဆည်းခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊

(၂) Software ဖန်တီးခြင်းနှင့် computer ဌာနများအား စီမံခန့်ခွဲမှုပြုလုပ်ခြင်းအပါအဝင် IT ဝန်ဆောင်မှုလုပ်ငန်းများ၊

(၃) ပြည်ပသို့ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းစဉ်များ၊ (တယ်လီဖုန်းဌာနများ၊ ငွေကြေးလွှဲပြောင်းပေးမှုလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစရှိသဖြင့်)

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍသည် ပြည်ပသို့ အစောဆုံး ထွက်ခွာသည့် လုပ်ငန်းကဏ္ဍဖြစ်ပါသည်။ ၎င်းကဏ္ဍတွင် ပြည်ပသို့ ထွက်ခွါဆောင်ရွက်သည့် လုပ်ငန်းစဉ်များမှာ အောက်ပါတို့ဖြစ်ကြပါသည်-

- တန်ဖိုးကွင်းဆက်တိုးပွားစေသည့် ဘဏ္ဍာရေးနှင့် စာရင်းကိုင်လုပ်ငန်းများကို ကုမ္ပဏီများက ပြည်ပသို့ ထွက်ခွာဆောင်ရွက်လျက်ရှိနေပါသည်။ လွှဲပြောင်းရေးလုပ်ငန်းများကို ပြည်ပတွင် သွားရောက်ဆောင်ရွက်ခြင်းအား ပြည်ပအရင်းအမြစ် ရှာဖွေဆောင်ရွက်ခြင်းဆီသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြပါသည်။ ဥပမာအားဖြင့် ငွေရေးကြေးရေးစီမံကိန်းရေးဆွဲခြင်းနှင့် သရုပ်ခွဲဆန်းစစ်ခြင်းကဲ့သို့သော တန်ဖိုးမြှင့်ကဏ္ဍများ ဖြစ်ပါသည်။ အချို့သောကုမ္ပဏီများသည် စာရင်းဆိုင်ရာအမှားအယွင်းစစ်ဆေးခြင်းကို ပြည်ပလုပ်ငန်းရှင်များ(Outsourced providers)သို့ အမှန်တကယ် လွှဲအပ်ဆောင်ရွက်စေပါသည်။
- နေရာအကျယ်အဝန်း ပြီးပြည့်စုံမှုများကြောင့် ပထဝီဝင်အနေအထားသည် ပြောင်းလဲလျက်ရှိပါသည်။ အမေရိကန်ပြည်ထောင်စုရှိ ဘဏ္ဍာရေးနှင့် စာရင်းကိုင်အလုပ်၏ ပြည်ပထွက်ခွာဆောင်ရွက်ခြင်းသည် အိန္ဒိယကိုကျော်လွန်၍ အခြားသော လူသိထင်ရှားနေရာဒေသများသို့ ပြောင်းရွှေ့လျက်ရှိပေသည်။

- ပူးတွဲဆောင်ရွက်သည့်နည်းလမ်းများအား အသုံးပြုမှု လျင်မြန်စွာကြီးထွားဖွံ့ဖြိုးလျက်ရှိနေပေသည်။ အလိုအလျောက်အလုပ်လုပ်သောစက်ကိရိယာများနှင့် နည်းပညာအသုံးပြုခြင်းတွင် အသစ်ပူးတွဲ ဆောင်ရွက်မှုအား ပံ့ပိုးပေးခြင်း (Lotus Notes အသုံးပြုမှု၊ Web chatting နှင့် ဝယ်ယူသုံးစွဲသော အဖွဲ့အစည်းများနှင့် ရောင်းသူများအကြား ရှင်းလင်းမှန်ကန်သော အပြန်အလှန်ဆက်သွယ်မှုများ) ဖြစ်ပါသည်။ ယခုအခါ ၎င်းအဝေးထိန်းကွန်ယက်ချိတ်ဆက် နည်းလမ်းများ သက်ဝင်လှုပ်ရှားလာမှုနှင့်အတူ လက်အားနှင့် ရွှေ့လျားမှု အားပြုလုပ်ငန်းစဉ်များ အလှမ်းဝေးကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။
- ပြည်ပရင်းမြစ်လုပ်ငန်းရှင်များနှင့် ပြည်ပရင်းမြစ်လုပ်ငန်းအစီအစဉ် အရေအတွက်တိုးပွားလျက်ရှိနေပါသည်။ လုပ်ငန်းရှင်များသည် ၎င်းတို့ကိုယ်ကို ၎င်းတို့ တစ်နေရာတည်းတွင် ပစ္စည်းစုံရရှိနိုင်သည့် ဆိုင်များအဖြစ် သတ်မှတ်ကြသော်လည်း ကွာခြားချက်များ ယခုတိုင်တည်ရှိနေပါသည်။
- ဘဏ္ဍာရေးအမှုဆောင်အရာရှိများသည် စိတ်ပျက်ဖွယ်ကောင်းသော သင်ခန်းစာတစ်ရပ်ကို သင်ယူလျက်ရှိပါသည်။ လုပ်ငန်းဆောင်ရွက်ချက်တစ်ရပ် (သို့) လုပ်ငန်းစဉ်တစ်ရပ်ကို အပြည့်အစုံ ဖယ်ထုတ်နိုင်ခြင်းမရှိပါ။ ပြည်ပရင်းမြစ်လုပ်ငန်းရှင်နှင့် ကုမ္ပဏီတို့အကြား ဘက်ညီမျှတမှုရှိခြင်းသည် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာပါသည်။ ကုမ္ပဏီများသည် နောက်ခံအဆောက်အအုံများကို နောက်ထပ်တဖန် တည်ဆောက်လိုခြင်းမရှိလျှင် ပြည်တွင်း၌ အရည်အသွေး၊ ဝန်ဆောင်မှုနှင့် ကုန်ကျစရိတ်တို့ ရရှိစေရန် မည်မျှ လိုအပ်နေပါသနည်း။

ကမ္ဘာလုံးဆိုင်ရာ Software တည်ဆောက်မှု (Global Software Development-GSD) သည် ပြည်ပသို့ ထွက်ခွာဆောင်ရွက်သည့် လုပ်ငန်းအမျိုးအစားတစ်ခုဖြစ်ပါသည်။ GSD ကို "***ချက်ချင်းတစ်ပြိုင်တည်း အပြန်အလှန် ဆက်သွယ်မှုအပါအဝင် ချိတ်ဆက်မိစေသော စနစ်တစ်ခုအတွင်းတွင် နိုင်ငံအလိုက် နယ်နိမိတ်များကို ဖြတ်ကျော်ပြီး ပထဝီဝင်ရှုထောင့်မှ ခွဲခြားထားသော နေရာဒေသများ၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော Software အလုပ်*** " ဟု အဓိပ္ပါယ်သတ်မှတ်ပါသည်။ လက်ရှိကုမ္ပဏီ ၅၀၀ အနက် ၄၀ရာခိုင်နှုန်းသည် GSD ကို အသုံးပြုနေကြောင်း နိုင်ငံပေါင်း(၅၀)ကျော်သည် GSD တွင် ပူးပေါင်းပါဝင်လျက်ရှိကြောင်း Irish ကုမ္ပဏီ(Irish Software Industry)၏ ထုတ်ကုန် ၈၀ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိကြောင်း လေ့လာမှုများမှ ဖော်ထုတ်တင်ပြထားပါသည်။

ကမ္ဘာ့ Software စွမ်းစွမ်းတမံထုတ်လုပ်ပေးသော ဌာနတစ်ခု (a global software powerhouse) အဖြစ် အိန္ဒိယနိုင်ငံ၏ ကျော်ကြားလာမှုကို စဉ်းစားကြည့်ကြပါစို့။

## အမျိုးသားရေးဆိုင်ရာ ICT လုပ်ငန်း မဟာဗျူဟာ ဖြစ်စဉ်ဖြစ်ရပ်လေ့လာဆန်းစစ်မှု (၂) အိန္ဒိယ နိုင်ငံ - A Global Software Powerhouse

အိန္ဒိယနိုင်ငံမှ Software ပို့ကုန်တိုးတက်မှုသည် ပြီးခဲ့သည့်ဆယ်စုနှစ်တွင် နှစ်စဉ် ၅၁ ရာခိုင်နှုန်းကျော်ဖြင့် တိုးတက်လာခဲ့ပါသည်။ မူဝါဒချမှတ်သူများအနေဖြင့် ယင်းတိုးတက်မှုကို ကောင်းကျိုးပြု အခွင့်အလမ်းများအနက် တိုးတက်မှုမောင်းနှင်အား၊ အလုပ်အကိုင်နှင့် နိုင်ငံခြားငွေဖန်တီးပေးသော အရင်းအမြစ်အဖြစ် ရှုမြင်လာစေပါသည်။ အိန္ဒိယ Software လုပ်ငန်းသည် လျင်မြန်စွာ တိုးတက်ကြီးမားလာပြီး သိသာထင်ရှားသော နှုန်းများဖြင့် ပို့ကုန်တိုးချဲ့လာနိုင်ခဲ့ရာ ယခုအခါ ပြင်ပအရင်းအမြစ် Software လုပ်ငန်းများတွင် ကမ္ဘာ့ဈေးကွက်ခွဲတမ်းကို သိသိသာသာ ရရှိနေပြီဖြစ်ပါသည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင် နိုင်ငံစုံစီးပွားရေးလုပ်ငန်းကြီးများ တိုးတက်မြင့်မားလာမှုသည် အိန္ဒိယနိုင်ငံကို Software ပြင်ပ အရင်းအမြစ်များ၏ အခြေခံဖြစ်လာစေရန် အထောက်အကူပြု ပံ့ပိုးခဲ့ပါသည်။ ပြည်တွင်းစွန့်ဦးတီထွင်မှု၊ ပင်ကိုယ်စွမ်းရည်နှင့် သယံဇာတအရင်းအမြစ်များအရ အိန္ဒိယနိုင်ငံ၏ တိုးတက်မှုကို ကြီးမားစွာရရှိခဲ့ခြင်းဖြစ်ပါသည်။ လုပ်ငန်းအများအပြားသည် Software လုပ်ငန်းစုအတွင်းသို့ ဝင်ရောက်လုပ်ကိုင်ကြပြီး ၎င်းတို့၏စွမ်းရည်ကို တိုးတက်လာစေခဲ့ပါသည်။ ထုတ်လုပ်မှုအရည်အသွေးအရ အပြည်ပြည်ဆိုင်ရာအကောင်းဆုံးနည်းလမ်းများတွင် တာဝန်ယူဆောင်ရွက်နိုင်သည်မှာ အထင်အရှားဖြစ်ပြီး ပထဝီအနေအထားအရ ရောက်ရှိမှု နယ်ပယ်ကို တိုးချဲ့နိုင်ခဲ့သည့်အပြင် ထုတ်လုပ်သည့်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုအတိုင်းအတာများ၊ ထုတ်လုပ်မှုနယ်ပယ်များ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာခဲ့ပါသည်။ ကနဦးတွင် ဝယ်ယူသုံးစွဲသူဘက်ရှိ အလုပ်အကိုင်များကို ဆောင်ရွက်ပေးမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးသူအဖြစ်ဖြင့် စတင်ခဲ့သော်လည်း အိန္ဒိယနိုင်ငံ ပြည်တွင်းအခြေပြု ပို့ကုန်လုပ်ငန်း နယ်ပယ်ရှိ Software တည်ဆောက်မှုလုပ်ငန်းကို တိုး၍တိုး၍ ပါဝင်ဆောက်ရွက်လာကြပါသည်။ အဆင့်နိမ့်တန်ဖိုး ပေါင်းထည့် နံပါတ်စဉ်ပေးခြင်းနှင့် အစီအစဉ်ရေးသားပေးခြင်း လုပ်ငန်းများမှ အဆင့်မြင့်လုပ်ငန်းစဉ် အစ-အဆုံးအကြံပေးခြင်းနှင့် အစုလိုက် Software များ ထုတ်လုပ်ခြင်း လုပ်ငန်းများဆီသို့ ပြောင်းရွှေ့ဆောင်ရွက်လာကြပါသည်။

အမျိုးသားရေးအမြင်အရ Software သည် အိန္ဒိယနိုင်ငံ တိုင်းပြည်ထုတ်ကုန်၏ အစွန်းထွက်တန်ဖိုးပမာဏ (၂ ရာခိုင်နှုန်းနီးပါးခန့်)သာ ရှိခဲ့ရာမှ တိုင်းပြည်ထုတ်ကုန်၏ ၁၂ ရာခိုင်နှုန်းနီးပါး ပါဝင်လာခဲ့ပါသည်။ Software သည် အိန္ဒိယနိုင်ငံ ကုန်စည်နှင့် ဆောင်ရွက်မှုပို့ကုန်များ၏ ၈ ရာခိုင်နှုန်းနီးပါး ပါဝင်ပါသည်။ Software လုပ်ငန်းသည် နှစ်စဉ်အဆင့်မြင့်အရည်အချင်းမီ အင်ဂျင်နီယာဘွဲ့ရ ပညာတတ် သန်း (၆၀)မှ (၇၀)အတွက် အလုပ်အကိုင်များ ဖန်တီးပေးပါသည်။ IT သည် နောက်ခံရုံးလုပ်ငန်းဆောင်ရွက်မှုများ၊ တယ်လီဖုန်းခေါ်ဆိုမှုဌာနများနှင့် ဆေးကုသမှုမှတ်တမ်းများ စသည့်ဝန်ဆောင်မှုများကို ရရှိစေပြီး ၂၀၀၈ ခုနှစ် ခန့်မှန်းချက်များအရ အလုပ်အကိုင်တစ်သန်းကျော်ကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ဤအလုပ်အကိုင်များသည် ကျွမ်းကျင်မှု စွမ်းရည်နိမ့်၊ လွတ်လပ်သောသဘော သဘာဝနှင့် လုပ်ရိုးလုပ်စဉ်ဆောင်ရွက်ရသည့် သဘောသဘာဝရှိသော လုပ်ငန်းများဖြစ်ကြပါသည်။ လုပ်ခနှုန်းမြင့်မားလာခြင်းကြောင့် အိန္ဒိယမှ အခြားလုပ်ခဈေးပေါသောနေရာဒေသများသို့ ပြောင်းရွှေ့သွားမည်ဖြစ်ပါသည်။

>>>

>>>

Software လုပ်ငန်းသည် စွန့်ဦးတီထွင်မှုအတွက် ပြည်တွင်းအခြေခံတိုးချဲ့ခြင်းနှင့် နိုင်ငံတော်တွင် အသိပညာအခြေပြုလုပ်ငန်းများ ကျယ်ပြန့်မှုတစ္စာ ထုထောင်ခြင်းတို့ကို ပံ့ပိုးအထောက်အကူပြုခဲ့ပါသည်။ အိန္ဒိယနိုင်ငံတွင် Software လုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်မှုသည် ၁၉၉၀ ပြည့်လွန်နှစ်များ၌ ဦးနှောက်ယိုစီးမှုအခြေအနေရှိနေခဲ့ခြင်းကို ကျွမ်းကျင်ပညာရှင်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေမှုကို ဖန်တီးခြင်းအားဖြင့် ပြောင်းပြန်ပြောင်းလဲသွားစေရန် အထောက် အကူပြုခဲ့ပါသည်။

နိုင်ငံအတွက် ဤလုပ်ငန်းကို ဆွဲဆောင်ဖြစ်ပေါ်စေခဲ့သည့် အဓိကအရင်းအမြစ်မှာ ဆယ်စုနှစ်များစွာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံပေးခြင်းအားဖြင့် ရရှိလာသော လေ့ကျင့်ပြီးပုဂ္ဂိုလ်များ စုဖွဲ့လာခြင်းဖြစ်ပါသည်။

ထို့နောက် နိုင်ငံတော်အစိုးရသည် Software နည်းပညာဇုန်များတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ မြန်နှုန်းမြင့်အချက်အလက် ဆက်သွယ်ချိတ်ဆက်မှုများတွင် နစ်မြှုပ်ထောက်ပံ့မှုပေးခြင်းအားဖြင့် Softwareလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးခဲ့ပါသည်။ လုပ်ငန်းအစီအစဉ်များစွာကို အစိုးရမှ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ အလုပ်ခွဲခြားလုပ်ကိုင်မှုတွင် မိမိ၏နေရာခိုင်မြဲရေးအတွက် နိုင်ငံတော်မှရင်ဆိုင်နေရသည့် စိန်ခေါ်မှုတစ်ရပ်ကို တုံ့ပြန်ရင်ဆိုင်ရန် အစိုးရနှင့် Software လုပ်ငန်းတို့သည် အစီအစဉ်များစွာကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအစီအစဉ်များတွင်လေ့ကျင့်ပြီးလုပ်သားများ၏ ပေးပို့နိုင်မှုများပြားလာစေရန်နှင့် အခြားသောတိုးမြှင့်ရေးဆိုင်ရာ ထောက်ကူပံ့ပိုးမှုများ ပါဝင်ပါသည်။ Software လုပ်ငန်းများ ကိုယ်ပိုင်အရည်အချင်းရှိသူများရရှိရေး၊ မြှင့်တင်ရေးနှင့် ထိန်းသိမ်းထားရေးအတွက် မဟာဗျူဟာများကျင့်သုံး၍ ပေါ်ပေါက်လာသော စိန်ခေါ်မှုများကို တုံ့ပြန်ခဲ့ပါသည်။ အိန္ဒိယ Software လုပ်ငန်းစု၏ လုပ်ငန်းမဟာဗျူဟာအတွက် လူသားအရင်းအမြစ် စီမံခန့်ခွဲမှုသည် သော့ချက်ရှုထောင့်အမြင်တစ်ရပ် ဖြစ်လာလျက်ရှိကြောင်း အထောက်အထားမှာ သိသာရှင်းလင်းလှပါသည်။ ကုမ္ပဏီများသည်လည်း ပြင်ပထွက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဆီသို့ ပြောင်းလဲခြင်း၊ အင်အားကြီးသောလုပ်ငန်းများ၊ လုပ်ငန်းစဉ်အစ-အဆုံးအကြံပေးခြင်း၊ ကုန်ပစ္စည်းအမျိုးအစားများစွာ ထုတ်လုပ်ရောင်းချခြင်းနှင့် တန်ဖိုးသတ်မှတ်ခြင်း မဟာဗျူဟာများ ပေါ်တွင် အလေးပေးလုပ်ဆောင်ခြင်းဖြင့် တန်ဖိုးကွင်းဆက်ကို ပြောင်းလဲမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သော ဆယ်စုနှစ်ကျော်အတွင်းတွင် အိန္ဒိယ Software လုပ်ငန်းစု၏ လုပ်ငန်းစွမ်းဆောင်မှု ခိုင်မာအားကောင်းလာခဲ့သော်လည်း စီးပွားဖွံ့ဖြိုးစနိုင်ငံများ အထူးသဖြင့် တရုတ်၊ ဖိလစ်ပိုင်နှင့်အခြားနိုင်ငံများမှယှဉ်ပြိုင်မှုများကို အကြောင်းပြု၍မိမိကိုယ်တိုင်အားရကျေနပ်မှု မရရှိခဲ့ပါ။ အိန္ဒိယ Software လုပ်ငန်းများသည်လုပ်ငန်းရင့်ကျက်မှု၏ အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များကို ရောက်ရှိခြင်းပုံစံတွင် အသာစီးရနေစဉ်တွင် အမှတ်စဉ်သတ်မှတ်ပေးခြင်း၊ အခွန်အကောက် softwareနှင့် ITရရှိရေးလုပ်ငန်းများစသည့် အဆင့်နိမ့်တန်ဖိုးပေါင်းထည့်ခြင်းလုပ်ငန်းများတွင် ကာလတိုနှင့် ကာလလတ်အတွင်း ယှဉ်ပြိုင်မှုများ စတင်ရိုက်ခတ်ဖြစ်ပေါ်လာပါသည်။ အိန္ဒိယ software လုပ်ငန်းသည် ၎င်း၏ အားသာချက်များကို စုစည်းရန်လိုအပ်ပါသည်။

>>>

>>>

ယှဉ်ပြိုင်နိုင်စွမ်းရှိသူများသည် တန်ဖိုးကွင်းဆက်လုပ်ငန်းများဆီသို့ လျင်မြန်စွာ ပြောင်းလဲတိုးမြှင့်ရန် အသာစီးရမှု၏အခွင့်အရေးများကို ရယူပါသည်။ software ထုတ်ကုန်များ၏ ဦးဆောင်အရင်းအမြစ်အဖြစ် လုပ်ငန်းများကိုယ်တိုင် တည်ဆောက်ကြပါသည်။ သို့သော်လည်း ထုတ်ကုန်ဈေးကွက်တွင် ဝင်ပေါက်အတားအဆီးများ များပြားလွန်းပြီး အသစ်ဝင်ရောက်လာသူများအတွက် အခက်အခဲများကို ဖန်တီးပါသည်။ ဤအချက်အရ အောက်ဖော်ပြပါ အစီအမံများသည် အကျိုးဖြစ်ထွန်းနိုင်ပါသည်-

- သုတေသနနှင့်ဖွံ့ဖြိုးရေး နှင့် ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားခြင်း၊
- ကမ္ဘာအနှံ့ ရောင်းဝယ်ရေးလမ်းကြောင်းများနှင့် ကုန်အမှတ်တံဆိပ်များကို မဟာဗျူဟာမြောက်ရရှိခြင်း၊
- လုပ်ငန်းပိုင်းဆိုင်ရာ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပေါင်းစည်းခြင်း၊
- အစိုးရ၏တိုးမြှင့်ရေးအစီအမံများကို ဦးစားပေးဆောင်ရွက်ခြင်း၊

အိန္ဒိယအစိုးရသည် ၁၉၆၀ ပြည့်လွန်နှစ် နှောင်းပိုင်းမှအစပြု၍ လေ့ကျင့်ပြီးလူ့စွမ်းအားအရင်းအမြစ်များ၏ အဖွဲ့တစ်ခုကို ဖန်တီးထူထောင်ခြင်း၊ Computer အသုံးပြုခြင်းနှင့် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်းသုတေသနလုပ်ငန်းများတို့တွင် အဖွဲ့အစည်းဆိုင်ရာအခြေခံ အဆောက်အအုံများကို တည်ထောင်ပေးခြင်းအားဖြင့် software လုပ်ငန်းစု၏ အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ အစိုးရသည် software နည်းပညာဇုန်များတွင် အခြေခံအဆောက်အအုံဆိုင်ရာ ပံ့ပိုးမှုများစွာကို ထောက်ပံ့ပေးခြင်းအားဖြင့်လည်း ပံ့ပိုးကူညီပေးခဲ့ပါသည်။ ထို့ပြင် software ပို့ကုန်လုပ်ငန်းရှင်များသည် software ပို့ကုန်မှ အမြတ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်များကိုလည်း လက်ခံရရှိကြပါသည်။ သို့ရာတွင် အခွန်ဆွဲဆောင်မှုများ၏ အပ်စပ်မှုကို ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။ အိန္ဒိယနိုင်ငံက သဘာဝအရ နှိုင်းယှဉ်အကျိုး ကျေးဇူးရရှိသော (စရိတ်နည်းလူသားအရင်းအမြစ်များ)၊ ပို့ကုန်များသည် နှစ်စဉ် ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်၍ တိုးတက်ကြီးထွားလျက်ရှိသော၊ အမြတ်ရရှိမှုအတိုင်းအတာသည် ရငွေ၏ ၂၂ ရာခိုင်နှုန်း ရရှိလျက်ရှိသော software လုပ်ငန်းတွင် ဤအခွန်အခွင့်အရေးများသည် အကျိုးဖြစ်ထွန်းသော အခြေခံနှင့် ဆက်စပ်မှုမရှိကြောင်းတွေ့ရှိရပါသည်။

**စဉ်းစားရန်မေးခွန်းများ**

မိမိ၏နိုင်ငံတွင် software လုပ်ငန်းစုတည်ဆောက်ခြင်းအတွက် အိန္ဒိယပုံစံသည် မည်သို့ဆက်စပ်ပါသနည်း။ အိန္ဒိယဖြစ်စဉ်ဖြစ်ရပ်၏ မည်သည့်အောင်မြင်ရေးအင်အားစုသည် မိမိ၏ ကိုယ်ပိုင်ပုံစံ အတွက် ကိုယ်စားပြုနိုင်ပါသနည်း။ မည်သည့်အင်အားစုများသည် ကိုယ်စားမပြုပါသနည်း။ အောင်မြင်မှုအင်အားစုများကို လုပ်ဆောင်ရာတွင် မည်သည့်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် လိုအပ်ပါသနည်း။

## Digital ပါဝင်သောအကြောင်းအရာများဆိုင်ရာ ကုန်ထုတ်လုပ်ငန်း

Digital ပါဝင်သောအကြောင်းအရာများဆိုင်ရာ ကုန်ထုတ်လုပ်ငန်းသည် စီးပွားရေးလုပ်ဆောင်ချက်၏ ခေတ်သစ်တစ်ခုပင်ဖြစ်ပါသည်။ ၎င်းနည်းပညာသည် သမားရိုးကျနည်းပညာ၊ media နှင့်ဖျော်ဖြေမှု၊ software နှင့် Mediaစုံ၊ electronic hardware နှင့် ဆက်သွယ်ရေးလုပ်ငန်းများ၏ စုဆုံလာခြင်းအားဖြင့် ပေါ်ပေါက်လာခဲ့ပါသည်။ Digital ပါဝင်သောအကြောင်းအရာများဆိုင်ရာ ကုန်ထုတ်လုပ်ငန်းတွင် တီထွင်ဖန်တီးမှု၊ ဒီဇိုင်းပုံစံ၊ စီမံခန့်ခွဲမှုနှင့် digital ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၊ ဖြန့်ဖြူးမှုနှင့် ကျောထောက်နောက်ခံပြုထားသော နည်းပညာများ ပါဝင်ပါသည်။ သီးခြားကဏ္ဍများတွင် ရုပ်သံဆိုင်ရာ အထူးဖန်တီးချက်များနှင့် လှုပ်ရှားမှုပုံရိပ်များ (ရုပ်သံဆိုင်ရာသဘာဝကျမှုနှင့် သုံးဘက်မြင်ထုတ်ကုန်များ အပါအဝင်)၊ အပြန်အလှန်ဆက်သွယ်မှုရှိသော media စုံ (ဥပမာ-website၊ CD-ROMများ)၊ computerနှင့် online ကစားနည်းများ၊ ပညာရေးဆိုင်ရာ media ပေါင်းစုံ (electronic သင်ယူမှု) နှင့် digital ရုပ်ရှင် နှင့် ရုပ်မြင်သံကြားထုတ်လုပ်မှု၊ ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ထုတ်လုပ်မှုတို့ပါဝင်ပါသည်။

Digital ပါဝင်သောအကြောင်းအရာများဆိုင်ရာ ကုန်ထုတ်လုပ်ငန်းသည် ရှင်သန်တိုးတက်လျက်ရှိပါသည်။ ၂၀၀၁ ခုနှစ်တွင် computer ကစားနည်းများ၏ ဝင်ငွေသည် ရုပ်ရှင်လုပ်ငန်းလက်မှတ် ရောင်းရငွေထက် သာလွန်ခဲ့ပါသည်။ ၎င်းအပြင် ကမ္ဘာ့ဝင်ငွေများတွင် computer ကစားနည်းများ၏ဝင်ငွေသည် အသံသွင်းတေးဂီတလုပ်ငန်းစု၏ဝင်ငွေနှင့် နီးစပ်ပါသည်။ ICT အကြံပေးလုပ်ငန်းဖြစ်သည့် PricewaterhouseCoopers (PWC)သည် ၂၀၁၀ ခုနှစ် တွင် ကမ္ဘာတစ်ဝှမ်း၌ Game ဈေးကွက်အား အမေရိကန်ဒေါ်လာ ၄၆.၅ billion အထိ ကြီးထွားလာမည်ဟု ခန့်မှန်းထားပါသည်။ PWC စီမံကိန်းများသည် အာရှပစိဖိတ်ဒေသ၌ Game များအပေါ် စုစုပေါင်းငွေကြေးသုံးစွဲမှုအရ ၎င်း၏ ဦးဆောင်မှုအဆင့်အတန်းကို ထိန်းသိမ်းထားမည်ဖြစ်ပြီး ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉.၈ billion ဈေးကွက်ရရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၁၇.၄ billionသို့ တိုးပွားလာ မည်ဟု ခန့်မှန်းထားပါသည်။ ယင်းတွင် Broadband ရယူအသုံးပြုနိုင်မှု၊ computer ပညာရပ်တိုးတက်ထွန်းကားလာမှု၊ ပြည်တွင်းကစားနည်းဖွံ့ဖြိုးမှုနှင့် သုံးစွဲမှုကို တိုးမြှင့်ရန် အစိုးရ၏ငွေကြေးသုံးစွဲမှုတို့ ပါဝင်ပါသည်။

နည်းပညာတိုးတက်မှုနယ်ပယ်အနေဖြင့် အာရှကုမ္ပဏီများသည် ၎င်းတို့၏ digital mobileနည်းပညာ အပေါ်တွင်အလေးထားခဲ့ကြပါသည်။ ယင်းတွင် mobile သတင်းများ၊mobile သယ်ယူပို့ဆောင်ရေး သတင်း အချက်အလက်၊ mobile ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက် အလက်ဝန်ဆောင်မှုလုပ်ငန်းများ၊ mobile ကစားနည်းများ၊ mobile ဂီတ၊ မြည်သံအနိမ့်အမြင့်များနှင့် internet မှ အချက်အလက်ကူးယူခြင်း၊ အရွယ်ရောက် ပြီးသူများအတွက် mobile ဖျော်ဖြေရေးနှင့် mobile လမ်းညွှန်စာအုပ်များ ပါဝင်ပါသည်။

ကိုရီးယားသမ္မတနိုင်ငံနှင့် အိုင်ယာလန်နိုင်ငံတို့သည် digital နည်းပညာလုပ်ငန်းစု ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော နိုင်ငံများတွင် ပါဝင်လျက်ရှိနေပြီ ဖြစ်ပါသည်။

## အမျိုးသားရေးဆိုင်ရာ ICT ကုန်ထုတ်လုပ်ငန်း မဟာဗျူဟာ ဖြစ်စဥ်ဖြစ်ရပ်လေ့လာဆန်းစစ်မှု (၃)

## ကိုရီးယားသမ္မတနိုင်ငံ - တစ်ပိုင်းလျှပ်ကူးပစ္စည်းမှ Multi Media သို့

သမိုင်းအရကြည့်မည်ဆိုလျှင် ကိုရီးယားနိုင်ငံ၏ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်မှု လုပ်ငန်းစု၏ အကြီးမားဆုံးအင်အားသည် ပို့ကုန်အတွက် တိုးတက်ပြောင်းလဲလျက်ရှိသော DRAM ထုတ်လုပ်နိုင်စွမ်းဖြစ်ပါသည်။ ၁၉၈၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြရာမှ chaebol ဟုခေါ်သော ကိုရီးယားကုမ္ပဏီကြီးများဖြစ်ကြသည့် samsung ၊ hyundai နှင့် LG တို့သည် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ DRAM ဈေးကွက်ခွဲတမ်းအရ ပထမ၊ စတုတ္ထနှင့် သတ္တမအဆင့်နေရာ ရရှိခဲ့ကြပါသည်။ ဈေးကွက်ဦးဆောင် samsung ကုမ္ပဏီသည် ၎င်းရရှိသော အမြတ်ငွေ၏ ၉၀ရာခိုင်နှုန်းကို DRAMs မှ ရရှိခြင်းဖြစ်ပါသည်။ မှီခိုမှုအန္တရာယ်ကြီးသော အခြေအနေတစ်ရပ် ဖြစ်၍ ၁၉၉၆ ခုနှစ် DRAM ဈေးကွက်ကျဆင်းလာသောအခါ Samsung ၏အမြတ်ငွေသည် ၉၃.၄ရာခိုင်နှုန်း ကျဆင်းသွားခဲ့ပါသည်။ ၁၉၉၅ ခုနှစ်တွင် hyundai နှင့် LG တို့သည်လည်း ၎င်းတို့၏အမြတ်ငွေ ၉၀ ရာခိုင်နှုန်းနီးပါး ပြိုလဲကျဆင်းမှုကို ကြုံတွေ့ခဲ့ကြပါသည်။

မှတ်ဥာဏ်ပစ္စည်း(Memory Chip) ထုတ်လုပ်မှုတွင် "chaebol" များ၏ အောင်မြင်မှု သည် မှန်ကန်သောအချိန်တွင် လုပ်ငန်းစုအတွင်းသို့ ဝင်ရောက်ခဲ့ကြ၍ ရည်မှန်းသော (သို့မဟုတ်) ဆုံးဖြတ်ထားသော အောင်မြင်မှုအခြေအနေထက် သာလွန်ခဲ့ကြောင်း တွေ့မြင်ခဲ့ကြ ပါသည် (၁၉၈၆ ခုနှစ် အမေရိကန်-ဂျပန် တစ်ပိုင်းလျှပ်ကူးပစ္စည်း သဘောတူညီချက် သက်ဝင်ခဲ့ ပါသည်)။ အကြောင်းပြ ရှင်းလင်းချက်မှာ chaebolနှင့် ကိုရီးယားအစိုးရတို့အကြား ဆက်စပ်မှု နှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ဆန်းသစ်တီထွင်မှုလမ်းကြောင်း၏ ထူးခြားသော သဘော သဘာဝတို့ ဖြစ်ပါသည်။ ကုမ္ပဏီများသည် အခြားလုပ်ငန်းမှရရှိသော အမြတ်ငွေများကို DRAMs ဈေးကွက်တွင်းသို့ ဝင်ရောက်ရန်အတွက် ထောက်ပံ့သုံးစွဲကြပါသည် (ဥပမာအားဖြင့် Samsung ကုမ္ပဏီသည် ဆက်သွယ်ရေးကိရိယာများရောင်းချရသည့်ဝင်ငွေမှ ပြန်လည်သုံးစွဲပါသည်)။ ထို့အပြင် အစိုးရမှလည်း အရင်းအနှီးကို ထောက်ပံ့ပေးပါသည်။ ယင်းကို အပြန်အလှန် ထောက်ပံ့ခြင်း သဘောတရားအဖြစ် ရှုမြင်နိုင်ပါသည်။ ဈေးသက်သာသောအရင်းအနှီးအတွက် လဲလှယ်မှုပြုရာတွင် chaebol များသည် အဆင့်မြင့်ပို့ကုန်တင်ပို့သူများ ဖြစ်လာရန် ကတိပေး ခဲ့ကြပါသည်။ ကိုရီးယားနိုင်ငံ၏ အောင်မြင်မှုအဆင့်များတွင် နိုင်ငံ၏ စီးပွားရေးအလားအလာကို ရှင်းလင်းတိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ယင်းအလားအလာအတွက် အသုံးပြုသည့် နည်းလမ်းကို တီထွင်ဆန်းသစ်မှုပြုရာတွင် DRAMs သည် အသုံးချနည်းပညာတစ်ရပ်အဖြစ် ကိုရီးယား၏ အားသာချက်များ၌ ပါဝင်လျက်ရှိပါသည်။ အဓိကယှဥ်ပြိုင်ဘက်နိုင်ငံများမှာ အမေရိကန်နှင့် ဂျပန်တို့ဖြစ်ကြပြီး အမီလိုက်ရေး လမ်းကြောင်းကိုတိကျစွာ သတ်မှတ်ထားပါ သည်။ chaebol စီမံအုပ်ချုပ်မှုဟုခေါ်တွင်သော ပုံစံအတွက် နှစ်နိုင်ငံစလုံးသည် စံနမူနာပြ အဖြစ်ရှိနေပါသည်။chaebolပုံစံသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုကို အထိအခိုက်ခံပြီး အဓိကကုမ္ပဏီ ကြီးများကို ဦးစားပေးသောပုံစံဖြစ်ပါသည်။

>>>

>>>

Samsung ၊ Hyundai၊ LG နှင့် Daewoo အစရှိသည့် ထိပ်တန်း chaebol ကုမ္ပဏီကြီး (၄)ခုသည် ၎င်းတို့၏ အနာဂတ် electronic မဟာဗျူဟာ၏ အဓိကဦးတည်ချက်အဖြစ် media စုံလုပ်ငန်းကို ဦးစားပေးခဲ့ကြပါသည်။ သို့ရာတွင် media တီထွင်ဆန်းသစ်မှုလမ်းကြောင်းမှာ chaebol ကုမ္ပဏီများအကြား အလွန်ကွဲပြားကြပြီး ကျွမ်းကျင်မှုလည်း ခြားနားကြပါသည်။ အနုစိတ်ထုတ်လုပ်ခြင်းပေါ် အခြေပြုသော media လုပ်ငန်းသည် digital စုဆုံမှုလုပ်ငန်းစဉ်မှ ပေါ်ထွက်လာသော မသေချာမရေရာမှုများသည့် အသွင်လက္ခဏာဆောင်ပြီး ဆက်သွယ်ရေး၊ တွက်ချက်မှု၊ ဖျော်ဖြေမှုနှင့် ပုံနှိပ်ထုတ်ဝေမှု အစရှိသည့် ကဏ္ဍတစ်ခုချင်းစီမှ တန်ဖိုးကွင်းဆက် သွင်းအားစုများကို အသုံးချရပါသည်။ ကွန်ရက်ချိတ်ဆက်ထားသော media လုပ်ငန်းများကို အောက်ဖော်ပြပါအတိုင်း အဓိကအစိတ်အပိုင်းများ ခွဲခြားဖော်ပြနိုင်ပါသည်-

- တည်ရှိဆဲပုံစံများကို digital စနစ်ပြောင်းခြင်းအပါအဝင် ပါဝင်သည့်အရာ ဖန်တီးခြင်းနှင့် အစီအစဉ်အလိုက် ဆောင်ရွက်ခြင်း၊
- သယ်ယူပို့ဆောင်ခြင်းဆိုသည်မှာ ကွန်ရက်တည်ဆောက်ခြင်းနှင့် အခြေခံအဆောက်အအုံ ပြောင်းလဲခြင်း၊
- ရယူသုံးစွဲမှုဆိုသည်မှာ ဝှက်စာဖော်ခြင်း၊ ဝှက်စာပြုလုပ်ခြင်း၊ လစဉ်ကြေးပေးသွင်း၍ သုံးစွဲသူများအားစီမံခန့်ခွဲခြင်း၊ လစာငွေစာရင်းရေးဆွဲခြင်း၊
- အသုံးပြုသူ ကြားခံဆက်သွယ်ပေးခြင်းနှင့် အသုံးပြုခြင်း၊
- ဖြန့်ဖြူးမှုအခြေခံများ၊ ယင်းတွင် Set - top box ၊ digital ရုပ်မြင်သံကြား ၊ တစ်ဦးချင်းသုံး Computer ၊ Network Computer တို့ပါဝင်ပါသည်။

ကွန်ရက် mediaများသည် hardware နှင့် software အစိတ်အပိုင်းများ၏ ထိရောက်သော ပေါင်းစည်းမှုကို လိုအပ်ပါသည်။ ယင်းပေါင်းစည်းမှုတွင် programme ဆိုင်ရာပစ္စည်းနှင့် လုပ်ငန်းလုပ်ဆောင်သော software များသာမက ခြားနားသော computer အစီအစဉ်တို့ကို ပေါင်းကူးဆက်သွယ် ပေးသောစနစ်နှင့် အချက်အလက်ဆိုင်ရာ အစိတ်အပိုင်းများလည်း ပါဝင်ပါသည်။ ထုတ်ကုန်ပစ္စည်းသစ်များ ထွက်ပေါ်လာခြင်းကြောင့် မှတ်ဉာဏ်ပစ္စည်းများ၏ ဝယ်လိုအား လျော့နည်းသွားခြင်းမရှိသော်လည်း တန်ဖိုးထားမှုမှာမူ media အချက်ပြလုပ်ဆောင်သော chip များကဲ့သို့သော လုပ်ငန်းသုံးတိကျသော ပေါင်းစပ်လျှပ်ကူးပစ္စည်းများဆီသို့ပြောင်း ရွေ့လျက်ရှိပါသည်။ တီထွင်ဆန်းသစ်မှုသည် ထုတ်လုပ်မှုစွမ်းပကားအရထက် ဒီဇိုင်းအရ ဆောင်ရွက်ပါသည်။ DRAM ထုတ်လုပ်မှုအတွက် ကျွမ်းကျင်မှုကို နည်းပညာများဖော်ထုတ်ခြင်းဆီသို့ လှည့်ပြောင်း အသုံးပြုနိုင်ပါသည်။ ပါးလွှာသော ရုပ်ရှင် transistor ထုတ်လွှင့်မှုအတွက် မျှော်မှန်းထားသော ဝယ်လိုအား ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးတွင် ကိုရီးယားလုပ်ငန်းများသည် အရေးပါကြောင်း တွေ့မြင်နိုင်ပါသည်။ ထို့ပြင် ရုပ်မြင်သံကြား၊ VCR နှင့် CD အစရှိသည့် စံညွှန်းထားရှိသည့် လျှပ်စစ်ပစ္စည်းများတွင် ကိုရီးယားစက်မှုလုပ်ငန်းများ၏ အားသာချက်မှာ အစုံလိုက်သေတ္တာပုံးများ၊ ကွန်ရက် computerများနှင့် အခြားဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းသို့ အလွယ်တကူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြစ်ပေမည်။ software နှင့် ကွန်ရက်ဆိုင်ရာနည်း ပညာများ၏ အားနည်းချက်မှာကိုရီးယားနိုင်ငံကထားရှိသော တန်ဖိုးကွင်းဆက်မှန်ကန်အောင်လုပ်ဆောင်ခြင်း၊ ဖြန့်ဖြူးမှု အခြေခံ အစိတ်အပိုင်းကို ဆက်လက်ဆောင်ရွက်ခြင်း၊

>>>

>>>

ရည်မှန်းချက်များကို ဟန့်တားသည့်သဘောဆောင်နေခြင်းဖြစ်ပါသည်။ ဒေသတွင်းရှိ စရိတ်နည်းစက်မှုလုပ်ငန်းများ အထူးသဖြင့် တရုတ်နိုင်ငံမှ လုပ်ငန်းများနှင့် ယှဉ်ပြိုင်မှုအတွက် အင်အားနည်းမှုကို ဖြစ်စေပါသည်။

နိဂုံးချုပ်အားဖြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများကို အများအပြားထုတ်လုပ်မှုတွင် အောင်မြင်သောဦးဆောင်မှု တွန်းအားသည် ကိုရီးယားလုပ်ငန်းများ၏စွမ်းအားအတွက် အရေးပါပြီး အထောက်အကူပြုအစိုးရပတ်ဝန်းကျင်တစ်ရပ်အတွင်းတွင် နိုင်ငံ၏အနာဂတ်နည်းပညာ အလားအလာအတွက် အောင်မြင်မှုများရရှိလာစေခဲ့ပါသည်။ ၁၉၈၀ ပြည့်ကျော်နှစ်များမှ စတင်ခဲ့သော စီးပွားရေးစန်းပွင့်ချိန်ကာလအတွင်းတွင် အကျိုးအမြတ်များ ရရှိခဲ့ခြင်းသည် chaebol ကုမ္ပဏီကြီးများအား ကမ္ဘာ့လုပ်ငန်းကြီးများအဖြစ်သို့ နက်နက်ရှိုင်းရှိုင်း တည်ထောင်ဖြစ်ပေါ်လာစေရန် အထောက်အကူပြုခဲ့ပါသည်။ DRAM ဈေးကွက်တွင် ပြိုလဲမှုမဖြစ်ပေါ်မီ ထုတ်ကုန်သစ်များ နယ်ပယ်တွင် ယှဉ်ပြိုင်ရန် မဟာဗျူဟာများ ကျင့်သုံးဆောင်ရွက်ရန် လိုအပ်ချက်ရှိကြောင်း ကြိုတင်ခန့်မှန်းနိုင်ခဲ့ပါသည်။ Digital နည်းပညာဆုံဆည်းမှုလာမှုဖြစ်စဉ်တွင် အမီလိုက်ရသည့် လုပ်ငန်းစု၏သဘောသဘာဝအရ ပြောင်းရွှေ့ဆောင်ရွက်မှုလိုအပ်ကြောင်းသိရှိ သဘောပေါက်လာခဲ့ပါသည်။ လုပ်ငန်းများ၏ လက်ရှိအင်အားများသည် Hardware နှင့် Digital နည်းပညာဖြန့်ဖြူးမှုအခြေခံများအတွက် အစိတ်အပိုင်းများတွင် အဓိကတည်ရှိနေပြီး ယင်းအခြေအနေသည် အနာဂတ်ကာလတွင် အရေးပါသောဝင်ငွေ၏ အရင်းအမြစ်ဖြစ်ကြောင်း သက်သေထူနိုင်ပေမည်။ ၎င်းအပြင် လုပ်ငန်းများသည် Software နှင့် ဒီဇိုင်းတို့တွင် ယှဉ်ပြိုင်မှုစတင်ရန်လိုအပ်ကြောင်း အသိ အမှတ်ပြုကြပါသည်။

သို့ရာတွင် ဤနေရာ၌ ကိုရီးယားကုန်ထုတ်လုပ်ငန်း၏ အဆင့်မြင့်လုပ်ငန်းများတွင် စုစည်းနေသော ဖွဲ့စည်းမှုအသွင်သဏ္ဍာန် တီထွင်ဆန်းသစ်သော အသေးစားလုပ်ငန်းများနည်းပါးနေခြင်းတို့သည် အားနည်းချက်တစ်ရပ်ဖြစ်ပြီး အမေရိကန်နိုင်ငံရှိ ကိုရီးယားလုပ်ငန်းများ၏ အရွယ်အစားတိုးပွားလာစေပါသည်။ ယင်းလုပ်ငန်းများ မည်ကဲ့သို့ အောင်မြင်မည်ဆိုသည်မှာ အမီလိုက်ရေးဖြစ်စဉ်မှ ရရှိလာသော အတွေ့အကြုံများအပေါ် အခြေခံပြီး တီထွင်ဆန်းသစ်မှုလုပ်ငန်းကွန်ရက်ကို စီမံခန့်ခွဲခြင်းအားဖြင့်သာ ဖြစ်နိုင်ပါသည်။

>>>

**စဉ်းစားရန်မေးခွန်းများ**

ကိုရီးယား၏ ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံ၍ တစ်ပိုင်းလျှပ်ကူးကုန်ထုတ်လုပ်ငန်းနှင့်media ကုန်ထုတ်လုပ်ငန်းတို့တွင် အောင်မြင်မှုရရှိရေးအတွက် အခြေအနေများသည် မည်ကဲ့သို့ ကွဲပြားခြားနားကြပါသနည်း။ ခြားနားချက်များမှာ မည်သည်တို့ဖြစ်သနည်း။

**အမျိုးသားရေးဆိုင်ရာ ICT ကုန်ထုတ်လုပ်ငန်း မဟာဗျူဟာ ဖြစ်စဥ်ဖြစ်ရပ်လေ့လာဆန်းစစ်မှု(၄) Ireland နိုင်ငံတွင် digital ပါဝင်သော အကြောင်းအရာများဆိုင်ရာကုန်ထုတ်လုပ်ငန်း အတွက် မဟာဗျူဟာ**

Irelandနိုင်ငံအနေဖြင့် digital နည်းပညာလုပ်ငန်းစုတွင် တိုးတက်မှုမြင့်မားသော လုပ်ငန်းကဏ္ဍများစွာ တည်ရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။ ဤအခွင့်အလမ်းများ စွဲမြဲအောင်မြင်မှုသည် အရေးပါသောအင်အားစုများပေါ်တွင် တည်မှီနေပါသည်။ ယင်းအင်အားစုများမှာ-

- ဖွံ့ဖြိုးမှုလုပ်ငန်းဌာနများနှင့် အစိုးရတို့မှ ဦးတည်ရည်မှန်းဆောင်ရွက်သော ဖွံ့ဖြိုးတိုးတက်မှု
- အစိုးရအထောက်အပံ့ပေးသော လုပ်ငန်းစီမံကိန်းများနှင့် အစီအစဥ်များဖြင့် ကျွမ်းကျင်မှုအရည်အသွေးများနှင့် ဈေးကွက်တို့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပံ့ပိုးထောက်ကူပေးခြင်း
- ရှေ့သို့ဆက်လက်ဆောင်ရွက်ရန် ကျွမ်းကျင်မှုအရည်အသွေးများ လိုအပ်ချက်ရှိနေသော ဧရိယာနယ်ပယ်များတွင် ပညာရေးနှင့်လေ့ကျင့်ရေးအထောက်အကူများ တည်ထောင်ပေးမှု
- Ireland နိုင်ငံ၏ ဆက်သွယ်ရေးအခြေခံအဆောက်အအုံ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးကို အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေမှု
- Digital နည်းပညာလုပ်ငန်းများအတွက် ဘဏ္ဍာရေးနှင့်ရန်ပုံငွေအထောက်အပံ့များ ရရှိမှု
- Digital နည်းပညာ စီးပွားရေးလုပ်ငန်း အကြိုပြတ်ဝန်းကျင် အခြေအနေတစ်ရပ် အတွက် အဆက်မပြတ်ထောက်ပံ့မှု

**သီးသန့်အကြံပြုချက်များ**

***ဘဏ္ဍာရေးနှင့်ရန်ပုံငွေ***

- အကယ်၍ Digital လုပ်ငန်းများအား အထူးကျွမ်းကျင်သူများ၏ အသိပညာနှင့် အတွေ့အကြုံများရှိသော ထင်ရှားသည့် အပြည်ပြည်ဆိုင်ရာ ကြွယ်ဝသော ကုမ္ပဏီကြီးများ၏ ပံ့ပိုးခြင်းသည် Irelandအား ဆွဲဆောင်နိုင်မှု ရှိ/မရှိ ဆန်းစစ်ပါ။ (Enterprise Ireland၊ IDA Ireland)
- ၂၀၀၂ ခုနှစ်တွင် ဇီဝနည်းပညာကဏ္ဍအတွက် ထူထောင်ခဲ့သော ရန်ပုံငွေအဖွဲ့နှင့် အလားတူ digital နည်းပညာလုပ်ငန်းစုအတွက် အထူးစွန့်စားရသော အရင်းအနှီး ရန်ပုံငွေအဖွဲ့တစ်ရပ်ကို ထူထောင်ပါ။ (Enterprise Ireland၊ IDA Ireland၊ DETE)

>>>

>>>

***သုတေသနနှင့်ဖွံ့ဖြိုးမှု***

- Digital ပါဝင်သောအကြောင်းအရာဆိုင်ရာဖန်တီးမှုနှင့် ဒီဇိုင်းရေးဆွဲမှုတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးကျွမ်းကျင်သူများ မွေးထုတ်ရန် ဝိဇ္ဇာပညာရပ်နှင့် တီထွင်ဖန်တီးမှု ကောလိပ်များကို အထောက်အကူပြုသည့် စီမံကိန်းတစ်ရပ် အစပျိုးဆောင်ရွက်ပါ။ (Enterprise Ireland၊ IDA Ireland၊ DETE ၊ သိပ္ပံပညာ၊ နည်းပညာနှင့်တီထွင်ဆန်းသစ်မှုအတွက် Irish Council)
- ဖွံ့ဖြိုးမှုစီမံကိန်းများကို ပံ့ပိုးပေးရန် သုတေသန၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုရန်ပုံငွေ ရရှိရေးအတွက် စံသတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ပါ။

***ဥပဒေနှင့်စည်းမျဉ်းဆိုင်ရာပတ်ဝန်းကျင်***

- Digital ပါဝင်သောအကြောင်းအရာဆိုင်ရာ အသေးစားစီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းကို အားပေးမည့်ဈေးကွက်နှင့်ပညာပေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည်။ (Enterprise Ireland)
- လျှို့ဝှက်သတင်းအချက်အလက်ခိုးယူမှုနှင့် သက်ဆိုင်သည့်ဥပဒေတစ်ရပ်ကို ချမှတ်ကျင့်သုံးခြင်းဖြင့် digital နည်းပညာဆိုင်ရာ IP ကို အကာအကွယ်ပေးမည့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တိုးမြှင့်ဆောင်ရွက်ရမည်။ (တရားစီရင်ရေးဌာန)

***ဘဏ္ဍာရေးဆိုင်ရာပတ်ဝန်းကျင်***

- အခြားဥရောပနိုင်ငံများနှင့် ကိုက်ညီစေရန် Ireland ၏ ထပ်တိုးခွန်ကောက်ခံမှုနှုန်းကို လျှော့ချရပါမည်။ (ဘဏ္ဍာရေးဌာန၊ ရငွေကော်မရှင်အဖွဲ့)

***အခြေခံအဆောက်အအုံ***

- ထိရောက်သော အပြည်ပြည်ဆိုင်ရာလဲလှယ်မှုတစ်ရပ်ကို ထူထောင်ရာတွင် အဓိက ပူးပေါင်းပါဝင်မည့်သူများ အရေးပေါ်လိုအပ်နေပါသည်။ (ဆက်သွယ်ရေးကဏ္ဍလုပ်ဆောင်သူများ၊ လွတ်လပ်သောဝန်ဆောင်မှုထောက်ပံ့သူများ၊ IDA Ireland)

***ပညာရေးနှင့်ကျွမ်းကျင်မှုများ***

- ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ရည်မှန်းသော အဓိကကျသည့်နယ်ပယ်များတွင် ကျွမ်းကျင်မှုအရည်အသွေးများအတွက်ပေးနိုင်မှုနှင့် တောင်းဆိုမှုတို့ကို အသေးစိတ်စိစစ် စစ်ဆေးဖြည့်ဆည်းဆောင်ရွက်ခြင်း (အနာဂတ်ကျွမ်းကျင်မှုအရည်အသွေးများလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ကျွမ်းကျင်မှုပညာရှင်အဖွဲ့)
- အပြည်ပြည်ဆိုင်ရာ Digital ပါဝင်သောအကြောင်းအရာဆိုင်ရာ ကောလိပ်များနှင့် အပြည်ပြည်ဆိုင်ရာ ယှဉ်ပြိုင်မှုဝန်းကျင် အစီအစဉ်များတွင် ဦးဆောင်နေသော ကျောင်းသားများ လေ့လာသင်ယူနိုင်ရန် ပညာသင်ဆုငွေများထောက်ပံ့ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်း (တတိယအဆင့်ကဏ္ဍ၊ IDA Ireland ၊ Enterprise Ireland) >>>

>>>

***စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု***

- စီးပွားရေးလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် အလုပ်အကိုင်ရရှိရေးဌာနသည် Foras ၏ အထောက်အပံ့ကိုရယူ၍ သတ်မှတ်ထားသော အုပ်စုတစ်ခုသို့ သတ်မှတ်ထားသော ကုန်ပစ္စည်းတစ်ခုအား ရောင်းချနိုင်ရန် အခွင့်အလမ်းတစ်ခု ဖြစ်စေရေးအတွက် လုပ်ငန်းကဏ္ဍဆိုင်ရာ မဟာဗျူဟာများဖွံ့ဖြိုးတိုးတက်မှုကို လမ်းညွှန်ပေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် ကုန်ထုတ်လုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအစိုးရဌာနများပါဝင်သော Digital ပါဝင်သောအကြောင်းအရာဆိုင်ရာ ဦးဆောင်အဖွဲ့တစ်ခုကို ထူထောင်ရပါမည်။
- Digital နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုဗဟိုဌာနများနှင့် ထိရောက်သောချိတ်ဆက်မှုများ တည်ထောင်ရန် မဟာဗျူဟာများကိုလည်း ချမှတ်အကောင်အထည်ဖော်ရပါမည်။
- Ireland နှင့်နိုင်ငံတကာတို့ရှိစီးပွားရေးလုပ်ငန်းကြီးများကဏ္ဍအတွက် digital Media / ပါဝင်သောအကြောင်းအရာတို့၏ ဈေးကွက်အတွက်စွမ်းဆောင်နိုင်ရည်များနှင့် အကျိုးကျေးဇူးများကို ပြရုပ်အဖြစ်ရှိစေရန် Digital ဗဟိုဌာနကို တည်ဆောက်သင့်ပါသည်။ (Digital Media တည်ဆောက်မှု၊ Enterprise Ireland ၊ IDA Ireland)

***ပြည်သူ့ရေးရာကဏ္ဍစီမံကိန်းများ***

- Ireland တွင် သရုပ်ပြစီမံကိန်းများအဖြစ် ဆောင်ရွက်ရန်နှင့် Digital ပါဝင်မှု၏ အကျိုးတရားများအပေါ် စိတ်ဝင်စားမှု မြှင့်တင်ရန် Digital စာကြည့်တိုက်စီမံကိန်းများ ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူ့ရေးရာကဏ္ဍသည် Digital နည်းပညာနှင့် ဝန်ဆောင်မှု ဈေးကွက်ဖန်တီးရာတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်သင့်ပါသည်။ (အနုပညာ၊ အားကစားနှင့် ခရီးသွားကဏ္ဍဌာန)
- ရုပ်သံထုတ်လွှင့်ခြင်း၊ media နှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများတွင် လက်ရှိပါဝင်နေသော ကုမ္ပဏီများ အထူးသဖြင့် အစိုးရပိုင်ကုမ္ပဏီများကို digital ဖန်တီးခြင်း၊ စီမံခန့်ခွဲခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများသို့ရွှေ့လျားလာစေရန်တွန်းအားပေးပါ။ (ဆက်သွယ်ရေးဌာန)

**စဉ်းစားရန်မေးခွန်းများ**

Ireland Digital ပါဝင်သောအကြောင်းအရာဆိုင်ရာကုန်ထုတ်လုပ်ငန်း၏ အောင်မြင်မှုအတွက် အဓိကအင်အားစုများအား မိမိနိုင်ငံ၏ Digital ပါဝင်သောအကြောင်းအရာ ဆိုင်ရာ ကုန်ထုတ်လုပ်ငန်း၏ အောင်မြင်မှုအတွက် ထပ်တူအသုံးပြုပါမည်လား။ အဘယ်ကြောင့် အသုံးပြုမည်နည်း။ အဘယ်ကြောင့်အသုံးမပြုမည်နည်း။ ၎င်းအင်အားစုများအနက် မည်သည်တို့သည် မိမိနိုင်ငံတွင် အထူးအရေးပါသနည်း။

**ဆောင်ရွက်ရမည့်အရာ**

ICT လုပ်ငန်းကဏ္ဍများကို ဦးစားပေးဆောင်ရွက်ပါ။

မိမိနိုင်ငံ၏ အစိုးရတည်ဆောက်သင့်သည့် ICT လုပ်ငန်းကဏ္ဍ (၃) ခုကို ဦးစားပေးသတ်မှတ်ဖော်ပြပါ။(ထုတ်လုပ်ခြင်း၊ပြင်ပထွက်ခွာအလုပ်လုပ်ခြင်းနှင့်ပါဝင်သည့်လုပ်ငန်းစုစသည်တို့ဖြစ်ပါ သည်။)

မိမိဖော်ပြသောစာရင်းကို ညှိနှိုင်းပါ။

နိုင်ငံတစ်နိုင်ငံတည်းမှ တက်ရောက်သော သင်တန်းသားများသည် ဤလေ့ကျင့်ခန်းကို အဖွဲ့တစ်ခု အနေဖြင့် လုပ်ဆောင်နိုင်ပါသည်။

## ၂.၃ Electronic အုပ်ချုပ်မှုပုံစံ

Electronic အုပ်ချုပ်မှုပုံစံကို လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၏ မရှိမဖြစ် ဦးဆောင်လုပ်ငန်းဆောင်ရွက်ချက်တွင် ICT အသုံးပြုမှုဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ယင်းတွင် ညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်းနှင့် စည်းမျဉ်းသတ်မှတ်ခြင်းတို့ပါဝင်ပါသည်။ ပို၍တိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ electronic အုပ်ချုပ်မှုပုံစံဆိုသည်မှာ နယ်မြေဒေသအဆင့်/ နိုင်ငံတော်အဆင့်/ ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့်တို့တွင် စီမံအုပ်ချုပ်မှုနယ်ပယ် (ပြည်သူ့ဝန်ဆောင်လုပ်ငန်းများဆောင်ရွက်လုပ်ကိုင်မှု၊ အခြေခံမူပြဋ္ဌာန်းချက်၊ လုံခြုံမှု၊ အစိုးရအရာရှိများဆိုင်ရာ စွမ်းရည်တိုးတက်မှုနှင့် မူဝါဒရေးဆွဲချမှတ်မှုတို့ပါဝင်ပါသည်) နှင့် နိုင်ငံရေးနယ်ပယ် (လူ့အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်များချမှတ်မှု၊ တန်ဖိုးထားမှုတို့နှင့် ဆက်စပ်သောလုပ်ငန်း ဆောင်ရွက်ချက်များ အစုအဝေး) တို့တွင် ICT အသုံးပြုမှုဖြစ်ပါသည်။

အုပ်ချုပ်မှုနယ်ပယ်တွင် ICT အသုံးပြုရာတွင်အစဉ်သဖြင့် ပြည်သူ့ရေးရာမူဝါဒရေးဆွဲချမှတ်ခြင်းနှင့် တွဲလျက်ရှိသော အဖွဲ့အစည်းဆိုင်ရာ အပြန်အလှန် ဆောင်ရွက်ချက်များသာမက လူ့အဖွဲ့အစည်း၏ စိုးမိုးအုပ်ချုပ် မှုဆိုင်ရာ ဆက်စပ်မှုများတွင်ပါ အလေးပေးအသုံးပြုပါသည်။ Electronic အုပ်ချုပ်မှုပုံစံသည် ပြည်သူ့ဝန်ဆောင်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ရန် ICTကို အသုံးပြုခြင်းဟူသော ကျဉ်းမြောင်းသော အမြင်ကို အဝေးသို့ဖယ်ရှားပြီး ဆုံးဖြတ်ချက်ချမှတ်ရာတွင် နိုင်ငံသားများပါဝင်ရန် ICT ကို အသုံးပြုခြင်းဟူသော ကျယ်ပြန့်သောအမြင်ဆီသို့ ပြောင်းလဲအလေးပေးဆောင်ရွက်ရန်ဖြစ်ပါသည်။

သို့ရာတွင် ပြည်သူ့ကဏ္ဍလုပ်ငန်းအဖွဲ့အစည်းများ တိုးတက်ရန် ICTs ကို အသုံးပြုမှု (သို့မဟုတ်) electronic အစိုးရကိုကြည့်ရှုရန်သည် အရေးကြီးပါသေးသည်။ ICTD မူဝါဒရေးဆွဲချမှတ်သူများသည် electronic အစိုးရတွင် စိတ်ပါဝင်စားကြရပါမည်။ အဘယ်ကြောင့်ဆိုသော် အစိုးရ၏ ICT အသုံးစရိတ်များသည်နယ်မြေဒေသအတွင်းရှိICTလုပ်ငန်းစု၏ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံကိုသြဇာလွှမ်းမိုး နိုင်သောကြောင့်၊ ၎င်းအပြင် electronic အစိုးရသည် ကောင်းမွန်သောအုပ်ချုပ်ရေးကို ရရှိစေနိုင် သောကြောင့် ဖြစ်ပါသည်။

နိုင်ငံအများစုတွင် အစိုးရသည် ICT ကုန်စည်နှင့် ဆောင်ရွက်မှုများ၏ တစ်ဦးတည်းသော အကြီးဆုံး ဝယ်ယူအသုံးပြုသူ ဖြစ်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အစိုးရများသည် စုစုပေါင်းပြည်တွင်းထုတ်ကုန်၏ ၁ရာခိုင်နှုန်းမှ ၁.၅ရာခိုင်နှုန်းကို ပြည်သူ့ကဏ္ဍ IT စနစ်များအတွက် သုံးစွဲပါသည်။ ကမ္ဘာ့သုတေသနနှင့် အကြံပေးလုပ်ငန်း၏လေ့လာချက်အရ အနောက်ဥရောပအစိုးရအတွက် စုစုပေါင်း IT အသုံးစရိတ်သည် ၂၀၀၆ ခုနှစ်တွင် ဒေါ်လာ ၄၃ billion မှ ၂၀၁၁ ခုနှစ်တွင် ဒေါ်လာ ၅၆ billion သို့ တိုးတက်လာပေမည်။ IT ဝန်ဆောင်မှုများအတွက် အသုံးစရိတ်သည် အစိုးရ၏ IT အသုံးစရိတ်များတွင် အကြီးဆုံးခွဲတမ်းဖြစ်ပြီး Packaged Software သည် ပျမ်းမျှတိုးတက်မှုနှုန်း ၇ ရာခိုင်နှုန်းကျော်ဖြင့် အမြန်ဆုံးတိုးတက်လာပါသည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း အာရှ နှင့် ပစိဖိတ်ဒေသတွင် အစိုးရများသည် နှစ်စဉ်တိုးတက်မှုနှုန်း ၇.၉ ရာခိုင်နှုန်းဖြင့် IT ဝန်ဆောင်မှုများနှင့် ထုတ်ကုန်များအပေါ် အသုံးစရိတ်ကို တဖြည်းဖြည်း ဆက်လက် တိုးချဲ့လျက်ရှိပါသည်။ အသုံးစရိတ်အများစုသည် Hardware ပေါ်တွင် သုံးစွဲခြင်းဖြစ်ပြီး စုစုပေါင်းအသုံးစရိတ်တွင် Hardware ခွဲတမ်းသည် ၂၀၀၇ ခုနှစ်တွင် ၅၇.၅ ရာခိုင်နှုန်း မှ ၂၀၁၁ ခုနှစ်တွင် ၅၄ ရာခိုင်နှုန်းသို့ တဖြည်းဖြည်း ကျဆင်းလာပေမည်။ အခြားတစ်ဘက်တွင် software အပါအဝင် ဝန်ဆောင်မှုများအတွက် အသုံးစရိတ်သည် ဖော်ပြပါကာလအတွင်း တဖြည်းဖြည်းတိုးတက်လာသည်ဟု မျှော်မှန်းပါသည်။

## အခမဲ့နှင့် လွတ်လပ်စွာပြုပြင် သုံးစွဲနိုင်သော Software ရင်းမြစ်

အစပိုင်းတွင် အစိုးရများကို အခမဲ့နှင့် လွတ်လပ်စွာပြုပြင်သုံးစွဲနိုင်သော Software ရင်းမြစ် (FOSS) သို့ ဆွဲဆောင်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းကိုအသုံးပြုခြင်းအားဖြင့် Software ရယူမှုစရိတ်ကို လျှော့ချ နိုင်သောကြောင့် ဖြစ်ပါသည်။ သို့သော် FOSS သည် အခမဲ့ [ ငွေမချေရသော (သို့မဟုတ်) အာမခံကြေးအခမဲ့ ဖြစ်သော] Software သာမက အရင်းအမြစ်များကိုဖွင့်ထားပြီး ချဲ့ထွင် သုံးစွဲနိုင်သော၊ လွတ်လပ်စွာ ဖြန့်ဖြူးနိုင်သော Software ဖြစ်ပါသည်။ ထောက်ခံအားပေးသူများက ၎င်းသည်ပို၍ မြန်ဆန်ထိရောက်သော ပြန်လည်သုံးသပ်မှုနှင့် စမ်းသပ်စစ်ဆေးမှုကို ဖန်တီးပြီး ပို၍တည်ငြိမ်ကာ အဆင်ပြေသော Software တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောကြားကြပါသည်။ FOSS အကြောင်း သတင်း အချက်အလက် ပိုမိုရယူလိုပါက အာရှနှင့် APCICT ၏ ဘာသာရပ်-၄ အစိုးရအဆင့်မြင့်အရာရှိများအတွက် မရှိမဖြစ်လိုအပ်သော ICTပညာရပ်ကို ရည်ညွှန်းပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် FOSS ကို သဘောတူလက်ခံခြင်းဖြင့် မဟာဗျူဟာ စီးပွားရေး၊ လူမှုရေး အကျိုးကျေးဇူးများ ရရှိပါသည်။

**မဟာဗျူဟာအကျိုးကျေးဇူးများ**

- နယ်မြေဒေသဆိုင်ရာစွမ်းအား/ လုပ်ငန်းတည်ဆောက်ခြင်း
- သွင်းကုန်များလျှော့ချနိုင်ခြင်း/ နိုင်ငံခြားငွေထိန်းသိမ်းခြင်း
- အမျိုးသားရေးဆိုင်ရာ လုံခြုံမှုကို မြှင့်တင်ခြင်း
- မူပိုင်ခွင့်ချိုးဖောက်မှုများ လျှော့ကျစေခြင်း
- ဒေသအလိုက်ဖြစ်ထွန်းမှုများကို ရရှိခြင်း

**စီးပွားရေးအကျိုးကျေးဇူးများ**

- ယှဉ်ပြိုင်မှုများတိုးပွားလာစေခြင်း
- ပိုင်ဆိုင်မှု၏ စုစုပေါင်းကုန်ကျစရိတ် လျှော့ချနိုင်ခြင်း
- လုံခြုံမှုတိုးတက်ကောင်းမွန်လာစေခြင်း
- အခြေခံလူတန်းစားများအထိ လွတ်လပ်စွာ စွမ်းဆောင်နိုင်ခြင်း

**လူမှုရေးအကျိုးကျေးဇူးများ**

- သတင်းအချက်အလက်ရရှိမှု အခွင့်အလမ်း တိုးပွားလာစေခြင်း

အရှေ့တောင်အာရှဒေသတွင် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် FOSS နှင့် သက်ဆိုင်သော အစိုးရမူဝါဒများရှိကြပါသည်။ စင်ကာပူတွင် ကဏ္ဍအားလုံးအတွက် အစိုးရ၏ FOSS မူဝါဒမရှိပါ။ ထိုင်းအစိုးရသည် အစိုးရအဖွဲ့အစည်းများတွင် Linux အမည်ရှိ FOSS အသုံးပြုမှုကို အတည်ပြု ပေးပြီးဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင်လည်း FOSS မူဝါဒမရှိပါ။ ဤအာဆီယံနိုင်ငံအားလုံးသည် လေ့ကျင့် သင်ကြားရေး အစီအစဉ်များစွာနှင့် Software စီမံကိန်းများစွာရှိကြပြီး၊ ၎င်းတို့သည် FOSS ကို ပိုမို လက်ခံ ကျင့်သုံးရန် အထောက်အကူပြုသော ပတ်ဝန်းကျင်သစ်တစ်ရပ် ထူထောင်ရာတွင် အလွန်အရေးပါ ကြပါသည်။

မလေးရှားသည် စိတ်ဝင်စားဖွယ်ကောင်းသော လွတ်လပ်စွာ ပြုပြင်သုံးစွဲနိုင်သော Software ရင်းမြစ် (OSS) မူဝါဒပုံစံကို ဆောင်ရွက်နေပါသည်။

**မလေးရှားနိုင်ငံ၏ OSS ပင်မစီမံကိန်း**

မလေးရှားအစိုးရသည် လွတ်လပ်စွာပြုပြင်သုံးစွဲနိုင်သော Software ရင်းမြစ် (OSS) တည်ဆောက်မှုနှင့် အကောင်အထည်ဖော်မှုတို့ကို အားပေးရန်ဆုံးဖြတ်ခဲ့ပါသည်။ မလေးရှား စီမံအုပ်ချုပ်မှု ခေတ်မီတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုစီမံကိန်းယူနစ်အား ပြည်သူ့ရေးရာကဏ္ဍအတွက် ဤအစီအစဥ်ကို ဦးဆောင်ပေးခြင်းတာဝန်ကို အပ်နှင်းခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

- ပိုင်ဆိုင်မှု၏စုစုပေါင်းကုန်ကျစရိတ်ကိုလျှော့ချရန်
- Software အသုံးပြုမှု လွတ်လပ်စွာရွေးချယ်ခွင့် တိုးပွားလာစေရန်
- နည်းစနစ်များ အပြန်အလှန်ဆောင်ရွက်နိုင်စွမ်း တိုးပွားလာစေရန်
- ICTလုပ်ငန်းစု ပို၍ကြီးထွားတိုးတက်လာစေရန်
- OSS ကုန်ထုတ်လုပ်ငန်းကြီးထွား တိုးတက်လာစေရန်

>>>

**လမ်းညွှန်ချက်မူများ ပေးခြင်း**

- သင့်လျော်သော ရည်ရွယ်ချက်ထားရှိခြင်း
- လုပ်ငန်းတွင် အနှောက်အယှက်အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ခြင်း
- အခြားသော အမွေဆက်ခံခွင့်စနစ်နှင့်အတူ ယှဥ်တွဲတည်ရှိနိုင်ခြင်း
- လက်ရှိပံ့ပိုးမှုများ၊ Hardware၊ Software နှင့် ကျွမ်းကျင်ပညာရပ်နှင့်ပတ်သက်၍ အာမခံချက်ရှိစေခြင်း
- Hardware နှင့် Software လက်လီရောင်းချသူများကို တွန်းအားပေးခြင်း (သို့မဟုတ်) ထိန်းချုပ်ခြင်းမပြုခြင်း

**ပြည်သူ့ရေးရာကဏ္ဍ OSS ပင်မစီမံကိန်း**

- မဟာဗျူဟာလမ်းညွှန်ချက်နှင့် အခြေခံမူသတ်မှတ်ချက်များကို ချမှတ်ခြင်း
- စီမံကိန်းနှင့်လမ်းပြမြေပုံကို တည်ဆောက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း
- ပြည်သူ့ရေးရာကဏ္ဍတွင် OSS အကောင်အထည်ဖော်မှုကို အထောက်အကူပေးရန် လမ်းဖွင့်ထားသော အရင်းအမြစ် စွမ်းရည်ဗဟိုဌာနတစ်ခုထူထောင်ခြင်း
- မူဝါဒများ၊ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များကို ဖော်ထုတ်ချမှတ်ခြင်း
-

**မလေးရှားနိုင်ငံ၏ ပြည်သူ့ရေးရာကဏ္ဍ OSS အခြေခံမူ**

OSS အခြေခံမူသည် ပြည်သူ့ ရေးရာကဏ္ဍ လွတ်လပ်စွာ ဝင်ရောက်သုံးစွဲနိုင်သော အရင်းအမြစ် software အနာဂတ်မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ အောင်မြင်မှုရရှိရန် ပုံစံငယ်တစ်ခုအဖြစ် ဆောင်ရွက်ဖြည့်ဆည်းနေခြင်း

**ပြည်သူ့ရေးရာကဏ္ဍ ICT မျှော်မှန်းချက်**

ICT အသုံးပြုမှုမှတစ်ဆင့် ထိရောက်ပြီး အရည်အသွေးရှိသော ဝန်ဆောင်မှုများကို ဖြန့်ဖြူးရန်

**OSS မျှော်မှန်းချက်**

ပြည်သူ့ရေးရာကဏ္ဍ ICT အခြေခံမူအတွင်း OSS ကို အသုံးပြုပြီး တန်ဖိုးဖန်တီးခြင်းနှင့် တိုးမြှင့်ခြင်း၊ ထိရောက်သောလုံခြုံစိတ်ချရသော အရည်အသွေးမြင့်သောဝန်ဆောင်မှုများပေးခြင်း

>>>

>>>

**OSS ရည်ရွယ်ချက်များ**

- software အသုံးပြုမှုအတွက် ရွေးချယ်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်
- အပြန်အလှန်ဆောင်ရွက်နိုင်မှု တိုးပွားရရှိစေရန်
- software ထိန်းသိမ်းရန်နှင့် အထောက်အကူပေးရန်၊ စွမ်းရည်တိုးပွားစေရန်
- ပိုင်ဆိုင်မှု၏ စုစုပေါင်းကုန်ကျစရိတ်ကို လျှော့ချရန်
- ထုတ်လုပ်သူတို့၏ချုပ်ကိုင်မှုကို လျှော့ချရန်
- လုံခြုံမှုတိုးပွားလာစေရန်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုတည်မြဲစေရန်

**ဖြေရှင်းချက်နယ်ပယ်**

IT တန်ဖိုးကွင်းဆက်ကို ကျော်ဖြတ်၍ သက်သေပြထားပြီးဖြစ်သော၊ OSS ဖြေရှင်းချက်များကို ပြည်သူပိုင်ကဏ္ဍတွင် အကောင်အထည်ဖော်နိုင်ပါသည်။

**အကောင်အထည်ဖော်မှုအဆင့်များ**

ကာလတို၊ ကာလလတ်၊ ကာလရှည်အတွင်း ပြည်သူပိုင်ကဏ္ဍအတွက် OSS အကောင်အထည်ဖော်မှု လမ်းပြမြေပုံကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

**အသိပညာဘဏ်**

OSS အသိပညာနှင့် အတွေ့အကြုံများကို လုပ်ငန်းဌာနများအကြား ဖြန့်ဝေပေးခြင်းကို ပံ့ပိုးလုပ်ဆောင်ရမည်။

**ရရှိနိုင်သောပတ်ဝန်းကျင်**

လုပ်ငန်းအစိတ်အပိုင်းများသည် ပြည်သူပိုင်ကဏ္ဍ OSS အကောင်အထည်ဖော်မှု အောင်မြင်ရေးနှင့် ဆက်စပ်နေသော လုပ်ငန်းအစီအစဥ်များအပေါ် အကျိုးသက်ရောက်ပေမည်။

**စဥ်းစားရန်မေးခွန်းများ**

၁။ နိုင်ငံတစ်နိုင်ငံသည် OSS မူဝါဒ တစ်ရပ်ရှိသင့်ပါသလား။ ဘာကြောင့်ရှိသင့်ပါသလဲ။ ဘာကြောင့်မရှိသင့်ပါသလဲ။

၂။ မိမိနိုင်ငံ၏ OSS မူဝါဒမှာ အဘယ်နည်း။ ဤမူဝါဒ၏ အသုံးချနိုင်မှုနှင့် ထိရောက်မှုအတွက် မိမိ၏အကဲဖြတ်ချက်မှာ အဘယ်နည်း။

## အပြန်အလှန်ဆောင်ရွက်နိုင်ခြင်း

၂၀၀၈ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ electronic အစိုးရ ကွင်းဆင်းလေ့လာဆန်းစစ်ချက်တွင် ဒုတိယမျိုးဆက် electronic အစိုးရအစီအစဉ်များ၏ ထူးခြားသည့် အသွင်လက္ခဏာအဖြစ် "ဆက်စပ်မှုရှိသော အုပ်ချုပ်မှုပုံစံ"ကို ဖော်ပြထားပါသည်။ ဤအစီရင်ခံစာက "ဆက်စပ်မှုရှိသော အုပ်ချုပ်မှုပုံစံ" ဆိုသည်ကို လူ့ဘောင်အဖွဲ့အစည်း၏ အစိတ်အပိုင်းအားလုံးသည် တီထွင်ဖန်တီးမှုဆိုင်ရာ ကြိုးပမ်းအားထုတ်မှုများကို ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် အများပြည်သူသုံး ကုန်စည်ဖွံ့ဖြိုးတိုးတက်လာစေရန်အစိုးရ၏ တစ်စုတစ်စည်းတည်းပေါင်းစုထားသော လုပ်ဆောင်ချက်ဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ ဆက်စပ်မှုရှိသောအုပ်ချုပ်မှုပုံစံသည် အစိုးရဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ခြင်းသာမက နိုင်ငံသားများနှင့် တက်ကြွစွာထိရောက်သော အကြံပေးဆွေးနွေးမှုနှင့် ညှိနှိုင်းမှုပြုလုပ်ခြင်းအပြင် ဒေသအလိုက်၊ နိုင်ငံတကာအလိုက် ပါဝင်ပတ်သက်သူများမှပို၍ ပူးပေါင်းပါဝင်မှုတို့ကိုရည်ညွှန်းကြောင်း အစီရင်ခံစာမှ အလေးပေးဖော်ပြထားပါသည်။

စနစ်နှစ်မျိုး (သို့မဟုတ်) ပိုမိုများပြားသည့်စနစ်များနှင့် စနစ်အစိတ်အပိုင်းများ၏ သတင်းအချက်အလက်ဖလှယ်မှုနှင့် အသုံးပြုမှုစွမ်းရည် (သို့မဟုတ်) အပြန်အလှန်ဆောင်ရွက်နိုင်မှုကို ဖလှယ်ခဲ့ကြပါသည်။ ဤသို့ဆောင်ရွက်ခြင်းသည်ဆက်စပ်မှုရှိသောအုပ်ချုပ်မှုစနစ်ပင်ဖြစ်ပါသည်။ အပြန်အလှန် ဆောင်ရွက်နိုင်မှုမရှိပါက အစိုးရဌာနအဖွဲ့အစည်းများအကြား သတင်းဖလှယ်မှု ပိုမိုခက်ခဲမည်ဖြစ်ပြီး ပေါင်းစပ် ဆောင်ရွက်သော electronic အစိုးရလုပ်ငန်းတို့ကို တစ်ကြိမ်တည်းဖြင့် အများအယွင်းမရှိ ဝင်ရောက်သုံးစွဲရန် အလှမ်းဝေးနေဦးမည်ဖြစ်ပါသည်။

ဘရာဇီးနိုင်ငံသည် အပြန်အလှန်ဆောင်ရွက်နိုင်ခြင်းဖြင့် ဆက်စပ်မှုရှိသော အုပ်ချုပ်မှုပုံစံ၏ ရည်မှန်းချက်ပန်းတိုင်များကို မည်ကဲ့သို့ရရှိအောင်မြင်သည်ဟူသော စိတ်ဝင်စားဖွယ် ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို ဖန်တီးဆောင်ရွက်ပါသည်။

### ဘရာဇီးနိုင်ငံတွင် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ပြည်သူ့လုံခြုံရေးဆောင်ရွက်ခြင်း

ပြည်သူ့လုံခြုံရေးကဏ္ဍသည် e-PING က (ဘရာဇီးနိုင်ငံ၏ အစိုးရအပြန်အလှန်ဆောင်ရွက်နိုင်ခြင်း အခြေခံမူအရ) အကြံပြုထောက်ခံခဲ့သော စည်းမျဉ်းများနှင့် ဆုံးဖြတ်ချက်များကို ပထမဦးဆုံး လက်တွေ့ဆောင်ရွက်ခဲ့ပါသည်။ ဤစီမံကိန်းကို တရားရေးဝန်ကြီးဌာန၏ တရားစီရင်ရေးဆိုင်ရာနှင့် ပြည်သူ့လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက်များ "Nosegay" နှင့် ပေါင်းစည်းခြင်းအတွက် အမျိုးသားရေးဆိုင်ရာစနစ်ဟုခေါ်ဆိုပါသည်။ "Nosegay" သည် ဘရာဇီးပြည်နယ်များ၏ ပြည်သူ့လုံခြုံရေး စနစ်များကို ပေါင်းစပ်ထားပါသည်။ ဤစနစ်သည် ဝန်ထမ်း၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များနှင့် ကြီးကြပ်စစ်ဆေးသူများ၏ ကိုယ်စားလှယ်များကို မော်တော်ယာဉ်များနှင့် ဖမ်းဆီးဝရမ်းထုတ်ထားသော လူပုဂ္ဂိုလ်များ၏ မှတ်ပုံတင်များကို အချိန်မှန်ရရှိစေရန် စွမ်းဆောင်ပေးပါသည်။

>>>

>>> ပြည်နယ်များ၏ ပြည်သူ့လုံခြုံရေးစနစ်များကို ပေါင်းစပ်လိုက်ခြင်းအားဖြင့် ယခုလက်ရှိတွင် ပါရာနာမြို့မှ ထွက်ပြေးလာသည့် ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖော်ထုတ်နိုင်ခဲ့ရှိပါသည်။ ထိုသူသည် ရီချိစ်မြို့ ရဲစခန်းတစ်ခုမှ ယာဥ်တိုက်မှုကျူးလွန်ကြောင်း မသင်္ကာဖြစ်နေသည့်သူဖြစ်ပါသည်။ "Nosegay" သည် အမျိုးသားရေးဆိုင်ရာ မော်တော်ယာဥ်မှတ်ပုံတင်ဌာန (Renavam)၊ အမျိုးသားရေးဆိုင်ရာ ယာဥ်မောင်းလိုင်စင်မှတ်ပုံတင်ဌာန (Renach)၊ လက်နက်မှတ်ပုံတင်ရေးစနစ် (Sinarm) နှင့် ပြစ်မှုကျူးလွန်သူဟု သက်သေအထောက်အထားရှိသော လူပုဂ္ဂိုလ်များစာရင်းစသည့် အချက်အလက်များနှင့် ပြည်သူ့လုံခြုံရေးစနစ် အချက်အလက်ကြား အပြန်အလှန်မှီငြမ်းခြင်းကို ဆောင်ရွက်ပေးပါသည်။ ပြည်သူ့လုံခြုံရေးနှင့် ပြစ်မှုစီရင်ရေးစာရင်းဌာနတို့၏ အမျိုးသားရေး ဆိုင်ရာကွန်ရက်သည် "နိုစီဂေး"တွင်ပါဝင်ပါသည်။ ပေါင်းစပ်ဆောင်ရွက်မှုသည် လျင်မြန်မှု၊ လုံခြုံမှုနှင့် ယုံကြည်စိတ်ချရ သောအခြေအနေတစ်ရပ်တို့တွင် ပြီးမြောက်အောင်မြင်မှု ရရှိနေပါသည်။ XML ၊ Web Services ၊ Internet Protocols နှင့် browsers လက်ခံသုံးစွဲမှုတို့သည် "Nosegay" သို့ဝင်ရောက်သုံးစွဲရန် အဓိကနည်းလမ်းများ ဖြစ်ကြပါသည်။

"Nosegay" အတွက် (ဆိုလိုသည်မှာ ဘရာဇီးပြည်နယ်များစွာ၏ လက်ရှိပြည်သူ့လုံခြုံရေးစနစ်များ အပြန်အလှန်ဆက်စပ်ခြင်း) သည် ဘရာဇီးပြည်တွင်းသုံးငွေ (၈.၅)သန်း သုံးစွဲထားပါသည်။ ဤစရိတ်သည် တစ်ခုတည်းသော ပေါင်းစည်းစနစ်တစ်ရပ် တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ်၏ ၁ ရာခိုင်နှုန်းအောက် လျော့နည်းပြီး ဘရာဇီးပြည်တွင်းသုံးငွေ ၄ Billion သာ ရှိပါသည်။ "Nosegay" မတိုင်မီ ၂၀၀၃ ခုနှစ်ကုန်ဆုံးချိန်တွင် ပြည်နယ်(၄)ပြည်နယ်သည် ပြည်သူ့လုံခြုံရေးစနစ်အတွက် ၎င်းတို့၏ သတင်းအချက်အလက်များကို တစ်စိတ်တစ်ပိုင်း အဆင့်မြှင့်တင်ခြင်းကို အထောက်အပံ့ပေးခဲ့ပါသည်။ ယခုအခါ "Nosegay"သည် Federal နှင့် ပြည်နယ်လုပ်ငန်းအဖွဲ့ အစည်း ၂၀၀ ကျော်တွင် မှတ်ပုံတင်ထားသော သုံးစွဲသူဦးရေ ၃၀,၀၀၀ ခန့် ရှိနေပြီဖြစ်ပါသည်။

**စဥ်းစားရန်မေးခွန်းများ**

၁။ အပြန်အလှန်ဆောင်ရွက်နိုင်မှုသည်ပြည်သူ့လုံခြုံရေးကိုမည်ကဲ့သို့တိုးတက်စေပါသနည်း။

၂။ အပြန်အလှန်ဆောင်ရွက်နိုင်ခြင်းအားဖြင့် ရရှိမည့်အခြားအကျိုးကျေးဇူးများမှာ မည်သည်တို့ဖြစ်ပါသနည်း။

၃။ အပြန်အလှန်ဆောင်ရွက်နိုင်မှုအတွက် အကြီးမားဆုံးစိန်ခေါ်မှုမှာ မည်သည်ဟုထင်မြင်ပါသနည်း။ အထူးသဖြင့် မိမိနိုင်ငံအတွက် စဥ်းစားရန်ဖြစ်ပါသည်။

စံသတ်မှတ်ချက်များ ( သို့မဟုတ် ) ပုံစံသတ်မှတ်ချက်ဖြင့် အပြန်အလှန်ဆောင်ရွက်နိုင်မှုကို ပြီးမြောက် အောင်မြင်စေနိုင်ပါသည်။

အပြန်အလှန်ဆောင်ရွက်နိုင်မှုအတွက် စံသတ်မှတ်ချက်များပြုလုပ်ရာတွင် အစိုးရ၏အပြန်အလှန် ဆောင်ရွက်နိုင်မှုအခြေခံတစ်ရပ် (GIF) ကို ချမှတ်ခြင်းနှင့် ကျင့်သုံးဆောင်ရွက်ခြင်းတို့ လိုအပ်ပါသည်။ အစိုးရက သတ်မှတ်ရန် နှစ်သက်လိုလားသည့်နည်းလမ်းမှာ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များကို အသုံးပြုခြင်းပင်ဖြစ်ပါသည်။ Agencyများ၊နိုင်ငံသားများနှင့်မိတ်ဖက်ပူးပေါင်းဆောင်ရွက်မည့် သူများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ကြပေလိမ့်မည်။ GIFတွင်သာမန်အားဖြင့် (၁)အဆင့်မြင့် မူဝါဒဖော်ပြချက်များ၊ (၂)နည်းပညာဆိုင်ရာပါဝင်မှုများ၊ (၃)လုပ်ငန်းစဥ်အထောက်အထားများ၊ (၄)အကောင် အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ (၅)လိုက်နာဆောင်ရွက်ရမည့်အချိန်ကာလတို့ ပါဝင်ပါသည်။

ပုံစံသတ်မှတ်ချက်ဖြင့်အပြန်အလှန်ဆောင်ရွက်နိုင်မှုသည်အစိုးရတစ်ရပ်(သို့မဟုတ်) အမျိုးသားရေး ဆိုင်ရာ လုပ်ငန်းပုံစံသတ်မှတ်ချက်တစ်ရပ်ကို လိုအပ်ပါသည်။ အစိုးရလုပ်ငန်းပုံစံ သတ်မှတ်ချက်သည် အများနှင့်သက်ဆိုင်သော အခြေခံမူတစ်ရပ်ဖြစ်ပြီး ပြည်သူပိုင်ကဏ္ဍ IT စနစ်များအတွင်း သာမန် အဆက် အစပ်ကို ရရှိစေပါသည်။ Marijn Janssen နှင့် Kristian Hjort-Madsen တို့က အမျိုးသားရေးဆိုင်ရာ လုပ်ငန်းပုံစံသတ် မှတ်ချက် ( NEA ) ကို အစိုးရ၏ ICT စီမံချက်များအကြား ဆက်စပ်မှုများနှင့် စီမံခန့်ခွဲမှု အပြောင်းအလဲတို့ကို ရှင်းလင်းဖော်ပြခြင်းတို့အတွက် အခြေခံမူတစ်ရပ် ( သို့မဟုတ် ) တစ်ခုတည်းသော ဗဟိုအဖွဲ့အစည်းအဖြစ် သတ်မှတ်ဖော်ပြထားပါသည်။ NEA သည် လုံခြုံစိတ်ချရသော အပြန်အလှန် ဆောင်ရွက်နိုင်မှု ရရှိရေးအတွက် အကူအညီပေးသည်သာမက ကြိုးနီ စနစ်၏တင်းကြပ်မှုကိုပါ လျှော့ကျစေ ပါသည်။ သို့ဖြစ်၍ ၎င်းတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်ရရှိမှုနှင့် ဝင်ငွေရရှိရေးတို့အတွက် ကာလကြာရှည်စွာ ကောင်းကျိုးသက်ရောက်မှုများ ရှိနေပါသည်။

စံသတ်မှတ်ချက်များ ( သို့မဟုတ် ) ပုံစံသတ်မှတ်ချက်ဖြင့် အပြန်အလှန်ဆောင်ရွက်နိုင်မှု အောင်မြင်ရေးအတွက် ရွေးချယ်မှုသည် အစိုးရနည်းပညာရှင်များ၏ စွမ်းရည်များသာမက electronic အစိုးရ၏ရည်မှန်းချက် ပန်းတိုင်များအပေါ်တွင် အမှီပြုနေပါသည်။

### ဝယ်သူ၏တာဝန်သာဖြစ်သည်ဟူသောဥပဒေ

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် electronic အစိုးရစီမံကိန်းများ ပုံစံရေးဆွဲရာတွင် မူဝါဒရေးဆွဲသူများသည် ယင်းစီမံကိန်းများ၏ ဆုံးရှုံးမှုနှုန်းမြင့်မားသည်ကို အထူးသတိထားဆောင်ရွက်ရပါမည်။ ဖွံ့ဖြိုးဆဲ (သို့မဟုတ်) အသွင်ကူးပြောင်းဆဲနိုင်ငံများတွင် electronic အစိုးရကနဦးလုပ်ဆောင်မှု၏ ၁၅ရာခိုင်နှုန်းသာ အောင်မြင် သည်ဟု ခန့်မှန်းကြပါသည်။ အများစုမှာ တစ်စိတ်တစ်ပိုင်းဆုံးရှုံးမှုများ ၅၀ရာခိုင်နှုန်း သို့မဟုတ် အလုံးစုံဆုံးရှုံးမှု ၃၅ရာခိုင်နှုန်း ဖြစ်ပါသည်။ မူဝါဒရေးဆွဲသူများသည် ၎င်းတို့၏စီမံကိန်းများအောင်မြင်မှု တိုးတက်ရရှိစေရန် မအောင်မြင်သော electronic အစိုးရစီမံကိန်းများ၏ အမှားများကို ရှောင်ရှား သင့်ပါသည်။ (ဘောင်-၅ တွင်ကြည့်ပါ)

## ဘောင်(၅) - e-Government စီမံကိန်းများ မအောင်မြင်ရသည့်အကြောင်းအရင်းများ

၁။ အဖွဲ့အစည်းအတွင်း အားပေးလုပ်ဆောင်မှု မရှိခြင်း - IT ပစ္စည်းများ ထုတ်လုပ်ရောင်းချသူများ ထံမှသာ ဖိအားပေးမှုများ ဖြစ်ပေါ်လာပါသည်။ အဖွဲ့အစည်းအတွင်းမှ ပိုင်ဆိုင်မှု (သို့မဟုတ် electronic အစိုးရ အကြောင်း သိရှိနားလည်မှု )မရှိပါ။

၂။ အနာဂတ်မျှော်မှန်းချက်နှင့် မဟာဗျူဟာ မရှိခြင်း - ရေရှည်အမြင် မရှိခြင်း ၊ ဦးဆောင်လမ်းညွှန်မှု မရှိခြင်း နှင့် ရည်မှန်းချက်နှင့် နည်းလမ်းများအကြား ဆက်စပ်မှု အားနည်းခြင်းတို့သည် အစဉ် သဖြင့် ဝါရင့်ဝန်ထမ်းများအား ပြောင်းရွှေ့ခြင်းနှင့်/သို့မဟုတ် မူဝါဒနှင့် နိုင်ငံရေးပတ်ဝန်းကျင် အစဉ်သဖြင့် ပြောင်းလဲနေခြင်းတို့ကြောင့် ဖြစ်ပွားနိုင်ပါသည်။

၃။ စီမံကိန်းစီမံခန့်ခွဲမှုအားနည်းခြင်း - စီမံကိန်းပိုင်ဆိုင်မှုအဆင့်ဆင့်ကြောင့် တာဝန်များပျံ့နှံ့နေခြင်း၊ ထိန်းချုပ်မှုမရှိခြင်း (သို့မဟုတ်) အားနည်းခြင်း၊ လုပ်ငန်းဆောင်ရွက်ချက် မထိရောက်ခြင်း

၄။ ပြောင်းလဲမှုကို စီမံခန့်ခွဲရာတွင် အားနည်းခြင်း - အဆင့်မြင့်အရာရှိများမှ အထောက်အပံ့ရရှိမှု (သယံဇာတခွဲဝေသုံးစွဲမှု အားနည်းမှုဖြစ်ပေါ်နေခြင်းနှင့် အခြားအုပ်စုများထံသို့ မှားယွင်းသော သတင်းပေးပို့ချက်များရှိနေခြင်း) ပါဝင်ပတ်သက်သူများ၏ ပါဝင်မှုမရှိခြင်း (ပိုင်ဆိုင်မှုအားနည်းမှု ဖြစ်ပေါ်စေခြင်း)

၅။ နိုင်ငံရေးနှင့် ကိုယ်ကျိုးစီးပွားရှာမှုများ လွှမ်းမိုးနေခြင်း - အဓိကလုပ်ဆောင်သူများ၏ ပုဂ္ဂိုလ်ရေး ဆိုင်ရာလိုအပ်ချက်များနှင့် ရည်မှန်းချက်များအပေါ် အလေးပေးခြင်း၊ တစ်ခါတစ်ရံတွင် အာဏာလုခြင်း၊ အာဏာဆုံးရှုံးမှုကိုစိုးရိမ်၍ အတိုက်အခံလုပ်ခြင်း စသောလက္ခဏာများဆောင်သည့် နိုင်ငံရေး ယှဉ်ပြိုင်ခြင်းများနှင့် ဆက်စပ်ဖြစ်ပေါ်ခြင်း၊ ပုံရိပ်ရည်မှန်းချက်များအတွက် electronic ဖြေရှင်း ချက်များကို ကျွန်ုပ်လည်း ထပ်တူပြုမည်ဟူ၍ ပုံတူကူးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အကျိုး သက်ရောက်မှုများနှင့် ကာလတိုချီးမွမ်းခံရမှုများနှင့် လာဘ်ပေးလာဘ်ယူပြုခြင်းများကို စွဲလမ်းခြင်း

၆။ အားနည်းသော/ လက်တွေ့မဆန်သောဒီဇိုင်းပုံစံ - ဒေသတွင်းအဓိက ပါဝင်ပတ်သက်သူများထံမှ အကြံဉာဏ်များမရရှိခြင်း၊ ဒီဇိုင်းပုံစံသည် နည်းပညာဆန်လွန်းခြင်း၊ ရည်မှန်းချက်ကြီးမားလွန်းခြင်း (သို့မဟုတ်) နယ်မြေဒေသပတ်ဝန်းကျင် (ယဉ်ကျေးမှု၊ တန်ဖိုးထားမှုများ)နှင့် လိုအပ်ချက်များနှင့် မအပ်စပ်ခြင်း အထူးသဖြင့် ဤအခြေအနေသည် နိုင်ငံခြားအလှူရှင်များ၊ လုပ်ငန်းများ၊ အကြံပေး ပညာရှင်များပါဝင်သည့် နေရာများတွင် ဖြစ်ပွားသည်။ ဒီဇိုင်းပုံစံနှင့်ပတ်သက်၍ အခြားသော အခက်အခဲများမှာ ဦးဆောင်လမ်းညွှန်မှုမရှိခြင်း၊ အဖွဲ့အစည်းဆိုင်ရာအသွင်သဏ္ဍာန်နှင့် ကိုက်ညီမှု မရှိခြင်း စသည်တို့ဖြစ်ပါသည်။

၇။ လိုအပ်သောစွမ်းရည်များ မရှိခြင်း- လုပ်ငန်းလုပ်ဆောင်သူများ၊ အရာရှိများနှင့် သုံးစွဲသူ/ operator များကြားတွင် IT အသိပညာနှင့် ကျွမ်းကျင်မှုအရည်အသွေးများမရှိခြင်း၊ လုပ်ငန်း လုပ်ဆောင်သူများကြားတွင်လည်း ဒေသန္တရ ဗဟုသုတမရှိခြင်း။

၈။ နည်းပညာဆိုင်ရာအခြေခံအဆောက်အအုံ လုံလောက်မှုမရှိခြင်း - computerများ (သို့မဟုတ်) ကွန်ရက်များ လုံလောက်စွာ မရှိခြင်း။

၉။ နည်းပညာသဟဇာတမဖြစ်ခြင်း - အချက်အလက်များ အပြန်အလှန်ပေးပို့ဖလှယ်ခြင်းအတွက် computer စနစ်များကိုင်တွယ်ရန် မကျွမ်းကျင်ခြင်း။

**စဉ်းစားရန်မေးခွန်းများ**

၁။ electronicအစိုးရ စီမံကိန်းများ မအောင်မြင်ရခြင်းအတွက် ထည့်သွင်းစဉ်းစားရမည့် အင်အားစုများမှာ အတွင်းအင်အားစု ဖြစ်ပါသလား။ ပြင်ပအင်အားစု ဖြစ်ပါ သလား။

၂။ Heeks (ဘောင်-၅)တွင်ဖော်ပြထားချက်များအရ electronic အစိုးရ မအောင်မြင်ရခြင်း အကြောင်းတရားများကို တွက်ချက်၍ အဆင့်သတ်မှတ်ပေးပါ။ မိမိနိုင်ငံ၏ အရေးကိစ္စနှင့် အကိုက်ညီဆုံး၊ ကိုက်ညီမှုအနည်းဆုံးအချက်များကို ဖော်ပြပါ။

**ဆောင်ရွက်ရမည့်အရာ**

Electronic အစိုးရ စီမံကိန်း မအောင်မြင်ရခြင်းကို တင်ပြခြင်း

မိမိနိုင်ငံတွင် မအောင်မြင်သော electronic အစိုးရစီမံကိန်းတစ်ခုကို ရွေးချယ်ပါ။ ထိုစီမံကိန်း မအောင်မြင်မှုအတွက် အဓိကအကြောင်းရင်းကို ရှင်းလင်းဆွေးနွေးပါ။

သင်တန်းသားများသည် ဤလေ့ကျင့်ခန်းကို နိုင်ငံအလိုက် အဖွဲ့ခွဲ၍ ဆောင်ရွက်ရပါမည်။

**ကိုယ်တိုင်စမ်းသပ်စစ်ဆေးခြင်း**

၁။ ICTD နှင့်ဆက်စပ်သောလူသားအရင်းအနှီးဖွံ့ဖြိုးတိုးတက်မှုပြဿနာနှစ်ရပ်မှာအဘယ် နည်း။

၂။ ပညာရေးကဏ္ဍ ICT ကွင်းဆင်းလေ့လာမှုစာတမ်းတွင် ကမ္ဘာ့ဘဏ်မှ ဖော်ထုတ်တင်ပြခဲ့သော အဓိကပြဿနာများကို ဖော်ပြပါ။

၃။ လိုအပ်သည့် ICT ကျွမ်းကျင်ပညာရှင် အရေအတွက်နှင့် မွေးထုတ်ပေးနိုင်သည့် အရေအတွက်ကြားကွာဟချက်ကျဉ်းမြောင်းစေရန် အစိုးရဆောင်ရွက်သင့်သည်များကို ဖော်ပြပါ။

၄။ တရုတ်နိုင်ငံသည် ကမ္ဘာ့ ICT ထုတ်လုပ်မှုဗဟိုချက်ဖြစ်လာစေရန်အတွက် မည်သည့်မူဝါဒများကို အကောင်အထည်ဖော်ခဲ့ပါသနည်း။

၅။ ကမ္ဘာ့ software ဖွံ့ဖြိုးတိုးတက်မှုတွင် အိန္ဒိယနိုင်ငံသည် အကြီးမားဆုံးဖြစ်လာစေရန် မည်သည့်အရာက ဖန်တီးပါသနည်း။

၆။ Digital ပါဝင်သော အကြောင်းအရာများဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာမှုအတွက် Ireland နိုင်ငံ၏ မဟာဗျူဟာ အဓိကအစိတ်အပိုင်းများမှာ မည်သည်တို့ ဖြစ်ပါသနည်း။

၇။ Electronic အုပ်ချုပ်မှုပုံစံနှင့် electronic အစိုးရအကြား ကွာခြားချက်မှာ အဘယ်နည်း။ ဤခြားနားချက်ကို မူဝါဒနှင့်နည်းပညာအရ မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်မည်နည်း။

၈။ အစိုးရများသည် FOSS အသုံးပြုမှုကို အဘယ် ကြောင့် စဉ်းစားသင့်ပါသနည်း။

၉။ electronic အစိုးရ အပြန်အလှန်ဆောင်ရွက်နိုင်မှုသည် အဘယ်ကြောင့် အရေးကြီးပါသနည်း။

၁၀။ အဘယ်ကြောင့် electronic အစိုးရ စီမံကိန်းများ မအောင်မြင်ရပါသနည်း။

## ၃။ ICT အုပ်ချုပ်မှုပုံစံ

ဤအခန်းတွင် အောက်ပါအတိုင်း ရည်ရွယ်ထားရှိပါသည် -

ICT အုပ်ချုပ်မှုပုံစံကို သတ်မှတ်ပြဋ္ဌာန်းရန်

ICT အုပ်ချုပ်မှုပုံစံအတွက် အခြေခံမူတစ်ရပ်ဖော်ထုတ်ရန်

ICT ရင်းနှီးမြှုပ်နှံမှုများ စီမံအုပ်ချုပ်ခြင်းအတွက် စည်းမျဉ်းများရှင်းလင်းဆွေးနွေးရန်

ICT အုပ်ချုပ်မှုပုံစံသည် ICT အသုံးပြုရာတွင် လိုလားသောအပြုအမူကို အားပေးတိုက်တွန်းရန် အတွက် ဆုံးဖြတ်ချက်အခွင့်အရေးများနှင့် တာဝန်ခံဆောင်ရွက်မှုအခြေခံတို့ကို တိကျစွာသတ်မှတ်ခြင်း ဖြစ်ပါသည်။ ၎င်းသည် ကော်ပိုရိတ်အုပ်ချုပ်မှုပုံစံ၏ ပုံစံခွဲတစ်ရပ်ဖြစ်ပြီး အဖွဲ့အစည်းတစ်ခု (သို့မဟုတ်) အဖွဲ့အစည်း၏ယူနစ်အစိတ်အပိုင်းတစ်ခုသည်၎င်း၏သင့်လျော်သောလုပ်ငန်းတာဝန်များကို စွမ်းဆောင်ရည် ရှိရှိ ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေခြင်း ဖြစ်ပါသည်။ ICT အုပ်ချုပ်မှုပုံစံသည် အဖွဲ့အစည်း တစ်ရပ်တွင် မည်သူက ICT အသုံးပြု မှုအတွက် အဆုံးသတ်ဆုံးဖြတ်ချက်များကို ချမှတ်မည်ကို သတ်မှတ် ပြဋ္ဌာန်းပါသည်။ ဤနေရာတွင် အစိုးရက ဆုံးဖြတ်ပါသည်။ ICT စီမံအုပ်ချုပ်မှုပုံစံသည် ICT နှင့် စပ်လျဉ်း၍ အဆုံးသတ်ဆုံးဖြတ်ချက်များ လုပ်ဆောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း ဖြစ်စဉ် ဖြစ်သော ICT စီမံခန့်ခွဲမှုနှင့်မတူကွဲပြားခြားနားပါသည်။

ICT အုပ်ချုပ်မှုပုံစံ၏ ပင်မလုပ်ငန်းတာဝန် (၃) ရပ်မှာ - (၁) အဖွဲ့အစည်းတစ်ရပ်၏ အရေးအရာ ကိစ္စနှင့် ၎င်း၏လိုအပ်ချက်များနှင့် ဖိအားများကို အကဲဖြတ်သုံးသပ်ခြင်း၊ (၂) ICT အတွက် အဆိုပြု တင်ပြထားသောအစီအစဉ်များနှင့် မူဝါဒများ၏လမ်းညွှန်ချက် (၃) စီမံကိန်းများအကောင်အထည်ဖော်မှု အတိုင်းအတာ၊ မူဝါဒများ နှင့် လိုက်လျောညီညွတ်မှုကို စောင့်ကြည့်စစ်ဆေးခြင်းတို့ ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအတွင်း IT အုပ်ချုပ်မှုဌာန အရ ICT အုပ်ချုပ်မှုပုံစံ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

> IT တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် မဟာဗျူဟာ အရေးပါမှု တို့ကိုသိရှိနားလည်ရန် ရည်ရွယ်၍ စီးပွားရေးလုပ်ငန်းသည် ၎င်း၏ လုပ်ငန်း လည်ပတ်ဆောင်ရွက်ချက်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ပြီး အနာဂတ် ကာလတွင် ၎င်း၏လုပ်ဆောင်ချက်များကို တိုးချဲ့ရန် လိုအပ်သော မဟာဗျူဟာ များကိုလည်းအကောင်အထည်ဖော်နိုင်ရပါမည်။ IT အုပ်ချုပ်မှု ပုံစံသည် IT နှင့် ကိုက်ညီမျှော်မှန်းချက်များရရှိရေးနှင့် IT စွန့်စားရမှုများ လျော့ပါး သက်သာစေရေး တို့ကို ရည်ရွယ်ဆောင်ရွက်ပါသည်။

သတင်းအချက်အလက်နည်းပညာ စီမံခန့်ခွဲမှုလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သော ဗြိတိန်နိုင်ငံ ပြည်သူပိုင်ကဏ္ဍ ICT စီမံခန့်ခွဲသူများအသင်းမှ ပြည်သူပိုင်ကဏ္ဍ ICT အုပ်ချုပ်မှုပုံစံတွင် ပါဝင်သည့် အရာများ ကို အောက်ပါအတိုင်းအကြံပြုထားပါသည် -

- ပါဝင်ပတ်သက်သူ စေ့စပ်ညှိနှိုင်းမှုနှင့် ကိုယ်စားပြုပါဝင်ခြင်း
- ITရင်းနှီးမြှုပ်နှံမှု၊ ဝယ်ယူအသုံးပြုမှုနှင့် ထိထိရောက်ရောက်အသုံးချမှုအတွက် မဟာဗျူဟာစီမံကိန်း ရေးဆွဲခြင်း

- မူဝါဒတည်ဆောက်မှုနှင့် သဘောတူညီချက်ရရှိမှု
- စီမံကိန်းလုပ်ဆောင်ချက်ကို အဆင့်မြင့်စောင့်ကြည့်စစ်ဆေးခြင်း
- ပုံမှန်လုပ်ငန်းလုပ်ဆောင်ချက် စောင့်ကြည့်စစ်ဆေးခြင်းပြုသော စီးပွားရေးလုပ်ငန်း
- စံသတ်မှတ်ချက်များရွေးချယ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း
- စွန့်စားမှုအပေါ် စီမံခန့်ခွဲမှု
- မူဝါဒ၊ စံသတ်မှတ်ချက်များ၊ ဥပဒေပြဋ္ဌာန်းချက်များနှင့် လိုက်လျောညီညွတ်မှုနှင့် သင့်လျော်သော အသုံးပြုမှုတို့ကို သတ်မှတ်ပြဋ္ဌာန်းခြင်း

**၃.၁။ ICT အုပ်ချုပ်မှုပုံစံအခြေခံမူ**

အစိုးရများသည် ဖွံ့ဖြိုးမှုရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ICT အသုံးပြုမှု အများဆုံး ဖြစ်လာရေးအတွက် ICT အုပ်ချုပ်မှုပုံစံ အခြေခံမူတစ်ရပ်ကို တည်ဆောက်ရန်လိုအပ်နေပါသည်။ ယင်းအခြေခံမူတွင် ပါဝင်လေ့ရှိသည်များမှာ (၁) လမ်းညွှန်ချက်မူများ (၂) အဆင့်ဆင့်ဆုံးဖြတ်ချက်ချမှတ်မှု (၃) အစီရင်ခံခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း ဖြစ်စဥ်များအတွက် လိုအပ်ချက်နှင့် အံဝင်ဂွင်ကျစီမံထားသော တွဲဘက်ပုံစံများ တို့ဖြစ်ကြပါသည်။

**လမ်းညွှန်ချက်မူများ**

ICT လမ်းညွှန်ချက်မူများသည် ICT အသုံးပြုမှုနှင့်စပ်လျဥ်းပြီး အဆင့်မြင့်ဖော်ပြချက်များ၏ဆက်စပ်ပုံအစု အဝေးဖြစ်ပါသည်။ ဤ လမ်းညွှန်ချက် မူများအတွက် ဥပမာအဖြစ် ဩစတြေးလျနိုင်ငံ၏ ICT အုပ်ချုပ်မှုပုံစံ လမ်းညွှန်ချက်မူများကို ဖော်ပြပါမည် -

၁။ **ICTအတွက်လုပ်ဆောင်ရမည့် တာဝန်များကိုရှင်းလင်းတိကျစွာ သိရှိနားလည်အောင်ရှက်ခြင်း - အဖွဲ့** အစည်းတစ်ခုအတွင်းရှိ လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အစုအဖွဲ့များတို့သည် ICT အတွက် ၄င်းတို့၏ လုပ်ဆောင်ရမည့် တာဝန်များကို သိရှိနားလည် ပြီးလက်ခံရပါမည်။

၂။ **အဖွဲ့အစည်း၏လိုအပ်ချက်များကို အကောင်းဆုံးထောက်ပံ့ပေးသော ICT ကို စီမံရေးဆွဲခြင်း** - ICT စီမံကိန်းများသည် အဖွဲ့အစည်းတစ်ခု၏ လက်ရှိနှင့် ဆောင်ရွက်ဆဲ လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်ပြီး ICT စီမံကိန်းများသည် ကော်ပိုရိတ်စီမံကိန်းများကို အထောက်အကူပြုပါသည်။

၃။ **ICT ကို ကျိုးကြောင်းခိုင်လုံစွာရယူသိမ်းခြင်း -** နည်းလမ်းများဖြစ်သည့် သင့်တော်သောအခြေခံနှင့် စဥ်ဆက်မပြတ် သရုပ်ခွဲဆန်းစစ်မှုပြုလုပ်ခြင်းဖြင့် ICT ကို ရယူစုဆောင်းပါသည်။ ကုန်ကျစရိတ်များ၊ စွန့်စားမှုများနှင့် ကာလတိုနှင့် ကာလရှည် အကျိုးကျေးဇူးများအကြား ဘက်ညီမျှတမှု ရှိစေရပါမည်။

၄။ **လိုအပ်သည့်အချိန်တွင် ICT လုပ်ဆောင်ချက်များကိုရရှိစေခြင်း -** အဖွဲ့အစည်းတစ်ရပ်အား အထောက်အကူပေးရန်ဟူသော ICT ၏ရည်မှန်းချက်များနှင့် အံဝင်ခွင်ကျဖြစ်ခြင်းကို ပြောင်းလဲလျက်ရှိသော လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို စိတ်ပါဝင်စားစွာဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်ဖြစ်ပါသည်။ ၎င်းအပြင် လုပ်ငန်းကလိုအပ်သည့် အချိန်တိုင်းတွင် လုပ်ငန်းအားလုံးပံ့ပိုးကူညီမှုပေးရပါသည်။

၅။ **ICT ထုံးတမ်းစဥ်လာများနှင့် ကိုက်ညီစေခြင်း -** ICT သည် ပြင်ပစည်းမျဥ်းစည်းကမ်းများနှင့် ကိုက်ညီရမည် ဖြစ်ပြီး အတွင်းမူဝါဒများ၊ လုပ်ငန်းစဥ်နည်းလမ်းများအားလုံးကို လိုက်နာ ဆောင်ရွက် ရပါမည်။

၆။ **လူသားအင်အားစုကို အလေးဂရုပြုသော ICT အသုံးပြုမှုဖြစ်စေခြင်း -** ICT သည် လုပ်ငန်းစဥ်အတွင်းရှိ ပြည်သူအားလုံး၏ လက်ရှိနှင့် ပြောင်းလဲဖြစ်ပေါ်လာသော လိုအပ်ချက်များနှင့် ကိုက်ညီစေရပါမည်။

**ဆောင်ရွက်ရမည့်အရာ**

*မည်သူက* ICT *ဆုံးဖြတ်ချက်များချမှတ်မည်နည်း။*

Weill နှင့် Ross တို့မှာ လက်ခံကျင့်သုံးသော အုပ်ချုပ်မှုပုံစံအတွက် ပုံစံစစ်များကိုအသုံးပြုပြီး မိမိဌာန အဖွဲ့အစည်း၏ (လက်ရှိ) ICT ဆုံးဖြတ်ချက်ချမှတ်သည့် အသွင်သဏ္ဌာန်၏ ချွတ်ယွင်းချက်ကို ရှာဖွေဖော်ထုတ်ပါ။

**အဆင့်ဆင့်ဆုံးဖြတ်ချက်ချမှတ်မှု**

ICT အုပ်ချုပ်မှုပုံစံ အခြေခံ၏ ဒုတိယအချက်မှာ အဆင့်ဆင့်ဆုံးဖြတ်ချက်ချမှတ်မှုဖြစ်ပါသည်။ Weill and Ross ၏ IT စီမံအုပ်ချုပ်မှုပုံစံအတွက် ပြီးပြည့်စုံသောပုံစံများကို ပြည်သူပိုင်ကဏ္ဍအတွက် လက်ခံကျင့်သုံးခြင်းသည် အဆင့်ဆင့်ဆုံးဖြတ်ချက်ချမှတ်မှုများအတွက် နမူနာယူခြင်းဖြစ်ပါသည်။ ICT အုပ်ချုပ်မှုပုံစံအတွက် ပုံစံစစ်များသည် အောက်ပါတို့ဖြစ်ပါသည် -

- **လုပ်ငန်းအုပ်ချုပ်ပုံစနစ်** - ဝန်ကြီး၊ အတွင်းရေးမှူး (သို့မဟုတ်) အတွင်းရေးမှူးချုပ် ((သို့မဟုတ်) စီးပွားရေးလုပ်ငန်းအမှုဆောင်အရာရှိများ၏ အစိုးရအကြံပေးပုဂ္ဂိုလ်(သို့မဟုတ်)အလုပ်အမှုဆောင် အရာရှိတစ်ဦးချင်း) တို့သည် ICT ဆုံးဖြတ်ချက်များကို ချမှတ်ပါသည်။
- **IT အုပ်ချုပ်ပုံစနစ်** - အစိုးရများတွင် ICT အသက်မွေးဝမ်းကျောင်းပညာရှင်များ (အစိုးရသတင်း အချက်အလက်ဆိုင်ရာ အရာရှိချုပ်) ကဆုံးဖြတ်ချက်များ ချမှတ်ပါသည်။
- **ဌာနအလိုက်အုပ်ချုပ်ပုံစနစ်** - လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဌာနအကြီးအကဲများ ( bureaus များ၊ ရုံးများနှင့် ဌာနအဖွဲ့အစည်းများ) က ICT ဆုံးဖြတ်ချက်များကို ချမှတ်ပါသည်။
- **ဌာနစုအုပ်ချုပ်ပုံစနစ်** - ဝန်ကြီးဌာန/ ဌာနရှိ အဆင့်မြင့်အရာရှိများနှင့် ရုံးများ၏ဌာနမှူးများက ဆုံးဖြတ်ချက်များချမှတ်ပါသည်။ ၎င်းအပြင် IT အလုပ်အမှုဆောင်အရာရှိများလည်းပါဝင်ပါသည်။
- **ITဆိုင်ရာ ဒွန်တွဲ အုပ်ချုပ်ပုံစနစ်** - ICT အလုပ်အမှုဆောင်အရာရှိများ (အစိုးရသတင်း အချက်အလက်ဆိုင်ရာအရာရှိချုပ်) နှင့် အခြားအဖွဲ့အစည်း (ဥပမာ- bureaus ၊ ဌာနအဖွဲ့အစည်း) တို့က ICT ဆုံးဖြတ်ချက်များ ချမှတ်ပါသည်။
- **တစ်ဦးခြင်းအုပ်ချုပ်ပုံစနစ်** - သုံးစွဲသူတစ်ဦးချင်းစီကဆုံးဖြတ်ချက်ချမှတ်ပါသည်။

**ဆောင်ရွက်ရမည့်အရာ**

ICT အုပ်ချုပ်မှု ပုံစံစည်းမျဥ်းများကို အဆင့်အတန်းသတ်မှတ်ခြင်း -

မိမိ၏နိုင်ငံတွင် အကောင်အထည်ဖော်ရန်အခက်ခဲဆုံးနှင့် အလွယ်ကူဆုံးအစီအစဥ်အရ ဩစတေးလျ နိုင်ငံ၏ ICT အုပ်ချုပ်မှုပုံစံ စည်းမျဥ်းများကိုအဆင့်သတ်မှတ်ဖော်ပြပါ။

ICT အတွက် အဆင့်ဆင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် အစိုးရများအတွက် အသစ်အဆန်းမဟုတ်ပါ။ အစိုးရများစွာသည် ICT ကိုကြီးကြပ်ရာတွင် အမျိုးသားရေးဆိုင်ရာ Agency တစ်ခုဖွဲ့စည်းပြီး ဖြစ်ပါသည်။ လက်ရှိလုပ်ငန်းစဥ်နည်းလမ်းမှ ICT ဆုံးဖြတ်ချက်ချမှတ်ရေး အဖွဲ့အစည်းအမျိုးအစား ( ၄ ) မျိုး စိစစ် ဖော်ထုတ် တွေ့ရှိရပါသည်။ ယင်းတို့မှာ ဝန်ကြီးဌာန/ဌာနအဖွဲ့အစည်း၊ ကော်မရှင်၊ အာဏာပိုင်အဖွဲ့နှင့် ကောင်စီ တို့ဖြစ်ကြပါသည်။ ဇယား(၁)တွင် အာရှဒေသ၏ ယင်းပုံစံအမျိုးအစားများကို ကိုယ်စားပြုနေသော လက်ရှိ ICT အဖွဲ့ အစည်းများ၏ အသွင်လက္ခဏာများကို တစ်ခုချင်း အသေးစိတ်ဖော်ပြထားပါသည်။

**ဇယား (၁) - အာရှတိုက်ရှိ ICT အဖွဲ့အစည်းများဆိုင်ရာ နှိုင်းယှဉ်ဖြန့်စီဖော်ပြချက်**

| ICT<br>**အဖွဲ့အစည်းအမည်** | **လုပ်ပိုင်ခွင့် / လုပ်ငန်းတာဝန်များ** | **အခြားအမျိုးသားရေးဆိုင်ရာအစိုးရဌာန<br>အဖွဲ့အစည်းများနှင့် ဆက်စပ်မှု** |
|---|---|---|
| **ဝန်ကြီးဌာန**<br><br>သတင်းအချက်အလက် နည်းပညာဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန (အိန္ဒိယနိုင်ငံ) | သတင်းအချက်အလက်နည်းပညာ၊ electronic ၊ Internet တို့နှင့်စပ်လျဥ်းသည့်မူဝါဒ (Internet ဝန်ဆောင်မှုပေးသူများ၏ လိုင်စင် ကိစ္စထက် ပိုမိုသည့်အခြားကိစ္စရပ်များအားလုံး)<br><br>Internet၊သတင်းအချက်အလက်နည်းပညာနှင့် သတင်းအချက်အလက် နည်းပညာနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများ<br><br>Electronicအုပ်ချုပ်မှုပုံစံ၊ Electronic ကူးသန်းရောင်းဝယ်ရေး၊ Electronic ဆေးဝါးပညာ၊ Electronicအခြေခံအဆောက်အအုံအစ ရှိသည်တို့၌ မြှင့်တင်နေသည့် ဌာနအသီးသီးသို့ အထောက်အကူပေးမှု<br><br>သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပညာရေး၌မြှင့်တင်မှုနှင့် သတင်းအချက်အလက်နည်းပညာအား အခြေခံပြုပညာရေး<br><br>Cyber Law များ၊ ၂၀၀၀ပြည့်နှစ် သတင်းအချက်အလက် နည်းပညာ စီမံအုပ်ချုပ်မှု အက်ဥပဒေ (၂၀၀၀ ၏ ၂၁)နှင့် အခြား သတင်းအချက်အလက် နည်းပညာနှင့် ဆက်စပ်သည့် ဥပဒေများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ<br><br>နိုင်ငံအတွင်း၌ တစ်ပိုင်းလျှပ်ကူးပစ္စည်းမျိုးစုံ တိုးမြှင့်ခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဆက်စပ်သည့် ကိစ္စရပ်များ၊(တစ်ပိုင်း လျှပ်ကူးပစ္စည်း ထုတ်လုပ်သည့် မိုဟာလီလီမိတက်နှင့် ဆက်စပ်သည့် ကိစ္စရပ်များကို ချန်လှပ်ထားပါသည်။) တစ်ပိုင်းလျှပ်ကူးပစ္စည်း၊ ပေါင်းစပ်လျှပ်စီးပတ်လမ်း (circuit) များ အထားအသိုဒီဇိုင်း ပုံစံဥပဒေ (၂၀၀၀ ၏ ၃၇) | ဌာန၏ယုံကြည်ခံရမှုများအနက်တစ်ခုမှာ အမျိုးသား electronic အုပ်ချုပ်ရေး ဆောင်ရွက်မှုစီမံကိန်း အကောင်အထည်ဖော်ခြင်းအတွက် ဗဟို Agency အဖြစ် ဆောင်ရွက်ပြီးဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ၌ electronic အုပ်ချုပ်မှုပုံစံအစီအစဥ်များ ပြောင်းလဲချမှတ်ခြင်းနှင့် ပိုမိုအဆင်ပြေချောမွေ့စေခြင်းဖြစ်ပါသည်။<br><br>၎င်း၏ အချက်(၁၀)ချက်ပါ အစီအစဥ်အား အကောင်အထည်ဖော်မှု တစ်စိတ်တစ်ဒေသအဖြစ် တွေ့ရှိရသည်မှာ-<br>▪ စီမံအုပ်ချုပ်ရေး၌ လွတ်လပ်ပွင့်လင်းမှုရှိစေမည့် အစိုးရ၏ လုပ်ငန်းဆောင်ရွက်မှု၌ နိုင်ငံသားဗဟိုပြုမှုကိုပိုမိုဆောင်ရွက်ပါသည်။ ဌာနအဖွဲ့အစည်း များသည် အမျိုးသားရေးဆိုင်ရာ အီလက်ထရောနစ်အုပ်ချုပ်မှုပုံစံ စီမံကိန်း အကောင်အထည်ဖော်မှုကို အလေးပေး ဆောင်ရွက်ရမည်ဖြစ်ပါသည်။<br>▪ Internet ဆိုင်ရာ စောင့်ထိန်းလိုက်နာအပ်သောလုပ်ထုံးလုပ်နည်းနှင့်ကျင့်ဝတ် အသစ် IPV6 သို့ ကူးပြောင်းခြင်း၊ နိုင်ငံတွင်း၌ IPV6 သို့ ကူးပြောင်းရာတွင် ကွန်ရက် အထောက်အကူပြုသူများအား မူဝါဒအခြေခံနှင့်မြှင့်တင်မှုဆိုင်ရာအတိုင်းအတာ များကိုအထောက်အကူပေးရန်<br>▪ လုံခြုံရေးနှင့် digital လက်မှတ် - ငွေရေး ကြေးရေးကဏ္ဍ၊ တရားစီရင်ရေးနှင့် ပညာရေးကဏ္ဍတို့၌ ဆိုင်ဘာအခြေခံအဆောက်အအုံ ကာကွယ်မှုအပေါ် အာရုံစူးစိုက်ရန်နှင့် digital လက်မှတ်များအသုံးပြုမှုကို မြှင့်တင်ခြင်း |

| ICT အဖွဲ့အစည်းအမည် | လုပ်ပိုင်ခွင့် / လုပ်ငန်းတာဝန်များ | အခြားအမျိုးသားရေးဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ဆက်စပ်မှု |
|---|---|---|
| | နိုင်ငံတကာအေဂျင်စီများ၊ အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာကိစ္စရပ်များ၌ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု ဥပမာ- စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီလီမိတက်များ အတွက် အင်တာနက်၊ သတင်းအချက်အလက် လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံတကာဥပဒေကောင်စီတို့အတွက်တက္ကသိုလ်<br><br>Digital နည်းပညာကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊ အာရှသတင်း Media သရုပ်ခွဲခန်းဆိုင်ရာကိစ္စရပ်များ<br><br>စံသတ်မှတ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် IT အရည်အသွေးတို့ကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ IT အသုံးချခြင်းနှင့် လုပ်ငန်းတာဝန်များအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ စံသတ်မှတ်ခြင်း<br><br>electronic ပို့ကုန်နှင့် computer software မြှင့်တင်မှုကောင်စီ<br><br>အမျိုးသားသတင်းအချက်အလက်ဆိုင်ရာဗဟိုဌာန<br><br>အသိပညာ အခြေပြုလုပ်ငန်းများ၊ သတင်းအချက်အလက်နည်းပညာဆိုင်ရာ ပို့ကုန်များမြှင့်တင်ခြင်းအတွက် အတိုင်းအတာများနှင့်လုပ်ငန်း၏ယှဉ်ပြိုင်မှုတို့ အပါအဝင် Computer Hardware နှင့် Software များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအစဉ်များ<br><br>လုပ်ငန်းဌာနအဖွဲ့အစည်း၏ ထိန်းချုပ်မှုအောက်မှ ဝန်ထမ်းဆိုင်ရာကိစ္စရပ်များ | |

| ICT အဖွဲ့အစည်းအမည် | လုပ်ပိုင်ခွင့် / လုပ်ငန်းတာဝန်များ | အခြားအမျိုးသားရေးဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ဆက်စပ်မှု |
|---|---|---|
| **ကော်မရှင်**<br><br>သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာဆိုင်ရာအဆင့်မြင့်ကော်မရှင်(နီပေါနိုင်ငံ) | အမျိုးသားရေးဆိုင်ရာ IT မူဝါဒနှင့် မဟာဗျူဟာ အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ မဟာဗျူဟာမူဝါဒလမ်းညွှန်မှုအား အထောက်အကူပေးခြင်းနှင့် အစိုးရအားပံ့ပိုးကူညီခြင်း<br><br>ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးတိုးတက်မှုနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့အတွက် သတင်းအချက်အလက်ဆက်သွယ်ရေးနည်းပညာများအား ဖြည့်ဆည်းပေးရန်ICTကဏ္ဍအတွက် သင့်လျော်သောမူဝါဒ စာရွက်စာတမ်းများ ရေးဆွဲချမှတ်ရာ တွင် အဓိက အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်လှုပ်ရှားဆောင်ရွက်ခြင်း | ဆက်စပ်မူဝါဒတုံ့ပြန်ချက်ကို အထောက်အပံ့ပေးခြင်းနှင့် နီပေါနိုင်ငံအစိုးရသို့ ပုဂ္ဂလိကကဏ္ဍ၊ ပညာရေးနှင့် အလှူရှင်အဖွဲ့အစည်းတို့နှင့် နီးကပ်သည့်ဆက်သွယ်ဆောင်ရွက်မှုအားထိန်းသိမ်းခြင်းဖြင့်ပံ့မှန်အထောက်အကူပေးခြင်း<br><br>အစိုးရအား ပီပီပြင်ပြင်ကူညီခြင်းဖြင့် အရည်အသွေး ထိန်းချုပ်မှုဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခြင်းနှင့် ပုဂ္ဂလိက၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအစီအစဉ်များမှတစ်ဆင့် ICT ဆိုင်ရာ ပညာရေး အဖွဲ့အစည်းများအား အရည်အသွေးစံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်စေခြင်း<br><br>နီပေါ နိုင်ငံအတွင်းတွင် လက်ရှိအခြေအနေတွင်သာမက အနာဂတ် ရုပ်ပိုင်းနှင့် စစ်မှန်သည့် သတင်းအချက်အလက်နည်းပညာဇုန်များအား တည်ထောင်ပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အထောက်အကူပေးခြင်းနှင့် စီမံခန့်ခွဲခြင်း<br><br>အမျိုးသားစီမံကိန်းရေးဆွဲရေးကော်မရှင်နှင့် ဆက်သွယ်ရာ၌ အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အလိုက်လုပ်ကိုင်သည့်အဖွဲ့အစည်းများ၊ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများအား အမျိုးသားရေးဆိုင်ရာ IT စီမံကိန်းများ၊ အစီအစဉ်များ ပြင်ဆင်ခြင်းနှင့် ၎င်းတို့၏ အကောင်အထည်ဖော်မှုကို အသေအချာဆောင်ရွက်စေခြင်း<br>နိုင်ငံတွင်းရှိ ICT ကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့်ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုမူဆောင်ရွက်ရမည့် ပုံစံ၊ စည်းမျဉ်းစည်းကမ်းနှင့်လမ်းညွှန်ချက်များတွင် လိုအပ်သော ဥပဒေဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာကိရိယာများ ကူညီပြင်ဆင်ပေးခြင်း |

| ICT အဖွဲ့အစည်းအမည် | လုပ်ပိုင်ခွင့် / လုပ်ငန်းတာဝန်များ | အခြားအမျိုးသားရေးဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများနှင့် ဆက်စပ်မှု |
|---|---|---|
| **အာဏာပိုင်အဖွဲ့**<br><br>အမျိုးသားရေးဆိုင်ရာ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်မှု အာဏာပိုင်အဖွဲ့(NIDA) (ကမ္ဘောဒီးယားနိုင်ငံ) | IT မြှင့်တင်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကို ကာလတို၊ ကာလလတ်၊ ကာလရှည်အတွက် ချမှတ်ဖော်ထုတ်ခြင်း<br>စီးပွားရေးတိုးတက်မှုအမြင့်ဆုံးအခြေအနေဖြစ်စေမည့် ITမူဝါဒအားအကောင်အထည်ဖော်ခြင်း<br>ကမ္ဘောဒီးယားဘုရင့်နိုင်ငံတော်အတွင်း ITဆိုင်ရာ စီမံချက်များကို စောင့်ကြည့်စစ်ဆေးခြင်း<br>IT နည်းပညာဖွံ့ဖြိုးတိုးတက်မှု၌ NIDA သည် ထိန်းညှိပေးသူနှင့် တိုးမြှင့်ဆောင်ရွက်သူအဖြစ် ဆောင်ရွက်ပါသည်။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု မဆန့်ကျင်ရုံသာမက ပေါင်းစပ်ချဉ်းကပ်နည်းလမ်းထက်ပင် ထိန်းညှိပေးသည့်ကဏ္ဍကို ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့် လိုက်ဖက်ညီစေပါသည်။<br>(၎င်းတို့၏website များတွင်ရယူနိုင်ပါသည်။) | ဗဟိုအစိုးရနှင့် ချိတ်ဆက်ပြီးနောက် ဒေသဆိုင်ရာ အစိုးရများနှင့် ချိတ်ဆက်မှုပြုခဲ့ပါသည်။ electronic စနစ်ဖြင့် စာရွက်စာတမ်း အထောက်အထားများအား စီစဥ်ခြင်းနှင့် အောက်ပါဝန်ဆောင်မှုလုပ်ငန်းများကို online ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်အောင်ပြုလုပ်ခြင်း၊ မော်တော်ယာဥ်၊ အိမ်ခြံမြေလုပ်ငန်းနှင့် နေထိုင်မှုမှတ်ပုံတင်လုပ်ငန်း အစိုးရအရာထမ်းများအတွက် IT နှင့်သက်ဆိုင်သည့် သင်တန်းများနှင့် seminar များပြုလုပ်ပေးခြင်း |
| **ကောင်စီ**<br>ဘရူနိုင်းဒါရူဆလမ် သတင်းအချက်အလက်နည်းပညာကောင်စီ (ဘရူနိုင်း) | နိုင်ငံအဆင့်၌ ICT ခေါင်းဆောင်မှုနှင့်ညွှန်ကြားမှုတို့ကို တည်ဆောက်ခြင်းနှင့် အထောက်အကူပေးခြင်း<br><br>ပြည်သူပိုင်နှင့်ပုဂ္ဂလိကပိုင်ကဏ္ဍများ၌ICTဖွံ့ဖြိုးတိုးတက်မှုအတွက် ချိတ်ဆက်မှုများနှင့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုအား အထောက်အကူပေးခြင်း<br>အစိုးရဌာနအဖွဲ့အစည်းများက လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသည့် ICT ပင်မအစီအစဥ်များ၊ စီမံကိန်းများနှင့်စီမံချက်များကို ပုဂ္ဂလိကကဏ္ဍများ၏ လိုအပ်သည့် ပါဝင်ဆောင်ရွက်မှု အခွင့်အလမ်းများနှင့် ပေါင်းစည်းပေးခြင်း | သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ၏ မဟာဗျူဟာနှင့် ဦးဆောင်မှုအား စေ့စေ့စပ်စပ် ကြည့်ရှုခြင်းနှင့် သုတေသနဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဖြန့်ဖြူးပေးခြင်းမှတစ်ဆင့်ဘရူနိုင်းဒါရူ ဆလမ်နိုင်ငံ၌ ၎င်းတို့၏ထိရောက်သည့်ပျံ့နှံ့မှုကို တိုးမြှင့်ခြင်း<br><br>အစိုးရရုံးများ၌ electronic အစိုးရ အစီအစဥ်အား အကောင်အထည်ဖော်သည့် အဆင့်များကို နှိုင်းချိန်သုံးသပ်ခြင်း၊ လေ့လာခြင်းနှင့် ထပ်မံအဆိုပြုခြင်း<br>သက်ဆိုင်ရာ အေဂျင်စီများမှ တစ်ဆင့် သင့်လျော်သည့် မူဝါဒများချမှတ်ခြင်း၊ မဟာဗျူဟာဖွံ့ဖြိုးမှုနှင့် IT အသုံးပြုမှုကို မြှင့်တင်ပေးသည့် အခြေခံအတိုင်းအတာများနှင့် လုပ်ဆောင်ချက်များအား တည်ဆောက်ခြင်း |

ICT အေဂျင်စီ တည်ရှိနေသောနိုင်ငံများအတွက် ပြဿနာမှာ လက်ရှိအစီအစဥ်သည် ၎င်းတို့၏ လိုအပ်ချက်များအတွက် ထိရောက်သည်/ မထိရောက်သည်ဟူသော ပြဿနာပင်ဖြစ်ပါသည်။ ICT အေဂျင်စီ မရှိသော နိုင်ငံများအတွက် ပြဿနာမှာ ထိရောက်သော ICT အုပ်ချုပ်မှုပုံစံအတွက် သင့်လျော်သော အစီအစဥ်တစ်ရပ်ရှာဖွေရန်ပင်ဖြစ်ပါသည်။

**အစီရင်ခံခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းစဥ်များ**

ICT အုပ်ချုပ်မှုပုံစံ အခြေခံမူ၏ တတိယလိုအပ်ချက်မှာ အဆင်သင့်အစီရင်ခံခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းစဥ်များဖြစ်ပါသည်။ Australian အစိုးရ သတင်းအချက်အလက်စီမံခန့်ခွဲမှုရုံးမှ တည်ဆောက်ခဲ့သော ICT ရပိုင်ခွင့်စီမံခန့်ခွဲမှုအတွက် ပိုမိုကောင်းမွန်သော လက်တွေ့လုပ်ငန်းအခြေပြဇယားကို ICT အုပ်ချုပ်မှုပုံစံ အခြေခံ၏ တတိယအစိတ်အပိုင်းအဖြစ် နမူနာဖော်ပြထားပါသည်။ ယင်းအခြေပြ ဇယားကို အောက်တွင်ဖော်ပြထားပါသည်-

**ပိုမိုကောင်းမွန်သောလက်တွေ့လုပ်ငန်းအခြေပြဇယား - ICT ရပိုင်ခွင့်စီမံခန့်ခွဲမှု ယေဘုယျအားဖြင့်**

- ရပိုင်ခွင့်စီမံခန့်ခွဲမှုလုပ်ငန်းစဥ်အား သိရှိနားလည်ပါသလား။
- ရပိုင်ခွင့်စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဥ်းများနှင့် အကျွမ်းတဝင်ရှိပါသလား။

**ICTစီမံခန့်ခွဲမှုအခြေခံမူတစ်ရပ်ကိုတည်ဆောက်ခြင်း**

- ICT ရပိုင်ခွင့်စီမံခန့်ခွဲမှုအားလုံးခြုံငုံမိစေမည့် မူဝါဒများအား ရေးဆွဲချမှတ်ပြီး ဖြစ်ပါသလား။
- ဝယ်ယူဖြည့်တင်းမှုနှင့် စာရင်းမှပယ်ဖျက်ခြင်း လုပ်ငန်းစဥ်များအတွက် ပိုင်ဆိုင်ပစ္စည်း မှတ်ပုံတင်စာရင်းနှင့် ချိတ်ဆက်ပြီး ဖြစ်ပါသလား။
- သဘာဝပတ်ဝန်းကျင်ကို ရှာဖွေစုဆောင်းမှုနှင့် စွန့်ပစ်ရမည့် နည်းလမ်းများကို စဥ်းစားတွေးတောပြီးဖြစ်ပါသလား။
- Notebooks နှင့် အခြားသယ်ဆောင်ရလွယ်ကူသည့် ပစ္စည်းအတွက် မူဝါဒများ အသုံးပြုမှုကို တည်ဆောက်ပြီးဖြစ်ပါသလား။
- စနစ်လုံခြုံရေးထုတ်ပြန်ချက်များကို စဥ်းစားပြီးပါပြီလား။
- ICT ရပိုင်ခွင့် စီမံခန့်ခွဲမှုအားမြှင့်တင်ရန် ဆန်းသစ်သည့်စနစ်များအသုံးပြုခြင်းအား စဥ်းစားပြီးပါပြီလား။
- ICT ရပိုင်ခွင့်စီမံခန့်ခွဲမှုအား ထိရောက်ပြီး တွက်ခြေကိုက်သည့် လုပ်ငန်းစနစ်ကို အသုံးပြုရန် ဆန်းသစ် သည့်နည်းလမ်းများကို စဥ်းစားပြီးဖြစ်ပါသလား။
- ခိုင်ခံ့သည့် ထိန်းချုပ်မှုအခြေခံလုပ်ငန်းတစ်ရပ် ဖွဲ့စည်းတည်ဆောက်ပြီးဖြစ်ပါသလား။

**ပိုင်ဆိုင်ပစ္စည်း မှတ်ပုံတင်စာရင်းများကို ပြုစုခြင်းနှင့် စီမံခန့်ခွဲခြင်း**

- ပိုင်ဆိုင်ပစ္စည်း မှတ်ပုံတင်စာရင်းများကို ပြုစုခြင်းနှင့် စီမံခန့်ခွဲမှုအတွက် တာဝန်ယူမည့်သူကို စိစစ်ရွေး ချယ်ပြီးပါပြီလား။
- ရုပ်ပိုင်းဆိုင်ရာ နှင့် ထိတွေ့ကိုင်တွယ်မရနိုင်သည့် ICT ရပိုင်ခွင့်များအားလုံးကို မှတ်တမ်းတင်သည့် ရပိုင်ခွင့်မှတ်ပုံတင်လုပ်ငန်း တည်ဆောက်ပြီးပါပြီလား။
- ပိုင်ဆိုင်ပစ္စည်း မှတ်ပုံတင်စာရင်းတွင် သတင်းအချက်အလက်ရပိုင်ခွင့်များနှင့် အသိဉာဏ ပညာဆိုင်ရာ အခွင့်အရေးကို ချန်လှပ်၍ကျန် ICT ရပိုင်ခွင့်အားလုံးအား မှတ်တမ်းတင်ပြီး ဖြစ်ပါသလား။
- ပေါင်းစပ် Software ရပိုင်ခွင့်မှတ်ပုံတင်မှုကို ဆောင်ရွက်ပြီးဖြစ်ပါသလား။
- ကိုယ်ရေးကိုယ်တာ ကိစ္စများနှင့်ပတ်သက်သည့် အချက်အလက်များ ရေးဆွဲပြီးဖြစ်ပါသလား။
- အလွယ်တကူသယ်ယူနိုင်သည့် ပစ္စည်းများအတွက် အသုံးပြုမည့်မူဝါဒများ ရေးဆွဲချမှတ်ပြီးဖြစ်ပါသလား။
- ပိုင်ဆိုင်ပစ္စည်း မှတ်ပုံတင်စာရင်းများအား ထိန်းသိမ်းရန်နှင့် ညှိနှိုင်းရန် လက်ကျန်ကောက်ယူခြင်း လုပ်ငန်းစဥ်များ၌ ဆောင်ရွက်ပြီးဖြစ်ပါသလား။

**ICT ရပိုင်ခွင့်များ စစ်ဆေးခြင်း**

- မူဝါဒများနှင့် ဥပဒေပြဋ္ဌာန်းချက် လေးစားလိုက်နာမှုကို စောင့်ကြည့်စစ်ဆေးပါသလား။
- Software ဥပဒေအပေါ် လေးစားလိုက်နာမှုကို စောင့်ကြည့်စစ်ဆေးပါသလား။

ဤ ICT ရပိုင်ခွင့်စီမံခန့်ခွဲမှုအခြေပြဇယားသည် မူဝါဒစာရွက်စာတမ်းများအား အစီရင်ခံခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၏ နမူနာတစ်ခုမျှသာဖြစ်ပြီး အစိုးရများသည် ထိရောက်သော ICT အုပ်ချုပ်မှုပုံစံ အခြေခံ တစ်ရပ်ကို တည်ဆောက်အကောင်အထည်ဖော်ကြရပါမည်။

## ၃.၂။ ICT ရင်းနှီးမြှုပ်နှံမှုများကို ထိန်းချုပ်ဆောင်ရွက်ခြင်း

ICT အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များမှ အရေးပါမည့်အချက်တစ်ခုမှာ ICT ရင်းနှီးမှုများကို ဦးစားပေးဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ပင် ဖြစ်ပါသည်။ ငွေကြေးထောက်ပံ့မှု လိုအပ်ချက်များရှိသည့် အသုံးဝင်ပြီး ICT စီမံကိန်း အမြောက်အမြားရှိကြသော်လည်း ရန်ပုံငွေ မလုံလောက်ပါ။ ဤကဲ့သို့ ထူးခြားသည့် အခြေအနေရပ်များ ရှင်းလင်း ဆောင်ရွက်ရန် လုပ်ဆောင်မှုတိုင်း၌ ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်နိုင်သော သတ်မှတ်ထားသည့် ယေဘုယျ စည်းမျဉ်းစည်းကမ်းများရှိပါသည်။

ICT ရင်းနှီးမြှုပ်နှံမှု ဦးစားပေးအဆင့် သတ်မှတ်ရန် နည်းလမ်းတစ်ခုမှာ ငွေကြေးထောက်ပံ့မှုအတွက် ဖန်တီးဆောင်ရွက်နိုင်သည့် အကြောင်းရင်းခံတစ်ခုဖြစ်သော NEA ကို အသုံးပြုရန်ဖြစ်ပါသည်။ ယခင်က ရှင်းပြထားသည့်အတိုင်း NEA သည် အစိုးရ၏ ICT စီမံကိန်းများနှင့် ပြောင်းလဲမှုများအပေါ် စီမံခန့်ခွဲမှုဆိုင်ရာ အကြား ဆက်နွယ်မှုကို ရှင်းလင်းပြသခြင်းအတွက် အခြေခံမူတစ်ခုပင် ဖြစ်ပါသည်။ ဒိန်းမတ်အစိုးရက ၎င်းတို့၏ NEA ကို ဒေသဆိုင်ရာ လိုအပ်ချက်များနှင့်အညီ စနစ်များကို သင့်မြတ်လျော်ကန်အောင် ဆောင်ရွက်ထား သကဲ့သို့ ပြည်သူ့ကဏ္ဍ IT စနစ်များအကြား ယေဘုယျဆန်သော အဆက်အစပ်များရရှိစေသည့် အများနှင့်ဆိုင် သော အခြေခံဘောင်တစ်ခုဖြစ်သည် ဟုဖော်ပြထားပါသည်။ ဤချဉ်းကပ်နည်းသည် ICT ၊ စီမံကိန်းများကို NEA ရန်ပုံငွေရှာဖွေခြင်းနှင့် လိုက်လျောညီထွေမှု ရှိရုံမျှသာ ဖြစ်စေပါသည်။

ICT အသုံးစရိတ်အတွက် ဦးစားပေးမှုများ သတ်မှတ်ရန် အခြားနည်းလမ်းတစ်ခုမှာ စီမံကိန်း ရန်ပုံငွေများ ရယူရန်အတွက် စံသတ်မှတ်ချက်များနှင့် လုပ်ငန်းစဉ်များသတ်မှတ်ပြဋ္ဌာန်းနိုင်သော ICT ရင်းနှီးမြှုပ်နှံမှု အခြေခံမူကိုလက်ခံဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ Australia အစိုးရ တစ်ရပ်လုံး ဆိုင်ရာ ICT ရင်းနှီးမြှုပ်နှံမှု အခြေခံမူမှ ဦးစားပေးလုပ်ဆောင်ရမည့် ICT အသုံးစရိတ်များအပေါ် မူဝါဒ ချမှတ်သူများအား နည်းလမ်းကောင်းတစ်ခုရှာဖွေရန် အသုံးဝင်သည့် လမ်းညွှန်ချက်တစ်ခုကို ဖန်တီး ပေးပါသည်။

## ဘောင်(၆) - ဩစတြေးလျအစိုးရတစ်ရပ်လုံးနှင့် ဆိုင်သော ICT ရင်းနှီးမြှုပ်နှံမှု လမ်းညွှန်ချက်မှုများ

**လမ်းညွှန်ချက်မှု ၁။** အစိုးရသည် ICT ကို အသုံးချဆောင်ရွက်သော စီးပွားရေးလုပ်ငန်း ပြောင်းလဲမှု အစီအစဉ်များနှင့် စီမံကိန်းများအတွက် ရန်ပုံငွေခွဲဝေလျာထားမှုကို သင့်လျော်သော အကဲဖြတ်စီမံမှုများ ပြုလုပ်နိုင်ရန် အစိုးရတစ်ဖွဲ့လုံး၏အမြင် နှင့် အေဂျင်စီအဖွဲ့တစ်ခုမှ လုံလောက်သော သတင်းအချက်အလက်များ ဖန်တီးပေးထားသင့်ပါသည်။

**လမ်းညွှန်ချက်မှု ၂။** အေဂျင်စီများသည် အစိုးရ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အရင်းအမြစ်များကို ထိရောက်စွာ စွမ်းရည်ပြည့်ဝစွာနှင့် ကျင့်ဝတ်နှင့်လိုက်လျောညီထွေစွာ အသုံးပြုနိုင်ရန်အတွက် တာဝန်ရှိပါသည်။ ၎င်းပြင် အေဂျင်စီများသည် ယင်းတို့၌ လုံလောက်ပြည့်စုံသောအုပ်ချုပ်မှုနှင့် ယင်းကို အောင်မြင်မှုရရှိစေရန် နေရာတိုင်း၌ စဉ်ဆက်မပြတ် စောင့်ကြည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**လမ်းညွှန်ချက်မှု ၃။** ICT ပါဝင်ပတ်သက်နေသည့် စီးပွားရေးလုပ်ငန်းသစ်များတွင် ရင်းနှီးမြှုပ်နှံမှုများကို ကုန်ကျစရိတ်များနှင့် အကျိုးကျေးဇူးများအကြား ချိန်ထိုးတိုင်းတာခြင်းအားဖြင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။ **လမ်းညွှန်ချက်မှု ၄။** အေဂျင်စီများသည် ICT ကြောင့် ရရှိလာသော အကျိုးရလဒ်များနှင့် ICT ၌ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့်ရရှိသော ပြန်ရချက်များကိုတိုင်းတာခြင်းနှင့် စီမံကိန်း၏အရေးပါသော လုပ်ငန်းစဉ်များ၌ အစိုးရ၏ ဆောင်ရွက်မှုများအပေါ် လေ့လာမှုများကို မျှဝေပေးခြင်းများအတွက် တာဝန်ရှိပါသည်။

**လမ်းညွှန်ချက်မှု ၅။** ဘဏ္ဍာရေးဌာနသည် အေဂျင်စီများနှင့် ဆွေးနွေးတိုင်ပင်ရာတွင် လည်းကောင်း၊ Australia အစိုးရမှ ICTကို စွမ်းဆောင်ရည် ပြည့်ဝစွာနှင့် ထိရောက်ထက်မြက်စွာ အသုံးချနိုင်စေရန် အေဂျင်စီများကို အထောက်အကူပြုမည့် အခြေခံမှုများပေါ်ပေါက်ရေးအတွက် တာဝန်ရှိပါသည်။ ၎င်းပြင် ဘဏ္ဍာရေးဌာနသည် ပြန်လည်အသုံးပြုမှု လွယ်ကူချောမွေ့စေခြင်း၊ အပြန်အလှန်ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ စံသတ်မှတ်ချက်များအသုံးပြုမှုကို အားပေးသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အေဂျင်စီများကို မဟာဗျူဟာမြောက် လမ်းညွှန်မှုပေးခြင်းနှင့် ICT ရင်းနှီးမြှုပ်နှံမှုပေါ် အစိုးရအားအကြံပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရပါသည်။

**လမ်းညွှန်ချက်မှု ၆။** ဗဟိုအေဂျင်စီများသည် သတင်းအချက်အလက်များ၊ နည်းလမ်းများ လေ့ကျင့်မှုများကို ဖန်တီးညှိနှိုင်းပေးခြင်းအားဖြင့် ကိုယ်စားလှယ်အဖွဲ့များကို ICT ရင်းနှီးမြှုပ်နှံမှုများ စီမံခန့်ခွဲမှု အရည်အသွေး (ကျွမ်းကျင်မှု)များ မြှင့်တင်ပေးရန် ကူညီရမည်ဖြစ်ပါသည်။

**စဉ်းစားရန်မေးခွန်းများ**

၁။ ICT ၌ ရင်းနှီးမြှုပ်နှံမှုတွင် အစိုးရတစ်ရပ်လုံး ဝင်ရောက်လာခြင်း၏ အားသာချက်များမှာ အဘယ်နည်း။

၂။ ICT ၌ ရင်းနှီးမြှုပ်နှံမှုများအပေါ် မိမိနိုင်ငံအစိုးရ၏ မူဝါဒမှာအဘယ်နည်း။

ICT အုပ်ချုပ်မှုမှာအရေးပါသည့်တိုင် ကံအကြောင်းမသင့်စွာပင် အစိုးရအချို့သည် ICT အုပ်ချုပ်မှု အခြေခံလုပ်ငန်း(ဥပမာ - စည်းမျဉ်းစည်းကမ်းများ၊ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်ဆင့်ဖြစ်စဉ်၊ ပုံမှန်စောင့်ကြည့် စစ်ဆေးခြင်းနှင့်ဖြစ်စဉ် လုပ်ငန်းစဉ်များအားအကဲဖြတ်ခြင်း)ကို အစိုးရအဆင့်တွင် (သို့မဟုတ်) အစိုးရအေဂျင်စီတစ်ခုချင်းစီတွင်ဖြစ်စေ ချမှတ်ထားရှိပြီးဖြစ်ပါသည်။ ဤသည်တို့မှာ ICT ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းစည်းကမ်းများ၏ အမှန်တရားလည်းဖြစ်ပါသည်။

**နောက်ဆုံးအချက်တစ်ရပ်။** ကောင်းမွန်သော ICT အုပ်ချုပ်ရေးပုံစံသည် အမြင့်မားဆုံးအဆင့်များ၌ ထိရောက် မှုရှိသောခေါင်းဆောင်မှု၏ ထုတ်ကုန်တစ်ရပ် ( ရလဒ်တစ်ခု ) ဖြစ်ပါသည်။

မူဝါဒရေးဆွဲသူများသည်၄င်းတို့၏သက်ဆိုင်ရာနိုင်ငံများ၌ ICT အုပ်ချုပ်ရေး အခြေခံ လုပ်ငန်းတစ်ရပ်အားဖန်တီးရာ၌ ခေါင်းဆောင်မှုအခန်းကဏ္ဍတစ်ရပ်အားပါဝင်လာစေရန် ရှာဖွေနေသော မူဝါဒရေးဆွဲသူများသည် Weill and Ross's တို့၏ ICT အုပ်ချုပ်မှုပုံစံ၏ ခေါင်းဆောင်မှုဆိုင်ရာ ထိပ်တန်းလမ်းညွှန်ချက်မှု ( ၁၀ ) ချက်အား ထည့်သွင်းစဉ်းစားခြင်းဖြင့် စတင်သင့်ပါသည်။ ပြည်သူပိုင်ကဏ္ဍ (နိုင်ငံပိုင်ကဏ္ဍ)နှင့် လိုက်လျောညီထွေဖြစ်အောင် ချမှတ်ထားသည့် ဤလမ်းညွှန်ချက်မှုများကို အောက်တွင် ဖော်ပြထားပါသည် -

**ICT အုပ်ချုပ်ရေးပုံစံ၏ ခေါင်းဆောင်မှုဆိုင်ရာထိပ်တန်း လမ်းညွှန်ချက်မှု (၁၀) ချက်**

**၁။ လက်တွေ့ကျင့်သုံးနိုင်မည့် အုပ်ချုပ်မှုပုံစံပုံဖော်ရေးဆွဲရန်**

စီမံခန့်ခွဲသူသည် စီးပွားရေးလုပ်ငန်း၏ရည်ရွယ်ချက်များနှင့် လုပ်ငန်းဦးတည်ချက်အပေါ်အခြေခံ၍ ICT အုပ်ချုပ်မှုပုံစံကို တက်ကြွစွာ ပုံဖော် ရေးဆွဲသင့်ပါသည်။

တက်ကြွစွာရေးဆွဲပုံဖော်ထားသည့် အုပ်ချုပ်မှုပုံစံ၌ ဦးဆောင်မှုပေးပြီး အရင်းအမြစ်များကိုခွဲဝေသုံးစွဲမှု ၊ အလေးထားမှုနှင့် အထောက်အကူပြုသည့် အဆင့်မြင့်အလုပ်အမှုဆောင်အရာရှိများပါဝင်ပါသည်။

**၂။ ပြန်လည်ပုံဖော်ရေးဆွဲရမည့်အချိန်ကို သိရှိရန်**

အပြုအမူဆိုင်ရာ ပြောင်းလဲမှုနှင့် အတူအုပ်ချုပ်မှုပုံစံအပြောင်းအလဲတစ်ရပ် လိုအပ်ပါသည်။

သို့သော်ကဏ္ဍသစ်များနှင့် ဆက်သွယ်မှုများအား တစ်ဦးချင်းစီက သင်ယူရသည့် လိုအပ်သောအုပ်ချုပ်မှု ဖွဲ့စည်းပုံတစ်ခုလုံးအား ထည့်သွင်း စဉ်းစားရသောကြောင့် အုပ်ချုပ်မှုပုံစံအား ပြန်လည်ပုံဖော်ရေးဆွဲခြင်းမှာ ရံဖန်ရံခါသာဖြစ်သင့်ပါသည်။

**၃။ အဆင့်မြင့်အရာရှိများပါဝင်ရန်**

မဟာဗျူဟာဆုံးဖြတ်ချက်များ၌ အဆင့်မြင့်စီမံခန့်ခွဲမှုမှာ လိုအပ်လှစွာပါဝင်နေပါသည်။

အောင်မြင်မှုရရန်အတွက် IT အုပ်ချုပ်မှုပုံစံ၌သတင်းအချက်ဆိုင်ရာအရာရှိချုပ်များသည် ထိရောက်စွာပါဝင်ရပါမည်။ အခြားသော အဆင့်မြင့်စီမံခန့်ခွဲသူများသည် ကော်မတီများ၊ အတည်ပြုသည့်လုပ်ငန်းစဉ်များနှင့် လုပ်ဆောင်ချက်အား ပြန်လည်သုံးသပ်ခြင်းများ၌ ပါဝင်ဆောင်ရွက်ရပါမည်။

## ၄။ ရွေးချယ်မှုများ ပြုလုပ်ရန်

ICT အုပ်ချုပ်မှုပုံစံသည်ရည်မှန်းချက်တိုင်းကိုပေါက်ရောက် အောင်မြင်ရန် မဖြစ်နိုင်ပါ။ သို့ရာတွင်အုပ်ချုပ်မှုသည် ငြင်းခုံမှုအတွက် သဘောထားကွဲလွဲသော ရည်မှန်းချက်များကိုမီးမောင်းထိုးပြနိုင်ရပါသည်။အကောင်းဆုံးအခြေအနေသို့ ရောက်ရှိအောင် အတိုးအလျှော့အပေးအယူ လုပ်ခြင်းများ တိုးတက်လာခြင်း၏ အရေအတွက်အတိုင်း အုပ်ချုပ်မှုပုံစံသည် လည်း ပို၍ရှုပ်ထွေးလာနိုင်ပါသည်။

## ၅။ ကိုင်တွယ်ဖြေရှင်းသည့် နည်းလမ်း၏ ခြွင်းချက်ကို ရှင်းရှင်း လင်းလင်းသိရှိရန်

ခြွင်းချက်ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများက မည်သို့မည်ပုံ လေ့လာ သင်ယူနေသည်ကိုဆိုလိုပါသည်။ IT အသုံးအနှုန်း၌ ခြွင်းချက်သည် လက်ရှိ အခြေအနေ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းမှုပုံစံကို စိန်ခေါ် နေပါသည်။ ခြွင်းချက်အတွက် အချို့လူများ၏လိုလားတောင်းဆိုမှုများသည် စဉ်းစားချင့်ချိန်မှု မပါသော်လည်း အများစုသည် စီးပွားရေးလုပ်ငန်း လိုအပ်ချက်ကိုဖြည့်ဆည်းလိုသည့်ဆန္ဒဖြင့်တောင်းဆိုခြင်းဖြစ်သည်။ အကယ်၍ စီးပွားရေးလုပ်ငန်းတစ်ခုသည် ခြွင်းချက်ကိုတန်ဖိုးထားပြီး အဆိုပြုတင်ပြခဲ့လျှင် စီးပွားရေးလုပ်ငန်းစီမံဖန်တီးမှု ၎င်းလုပ်ငန်း၏ ဖွဲ့စည်းမှုပုံစံ အပြောင်းအလဲမှ တစ်ဆင့် စီးပွားရေးလုပ်ငန်းတစ်ခုလုံးကို အကျိုးကျေးဇူးဖြစ်ပေါ်စေနိုင်ပါသည်။

## ၆။ မှန်ကန်သည့်မက်လုံးပေးရန်

ICT အုပ်ချုပ်မှုပုံစံရှိ ယေဘုယျအခက်အခဲတစ်ခုမှာ ICTအုပ်ချုပ်မှု အစီ အစဉ်များကိုတွန်းအားပေးရန် ရေးဆွဲပုံဖော်ထားသည့် မက်လုံးပေး ဆွဲဆောင်မှု များနှင့်ဆုချီးမြှင့်မှု အစီအစဉ်များ၏ ရည်ရွယ်ချက်နှင့်လွဲချော်မှု ဖြစ်ပါသည်။ အုပ်ချုပ်ပုံစံနှင့် မက်လုံးပေးဆွဲဆောင်မှု ကိုက်ညီရေးသည် စီးပွားရေးလုပ်ငန်း၏ စုပေါင်းစွမ်းအားပင်ဖြစ်ပါသည်။ အကယ်၍IT အုပ်ချုပ်မှု ပုံစံကို စီးပွားရေး လုပ်ငန်း၏စုပေါင်းစွမ်းအား၊ စီမံအုပ်ချုပ်ဆောင်ရွက်မှု (သို့မဟုတ်) အချို့သော ပေါင်းစပ်ဆောင်ရွက်မှုများအရ ပုံဖော်ဆောင်ရွက်လျှင် အုပ်ချုပ်သူများ၏ မက်လုံးပေး ဆွဲဆောင်မှုသည် ရည်ရွယ်ချက်နှင့်ကိုက်ညီမှု ရှိမည်ဖြစ်ပါသည်။ လိုလားသည့် အပြုအမူရရှိရန်ငွေကြေးဆိုင်ရာမက်လုံးပေးမှုနည်းခြင်းကိုရှောင်ရှားခြင်းသည် ငွေကြေးဆိုင်ရာမက်လုံးပေးခြင်း ကဲ့သို့ အရေးပါသည့် အချက်ဖြစ်သည်။

## ၇။ ICT အုပ်ချုပ်မှုပုံစံအတွက် ပိုင်ဆိုင်မှုအတိုင်းအတာနှင့် တာဝန်ခံဆောင်ရွက်မှု သတ်မှတ် ပေးရန်

ICTအုပ်ချုပ်မှုပုံစံသည် ပိုင်ရှင်တစ်ဦးရှိပြီး တာဝန်ခံဆောင်ရွက်ရခြင်းများ ရှိပါသည်။ နောက်ဆုံးတွင်အစိုးရ၏ ခေါင်းဆောင်သည် အုပ်ချုပ်မှုအားလုံး အတွက် တာဝန်ရှိပါသည်။ သို့ရာတွင် အစိုးရခေါင်းဆောင်သည် ICT ဝန်ကြီး (သို့မဟုတ်) အုပ်စု (ICT ဝန်ကြီး ( သို့မဟုတ် ) ICT ပူးပေါင်းညှိနှိုင်းမှုကောင်စီ) သို့ IT အုပ်ချုပ်မှုပုံစံရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်း ဆောင်ရွက်ခြင်းများအတွက်တာဝန်ယူဆောင်ရွက်ရန် လုပ်ပိုင်ခွင့် ခွဲဝေပေးမည် ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍတွင် သတင်းအချက်အလက်ဆိုင်ရာ အရာရှိချုပ်သည် ယနေ့ အရွယ်အစား အမျိုးမျိုးသော လုပ်ငန်းများ၏ အဓိက အရေးပါသည့် ကိစ္စရပ်များ၌ IT အုပ်ချုပ်မှုပုံစံကို ကိုင်တွယ် ဆောင်ရွက်မည်ဖြစ်ပါသည်။

**အဓိကစဉ်းစားရမည့် အချက် (၃) ချက်**

- ICT အုပ်ချုပ်မှုပုံစံကို အစိုးရ၏ အခြားအဓိက ပိုင်ဆိုင်မှုများ (ငွေကြေး၊ လူ့စွမ်းအားကဲ့သို့) တို့နှင့် ကင်းကွာ၍ ပုံဖော်ရေးဆွဲခြင်းမပြုနိုင်ပါ။
- လူပုဂ္ဂိုလ် (သို့မဟုတ်) အုပ်စုတစ်စုတည်းမှ ICT အုပ်ချုပ်မှုပုံစံကို အကောင်အထည်မဖော်ရပါ။ အစိုးရခေါင်းဆောင်မှုဖြင့် ဆောင်ရွက်ရပါမည်။ ဝန်ကြီးအားလုံးသည် ငွေကြေးနှင့် အခြားအရေးပါသည့် ရပိုင်ခွင့်များကို အုပ်ချုပ်မှုအတွက် ပါဝင်ဆောင်ရွက်သကဲ့သို့ ICT အုပ်ချုပ်မှု၌ ပါဝင်ဆောင်ရွက်ရန် မျှော်လင့်ရပါသည်။
- ICT ရပိုင်ခွင့်များသည် အစိုးရအများစု၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ပို၍ပို၍အရေးပါလျက် ရှိပါသည်။

## ၈။ အဖွဲ့အစည်းပေါင်းစုံအဆင့်များတွင်အုပ်ချုပ်မှုပုံဖော်ရေးဆွဲရန်

အစပြုမှတ်သည် အစိုးရတစ်ခုလုံးအနေဖြင့် ICT အုပ်ချုပ်မှုပုံစံကို အစိုးရ အဆင့် မဟာဗျူဟာနှင့် ရည်မှန်းချက်အရေအတွက် အနည်းငယ်ချမှတ်ပြီး ဆောင်ရွက်ပါသည်။ ဝန်ကြီးဌာနများသည် သီးခြားဖြစ်သော်လည်း ဆက်စပ်မှုရှိသော ICTအုပ်ချုပ်မှု အလွှာတစ်ခုကို လိုအပ်ပါသည်။

အုပ်ချုပ်မှုပုံစံ၏ ပို၍နိမ့်သောအဆင့်ကို မြင့်သောအဆင့်အတွက် ရေးဆွဲသောနည်းစနစ်များက လွှမ်းမိုးသြဇာသက်ရောက်ပါသည်။ အခြားအုပ်ချုပ်မှု အဆင့် များအတွက် ပါဝင်ခြင်းအားဖြင့် အစိုးရတစ်ခုလုံး ICT အုပ်ချုပ်မှုပုံစံကို အစပြု ဆောင်ရွက်ရပါသည်။

## ၉။ ထင်သာမြင်သာရှိမှုနှင့် ပညာပေးမှုများဆောင်ရွက်ရန်

ICT အုပ်ချုပ်မှုပုံစံအတွက်ထင်သာမြင်သာရှိလွန်းခြင်း(သို့မဟုတ်) ပညာပေးလွန်းခြင်းမဖြစ်နိုင်ပါ။ ထင်သာမြင်သာရှိမှုနှင့် ပညာပေးမှုတို့ကို အတူတကွ ဆောင်ရွက်ရပါသည်။ ပညာပေးခြင်းများလေလေ ပို၍ပို၍ ထင်သာမြင်သာ ရှိလေလေဖြစ်ပါသည်။ အလားတူပင်အုပ်ချုပ်မှုပုံစံ လုပ်ငန်းစဥ်တွင် ပို၍ ထင်သာမြင်သာရှိလေလေ အုပ်ချုပ်မှုပုံစံပေါ် ပို၍ယုံကြည်အားကိုး လေလေ ဖြစ်ပါသည်။

**၁၀။ အဓိကရပိုင်ခွင့်(၆)မျိုးအတွက် အများနှင့်ဆိုင်သော ယန္တရားတစ်ရပ်ကို အကောင်အထည်ဖော်ရန်** (ဆိုလိုသည်မှာလူ့စွမ်းအားရပိုင်ခွင့်၊ ဘဏ္ဍာရေး ရပိုင်ခွင့်၊ ရုပ်ဝတ္ထုပစ္စည်းရပိုင်ခွင့်၊ အသိဉာဏ်ပညာဆိုင်ရာ အခွင့်အရေး ရပိုင်ခွင့် ၊ သတင်းအချက်အလက်နှင့် IT ၊ ဆက်စပ်မှုများ)

ICT အုပ်ချုပ်မှုပုံစံ ဒီဇိုင်းရေးဆွဲရာတွင် အခြားသော အဓိက ရပိုင်ခွင့် များကိုထိန်းချုပ်၍ အသုံးပြုသော ယန္တရားတစ်ရပ်ကို ပြန်လည် သုံးသပ် ရပါသည်။ သစ်လွင်လွတ်လပ်သော ICT ယန္တရားကို ဖန်တီးခြင်းထက် ရပိုင်ခွင့်များ၏ အသွင် သဏ္ဍာန်ကျယ်ပြန့်လာစေရေးကို စဉ်းစားရပါမည်။

ယင်းရပိုင်ခွင့် (၆)မျိုးအနက် တစ်ခုထက်ပိုသော ရပိုင်ခွင့်ကို ထိန်းချုပ်ရန် အတွက် တူညီသောယန္တရားကို အသုံးပြုနေသည့်လုပ်ငန်းသည် ပို၍ပို၍ ကောင်းမွန်သော အုပ်ချုပ်မှုပုံစံကို ပိုင်ဆိုင်ပါသည်။

**ကိုယ်တိုင်စမ်းသပ်စစ်ဆေးခြင်း**

၁။ ICT အုပ်ချုပ်မှုပုံစံဆိုသည်မှာအဘယ်နည်း။ အဘယ်ကြောင့်၎င်းသည်အရေးကြီးပါသနည်း။

၂။ ICT အုပ်ချုပ်မှုပုံစံ အခြေခံအတွက် ပါဝင်သောအချက်အလက်များမှာမည်သည်တို့နည်း။

၃။ သြစတြေလျ၏ ICT ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများကို တစ်ခုချင်းတွက်ချက်ဖော်ပြပါ။

## အကျဉ်းချုပ်

ဤဘာသာရပ်တွဲတွင် အခန်း(၃)ခန်း ပါဝင်ပါသည်။ ပထမအခန်းတွင် ICT မူဝါဒတည်ဆောက်ခြင်း လုပ်ငန်းစဉ်ကို ဖော်ပြထားပါသည်။ ဒုတိယအခန်းတွင် အမျိုးသားရေးဆိုင်ရာ ICTD မူဝါဒတစ်ရပ်၏ ပါဝင်သောအဓိကအချက်အလက်များ အကောင်အထည်ဖော်မှု မဟာဗျူဟာများကို အလေးပေး ဖော်ပြ ထားပြီး တတိယ အခန်းတွင် ICT အုပ်ချုပ်မှုပုံစံကို ရှင်းလင်းဆွေးနွေးတင်ပြထားပါသည်။

ပထမအခန်းတွင် ICTD မူဝါဒများနှင့် မဟာဗျူဟာများ ချမှတ်ရာတွင် လုပ်ငန်းစဉ်အဆင့်ဆင့်များကို စိစစ်ဖော်ထုတ်ထားပြီး မူဝါဒချမှတ်ခြင်းလုပ်ငန်းစဉ်တွင်ပါဝင်ကြသော အစိုးရ၊ ဈေးကွက်နှင့် အရပ်သား လူ့အဖွဲ့အစည်းတို့၏ အခန်းကဏ္ဍကို ဖော်ပြထားပါသည်။ အသစ်ဖြစ်ပေါ်လာသော ICT ဖွံ့ဖြိုး တိုးတက်မှု များနှင့် ကိုက်ညီသည့် ဥပဒေဆိုင်ရာနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှု အထူးသဖြင့် အင်တာနက်နည်းပညာများနှင့် နည်းပညာများစုဆုံလာမှုတို့ကိုလည်း ဤအခန်းတွင် ရှင်းလင်း ဆွေးနွေး ထားပါသည်။ ပထမ အခန်း၏ အဓိကအချက်အလက်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

- မူဝါဒရေးဆွဲသူများသည် မရည်ရွယ်ထားသောအကျိုးဆက်များ နည်းပါးသွားစေရန်အတွက် ICTD ဝင်ရောက်စွက်ဖက်မှုများ၏ ထိရောက်သော အကျိုးသက်ရောက်မှု အလားအလာနှင့် အရေးအရာ ကိစ္စတို့ကို အကဲဖြတ်ဆန်းစစ်ရန် လိုအပ်ပါသည်။

- မူဝါဒရေးဆွဲသူများသည် ICTD မူဝါဒရေးဆွဲချမှတ် အကောင်အထည်ဖော်ရာတွင် အစိုးရ၊ ဈေးကွက်နှင့် အရပ်သားလူ့အဖွဲ့အစည်းတို့၏ ပူးပေါင်းပါဝင်မှုတွင် မှန်ကန်သော ဘက်ညီမျှတမှု ရှိစေရေးကို ဆောင်ရွက်ရန်လိုအပ်ပါသည်။
- မူဝါဒရေးဆွဲသူများသည် နည်းပညာပြောင်းလဲမှုကို ရင်ဆိုင်ရာတွင် စည်းမျဉ်းဟောင်းများသည် စည်းမျဉ်းသစ်များနှင့်ယင်းတို့၏ ကောင်းကျိုးသက်ရောက်မှုများကို လွှမ်းမိုးထိန်းချုပ်လာသောအခါ ပြဿနာများ များပြားလာခြင်းကြောင့် အချိန်ဆွဲဆောင်ရွက်ခြင်းမပြုသင့်ပါ။
- မူဝါဒရေးဆွဲသူများ(နှင့်စည်းမျဉ်းချမှတ်သူများ)သည် စည်းမျဉ်းစည်းကမ်းများက နည်းပညာသစ်နှင့် စီးပွားရေးလုပ်ငန်းသစ်များ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားပြုနေသည့် အတိုင်းအတာအား အကဲဖြတ် ဆန်းစစ်သင့်ပါသည်

ဒုတိယအခန်းတွင်ပြည့်စုံသောအမျိုးသားရေးဆိုင်ရာICTD မူဝါဒတစ်ခု၏ အခြေခံ အချက် (၃)ချက် ဖြစ်သည့် စွမ်းရည်တည်ဆောက်ခြင်း၊ စီးပွားရေးအဆောက်အအုံ၏ ICT ကဏ္ဍတည်ဆောက်ခြင်းနှင့် electronic အုပ်ချုပ်မှုပုံစံတို့နှင့် ဆက်စပ်သောပြဿနာများကို အလေးပေးတင်ပြထားပါသည်။ ICT စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုတွင် ကျယ်ပြန့်သောပြဿနာနှစ်ရပ်ကို ရှင်းလင်းဆွေးနွေးထားပါသည်။ သတင်းနှင့် နည်းပညာခေတ်တွင် နိုင်ငံသားအားလုံး အခြေခံစွမ်းဆောင်ရည် ရရှိဆောင်ရွက်ခြင်းနှင့် နိုင်ငံ၏ ICT ကဏ္ဍတွင် ICT ကျွမ်းကျင်မှု အရည်အသွေးတိုးတက်စေရန်နှင့် ယေဘုယျအားဖြင့် စီးပွားရေး အဆောက်အအုံသည် ယင်းအခြေအနေကို ချဲ့ထွင်ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။ ICT လုပ်ငန်းစု တည်ဆောက်ခြင်းကို အလေးဂရုပြုမှုနှင့်အတူ ICT ထုတ်လုပ်ခြင်း ပြင်ပထွက်ခွာအလုပ်လုပ်ခြင်းနှင့် Global Software ဖွံ့ဖြိုးတိုးတက်မှုတို့တွင် အမျိုးသားရေးအစိုးရများက လက်ခံကျင့်သုံးကြသောမူဝါဒများနှင့် မဟာဗျူဟာများ၊ digital နည်းပညာလုပ်ငန်းစု တို့ကို အကဲဖြတ်စစ်ဆေးရပါသည်။

ဤအခန်းတွင် FOSS များတည်ဆောက်ခြင်းနှင့် အပြန်အလှန်ဆောင်ရွက်နိုင်ခြင်းကို ရရှိစေခြင်းတို့တွင် အစိုးရ၏ အခန်းကဏ္ဍကိုလည်း ရှင်းလင်းဆွေးနွေးတင်ပြထားပါသည်။ ဤအခန်းတွင် အဓိကအချက် အလက်အချို့ကို အောက်တွင်ဖော်ပြထားပါ သည် -

- ICT စွမ်းရည်တည်ဆောက်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ICT စွမ်းအားများ ရရှိလာစေရန် ဆောင်ရွက်ရာတွင် နိုင်ငံတိုင်းအတွက်အရေးကြီးသော မူဝါဒရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။
- ပညာရေးကဏ္ဍ ICT စီမံကိန်းများသည် နည်းပညာများပေါ်တွင် အလေးပေးဦးတည်ကြပြီး သင့်လျော် သော သင်ကြားနည်းပညာကို ကျော်ထောက်နောက်ခံပြုခြင်းမရှိပါ။
- ယနေ့ ကမ္ဘာ့စီးပွားရေး၌ အစိုးရများသည် ICT ကဏ္ဍ ထွန်းကားပြန့်ပွားလာစေရန်အတွက် မှန်ကန် သည့် ပတ်ဝန်းကျင်တစ်ရပ်အား အထောက်အကူပြုပေးရာ၌ လျင်မြန်ပြတ်သားစွာ ဆောင်ရွက်ရန်နှင့် အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ရာ၌ အစိုးရသည် အပြည့်အဝ ပါဝင် လှုပ်ရှားရန် လိုအပ်ပါသည်။ ICT ကဏ္ဍအတွက် မှန်ကန်သော ပတ်ဝန်းကျင်တစ်ရပ်ကို လျင်လျင်မြန်မြန် ပြတ်ပြတ်သားသား ဆောင်ရွက်ရန် လိုအပ်ပါသည်။
- ဆက်စပ်မှုရှိသော အုပ်ချုပ်မှုပုံစံဆိုသည်မှာ အစိုးရဌာန အဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ခြင်းကိုသာမက နိုင်ငံသားများနှင့် တက်ကြွပြီး ထိရောက်သော တိုင်ပင် ဆွေးနွေးခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းများနှင့် ဒေသအလိုက်၊ နိုင်ငံတကာအလိုက် များစွာသော ပါဝင် ပတ်သက်မှုများ၏ ပိုမိုပါဝင်မှု တို့ပါဝင်ပါသည်။

တတိယအခန်းတွင် ICT အုပ်ချုပ်မှုပုံစံကို ရှင်းလင်းဆွေးနွေးထားပြီး ဆုံးဖြတ်ချက် အခွင့် အရေးများနှင့် တာဝန်ခံဆောင်ရွက်မှုတို့ကို တိကျစွာသတ်မှတ်ခြင်းအတွက် အခြေခံမူတစ်ရပ်ကို ဖော်ပြ ထားပါသည်။ ယင်းအခြေခံတွင်စည်းမျဉ်းများအစုအဝေး၊ အဆင့်ဆင့်ဆုံးဖြတ်ချက်ချမှတ်မှု၊ အစီရင်ခံခြင်းနှင့် စောင့်ကြည့်စစ်ဆေး ခြင်း ဖြစ်စဉ်များအတွက် လိုအပ်ချက်နှင့် အံဝင်ခွင်ကျစီမံထားသော တွဲဖက်ပုံစံများတို့ ဖြစ်ကြပါသည်။ ICT ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးရန် လိုအပ်ချက်ကိုလည်း ရှင်းပြထားပါသည်။ ဤအခန်း၏ အဓိကအချက်အလက်မှာ ကောင်းမွန်သော ICT အုပ်ချုပ်မှုပုံစံသည် အမြင့်ဆုံးအဆင့်တွင် ထိရောက်သောဦးဆောင်မှု၏ ထုတ်ကုန်တစ်ရပ်ဖြစ်ကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

# နောက်ဆက်တွဲ

**အဘိဓာန်အကျဉ်း**

စွမ်းရည်

လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံး၏ လုပ်ငန်းများ အောင်မြင်စွာ စီမံဆောင်ရွက်နိုင်သည့်စွမ်းရည်

စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု

လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံး၏ အချိန်အလိုက် စွမ်းရည်ဖော်ထုတ်မှု၊ ခိုင်မာတောင့်တင်းစေမှု၊ ဖန်တီးနိုင်မှု၊ အသုံးချနိုင်မှုနှင့် ထိန်းသိမ်းထားနိုင်မှုဖြစ်စဥ်

အရပ်သားအဖွဲ့အစည်းများ

လူမှုရေးဆိုင်ရာရည်မှန်းချက်များရရှိရန် (သို့မဟုတ်) မဲဆန္ဒရှင် ပြည်သူများအတွက် ဝန်ဆောင်မှုပေးရန်ဖွဲ့စည်းထားသည့် အမြတ်အတွက် မဟုတ်သော အစုအဖွဲ့ (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ပါသည်။ အစိုးရ မဟုတ်သောအဖွဲ့ အစည်းအဖြစ် ပို၍ထင်ရှားပါသည်။

မလေးရှားနိုင်ငံ၏ဆက်သွယ်ရေးနှင့်media ပေါင်းစုံဆိုင်ရာအက်ဥပဒေ(CMA)

မလေးရှားနိုင်ငံ၏ ဆက်သွယ်ရေးနှင့်မီဒီယာပေါင်းစုံဆိုင်ရာ အက်ဥပဒေကို ၁၉၉၉ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး လုပ်ငန်းအကောင်အထည် ဖော်ဆောင် ရွက်မည့်အဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်ခဲ့ပါသည်။ အထူးသဖြင့် CMA သည် ဆက်သွယ်ရေးနှင့် အသံလွှင့်လုပ်ငန်းများ အတွက် နည်းပညာနှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်စနစ်ကို စတင်ကျင့်သုံးခဲ့ပြီး နိုင်ငံ၏ လုပ်ငန်းတစ်ခုချင်း သီးခြားလိုင်စင်(၃၁)မျိုးအား လုပ်ငန်းအုပ်စုလိုင်စင် အမျိုးအစား (၄)မျိုးအဖြစ်သို့ လျှော့ချသတ်မှတ်ပေးခဲ့ပါသည်။

ဆက်စပ်မှုရှိသည့်အုပ်ချုပ်မှုပုံစံ

သတင်းနှင့်ဆက်သွယ်ရေး နည်းပညာအသုံးပြုခြင်းဖြင့် အစိုးရဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာရုံသာမက နိုင်ငံသားများနှင့် သွက်လက်ထိရောက်သော ညှိနှိုင်းမှုများ လုပ်ဆောင်နိုင်သည့် အပြင် ပါဝင်ပတ်သက်သူများ၏ ဒေသအလိုက်၊ နိုင်ငံအလိုက် ပိုမိုပါဝင် ဆောင်ရွက်မှုများ တိုးမြင့်ဖြစ်ပေါ်လာမှု

စုဆုံမှု

နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုသည့်အရာများ ပေါင်းစည်းဖြစ်ပေါ်လာမှုပင်ဖြစ်သည်။ Digital နည်းပညာအသုံးပြုသည့်လုပ်ငန်းတွင် အသုံးပြုမည့် ကိရိယာတန်ဆာပလာများပါဝင်သည့် အကြောင်းအရာ အမျိုးအစားများကို ဖြစ်နိုင်သမျှ ရောနှောပေါင်းစပ်အသုံးပြုခြင်းကိုရည်ညွှန်းသည်။

မူပိုင်ခွင့်

သတ်မှတ်ထားသည့်အချိန်ကာလအတွင်းလုပ်ငန်းတစ်ခု၏ မူလဖန်တီးသူအား တစ်ဦးတည်းသီးသန့်အခွင့်အရေးများ ပေးခြင်းအတွက် အစိုးရများမှ ပြဋ္ဌာန်းထားသည့် ဥပဒေသဘောတရားများ

| | |
|---|---|
| Digital ပါဝင်သော အကြောင်းအရာများဆိုင်ရာ ကုန်ထုတ်လုပ်ငန်း | Digital ပါဝင်သော အကြောင်းအရာများဆိုင်ရာ ကုန်ထုတ်လုပ်ငန်းတွင် တီထွင်ဖန်တီးမှု၊ ဒီဇိုင်းပုံစံ၊ စီမံခန့်ခွဲမှုနှင့် digital ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖြန့်ဖြူးမှုနှင့် ကျောထောက်နောက်ခံပြုထားသော နည်းပညာများပါဝင်ပါသည်။ သီးခြားကဏ္ဍများတွင် ရုပ်သံဆိုင်ရာ အထူးဖန်တီးချက်များနှင့် လှုပ်ရှားမှုပုံရိပ်များ (ရုပ်သံဆိုင်ရာ သဘာဝကျမှုနှင့် သုံးဘက်မြင်ထုတ်ကုန်များ အပါအဝင်)၊ အပြန်အလှန်ဆက်သွယ်မှုရှိသော Mediaစုံ (ဥပမာ - Website ၊ CD-Rom များ)၊ computer နှင့် online ကစားနည်းများ၊ ပညာရေးဆိုင်ရာ Media ပေါင်းစုံ (electronic သင်ယူမှု)နှင့် digital ရုပ်ရှင်နှင့် ရုပ်မြင်သံကြားထုတ်လုပ်မှု၊ ရုပ်ရှင်နှင့်ရုပ်မြင်သံကြားထုတ်လုပ်မှုတို့ ပါဝင်ပါသည်။ |
| Digital စီးပွားရေး | ကုန်ပစ္စည်းများထုတ်လုပ်ခြင်းမှ အတွေးအခေါ်များဖန်တီးခြင်းသို့ ပြောင်းလဲမှုအသွင်ကိုဆောင်ပါသည်။ အသိပညာစီးပွားရေး၊ ကွန်ရက်ဆက်နွယ်နေသည့် စီးပွားရေး (သို့မဟုတ်) စီးပွားရေးပုံစံသစ်ဟုလည်း ထင်ရှားပါသည်။ |
| Digital နည်းပညာသုံး လက်မှတ်ရေးထိုးမှု | Digital နည်းပညာသုံး လက်မှတ်ရေးထိုးမှုသည် လက်ဖြင့်ရေးထိုးသော လက်မှတ်နှင့် အသုံးကျမှုတူညီပါသည်။ Digital လက်မှတ်သည် အချိုးမညီသော ဝှက်စာရေးနည်းပုံစံတစ်ခုဖြစ်ပြီး နိုင်ငံများစွာ၏ ဥပဒေများအရ ယင်းကို စာချုပ်စာတမ်းများပြီးပြည့်စုံရန် နည်းလမ်းတစ်ခုအဖြစ် သာမန်အားဖြင့် လက်မခံကြပါ။ |
| Electronic အုပ်ချုပ်မှုပုံစံ | Electronic အုပ်ချုပ်မှုပုံစံကို လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်၏ မရှိမဖြစ် ဦးဆောင်လုပ်ငန်း ဆောင်ရွက်ချက်တွင် ICT အသုံးပြုမှုဟု အဓိပ္ပါယ်ဖွင့် ဆိုပါသည်။ ယင်းတွင် ညှိနှိုင်းခြင်း၊ ဖျန်ဖြေခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်း နှင့် စည်းမျဉ်းသတ်မှတ်ခြင်းတို့ ပါဝင်ပါသည်။ ပို၍တိကျသော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ electronic အုပ်ချုပ်မှုပုံစံဆိုသည်မှာ နယ်မြေဒေသ အဆင့်/ နိုင်ငံတော်အဆင့်/ ဒေသအဆင့်နှင့် ကမ္ဘာ့အဆင့်တို့တွင် စီမံအုပ်ချုပ်မှုနယ်ပယ် (ပြည်သူ့ဝန်ဆောင်လုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်မှု၊ အခြေခံမူ ပြဋ္ဌာန်းချက်၊ လုံခြုံမှု၊ အစိုးရအရာရှိများဆိုင်ရာ စွမ်းရည်တိုးတက်မှုနှင့် မူဝါဒရေးဆွဲချမှတ်မှုတို့ ပါဝင်ပါသည်)နှင့် နိုင်ငံရေးနယ် ပယ် (လူ့အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်များချမှတ်မှု၊ တန်ဖိုးထားမှုတို့နှင့် ဆက်စပ်သော လုပ်ငန်းဆောင်ရွက်ချက်များအစုအဝေး)တို့တွင် ICT အသုံးပြုမှု ဖြစ်ပါသည်။ |
| Electronic အစိုးရ | ပြည်သူပိုင်ကဏ္ဍအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များတိုးတက်လာစေရန် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသုံးပြုခြင်း |

| | |
|---|---|
| တစ်ကမ္ဘာလုံးဆိုင်ရာ Software တည်ဆောက်မှု | ချက်ခြင်းတစ်ပြိုင်တည်း အပြန်အလှန်ဆက်သွယ်မှု အပါအဝင် ချိတ်ဆက်မိစေသော စနစ်တစ်ခုအတွင်းတွင် နိုင်ငံအလိုက်နယ်နိမိတ်များကို ဖြတ်ကျော်ပြီး ပထဝီဝင်ရှုထောင့်မှ ခွဲခြားထားသောနေရာဒေသများ၌ တာဝန်ယူဆောင်ရွက်လျက်ရှိသော Software အလုပ် |
| အစိုးရ၏ အပြန်အလှန် ဆောင်ရွက်နိုင်မှုအခြေခံမှု(GIF) | အစိုးရကသတ်မှတ်ရန် နှစ်သက်လိုလားသည့်နည်းလမ်းမှာ စံသတ်မှတ်ချက်များနှင့် လမ်းညွှန်ချက်များကို အသုံးပြုခြင်းပင်ဖြစ်ပါသည်။ အေဂျင်စီများ၊ နိုင်ငံသားများနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မည့်သူများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ကြပေလိမ့်မည်။ GIF တွင် သာမန်အားဖြင့် (၁) အဆင့်မြင့်မူဝါဒ ဖော်ပြချက်များ၊ (၂) နည်းပညာ ဆိုင်ရာပါဝင်မှုများ၊ (၃) လုပ်ငန်းစဉ်အထောက်အထားများ၊ (၄) အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ၊ (၅) လိုက်နာဆောင်ရွက်ရမည့်အချိန် ကာလတို့ပါဝင်ပါသည်။ |
| သတင်းနှင့်ဆက်သွယ်ရေး နည်းပညာ အုပ်ချုပ်မှုပုံစံ | ICT အုပ်ချုပ်မှုပုံစံသည် ICT အသုံးပြုရာတွင် လိုလားသော အပြုအမူကို အားပေးတိုက်တွန်းရန်အတွက် ဆုံးဖြတ်ချက်အခွင့်အရေးများနှင့် တာဝန်ခံဆောင်ရွက်မှုအခြေခံတို့ကို တိကျစွာသတ်မှတ်ခြင်းဖြစ်ပါသည်။ ၎င်းအုပ်ချုပ်မှုပုံစံသည် အဖွဲ့အစည်းတစ်ရပ်တွင် မည်သူက ICT အသုံးပြု မှုအတွက် အဆုံးသတ်ဆုံးဖြတ်ချက်များကို ချမှတ်မည်ကို သတ်မှတ်ပြဋ္ဌာန်းပါသည်။ |
| သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အုပ်ချုပ်မှု ပုံစံအခြေခံမှု | အစိုးရများသည် ဖွံ့ဖြိုးမှုရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ICT အသုံးပြုမှု အများဆုံးဖြစ်လာရေးအတွက် ICT အုပ်ချုပ်မှုပုံစံ အခြေခံမှုတစ်ရပ်ကို တည်ဆောက်ရန်လိုအပ်နေပါသည်။ ယင်းအခြေခံမှုတွင် ပါဝင် လေ့ရှိသည်များမှာ (၁) လမ်းညွှန်ချက်မှုများ (၂) အဆင့်ဆင့်ဆုံးဖြတ်ချက်ချမှတ်မှု (၃) အစီရင်ခံခြင်းနှင့်စောင့်ကြည့်စစ်ဆေးခြင်းဖြစ်စဉ်များအတွက် လိုအပ်ချက်နှင့် အံဝင်ဂွင်ကျစီမံထားသော တွဲဖက်ပုံစံများတို့ဖြစ်ကြပါသည်။ |
| သတင်းနှင့်ဆက်သွယ်ရေး နည်းပညာရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လမ်းညွှန်ချက်မှု | ICT စီမံကိန်းများအတွက် လုံခြုံစိတ်ချရသော ရန်ပုံငွေများဆိုင်ရာ စံသတ်မှတ်ချက်များနှင့် နည်းလမ်းတို့ကို အတိအကျသတ်မှတ်ခြင်းဖြစ်ပါသည်။ ICT အသုံးစရိတ်အတွက် ဦးစားပေးအစီအစဉ်များ သတ်မှတ်ပြဋ္ဌာန်းရန် နောက်ထပ်နည်းလမ်းလည်း ဖြစ်ပါသည်။ |
| သတင်းနှင့်ဆက်သွယ်ရေး နည်းပညာ လမ်းညွှန်ချက်မှုများ | ICT အသုံးပြုမှုနှင့်စပ်လျဉ်းသည့် အဆင့်မြင့်ဖော်ပြချက်များ၏ ဆက်စပ်အစုအဝေးဖြစ်ပါသည်။ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အုပ်ချုပ်မှု ပုံစံအခြေခံမှုတွင် ကြည့်ရှုနိုင်ပါသည်။ |

| | |
|---|---|
| အပြန်အလှန်ဆောင်ရွက်နိုင်မှု | စနစ်နှစ်မျိုး (သို့မဟုတ်) ပိုမိုများပြားသည့်စနစ်များနှင့် စနစ်အစိတ်အပိုင်းများ၏ သတင်းအချက်အလက်ဖလှယ်မှုနှင့် အသုံးပြုမှုစွမ်းရည်ဖြစ်သည်။ |
| လွတ်လပ်ခွင့်ပေးခြင်း | စီးပွားရေးဆောင်ရွက်ချက်များတွင် ကန့်သတ်ချက်များ လျှော့ချပေးသည့် အစိုးရမှချမှတ်ပေးသည့် မူဝါဒလုပ်ငန်းစဉ်ဖြစ်သည်။ နိုင်ငံတကာကုန်သွယ်မှုတွင် အခွန်အကောက်များလျှော့ချခြင်း (သို့မဟုတ်) အခြားအခွန်အကောက်မဟုတ်သော အတားအဆီးများအား ဖယ်ရှားခြင်းတို့ကို ဆိုလိုပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင် ဤမူဝါဒ လုပ်ငန်းစဉ်သည် ဆက်သွယ် ရေးဝန်ဆောင်မှုများအား တစ်ဦးတည်းချုပ်ကိုင်မှုကို အဆုံးသတ်မှုနှင့် ဆက်စပ်နေပါသည်။ |
| ဈေးကွက်အခြေခံပြုပြင်ပြောင်းလဲ မှုများ | ယေဘုယျအားဖြင့် ဈေးနှုန်းများ၊ အရေအတွက်များနှင့် အရည်အသွေးတို့ကိုသတ်မှတ်ရန် ဈေးကွက်အင်အားစုများကို ခွင့်ပြုသော မူဝါဒများဖြစ်ပါသည်။ အချို့ဖြစ်ရပ်များတွင် ဖြည့်ဆည်းပေးရန်လိုအပ်သည့် ဝန်ဆောင်မှုများသတ်မှတ်ရန် မူဝါဒများ ချမှတ်ခြင်းပင်ဖြစ်သည်။ အစိုးရ များသည် ပုဂ္ဂလိကပိုင်ပြုခြင်း၊ လွတ်လပ်မှုပေးခြင်းနှင့် ဝင်းနည်းလမ်း နှစ်ခုစလုံး အားပေါင်းစပ်အသုံးပြုခြင်း စသည့် နည်းလမ်းသုံးမျိုးဖြင့် ပြုပြင်ပြောင်းလဲမှုကို စတင်သည်။ |
| အမျိုးသားရေးဆိုင်ရာ စီးပွားရေးလုပ်ငန်းဖွဲ့စည်းမှုပုံစံ | အစိုးရ၏ ICT စီမံကိန်းများအကြား ဆက်စပ်မှုများနှင့် စီမံခန့်ခွဲမှုအပြောင်းအလဲတို့ကို ရှင်းလင်းဖော်ပြခြင်းတို့အတွက် အခြေခံမူတစ်ရပ် (သို့မဟုတ်) တစ်ခုတည်းသောဗဟိုအဖွဲ့အစည်း ဖြစ်ပါသည်။ |
| အမျိုးသားသတင်းအချက်အလက်အခြေခံအဆောက်အအုံ | နိုင်ငံတစ်နိုင်ငံ၏ သတင်းအချက်အလက်နှင့်ပတ်သက်သည့် လိုအပ်ချက်များကို ရရှိနိုင်ရန် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုတွင် ထုတ်ဖော်ပြောကြားချက်(အသံ)၊ အချက်အလက်၊ အကြောင်းအရာ၊ ရုပ်ပုံများနှင့် ရုပ်သံသတင်းအချက်အလက် ရရှိအောင်ဆောင်ရွက်ခြင်းအတွက် ကျယ်ပြန့်သော ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်စွမ်း။ |
| အစိုးရမဟုတ်သောအဖွဲ့အစည်းများ | အရပ်သားအဖွဲ့အစည်းများတွင်ကြည့်ရှုပါ။ |
| နိုင်ငံခြားတွင် လုပ်ငန်းများသွားရောက်ဆောင်ရွက်ခြင်း | လုပ်ငန်းကုန်ကျစရိတ်သက်သာသည့် နိုင်ငံခြားတိုင်းပြည်များသို့ လုပ်ငန်းဆောင်ရွက်မှုများကို ဦးတည်ရွှေ့ပြောင်းသွားခြင်း။ |

| | |
|---|---|
| လွတ်လပ်စွာပြုပြင်သုံးစွဲနိုင်သော အရင်းအမြစ် | အခမဲ့[ငွေမချေရသော (သို့မဟုတ်) အာမခံကြေးအခမဲ့ဖြစ်သော] Software သာမက အရင်းအမြစ်များကိုဖွင့်ထားပြီး ချဲ့ထွင်သုံးစွဲနိုင်သော၊ လွတ်လပ်စွာ ဖြန့်ဖြူးနိုင်သော Software ဖြစ်ပါသည်။ ၎င်းကို လုပ်ငန်းဆောင်ရွက်မှု နှင့်ဆုံးဖြတ်မှုပြုခြင်းတို့၏ စံပုံစံအဖြစ်လည်း အသုံးပြုနိုင်ပါသည်။ မတူညီသော အစီအစဥ်များ၊ ချဥ်းကပ်နည်းများ နှင့် ဦးစားပေးမှုများ၏ အတူတကွ ဖြစ်ပေါ်မှုကို ခွင့်ပြုသည့်အပြင် ဗဟိုမှချုပ်ကိုင်သည့် တည်ဆောက်မှုပုံစံများမှ အသွင်ကွဲပြားပါသည်။ |
| ပြည်ပသို့ လုပ်ငန်းအရင်းအမြစ်များပြောင်းရွှေ့လုပ်ကိုင်ခြင်း | ပြည်ပသို့ လုပ်ငန်းအရင်းအမြစ်များ ပြောင်းရွှေ့လုပ်ကိုင်ခြင်းဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းတစ်ခုက ပြည်တွင်းတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းတာဝန်တစ်ရပ်ကို လုပ်ဆောင်ပေးရန် ပြည်ပကုမ္ပဏီတစ်ခုအား ငှားရမ်းဆောင်ရွက်ခြင်းဟု အဓိပ္ပါယ်ရပြီး ယင်းတွင် ကျယ်ပြန့်သော တိုးတက်မှုနယ်ပယ်(၃)ခု ရှိပါသည်။ ၎င်းတို့မှာ ထောက်ပံ့ပို့ဆောင်ရေး၊ အရင်းအမြစ်ဖြည့်ဆည်းခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ Software ဖန်တီးခြင်းနှင့် computer ဌာနများအား စီမံခန့်ခွဲမှုပြုလုပ်ခြင်းအပါအဝင် IT ဝန်ဆောင်မှုလုပ်ငန်းများ၊ (တယ်လီဖုန်းဌာနများ၊ ငွေကြေးလွှဲပြောင်း ပေးမှုလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစရှိသည့်) ပြည်ပသို့ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းစဥ်များတို့ ဖြစ်ကြပါသည်။ |
| မူဝါဒ | မူဝါဒဆိုသည်မှာ လက်တွေ့လုပ်ဆောင်ရန် အစီအမံတစ်ခုပင်ဖြစ်ပါသည်။ ပုံမှန်အားဖြင့် နိုင်ငံရေးလုပ်ဆောင်သူတစ်ဦးက (သို့မဟုတ်) အဖွဲ့ကချမှတ်ထားသော အပြန်အလှန်ဆက်နွယ်နေသည့် ဆုံးဖြတ်ချက်များ အစုအဝေးဟု အဓိပ္ပါယ်သတ်မှတ်ပါသည်။ ရည်မှန်းချက်များနှင့် ယင်းတို့ကို အောင်မြင်ပေါက်မြောက်စေမည့် နည်းလမ်းများတို့ကို ဆောင်ရွက်ရမည့်နေရာ၊ ဆောင်ရွက်မည့်သူ၏ စွမ်းအားအတွင်းမှ ရွေးချယ်ခြင်းနှင့် သက်ဆိုင်ပါသည်။ |
| ပုဂ္ဂလိကပိုင်ပြုခြင်း | အစိုးရပိုင်ဆိုင်သော (သို့မဟုတ်) ထိန်းချုပ်ဆောင်ရွက်သော လုပ်ငန်းများကိုပုဂ္ဂလိကပိုင်အဖြစ်သို့ အသွင်ကူးပြောင်းသည့်ဖြစ်စဥ်အား ရည်ညွှန်းပါသည်။ |
| ပြည်သူ့ရေးရာမူဝါဒ | ပြည်သူ့ရေးရာမူဝါဒဆိုသည်မှာ အများကောင်းစားရေးနှင့် ဆက်စပ်သော ကိစ္စရပ်များအတွက် အစိုးရ၏တုံ့ပြန်ဖြေရှင်းချက်ဖြစ်ပါသည်။ ဤမူဝါဒတွင် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေများ (တရားစီရင်ရေး)၊ စည်းမျဥ်းစည်းကမ်းများ၊ ဆုံးဖြတ်ချက်များနှင့် အစိုးရ၏ ဆောင်ရွက်ချက်များ ပေါင်းစပ်ပါဝင်ပါသည်။ အစိုးရများမှ လက်တွေ့ကျင့်သုံးဆောင်ရွက်သည့်အရာများသာမက တရားဝင်ထုတ်ပြန်ကြေညာချက်များနှင့် အထောက်အထားများအရ ဆောင်ရွက်သော အရာများလည်း ဖြစ်ပါသည်။ |

| | |
|---|---|
| စိုက်ပျိုးရေးအသိပညာစနစ်များဆိုင်ရာမြန်ဆန်သောအကဲဖြတ်ချက် | စနစ်ကျပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသည့် နည်းလမ်းဖြင့်ပါဝင်ပတ်သက်သူများနှင့် ၎င်းတို့၏ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်မှုတို့ကို အကဲဖြတ်ရန်အတွက် ဖော်ထုတ်ထားသော လုပ်ဆောင်သူအလေးပေးနည်းလမ်းတစ်ရပ် |
| စည်းမျဉ်းစည်းကမ်း | ဥပဒေပြုပိုင်ခွင့်ရှိသည့် အစိုးရစီမံခန့်ခွဲမှုဌာနခွဲ၏ အေဂျင်စီတစ်ခုမှ ထုတ်ပြန်သည့် နည်းဥပဒေနှင့်အမိန့်ဖြစ်ပါသည်။ ၎င်းကို နိုင်ငံ၌ ပြဋ္ဌာန်းထားသည့် ဥပဒေအရ အခွင့်အာဏာရှိသည့် အဖွဲ့အစည်းတစ်ခုက ကျင့်သုံးရပါမည်။ သာမန်အားဖြင့် အဖွဲ့အစည်းတစ်ခုကို အခွင့်အာဏာပေးခြင်းထက် ဆောင်ရွက်ရန်နည်းလမ်းများကို အသေးစိတ်ဖော်ပြပါသည်။ |
| ဝန်ဆောင်မှုမရောယှက်သောလိုင်စင်ပေးခြင်း | လိုင်စင်ကိုင်ဆောင်ထားသည့် ဝန်ဆောင်မှုလုပ်ငန်းများသည် မည်သည့်လုပ်ငန်းက ဝယ်လိုအားအများဆုံးဖြစ်သည်၊ စရိတ်တွက်ချေကိုက်သည်ဟူသည့် ဈေးကွက်အချက်ပြမှုများကို သိရှိနိုင်စေသည့် လိုင်စင်ပေးခြင်း |
| အစုရှယ်ယာရှင်များ (သို့မဟုတ်) လုပ်ငန်းတွင်ပါဝင်ပတ်သက်သူများ | မူဝါဒရေးဆွဲမှုကို စိတ်ဝင်စားကြသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ အစုအဖွဲ့များနှင့် အဖွဲ့အစည်းများဖြစ်ကြပါသည်။ အကျိုးစီးပွား ကွဲပြားခြားနားကြသကဲ့သို့ ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်များလည်း မတူညီကြပါ။ |
| အစုရှယ်ယာရှင်များ (သို့မဟုတ်) လုပ်ငန်းတွင်ပါဝင်သူများအားအကဲဖြတ်စိစစ်ခြင်း | ပါဝင်ပတ်သက်သူများအား လေ့လာဆန်းစစ်ခြင်းသည် လုပ်ကိုင်သူများ၏ အရည်အသွေး၊လုပ်ငန်းအချင်းချင်းအပြန်အလှန်ဆက်စပ်မှု၊ ICTလုပ်ငန်း၏ အရင်းအမြစ်များနှင့်ဆက်စပ်လျက်ရှိသည့် အကျိုးစီးပွားများအားစိစစ်ဖော် ထုတ်ခြင်းနှင့်ဖော်ပြခြင်းတို့အတွက် နည်းလမ်းများကိုရည်ညွှန်းပါသည်။ |
| နည်းပညာမရောယှက်ရေးအတွက် ဥပဒေပြဋ္ဌာန်းခြင်း(သို့မဟုတ်) စည်းမျဉ်းများသတ်မှတ်ခြင်း | သီးသန့်နည်းပညာတစ်ရပ်အပေါ် ဥပဒေများ (သို့မဟုတ်) အစိုးရထုတ်ပြန်ချက်များအရ အလေးပေးမှုမပြုခြင်းကိုဆိုလိုသည်။ဈေးကွက်တွင်နည်း ပညာတစ်ရပ်က အခွင့်အလမ်းသာမှုကို ကာကွယ်ရုံသာမက နည်းပညာတိုးတက်မှုအား အသုံးမဝင်ဖြစ်စေနိုင်သည့် ခေတ်မမီ အသုံးမဝင်တော့သည့် နည်းပညာတိုးတက်မှုကိုလည်း ကာကွယ်ပေးပါသည်။ |
| Washington သဘော ထားညီမျှချက် | ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဝါရှင်တန်မြို့တော်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အစည်းအဝေးကို အစွဲပြုခေါ်ဝေါ်သည့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ စည်းမျဉ်းစည်းကမ်းများ လျှော့ချပေးခြင်း၊ လွတ်လပ်ခွင့်ပေးခြင်းနှင့် ပုဂ္ဂလိကပိုင်ပြုခြင်းတို့မှ တစ်ဆင့် အစိုးရ၏ အခန်းကဏ္ဍကို အနည်းငယ်သာ အလေးဂရုပြုစေခြင်း (လုပ်ကိုင် ဆောင်ရွက်စေခြင်း)။ |

| | |
|---|---|
| Washington သဘောထား ညီမျှချက် ခေတ်လွန်အခြေအနေ | Washington သဘောထားညီမျှချက်ကို ဆက်ခံကျင့်သုံးသူများသည် သိမ်မွေ့ညင်သာသော စည်းမျဉ်းစည်းကမ်းများနှင့် အရပ်ဖက်အဖွဲ့ အစည်း ပါဝင်မှုများမှအပ အရေးကြီးသော ထိရောက်မှုရှိသည်ကို မီးမောင်းထိုးပြ ပါသည်။ |
| ၂၁ ရာစုအရည်အသွေးများ | သတင်းအချက်အလက် အသိုက်အဝန်းအတွင်း၌ ဖွံ့ဖြိုးတိုးတက်စေရ မည်ဖြစ်သည့် အရည်အသွေးများ။ ၎င်းတို့မှာ ဖန်တီးနိုင်မှုစွမ်းရည်၊ ပြဿနာ ဖြေရှင်းနိုင်မှုစွမ်းရည်များ၊ သတင်းအချက်အလက်ဆိုင်ရာ စာပေပညာ၊ ဆက်သွယ်ရေးဆိုင်ရာ အရည်အသွေးနှင့် အခြား အဆင့်မြင့် စဉ်းစားတွေးခေါ်မှုဆိုင်ရာအရည်အသွေးများ |

## သင်တန်းဆရာများအတွက် သိမှတ်ပြုဖွယ်များ

ဘာသာရပ်မာတိကာစဥ်အကြောင်း သိကောင်းစရာခေါင်းစဥ် တင်ပြထားသည့်ကဏ္ဍတွင် ပြဆိုသကဲ့သို့ ဤဘာသာရပ်ကို ပြုစုရေးသားရာတွင် သင်ယူသူအမျိုးမျိုးနှင့် မတူညီသည့်နိုင်ငံများ၏ ပြောင်းလဲလာသည့် အခြေအနေများကို ချင့်တွက်၍ရရှိသွားမည့် တန်ဖိုးကိုသင်ယူသူများရရှိနိုင်စေရန်စီစဥ်ထားပါသည်။ ထို့ပြင် ဘာသာရပ်ပါ အကြောင်းအရာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပို့ချမှုပုံစံမျိုးစုံ (online ဖြစ်စေ၊ off - line ဖြစ်စေ) ဖြင့်ဆောင်ရွက်နိုင်ရန်လည်း စီမံထားပါသည်။ သင်ရိုးပါ အကြောင်း အရာများကို တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ လေ့ကျင့်သင်ကြားပေးသည့်ကျောင်းများတွင် သင်ကြားနိုင်သကဲ့သို့ အစိုးရရုံးများတွင်လည်းပြုလုပ်နိုင်ပါသည်။ လေ့ကျင့်သင်ကြားမှုအချိန်ပိုင်းခြားချက်ကာလ အတိုင်းအတာ သာမက သင်တန်းသားများ၏ နောက်ခံအကြောင်းအရာတို့ကို သင်ရိုးပါပို့ချချက် အတိုင်းအတာအသေးစိတ် လေ့လာမှုအပေါ် မူတည်ဆုံးဖြတ်ရပါသည်။

ဤသင်တန်းဆရာများ သိမှတ်ပြုဖွယ်ရေးသားထားချက်သည် သင်ကြားရန်အကြောင်းအရာများကို ပိုမို ထိရောက်ထက်မြက်စွာသင်ကြားပို့ချနိုင်ရန် အတွေးအမြင်များနှင့် သုံးသပ်အကြံပြုခြင်းများကို ပံ့ပိုးထားခြင်း ဖြစ်ပါသည်။ လေ့ကျင့်ရေးချဥ်းကပ်မှုများနှင့် မဟာဗျူဟာများအကြောင်း နောက်ထပ်လမ်းညွှန်ချက်ကို အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် ICT ပညာရပ်သင်ရိုးညွှန်းတမ်း ဘာသာရပ်အတွဲများအတွက် ပူးတွဲ အသုံးပြုမည့်အရာတစ်ခုအနေဖြင့် ပြုစုထားသော သင်ကြားမှုပုံစံ လက်စွဲစာအုပ်တွင် ဖော်ပြထားပါသည်။

### ဘာသာရပ်တွဲကိုအသုံးပြုခြင်း

လက်ရှိဘာသာရပ်တွဲ၏ အခန်းတိုင်းသည် သင်ယူမှုရည်မှန်းချက်များနှင့် အစပြုထားပြီး ကိုယ်တိုင် စမ်းသပ်စစ်ဆေးခြင်း မေးခွန်းအစုနှင့်အဆုံးသတ်ထားပါသည်။ စာဖတ်သူများသည် ဘာသာရပ်တွဲမှတစ်ဆင့် မိမိ၏တိုးတက်မှုကို အကဲဖြတ်ခြင်းအခြေခံအဖြစ် ရည်ရွယ်ချက်များနှင့် မေးခွန်းများကို အသုံးပြုရပါမည်။ အခန်းတိုင်းသည် ဆွေးနွေးရန်မေးခွန်းများနှင့် လက်တွေ့လေ့ကျင့်ခန်းများ ထည့်သွင်းထားပြီး ယင်းတို့ကို စာဖတ်သူတစ်ဦးက ဖြေရှင်းခြင်းနှင့် နည်းပြဆရာက အသုံးပြုခြင်းတို့ကို ဆောင်ရွက်ရပါမည်။ စာဖတ်သူများ သည် သူ၏ကိုယ်ပိုင်အတွေ့အကြုံပေါ် အခြေပြုပြီးဆောင်ရွက်နိုင်စွမ်းရှိလာစေရန်၊ လေ့ကျင့်ခန်းပါ အကြောင်းအရာကို စံသတ်မှတ်နိုင်ရန်၊ တင်ပြထားသောပြဿနာများကို အလေးအနက်စဥ်းစားရန် ရေးဆွဲ ထားခြင်းဖြစ်ပါသည်။

ဖြစ်စဥ်ဖြစ်ရပ်လေ့လာဆန်းစစ်မှုများသည် သင်ရိုးပါ ဘာသာရပ်အကြောင်းအရာများ၏ ထူးခြား သော အစိတ်အပိုင်းဖြစ်ပါသည်။ ဤအကြောင်းအရာများကို ဆွေးနွေးရန်နှင့် စိစစ်သုံးသပ်ရန် အထူးသဖြင့် ဘာသာရပ်ပါ အဓိကသဘောထား ယူဆချက်များနှင့် စည်းမျဥ်းများသည် လက်တွေ့ လုပ်ငန်းများနှင့် အစီအစဥ်များကိုမည်သည့်အတိုင်းအတာအရစီစဥ်ပေးနိုင်ကြောင်းဆွေးနွေးရန်နှင့် သုံးသပ်စီစစ်ရန် အတွက် ရည်ရွယ်ထားပါသည်။ သင်ယူသူများအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်မှု နည်းပညာ အခြေပြုနှင့် အထောက်အကူပြု ICT ချဥ်းကပ်နည်းများ အံဝင်ဂွင်ကျဖြစ်ရန် လိုအပ်ကြောင်းနှင့် အသုံးပြုသည့်ပုံစံများမှာလည်း ဒေသအခြေအနေများ၏ သင့်လျော်မှုရှိသင့်ကြောင်း သိထားရန် အရေးကြီး ပါသည်။

### သင်ခန်းစာဖွဲ့စည်းခြင်း

သင်ယူသူပရိတ်သတ်ဦးရေ၊ ရရှိသည့်ချိန်တာ၊ ဒေသနောက်ခံအခြေအနေများပေါ်အခြေခံ၍ အခြားသင်ရိုးဘာသာရပ်ပါ အကြောင်းအရာများကို သတ်မှတ်ချိန်ဆနိုင်ပါသည်။ အချိန်မတူညီခြင်းကြောင့် သင်ယူရန်ရရှိသွားမည့်အနေအထားကို အောက်ပါအတိုင်း လမ်းကြောင်းပေးထားပါသည်။

### သင်ကြားချိန် (၉၀) မိနစ်အတွက်

ဘာသာရပ်တွဲ၏ လွှမ်းခြုံလေ့လာချက်ကို ဆောင်ရွက်ရပါမည်။ မိမိတို့၏ ကိုယ်ပိုင်ဆွေးနွေးတင်ပြမှုအကြောင်းအရာကိုတည်ဆောက်ရန် အခန်းတိုင်းတွင် အကျဉ်းချုပ်နှင့် နိဒါန်းအစိတ်အပိုင်းကို ရည်ညွှန်းဖော်ပြထားပြီး သင်တန်းသားများအတွက် ဆီလျော်အပ်စပ်မှုအရှိဆုံးပြဿနာများကို အလေးပေး ဖော်ပြထားပါသည်။ အခန်းခွဲတစ်ခုစီတွင်ပြဿနာတစ်ရပ်ဦးတည်လေ့လာမှုကိုလည်း ရွေးချယ်ဆောင်ရွက်နိုင်ပါသည်။ ဥပမာအား ဖြင့် အခန်း(၁)တွင်တင်ပြထားသော ICT ဖွံ့ဖြိုးမှုပုံစံ၊ အခန်း ( ၂ ) မှ ICT လုပ်ငန်းစုတည်ထောင်ခြင်းတို့သည် သင်တန်းသားများ၏ စိတ်ဝင်စားမှုများအပေါ်တည်မှီနေပါသည်။

### သင်ကြားချိန် (၃) နာရီအတွက်

အခန်းများကို ပို၍အလေးထားလေ့လာနိုင်ရန် စာသင်ချိန်တစ်ချိန်လျှင် မိနစ် ၉၀ အထိ တိုး၍ဖွဲ့စည်းမှုပြုထားပါသည်။ သင်တန်းသားများ၏ နောက်ခံအခြေအနေပေါ်မူတည်၍ ဘာသာရပ်ခြုံငုံလေ့လာမှုကို အမြန်ဆောင်ရွက်နိုင်ပြီးအခန်းတစ်ခန်း(သို့မဟုတ်)နှစ်ခန်းမှ ခေါင်းစဉ်ခွဲများအပေါ် သီးသန့်အလေးထားလေ့လာစေရပါမည်။ ဥပမာ - အခန်း ( ၁ ) မှ များစွာသောပါဝင်ပတ်သက်သူများဖြင့်ICT မူဝါဒတည်ဆောက်မှု၊အခန်း (၂)မှစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုနှင့်အခန်း (၃ ) မှICTအုပ်ချုပ်မှုပုံစံတို့ ဖြစ်ကြ ပါသည်။

( ၃ )နာရီ သင်ခန်းစာကိုမိနစ် ၉၀ စာသင်ချိန် သင်ခန်းစာနှစ်ခုအဖြစ်ခွဲရပါမည်။ ပထမစာသင်ချိန်သည် သက်ဆိုင်ရာအခန်း၏ သင်ခန်းစာအကျဉ်းနှင့် ဖြစ်စဉ်ဖြစ်ရပ်လေ့လာခြင်းတွင်မူ ဆွေးနွေးမှုများကိုလွှမ်းခြုံနိုင်ရမည်ဖြစ်ပြီး ဒုတိယစာသင်ချိန်ကို အဖွဲ့လိုက်လေ့ကျင့်ခန်းများအတွက်သုံးရပါမည်။ အဖွဲ့လိုက်လေ့ကျင့်ခန်းများအတွက် အကြံဉာဏ်ရရှိရန်ဆောင်ရွက်ရမည့်အရာများ ဘောင်ခတ်ဖော်ပြချက်များကို လေ့လာကြည့်ရှုပါ။

### (၁) ရက် သင်ကြားမှုအတွက် (သင်ချိန် - ၆ နာရီ)

အခန်း ၃ ခန်းကို ခြုံငုံမိစေရန် (၂)နာရီကြာ စာသင်ချိန် ၃ ချိန် အသုံးပြုပါ။ အခန်းတိုင်းတွင် ပြန်လည်ခြုံငုံသုံးသပ်မှုဆောင်ရွက်ပါ။ ခေါင်းစဉ်ခွဲတစ်ခု ( သို့မဟုတ် ) နှစ်ခုတွင်ပါရှိသည့် ပြဿနာများကို အလေးထားပါ။ (အဘယ်ကြောင့်ဆိုသော် အားလုံးကိုခြုံငုံမိမည့် အချိန်မရှိပါ)။ ( ၂ ) နာရီ စာသင်ချိန်တိုင်းတွင် သင်ကြားမှုနည်းလမ်းကွဲပြားနိုင်ပါသည်။ ပထမစာသင်ချိန်အတွက် သင်တန်းသားတိုင်းကို ICTD မူဝါဒ ရေးဆွဲချမှတ်ရာတွင် ၎င်းတို့ရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို ရှင်းလင်းပြောကြားလာစေရန် မေးခွန်းမေးရပါမည်။ ၎င်းကိုသင်တန်းသားတစ်ဦးချင်းစီမှ ( သို့မဟုတ် ) နည်းပြဆရာမှ အထောက်အထား မှတ်တမ်းတင်ထားနိုင်ပါသည်။ ဒုတိယ စာသင်ချိန်အတွက် အခန်းနှစ်မှ ဖြစ်စဉ်ဖြစ်ရပ် လေ့လာဆန်းစစ်မှုကို စာသင်ခန်းတစ်ခုလုံး ( သို့မဟုတ် ) အဖွဲ့လိုက် ရှင်းပြစေရပါမည်။ တတိယစာသင်ချိန်အတွက် ပထမစာသင်ချိန်အတွင်း သင်တန်းသားများ စိစစ်ဖော်ထုတ် ပြီးဖြစ်သော စိန်ခေါ်မှုအချို့ကို ICT အုပ်ချုပ်မှုပုံစံကမည်သို့ဖြေရှင်းနိုင်ကြောင်း သိမြင်လာစေရန် အဖွဲ့လိုက် လေ့ကျင့်ခန်းများပြုလုပ်စေရပါမည်။

တစ်နေ့တာစာသင်ချိန်သည် ဘာသာရပ်တွဲ၏ အခန်းတစ်ခန်းကိုသာ ဦးတည်သင်ကြားနိုင်ပါသည်။ အခန်းတစ်နှင့်နှစ်တို့၏ အခန်းခွဲသုံးခုတို့ကို ၂ နာရီ စာသင်ချိန် သုံးချိန်အတွင်း ခြုံငုံမိစေနိုင်ပါသည်။ အခန်းသုံး မှ အခန်းခွဲ နှစ်ခုကို ၃ နာရီ ကြာစာသင်ချိန် သုံးချိန်အတွင်း လေ့လာသင်ယူစေနိုင်ပါသည်။ အဖွဲ့လိုက်ဆွေးနွေးမှုများကို အားပေးတိုက်တွန်းရပါမည်။ PowerPoint တင်ပြချက်များအတွင်းရှိ လက်တွေ့လေ့ကျင့်ခန်းများကို ဆောင်ရွက်စေရပါမည်။

## (၃) ရက် သင်ကြားမှုအတွက် စာသင်ချိန်

အခန်းတိုင်းအတွက် တစ်နေ့တာစာသင်ချိန်သုံးစွဲပါ။ ပထမနေ့တွင် အခန်းတစ်နှင့် စတင်ပြီး တတိယနေ့တွင် အခန်းသုံးနှင့်အဆုံးသတ်ပါ။ နေ့တစ်နေ့၏စာသင်ချိန်ကို ခြုံငုံလေ့လာချက်ဖြင့် အစပြုပြီး အခန်းတစ်ခုလုံးကို အကျဉ်းချုပ်ဆွေးနွေးခြင်းဖြင့် နေ့တစ်နေ့ကိုအဆုံးသတ်ပါ။ နောက်ဆုံးနေ့တွင် နောက်ဆုံး ၉၀ မိနစ်ကိုဖွင့်ထားသောဆွေးနွေးမှုများ၊ ဘာသာရပ်တွဲနှင့်ဆက်စပ်သည့်အတွေ့အကြုံများကိုမျှဝေ ဖလှယ်ခြင်းအတွက်အသုံးပြုနိုင်ပါသည်။ ဒုတိယနေ့တွင် အခန်းနှစ်နှင့်သုံးဆွေးနွေးပြီးက လေ့လာရေးခရီး ထွက်ခွာမှုအတွက် စီစဥ်နိုင်ပါသည်။

## (၅) ရက် သင်ကြားမှုအတွက် စာသင်ချိန်

ရရှိသောအချိန်တာသည် ဘာသာရပ်တွဲကို အပြည့်အဝ ခြုံငုံမိစေရပါမည်။ ဘာသာရပ်တွဲကို အဆင့်မြင့်ခြုံငုံသုံးသပ်မှုဖြင့် စာသချိန်ကိုအစပြုပြီးအခန်းတိုင်းကိုချဲ့ထွင်သင်ကြားပါ။ ငါးရက်တာ ကာလလုံး သင်တန်းသားပရိတ်သတ်၏ စိတ်ဝင်စားမှုကိုရရှိစေရန် သင်တန်းသားများ၏အပြန်အလှန် ဆောင်ရွက်မှုများစွာကို လုပ်ဆောင်ရမည်ဖြစ်ပြီး အကြောင်းအရာတင်ပြချက်ကို အနားပေးသည့်အနေဖြင့် လက်တွေ့လေ့ကျင်ခန်းဆောင်ရွက်စေခြင်းနှင့်ဘာသာရပ်ပေါ် စိတ်ဝင်စားစရာကောင်းအောင် ဆောင်ရွက်သည့်နည်းလမ်းများနှစ်မျိုးစလုံးကိုအသုံးပြုပါ။ " ဆောင်ရွက်ရမည့်နေရာ"နှင့် စဥ်းစားရန်မေးခွန်းများတို့သည် စိတ်ကူးအကြံဉာဏ်များကိုရရှိစေပါသည်။ လေ့လာရေးခရီးထွက်ခွာခြင်းကိုလည်း ဒုတိယနေ့နှင့် တတိယနေ့တို့တွင် စီစဥ်နိုင်ပါသည်။

## သင်ကြားရေးပစ္စည်းများ

နည်းပြဆရာများသည် PowerPoint တင်ပြချက်များ အသုံးပြုရန် တိုက်တွန်းထားပါသည်။ ယင်းအတွက် ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသ သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုလေ့ကျင့်ရေး သင်တန်းဌာန website (http;//www.unapcict.or g/academy) မှရယူနိုင်ပါသည်။

နည်းပြဆရာများ နောက်ထပ်ဖတ်စရာများစာရင်းကို အသုံးပြုသင့်ပါသည်။ မူရင်းအထောက်အထားများနှင့် website ကို ကြည့်သင့်ပါသည်။ နည်းပြဆရာများသည် အခြားဆီလျော်အပ်စပ်သော ဖြစ်စဥ် ဖြစ်ရပ်လေ့လာဆန်းစစ်မှုများကို သင့်တော်သလိုမှီငြမ်းအသုံးပြုသင့်ပါသည်။

## စာရေးသူအကြောင်း

Emmanuel C. Lallana သည် လွတ်လပ်သော၊ အမြတ်ဦးတည်ခြင်းမပြုသော အဖွဲ့အစည်းဖြစ်သည့် ideacorp ၏ အမှုဆောင်အရာရှိချုပ် ဖြစ်ပါသည်။ သူသည် အာရှနှင့်ပစိဖိတ်ဒေသအတွင်းနှင့် ဖိလစ်ပိုင် နိုင်ငံတို့ရှိ ICTD လေ့ကျင့်ရေးနှင့်သုတေသနစီမံကိန်းများစွာကို ဦးဆောင်နေပါသည်။ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ် အတွင်းတွင် ဒေါက်တာ လယ်လာနာသည် ဖိလစ်ပိုင်နိုင်ငံ ICT ကော်မရှင်(CICT)၏ ကော်မရှင်အဖွဲ့ဝင် အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ ICTကော်မရှင်သည် ဖိလစ်ပိုင် အစိုးရအလုပ်အမှုဆောင်အဖွဲ့၏ ICTမူဝါဒရေးဆွဲချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ ညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ခြင်း၊ထိန်းကျောင်းခြင်းနှင့်စီမံအုပ်ချုပ်ခြင်းတို့ကိုဆောင်ရွက်ပေးသောပင်မအဖွဲ့အစည်း တစ်ရပ် ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ကုလသမဂ္ဂ အာရှပစိဖိတ် ဗဟိုသင်တန်းဌာန

ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ကုလသမဂ္ဂ အာရှပစိဖိတ် ဗဟိုသင်တန်းဌာန (UN APCICT)သည် အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) ၏ ဌာနခွဲတစ်ခုဖြစ်ပါသည်။ UN APCICTသည် အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားမှုအရည်အသွေး တည်ဆောက်နိုင်ရန် စွမ်းအားစိုက်ထုတ်မှု ပိုမိုအားကောင်းစေရေးအတွက် ရည်ရွယ်ပါသည်။ UN APCICT သည် လူ့စွမ်းအားနှင့် အဖွဲ့အစည်း စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရေးအတွက် ဆောင်ရွက်ရာ၌ အောက်ပါ မဏ္ဍိုင်ကြီး (၃)ရပ်ပေါ်တွင် အခြေပြုပါသည် -

(၁) **လေ့ကျင့်သင်ကြားခြင်း။** သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အသက်မွေးဝမ်းကျောင်းပြုကြသူများနှင့် မူဝါဒရေးဆွဲသူတို့၏ ICT ဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှုတိုးတက်မြှင့်တင်ရန်နှင့် ICT လေ့ကျင့် သင်ယူသူများ နှင့် ICT လေ့ကျင့် သင်ကြားပေးသူများ၏ စွမ်းရည်မြှင့်တင်ပေးရန်၊

(၂) **သုတေသန။** ICT ကဏ္ဍတွင် လူအရင်းအမြစ်တိုးတက်ရေးနှင့် ပတ်သက်၍ စိစစ်လေ့လာမှုကို ဆောင်ရွက်ရန်၊

(၃) **အကြံပေးခြင်း။** အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် အဖွဲ့ဝင်နိုင်ငံများ နှင့် ဆက်စပ်အဖွဲ့ဝင်နိုင်ငံများအတွက် လူအရင်းအမြစ် တိုးတက် ရေး အစီအမံများတွင် အကြံပေး ဝန်ဆောင်မှု ပြုရန်၊

ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အာရှပစိဖိတ်ဗဟိုသင်တန်းဌာနသည် ကိုရီးယားသမ္မတနိုင်ငံ Incheon တွင် တည်ရှိပါသည်။

## အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်

အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်သည် ကုလသမဂ္ဂ၏ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရုံးတစ်ဆူဖြစ်ပြီး ကုလသမဂ္ဂ အာရှပစိဖိတ်ဒေသအတွက် စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုဌာန ဖြစ်ပါသည်။ ယင်း၏ လုပ်ပိုင်ခွင့်အာဏာမှာ အဖွဲ့ဝင် ၅၃ နိုင်ငံနှင့် တွဲဖက် ၉ နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးရန် ဖြစ်ပါသည်။ အာရှပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်သည် ကမ္ဘာ့အတိုင်းအတာနှင့် နိုင်ငံအဆင့်အကြား အစီအစဉ်များနှင့် ဆွေးနွေးဖြေရှင်းရမည့် ပြဿနာများနှင့်ပတ်သက်၍ မဟာဗျူဟာကျကျ ချိတ်ဆက်နိုင်ရေးအတွက် ဖြည့်ဆည်းပေးပါသည်။ ဒေသအတွင်းရှိ နိုင်ငံအစိုးရများအား ဒေသအနေအထားများကို ခိုင်မာအောင် ပေါင်းစည်းပေးခြင်းများကို ကမ္ဘာ့ယှက်နွယ်မှု အဝန်းအဝိုင်းတွင် ဒေသ၏ကွဲပြားခြားနားသော လူမှုရေး၊ စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှန်နိုင်မည်ဖြစ်ပြီးဒေသဆိုင်ရာ ချဉ်းကပ်နည်းများကို အဆိုပြုတင်ပြ ပေးခြင်းဖြစ်ပါသည်။ အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်ရုံးကို ထိုင်းနိုင်ငံ ဘန်ကောက်တွင် ထားရှိပါသည်။

# အစိုးရအဆင့်မြင့် အရာရှိကြီးများအတွက် ICT ပညာရပ်

ဤပညာရပ်သည် နည်းပညာကွာဟမှုများကိုဆက်စပ်ပေးရန်အတွက် အမျိုးသားဖွံ့ဖြိုးမှု ပန်းတိုင်များ ပေါက်မြောက်အောင်မြင်စေရန် ICT နည်းပညာဖြင့် မြှင့်တင်ပေးရမည့် အခွင့်အလမ်းများကို ပြည့်စုံစွာတင်ပြရေးအတွက် မရှိမဖြစ်လိုအပ်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများနှင့်အတူ မူဝါဒချမှတ်သူများအား လိုအပ်ချက်ပြည့်စုံစေရန် ရည်ရွယ်ထားသည့် ပင်မဘာသာရပ် (၈) ခုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ICT လေ့လာသင်ကြားရေး ဘက်စုံသင်ရိုးညွှန်းတမ်းတစ်ခု ဖြစ်ပါသည်။

ဘာသာရပ်(၁) **ပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှုနှင့် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အသုံးပြုမှုဆက်နွယ်ပုံ**

ငင်းသည် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်ရေးအတွက် ICT နည်းပညာများကို အသုံးပြုရာတွင် မူဝါဒချမှတ်ခြင်းမှသည် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအထိ အရေးကြီးသည့် အကြောင်းခြင်းရာများနှင့် ဆုံးဖြတ်ရမည့် အချက်များကို ပေါ်လွင်ထင်ရှားအောင် တင်ပြထားပါသည်။

ဘာသာရပ်(၂) **ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်၊ စီမံအုပ်ချုပ်မှုစနစ်တို့အတွက် သတင်းနှင့်ဆက်သွယ်ရေးနည်းပညာ အသုံးပြုပုံ ။** ၎င်းသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT မူဝါဒချမှတ်ခြင်းနှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းများကို အလေးထား တင်ပြထားပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT ကိုမြှင့်တင်ပေးမည့် အမျိုးသားရေးမူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းဘောင်များနှင့်ပတ်သက်၍ အရေးကြီးသည့် အကြောင်းခြင်းရာများကို ဖော်ပြထားပါသည်။

ဘာသာရပ်(၃) **e - Government အသုံးပြုပုံများ။** ၎င်းသည် electronic အစိုးရအယူအဆများ၊ အခြေခံမူများနှင့် အသုံးပြုဆောင် ရွက်ခြင်းအမျိုးမျိုးကို ဆန်းစစ်လေ့လာထားပါသည်။ ၎င်းသည် electronic အစိုးရစနစ်တည်ဆောက်ပုံကို ဆွေးနွေးတင်ပြထားပြီး အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ထုတ်ဖော်တင်ပြထားပါသည်။

ဘာသာရပ်(၄) **အစိုးရအဆင့်မြင့်အရာရှိကြီးများအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာနည်းလမ်းများ။** ၎င်းသည် ICT နည်းပညာ၏ မျက်မှောက်ကာလ တိုးတက်ဖြစ်ပေါ်မှုများနှင့် အနာဂတ်အလားအလာများဆိုင်ရာ အသိပညာများကို တင်ပြထားပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICT ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ အရေးကြီးသည့် နည်းပညာဆိုင်ရာနှင့် မူဝါဒဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အချက်များကိုလည်း ရှုမြင်သုံးသပ်ထားပါသည်။

ဘာသာရပ်(၅) **Internet အသုံးပြု အုပ်ချုပ်မှုစနစ်။** ၎င်းတွင် Internet လုပ်ငန်းဆောင်ရွက်မှုနှင့် အသုံးပြုမှုကို စီမံဆောင်ရွက်သည့် နိုင်ငံတကာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေး တင်ပြထားပါသည်။

ဘာသာရပ်(၆) **ဆက်သွယ်မှုကွန်ရက်၊ သတင်းအချက်အလက် လုံခြုံရေးနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်။** ၎င်းတွင် သတင်းအချက်အလက် လုံခြုံမှုဆိုင်ရာ အရေးကြီးသည့် အကြောင်းခြင်းရာများနှင့် တိုးတက်ဖြစ်ပေါ်မှုများ၊ သတင်းအချက်အလက် လုံခြုံမှုမဟာဗျူဟာ ရေးဆွဲချမှတ်သည့် လုပ်ငန်းစဉ်ကို တင်ပြထားပါသည်။

ဘာသာရပ်(၇) **သတင်းနှင့် ဆက်သွယ်ရေးနည်းပညာစီမံကိန်းများ စီမံခန့်ခွဲမှုဆိုင်ရာ သီအိုရီနှင့် လက်တွေ့ကျင့်သုံးမှု။** ၎င်းတွင် အသုံးများသည့် နည်းလမ်းများ၊ လုပ်ငန်းစဉ်နှင့် စီမံကိန်းစီမံအုပ်ချုပ်မှုဆိုင်ရာ ပညာရပ်များ အပါအဝင် ဖွံ့ဖြိုး တိုးတက်မှုအတွက် ICT စီမံကိန်းများနှင့် ကိုက်ညီသည့် စီမံကိန်း စီမံအုပ်ချုပ်မှုဆိုင်ရာ အသိပညာများကို မိတ်ဆက်တင်ပြထားပါသည်။

ဘာသာရပ်(၈) **ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ ရန်ပုံငွေ ရရှိရေးနည်းလမ်းများ။** ၎င်းတွင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ICT နှင့် electronic အစိုးရ စီမံကိန်းများအတွက် ရန်ပုံငွေထောက်ပံ့ရေးလုပ်ငန်းများကို လေ့လာတင်ပြထားပါသည်။ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အထူးသဖြင့် အသုံးဝင်သည့် ရန်ပုံငွေထောက်ပံ့ရေးလုပ်ငန်းတစ်ရပ်အဖြစ် သိသာထင်ရှားအောင် တင်ပြထားပါသည်။

၎င်းဘာသာရပ်များကို သင်ရိုးဆိုင်ရာ နိုင်ငံအလိုက် လုပ်ဖော်ကိုင်ဖက်များက ဒေသန္တရဖြစ်စဉ်ဖြစ်ရပ်လေ့လာမှုများနှင့်အတူ လုပ်လေ့လုပ်ထရှိသည့်အတိုင်း လုပ်ဆောင်နေကြသည်မှာ နိုင်ငံအသီးသီးမှ မူဝါဒချမှတ်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရေးနှင့် ၎င်းတို့၏ ဆီလျော်မှုကို သေချာစေရေးအတွက် ဖြစ်ပါသည်။ ဘာသာရပ်တို့ကို ဘာသာစကားအမျိုးမျိုးဖြင့်လည်း ပြန်ဆိုထားပါသည်။ ထို့ပြင် ၎င်းဘာသာရပ်များသည် မူဝါဒချမှတ်သူများကို ၎င်းတို့၏ဆီလျော်မှုကို အာမခံသေချာစေရန် အစဉ်ခေတ်မီ နေလိမ့်မည်ဖြစ်သည့်အပြင် ၂၁ရာစု ဖွံ့ဖြိုးတိုးတက်မှုအတွက် ICT အကြောင်းကို အလေးပေးထားသည့် ဘာသာရပ်အသစ်များသည် ဖွံ့ဖြိုးတိုးတက်လိမ့်မည် ဖြစ်ပါသည်။

## ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ အာရှပစိဖိတ် ဗဟိုသင်တန်းဌာန ၊ Vitrual Academy (AVA-http://ava.unapcicts.org)

- ၎င်းသည် သင်ရိုးဘာသာရပ်များ သင်ကြားပို့ချရန်အတွက် online အဝေးသင်ယူမှု နေရာ တစ်ခု ဖြစ်ပါသည်။
- ၎င်းသည် online သင်ခန်းစာများ၊ တင်ပြချက်များနှင့် ဖြစ်စဉ်ဖြစ်ရပ်လေ့လာမှုများ ပါဝင်သည့် သင်ရိုးဘာသာရပ်များအားလုံးကို online မှ သင်ယူလေ့လာနိုင်အောင် ရေးဆွဲထားပါသည်။
- သင်ယူသူများအား ၎င်းတို့၏ ကိုယ်ပိုင်သင်ယူမှုနှုန်းထားဖြင့် သင်ခန်းစာများ သင်ယူနိုင်အောင် အထောက်အကူပြုပါသည်။

## Electronic ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန

## (e - Co Hub – http: //www.unapcict. org/ecohub)

- ICTD အတွက် အရင်းအမြစ်များ ပေးအပ်သည့် Protal နှင့် အသိပညာ မျှဝေသည့် ကွန်ရက် ဖြစ်ပါသည်။
- အရင်းအမြစ်များ လွယ်ကူစွာရရှိနိုင်ခွင့်ကို ဘာသာရပ်များမှတစ်ဆင့် ပေးအပ်ပါသည်။
- အသုံးပြုသူများသည် online ဆွေးနွေးမှုများတွင် ပါဝင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ICTD အသိပညာအခြေခံကို တိုးချဲ့မျှဝေရန် အထောက်အကူပြုသည့် electronic ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန online ကို လက်တွေ့ကျင့်သုံးသော အသိုက်အဝန်းတွင် အဖွဲ့ဝင်များဖြစ်လာနိုင်ပါသည်။

ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အာရှပစိဖိတ်ဗဟိုသင်တန်းဌာန onlineနှင့် electronic ပူးပေါင်း ဆောင်ရွက်မှုဗဟိုဌာနတို့က ပေးအပ်သည့်ဝန်ဆောင်မှုများမှ အကျိုးကျေးဇူး အပြည့်အဝ ရရှိနိုင်ရန် http://www.unapcict.org /join_form တွင် online မှတ်ပုံတင်ပါ။